# ပေါ်ကြာရှစ်

ရာအေးနှင့်

# ရွှေအိုးကြီး



### ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး...................... ဒို့အရေး
တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး........... ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး............. ဒို့အရေး

### ပြည်သူ့ သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပေါ်ဂျာရစ်
# ဂျာအေး နှင့် ရွှေအိုးကြီး

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၄၂၈၃၃၊ ၀၁-၂၄၀၆၉၀

| | |
|---|---|
| အတွင်းစာသားခွင့်ပြုချက်အမှတ် | ၃၃ / ၂၀၀၄ (၁) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၂၃၈ / ၂၀၀၅ '၃) |
| တုက်ဝေသည့်အကြိမ် | ပထမအကြိမ်<br>၂၀၀၄ ခုနှစ်၊ မေလ |
| အုပ်ရေ | ၅၀၀ |
| အဖုံးနှင့်အတွင်းသရုပ်ဖော် | ကိုထက်ပိုး |
| စာအုပ်ချုပ် | ပပစိုး |
| ထုတ်ဝေသူ | ဦးအောင်မြတ်ထွေး<br>ပညာရွှေတောင်စာအုပ်တိုက်<br>(မြဲ- ၃၉၄၅)<br>၁၁၄၊ စိန်ရတီလမ်း<br>ရတနာကျွန်းရိပ်သာ၊သုနန္ဒာ<br>မြောက်ဥက္ကလာပ |
| မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ် | ဦးဝင်းအောင်<br>သန်းထိုက်ရတနာအော့ဖ်ဆက်<br>မြဲ(၀၅၁၃၁)၊<br>အမှတ် ၈၃၊ လမ်း ၅၀၊<br>ပုဇွန်တောင်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| တန်ဖိုး | ၅၀၀ – ကျပ် |

# အဖွင့်

သင်ပေါင်းချုံရွာကလေးသည် ရေနံချောင်းမြို့၏ မြစ်တစ်ဖက်ကမ်းတွင်ရှိသော ရွာကလေး ဖြစ်၏။ အိမ်ခြေတစ်ရာကျော်ခန့်ရှိပြီး ရွာသားအများစုမှာ ကိုင်းလုပ်ငန်းပေါ် အမှီပြုနေထိုင်ကြ၏။ ရွာ၏ ပတ်ပတ်လည်တွင် မန်ကျည်းပင်၊ သရက်ပင်၊ ထနောင်းပင်၊ ကုက္ကိုပင်တို့ဖြင့် ဝေဆာနေ၏။ ရှုတ်ပာရက်ကြည့်လျှင် ရွာကလေး၏ အသွင်သဏ္ဍာန်မှာ တောအုပ် စိမ်းစိမ်းလေးနှင့် တူလှ၏။

ရွာကလေး၏ စီးပွားရေးသည် မြစ်မျက်နှာကို အစဉ်ကြည့်၍နေရပေသည်။ တသွင်သွင် စီးဆင်းနေသော ဧရာဝတီမြစ်ရေသည် ဆောင်းဦးပေါက်ကာလတွင် သောင်ထွန်းနေတတ်၏။ ပြန့်ပြူးညီညာသော သောင်ပြင်ကြီးများ၊ မြင့်မား မတ်စောက်သော သောင်ခုံကြီးများကို နှင်းမှုန်တဖွားဖွားဝေသည့် ကောင်းကင်ကြီးအောက်တွင် မြင်ရပေ၏။

ထိုသို့ ပြန့်ပြူးတောက်ပနေသော သောင်ပြင်ကြီးပေါ်တွင် ပဲမျိုးစုံစိုက်ပျိုးကြ၏။ စားတော်ပဲ၊ ဘိုကိတ်ပဲ၊ ပဲနီလေး၊ ပဲလွန်း၊ ပဲကတ္တီပါ၊ ပဲနောက် စသည်ဖြင့် အမျိုးအမည် စုံလင်လှကြီး စိမ်းဖန့်ဖန့် ပဲခင်းကြီးကိုလည်း မျက်စိတစ်ဆုံး မြင်ရတတ်ပေ၏။

ရွှေဝါရောင် ဟင်္သာအုပ်များကလည်း ပဲခင်းများဟစ်လျှောက် ပျံဝဲရင်း အခင်းရှင်များ အလစ်တွင် ပဲသီး၊ ပဲညွန့်ကလေးများကို ဝင်ရောက်စားသောက်တတ်၏။ ထို့ကြောင့်လည်း ပဲခင်းကြီးများ၏ အလည်တွင် ကျူတဲကလေးများ ဆောက်လုပ်ကာ အခင်းရှင်များ နေထိုင်ရပေ၏။

ဂျာအေးတို့ သားအဖသည် သောင်၏ အရှေ့မြောက်ဖျားတွင်ရှိသော ကိုင်းခင်းအလယ်တွင် ကျူတဲကလေးထိုး၍ နေထိုင်ကြ၏။ သားအဖနှစ်ယောက် တစ်လှည့်စီ အခင်းစောင့်လှေ့ရှိပြီး ဂျာအေး စောင့်သည့်အလှည့် ရောက်သည့်အခါ ဖခင်ဖြစ်သူ ဦးကျောက်ဖားက သင်ပေါင်းချိုရွာသို့ ပြန်သွားတတ်ပေ၏။

ယခုလည်း ဂျာအေးတစ်ယောက် ရွာမှ လှေတစ်စင်းနှင့် ကိုင်းခင်းများဆီသို့ ထွက်လာ၏။ သူနှင့်အတူ တစ်ရွာတည်းသားများ ဖြစ်ကြသော ထွန်းခိုင်၊ ငပိုက်၊ ကျောက်ကြီးနှင့် ဆိတ်ကုလားတို့ ပါလာ၏။

ဂျာအေး၏ အသွင်သဏ္ဍာန်မှာ မည်းကျစ်ကျစ်၊ ပုပျပ်ပျပ် အသွင်ရှိပြီး နီကြင်ကြင် ဆံပင်များက လိမ်ကောက်နေပေ၏။

အတန်းပညာ အနေနှင့်လည်း ဘုန်းတော်ကြီးကျောင်းထွက် အဆင့်သာရှိပြီး ဗဟုသုတလည်း နည်းလှသလို ဆင်ခြင်တုံတရားကလည်း ဝေးလှ၏။ အရွယ်မှာ နှစ်ဆယ်ကျော် အစိတ်နီးပါးခန့်ရှိပြီး ယခုအထိ ရည်းစားသန့် မရှိသေးပါချေ။ ရုပ်ရည်ကလည်း အကျည်းတန်လှသည်ဟု ဆိုရချေမည်။

နှာတံပုပု၊ ပါးစုံချပ်ချပ်၊ မျက်ပေါက်ကျဉ်းကျဉ်း၊ မေးရိုးမျောမျောနှင့် ရှုပါက ချူချာလွန်းလှ၏။ စကားပြောသည့် နေရာတွင်လည်း ကျယ်လောင် ကျယ်လောင် ပြောဆိုတတ်၏။ ကိုင်းသမားဘဝ အခြေက မရေရာလှ။ နုံချာဆင်းရဲလှသော သံသရာတွင်သာ တလည်လည် ရှိတတ်၏။ မိုးတွင်းကာလဆိုလျှင်လည်း ကိုင်းခင်းတွေ မြစ်ရေမြုပ်ရသည့်အပြင် သူတို့ နေထိုင်ရာ ရွာကလေးများပင် မြစ်ရေတိုက်စားသဖြင့် အကြီးအကျယ် ဒုက္ခတွေ့ခဲ့ကြရပေ၏။

ထိုဖြစ်စဉ်မှာ နှစ်စဉ် ကြုံတွေ့နေရသော ဖြစ်စဉ်တစ်ခု ဖြစ်၏။ ဆိုးဆိုးဝါးဝါး အခြေနေများနှင့် ကြုံတွေ့လေ့ ရှိကြသော်လည်း သူတို့အားလုံး ရွာကလေးကိုလည်း မစွန့်လွှတ်နိုင်ကြသလို မြစ်ထဲမှ ပေါ်လာမည့် သောင်ပြင်ဖွေးဖွေးကြီးများကိုလည်း အဆင်းရဲခံကာ မျှော်လင့်ခဲ့ကြ၏။ ထိုအထဲတွင် ဂျာအေးတို့ သားအဖလည်း ပါပေ၏။

လူဆင်းရဲသော်လည်း စိတ်ချမ်းသာရသည်ကို သူတို့ တစ်ရွာလုံးက



ကျေနပ်၏။ အမှန်မတော့ ကိုင်းခင်းစောင့်ရသည့် အလုပ်က ပင်ပန်းဆင်းရဲလွန်းလှ၏။

မြောက်ပြန်လေ တဖြူးဖြူး တိုက်ခတ်သည့်ကြား နှင်းမှုန်ကလေးများက တဖွားဖွား ကျဆင်းနေတတ်၏။ အရိုးထဲ အသည်းထဲထိအောင် အေးစိမ့်လှသော ဆောင်းရာသီကို အနက်တုရင်း ကိုင်းခင်းထဲတွင် အညာစောင်ကလေး တစ်ထည်နှင့် ဘဝလုပ်ရပေ၏။

ထိုဘဝကို ဂျာအေး သာယာ၏။ သူငယ်ချင်းများနှင့်အတူ အခင်းစောင့်ရသည်ကို သူ ကြည်နူး၏။ ထွန်းခိုင်တို့ လူစုကလည်း သူတို့ အခင်းနှင့် သူတို့ပင်။ ညဦးပိုင်းရောက်လျှင် ဂျာအေး၏ တဲကလေးဆီသို့ ရောက်လာကြကာ စုစုဝေးဝေးနှင့် လူငယ် ဘာသာဘာဝ ပျော်မြူးတတ်ကြ၏။

ဂျာအေးက မယ်ဒလင်သမား။ ဖြစ်ဖြစ်မြောက်မြောက် မဟုတ်လှသော်လည်း ဆိုတီးတော့ရ၏။ အသံက ဝါကြောင်ကြောင်နိုင်လှသော်လည်း ထိန်းထိန်းသိမ်းသိမ်း ဆိုနိုင်၏။ သူတို့ လူစုထဲတွင် ဆိတ်ကုလားက အဆိုတော်၊ ဆိုသံဆိုဟန်က အဆိုတော်ကြီး သန်းဖေလေး၏ ဟန်ပန်ကို အတုခိုးထား၏။

ဆိတ်ကုလားက ဂျာအေးထက် ပို၍ အသားမည်း၏။ မည်းလိုက်သမှ ပြာနေသည်ဟု ဆိုရမည့်ပုံပင်။ မျက်နှာခွက်ခွက်၊ အရပ်မျောမျောနှင့် ကလန်ကလား နိုင်လှ၏။

သူတို့လူစု သောင်စပ်သို့ ရောက်လာသည်နှင့် ပြောသံဆိုသံတွေ ညံစီလာ၏။ ဦးကျောက်ဖားသည် သားဖြစ်သူ ရောက်လာသည့် အသံကို ကြားသည်နှင့် အခင်းထဲမှ ထွက်လာ၏။ ကိုယ်ပေါ်တွင် အညာစောင် ညစ်ညစ်ကြီးကို ပတ်ထား၏။ ပါးစောင်တွင် ဆေးပြင်းလိပ်တိုကြီး ခဲထား၏။ သူ၏ ပွစိစိ မျက်နှာပေါ်တွင် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ဖြူဖြူများက ကျိုးတိုးကျဲတဲ။ လက်ထဲတွင် ပဲစည်းတစ်စည်း ကိုင်ထား၏။ သောင်စပ်သို့ အရောက်တွင် လှေပေါ်မှ ဆင်းလာသော ဂျာအေးတို့လူစုကို မှာစရာရှိတာမှာပြီး သူတို့ လှော်ခတ်လာသော လှေကလေးနှင့် ရွာသို့ ထွက်ခွာသွားလေ၏။

ဂျာအေးတို့လူစုသည် အခင်းထဲရောက်သည်နှင့် လူစုခွဲလိုက်ကြ၏။

တစ်ခင်းနှင့် တစ်ခင်းကလည်း အတော်ကလေး ဝေးလှပေ၏။ ဂျာအေးသည် ကျူတဲကလေးထဲ ဝင်လိုက်ပြီး ရွာမှယူလာသည့် စားသောက်ဖွယ်ရာများကို အုပ်အုပ်ဆိုင်းဆိုင်း ထားလိုက်၏။

ထို့နောက် တဲထဲမှထွက်ကာ အခင်းထဲ လှည့်ပတ်ကြည့်ရှုလိုက်၏။ ပဲသီး၊ ပဲပွင့်များ ဆွတ်စားနေကြသော ဟသ်ာတစ်အုပ်ကို လက်ထဲက လောက်လေးခွနှင့် ခြောက်လှန့်ပစ်လိုက်ရ၏။

သားရေဘတ်သံ ကြားသည်နှင့် ဟသ်ာတစ်အုပ် တကျွိကျွိ အော်ကာ အခင်းထဲမှ ဝေါခနဲ ပျံတက်သွားကြ၏။ ဂျာအေးသည် ပဲခင်းများကြား တိုးဝင်ခဲ့ပြီး အသီးအပွင့်များ၏ အခြေအနေကို ကြည့်လိုက်၏။ ထို့နောက် တဲဘက်သို့ သီချင်းသံကလေးပေး၍ ပြန်ခဲ့လေ၏။

ထိုအချိန် တဲကလေးဆီသို့ ဆိတ်ကုလားတို့လူစု ရောက်ရှိလာ၏။ ကျောက်ကြီး၏ လက်ထဲတွင် ဟသ်ာတစ်ကောင် တွေ့လိုက်ရ၏။ ဂျာအေးက ဟသ်ာကြီးကြည့်ပြီး အံ့ဩနေ၏။

"ဟာ မြန်လှချည်လား ကျောက်ကြီးရ၊ ဘယ်က ပစ်လာတာလဲ"

"အခင်း နောက်ဘက်ကလေကွာ၊ ဒီကောင်ကြီးက အဖိုကြီးကွ။ အမကို ရစ်နေတုန်း ငါ့လက်စာမိသွားတာကွ"

"ဟာကွာ၊ မင်း လုပ်ပုံက သူများချစ်ချင်း ခွဲသလိုပါလားကွ"

"အောင်မယ် မင့်စကားက ပိုပြီ၊ မင်းကော မပစ်ဘူးလား။ ပြောမနေစမ်းပါနဲ့ ဂျာအေးရာ။ ငါတို့ ဒီကနေ့ ဟသ်ာချက်ကလေးနဲ့ ပွဲတော်တည်ရအောင်"

"ဟုတ်တယ်ဟေ့"

"ကျောက်ကြီး ပြောတာ မှန်သဟေ့၊ အချစ်တွေ အချက်တွေ လုပ်မနေနဲ့ကွ။ စားစရာရှိ စားသာစား"

"ဟုတ်ပ"

သူတို့လူသိုက် ကျောက်ကြီး ရလာသော ဟသ်ာကို အမွေးနုတ်ပြီး ခုတ်ထစ် ချက်ပြုတ်လိုက်ကြ၏။ ဂျာအေးမှာ ဆူဖြိုးလှသော ဟသ်ာဖိုကြီးကို ကြည့်ကာ စိတ်ထဲ သောကသက်နေ၏။

"မင်းတို့ကွာ အချစ်ဆိုတဲ့ အနှစ်သာရကို မသိဘဲ မပြောကြစမ်းပါနဲ့

ကွာ။ ဟသ်ာငှက်ကြီးတွေဟာ မင်းတို့ ငါတို့ထက် အချစ်ကို နားလည်ကြတယ်ကွ။ ခံစားကြတယ်ကွာ"

"ဟာ ဟုတ်တာပေါ့၊ ဒါကြောင့် လောက်လေးသံတောင် မကြားဘဲ ဒုက္ခရောက်သွားတာပေါ့ဗျ။ မဟုတ်ဘူးလား ထွန်းကြိုင်"

"အေး ဆိတ်ကုလား ပြောတာ မှန်တယ်ကွ။ အချစ်ခိုး၊ အချစ်ငွေ့တွေ မွန်နေတော့ ဟသ်ာကြီး လောက်လေးစာ ဖြစ်သွားတာပေါ့ကွာ"

"ဟာကွာ မင်းတို့ မချစ်တတ်သေးပါဘူး"

"အောင်မယ် မင်းကများ ပြောရတယ်ရှိသေး"

ဂျာအေး၏ စကားကို ထွန်းကြိုင်က ခတ်လိုက်၏။ ဆိတ်ကုလားနှင့် ကျောက်ကြီးတို့နှစ်ဦးက ထွန်းကြိုင် အပြောကို ခေါင်းတညိတ်ညိတ် လုပ်နေ၏။ ထိုစဉ် ဂျာအေး ပေါက်ကွဲသွား၏။

"ခက်ပါ့ကွာ၊ မှတ်ထားကွ အချစ်ဆိုတာ ဒုက္ခအပေါင်းရဲ့ ငြိမ်းရာချုပ်ရာကွ"

"ဟေ တယ်ဆိုတာ စာပါလား၊ အချစ်သမားကြီးရဲ့ ဆိုပါဦး။ မင်းဘယ်သူ့ကို ချစ်ဖူးလဲ။ အေးမလား၊ ခင်ဝိုင်းလား၊ ဒါမှမဟုတ် မိဘုတ်လား"

"ဟော့ကောင် ထွန်းကြိုင် မနောက်နဲ့ကွာ။ လောကမှာ သူချစ်ကိုယ်ချစ် ဆိုတဲ့ အချစ်နှစ်ချစ်မှာ ကိုယ်ချစ်က အရသာရှိဆုံးကွ"

"ဟေ . . . ဟာ၊ ဒါတော့ မဖြစ်နိုင်ဘူး ဂျာအေးရာ။ ကိုယ်ချစ်ဆိုတာ မင်းလို ပုံမလာပန်းမလာ ငတရဲ့ ရင်ထဲက အဖြစ်ပဲ ဖြစ်ရမယ် မဟုတ်ဘူးလား"

"ဘာကွ၊ ဒီမှာ ထွန်းကြိုင် မင်းက ငါ့ကို တစ်ဖက်သတ် အချစ်သမားလို့ ထင်နေသလား"

"ဒါပေါ့ကွ၊ မင်းကြိုက်တဲ့ မြာတွေ ရွာထဲမှာ တစ်ပုံကြီး။ ဒါပေမယ့် မင်းကို ကြိုက်တဲ့မြာ ရှိလား"

"ဟင်"

ထွန်းကြိုင် စကားကြောင့် ဂျာအေး ကျွဲမြီးတိုသွား၏။ အမှန်မတော့ ပြောလည်း ပြောစရာပင်။ တစ်ရွာလုံးရှိ အပျိုမှန်သမျှ ဂျာအေး တစ်ဖက်သတ် စွဲလမ်းခဲ့ရသည်ပင်။ ထိုအထဲတွင် သူ အစွဲလမ်းဆုံး ခံစားရသူလေး

မှာ ရွာအနောက်ဖျားတွင် နေထိုင်သော မပန်းညိုကလေး ဖြစ်၏။

ညိုသက်သက် အသားအရေနှင့် ဝင်းတောက် စိုလက်နေသော အလုပဂေးလေး။ သူမ၏ ခေါင်းတွင် တောရိုင်းပန်းကလေးတွေ အမြဲဝေ နေအောင် ပန်တတ်၏။ နှာတံပေါ် ပေါ်၊ မျက်ခုံးထူထူကလေးနှင့် တအား ချစ်စရာကောင်းလှသော ပန်းညိုကလေးကို သူ အချစ်ကြီး ချစ်ခဲ့၏။ စွဲလမ်း တမ်းတခဲ့၏။

သို့သော် သူ့ရင်ထဲက အချစ်ကို အရဲစွန့်ပြီး တစ်ခါမျှ မပြောခဲ့ဖူးဘူး၊ တိတ်တခိုးဘဝ အချစ်ဒုက္ခတွေ ဝေခဲ့ရ၏။ လျှောက်ပြန်သံပေး ခြေအေး ဝမ်းရောင်ဘဝနှင့် အံ့ပုန်းအလွမ်းတွေ လွမ်းခဲ့ရ၏။ ရင်ထဲက အလွမ်းကို သီချင်းလုပ် ဆိုခဲ့ရ၏။ သူ့အဖြစ်က ရင်နင့်အောင် ချစ်နေရသော တစ်ဖက် သတ် အချစ်သမားအဖြစ်။

ဖွင့်မပြောရဲသည်မှာလည်း အကျည်းတန်လွန်းလှသော သူ့ရုပ်ရည် နှင့် နွမ်းပါးလွန်းလှသော ဘဝအခြေကြောင့် ဖြစ်၏။ ပန်း ညိုတို့ အသိုင်း အဝိုင်းက ရွာမှာ အထင်ပေါ် ဆုံး၊ စီးပွားဉစ္စာကလည်း တောင့်တောင့် ရောင့်ရောင့် ရှိ၏။ ဆွေတွေ မျိုးတွေကလည်း အုံနဲ့ကျင်း။ ထို့ပြင် သူ အကြောက်ဆုံးက ပန်းညို၏ မိခင် ဒေါ်တလုတ်မပင် ဖြစ်၏။

ဝဖိုင့်သော ခန္ဓာကိုယ်ကြီးရှိပြီး နှုတ်ခမ်းတလန် ပန်းတလန် ပြော တတ်ဆိုတတ်သော ဒေါ်တလုတ်မ။ ပြောသည့်ဆိုသည့် နေရာတွင်လည်း ကြမ်းတမ်းလွန်းလှ၏။ စိတ်မထင် မထင်သလို ပိုးစိုးပက်စက် ပြောတတ် ၏။ သမီးဖြစ်သူကိုလည်း အရိပ် တကြည့်ကြည့်။

ထိုအခြေနေကြောင့် သူ့ရင်ထဲက အချစ်ကို ပန်းညို သိအောင် မကြေညာနိုင်ခြင်း ဖြစ်လေ၏။ ယခုလည်း ဘွန်းကြိုင်၏ စကားကြောင့် အနာပေါ် တုတ်ကျသွားသည့်အလား ခံစားရခက်လှပေ၏။ ထို့ကြောင့် လည်း ထွန်းကြိုင်တို့ ရှုသိုးသိုး ကြည့်ရင်း ပြောလိုက်၏။

"ဟေ့ကောင် ထွန်းကြိုင်၊ လောကမှာ ကိုယ်မသိ ၂ အကြောင်းတွေ အများကြီးကွ။ လူတိုင်းလူတိုင်းရဲ့ နဖူးမှာ စာပါပြီးသားကွ"

"ဟေ ဘာစာတုံး"

"ဘကြီးဘုန်းကြီးသံပေးစာ ဖြစ်မှာပေ့၊ ဟဲဟဲ"

"အင်၊ ဆိတ်ကုလားကာလည်း ပေါက်တီးပေါက်ရှာကွာ။ ငါပြောတာ ကံကြမ္မာရဲ့ အစီအရင်ဟာ လူတိုင်း နဖူးမှာ ရေးထိုးပြီးသားကွ"

"အလဲ့၊ ဒါ မင့်စကားမှ ဟုတ်ရဲ့လား ဂျာအေးရာ။ ကေန္တ ဘယ်ဇာတ်ပြောထဲက မှတ်ထားသလဲ မသိဘူး"

တစ်ချိန်လုံး နှုတ်ပိတ်နေသော ငပိုက်က ဝင်ပြောလာ၏။ ငပိုက် အသွင်က မှုန်တေတေ မည်းညစ်ညစ်။ စကားပြောလည်း တတ်လှသူ မဟုတ်။ ယခုလည်း ဂျာအေးကို ထောင့်ဖြတ်ကြီး ပြောချလိုက်သဖြင့် ဂျာအေး ရှုံ့မဲ့သွား၏။

"တော်ပြီကွာ၊ မင်းတို့ အားလုံးဟာ နဖားပေါက်နဲ့ ဒုံးမင်းသားတွေပဲ"

"ဟော၊ တယ်ဆန်းပါလား"

ဂျာအေး၏ စကားကြောင့် ထွန်းကြိုင်တို့လူစု အူကြောင်ကြောင် ဖြစ်သွားကြ၏။ ထိုအချိန်တွင် ဂျာအေးသည် မြနှင်းဆီ ဆေးပေါ့လိပ်တို ကြီးကို မီး ိတာ မီးခိုး တထောင်းထောင်း ထအောင် ဖွာရှိုက်နေ၏။ ထွန်းကြိုင်တို့ လူစုလည်း ဂျာအေး ကျွဲမြီးတိုသွားမှန်း သိသဖြင့် ဆက် မပြောကြတော့ဘဲ ချက်ပြုတ်ထားသော ဟင်္သာငှက်ဆီပြန်၊ ပဲညွန့်၊ ပဲရွက် ကြော်နှင့် ငါးပိရည်ပျစ်ပျစ်ကို ဝိုင်းဖွဲ့စားသောက်လိုက်ကြ၏။

ထိုအချိန်တွင် နေလုံးကြီးကလည်း အနောက်ဘက် သောင်ပြင် အောက်သို့ ဝပ်ဆင်းသွားပြီဖြစ်၍ တဖြည်းဖြည်း မှောင်စပြုလာလေ၏။ ထွန်းကြိုင်တို့လူစု အခင်းဘက် ထွက်သွားစဉ် ဂျာအေးသည် သူ့လက်စွဲ တော် မယ်ဒလင်အိုကြီးကို ယူ၍ သီချင်းတစ်ပုဒ်ကို စိတ်လွှင့်ကိုယ်လွှင့် သီဆိုလိုက်လေ၏။

***'ရွှေဖူးစာ အဆင်းမလှသမို့ ရှင်းပြပါရစေ ခင်ရေ၊ ဘဝရဲ့ အဆင် မပြေပုံတွေ . . . ကိုယ့်မှာ ကြုံကာနေ သာယာတယ်ဆိုတာ . . . ကိုယ့်မှာ ကင်းလို့နေ . . .'***

ပေါက် ါက်ကွဲကွဲ သီဆိုလိုက်သဖြင့် ကြောင်ဝါဝါ အသံကြီးများပင် တုန်ခါနေ၏။ သီချင်းအမည်က 'ဝေးပြီခင်ရေ' ဆိုသော သီချင်း။ ခံစား ချက်ပါလွန်းလှသဖြင့် ဂျာအေး သုံးလေးခေါက်မက တီးခတ်ဆိုရင်း မော မောရှိမှ မယ်ဒလင်ကို ဝါးကွပ်ပျစ်ဘေး ချထားလိုက်၏။ ဆောင်းညက

ပို၍ ပို၍ အေးလာ၏။ နှင်းမှုန်နှင်းမွှားများကလည်း လရောင်အောက်တွင် တဖွားဖွား ကျဆင်းနေ၏။

အေးစိမ့်လွန်းလှသဖြင့် ဂျာအေးတစ်ယောက် တဲရှေ့တွင် မီးဖိုလိုက်၏။ ထိုအချိန်တွင် ထွန်းကြိုင်နှင့် ဆိတ်ကုလားတို့နှစ်ဦး တဲအနားသို့ ရောက်ရှိလာ၏။

"ဂျာအေးရေ"

"ဘာလဲကွ"

"ကျွဲမြီးတိုနေတုန်းပဲလားကွ"

"မတိုပါဘူးကွာ၊ လာကြလေ မီးလှုံရအောင်"

"ချမ်းလို့လားကွ၊ မပူပါနဲ့ကွာ ဟော့ဒီမှာ ကြည့်စမ်း"

"ဟင်၊ မင်း ဝယ်လာတာလား"

"ဒါပေါ့ကွ၊ ဒါ မပြားကြီးတို့ ဆိုင်ကလေ ဆောင်းမီးဖိုလေးပေါ့ကွာ။ မင်းမှာ အမဲခြောက်ရှိသေးလား"

"ရှိတယ်ကွ"

"ဒါဆို အတော်ပဲဟေ့"

ပြောပြောဆိုဆိုနှင့် တဲထဲဝင်လာပြီး ကွပ်ပျစ်တွင် သူတို့နှစ်ဦး ဝင်ထိုင်လိုက်၏။ ဂျာအေးသည် တဲခေါင်မိုး၊ ကျူရိုးများကြား အင်ဖက်နှင့် လိပ်၍ ထိုးထားသော အမဲခြောက် နီနီကြီးများကို ယူ၍ မီးကင်လိုက်၏။

အပူရှိန်ကြောင့် အမဲခြောက် နီနီကြီးများက တဖျစ်ဖျစ် မြည်လာ၏။ ဆိတ်ကုလားသည် ယမကာပုလင်းအဖုံးကို ဖွင့်၍ အခါးခွက် အလွတ် သုံးခွက်တွင် ဖြည့်လိုက်၏။ ထွန်းကြိုင်သည် မီးမြိုက်ပြီးသား အမဲခြောက် နီနီများကို နှီးခွက်ထဲ အသားစများ မျှင်ထုတ်လိုက်၏။ ထို့နောက် မွှေး ကြိုင်နေသော ပဲဆီကလေး ဆမ်းလိုက်၏။

"သောက်ကြကွာ၊ ဂျာအေး သောက်ကွာ။ အသည်းကွဲကိစ္စတွေ ဘေး ချိတ်လိုက်စမ်းပါကွာ။ အချိန်တန်တော့လည်း မင်း ပြောသလို နဖူးမှာ စာပါတဲ့အတိုင်းပေါ့"

ဆိတ်ကုလားက ဂျာအေးကို လေသံ ခပ်ပျော့ပျော့နှင့် ပြောရင်း ယမကာခွက်ကိုယူကာ တစ်ငုံသောက်လိုက်၏။ ဂျာအေးနှင့် ထွန်းကြိုင်

ကလည်း တစ်ငုံနှစ်ငုံ သောက်လိုက်ကြ၏။

"အားပါး ကောင်းလိုက်တဲ့ မီးညွှန့်ကလေးကွ၊ ရင်ထဲကို ပူဆင်းသွားတာပဲ"

"ဟုတ်ပါ့ကွာ၊ ရည်းစားဦး ပါးကို ခိုးနမ်းလိုက်ရသလိုပဲ"

"လွန်ပါ့ ဂျာအေးရာ၊ မင်းပါးစပ်ထဲမှာ အချစ်တွေ မေတ္တာတွေ ရည်းစားတွေ အသည်းတွေ ပြည့်ကျပ်နေတာပဲ"

"ဟဲဟဲ ဒါကတော့ လူမှန်ရင် အချစ်နဲ့ မကင်းဘူးလေ။ တို့ဘုရားသော်မှ အချစ်နဲ့ မကင်းနိုင်တာဘဲကွာ"

"ဟုတ်ပါပြီကွာ၊ ဒါပေမယ့် မင့်စကားက လွတ်ပိုလွန်းလို့ပါ"

"ထွန်းကြိုင်ရာ မင်းဟာ အချစ်ကို နကန်းတစ်လုံး မသိတဲ့ကောင်ဘဲကွ။ ဒီတော့ မင်းဟာ လူ့အရသာကို ဘယ်သိပါ့မလဲ အေ့"

"ဟေ လူ့အရသာ ဟုတ်လား၊ ဆိုပါဦး ပဏ္ဍိတဂျာအေးရဲ့။ လူ့အရသာက ချိုသလား၊ ချဉ်သလား။ ဒါမှမဟုတ် စပ်ခါးခါး ခါးလား"

"အေး မင်း ခုထိ ဒွိဟာဖြစ်နေဦးမှာပဲ။ လူမှန်ရင် သူရင်ချစ် မရှိတောင် ကိုယ်ချစ် ရှိရတယ်ကွ အေ့"

ဂျာအေး၏ စကားတွေ ယမကာ သုံးခွက်လောက် ဝင်သည်နှင့် ယိုင်ထိုးထိုး ဖြစ်လာ၏။ ထွန်းကြိုင်နှင့် ဆိတ်ကုလားတို့ နှစ်ဦးမှာ ချစ်ခြင်းမေတ္တာတရားနှင့် ပတ်သက်၍ အစိမ်းသက်သက်များ ဖြစ်နေကြသဖြင့် ဂျာအေး စကားကို အဟုတ်မှတ်နေ၏။

ထိုစဉ် ဂျာအေး၏ ဝါကြောင်ကြောင် လေသံကြီး ပေါ်လာ၏။

"မယုံရင် ချစ်ကြည့်ကြကွာ၊ အချစ်ဆိုတဲ့အရာ ရင်ထဲရောက်လာရင် ရင်တဖိုဖို တလှပ်လှပ် ခံစားလာလိမ့်မယ်။ အချစ်မျက်နှာလေး ခိုးခိုးကြည့်ရတာ အသည်းတွေ အူတွေ ခုန်ခွခုန်ဆွနဲ့ကွ"

"ဟင် ဒါဆို မင်းအချစ်က ပုစွန်ကျော့ကြီးတွေလိုပေါ့"

ဆိတ်ကုလားက သူထင်ရာ ဝင်ပြောလိုက်၍ ဂျာအေး ဆိတ်ကုလား၏ စကားကို ခေါင်းတခါခါ လုပ်ရင်း ဆက်ပြောလိုက်၏။

"အချစ်ဆိုတာ ဟောဒီ အမဲခြောက်လို ငန်ပျပျနှင့် စိမ့်တဲ့အရသာကွ။ တစ်ခါခါကျတော့လည်း ဟောဒီ မီးညွှန့်ကလေးလို စူးရဲရဲနဲ့ မူးတူးတူး

ကွ အေ့"

"ဟာ မင်းအချစ်ကတော့ လွှက်အုံ့ပြွံစရာပဲကိုး"

"ဘာဖြစ်လို့လဲ ထွန်းကြိုင်၊ မင်းအတွက် အထူးအဆန်း ဖြစ်နေလို့လား"

"ဟုတ်ပါ့ . . . ဟုတ်ပ့ါ။ အချစ်ဆိုတာ ဆိတ်ကုလား ပြောတဲ့ ပုစွန်ကျော့ရော၊ မင်းပြောတဲ့ အမဲခြောက်ရော။ ပြီးတော့ ဟောဒီ ယမကာအရသာပါ ပါသေးတယ်ဆိုတော့ ကေန္တ မပြားကြီး ရောင်းတဲ့ အရက်ဝိုင်းကျနေတာပဲကွာ အေ့"

"ပြောချက်ကတော့ ကောင်းပါ့ကွာ၊ ထွန်းကြိုင် မင်း အတော့်ကိုတိုးတက်လာပြီပဲကွ။ ဆက်ပြီး ကြိုးစားပေါ့ကွာ အေ့"

"ဟင် ဘာကြိုးစားရမှာလဲကွ"

"အချစ်လေ၊ အချစ်ကိုသိအောင် ကြိုးစားစမ်းပါကွာ။ ကိုင်းတောထဲမှာ လူဖြစ်ခဲ့ရပေမယ့် အချစ်ရဲ့ ဝိသေသကို အသိကြီး သိနေရင်မင်းဟာ ဆရာတစ်ဆူပဲကွ"

"ဒါဆို ထွန်းကြိုင်က ဘုရားကိုးဆူဆရာ လုပ်လို့ရမှာပေါ့"

"အင်၊ ဟေ့ကောင် ဆိတ်ကုလား မင်းက ဘာတွေ ဝင်ပြောတာလဲ"

"ဟာ မင်းပဲ ဆရာတစ်ဆူ ဖြစ်ပြီဆိုကွ"

"တိတ်စမ်းကွာ၊ လောကမှာ မသိတဲ့ အကြောင်းအရာကို သိသလိုလိုလုပ်ပြီး ဝင်ပြောတာ အရွံဆုံးကွ အေ့။ မင်းက မင်းကိုယ်မင်းတော်ချစ်တတ်တဲ့ကောင် မဟုတ်ဘူး"

"အင်၊ ဂျာအေးကတော့ ငါ့ဆို ပြောလိုက်တာကွာ။ ငါလည်း အချစ်ကို သိသင့်သလောက် သိပါတယ်ကွာ"

"ဟေ"

"ဟာ ဒါဆို လုပ်ပါဦး ဆိတ်ကုလားရ။ မင်းက အချစ်ကို ဘယ်လိုသိသတုံး"

"သိတာပေါ့ကွာ၊ အဟမ်း. . . အေ့"

"ပြောလေကွာ"

ဆိတ်ကုလားက အခါးခွက်ထဲမှ ယမကာကို အပြတ်ဖြတ်ပစ်လိုက်

ပြီး အမဲခြောက်တစ်ဖက်ကို မြှံ၍ ဝါးလိုက်၏။ ထွန်းကြိုင်နှင့် ဂျာအေးတို့ နှစ်ဦး ဆိတ်ကုလား၏ အပြောကို မူးကြောင်ကြောင်နှင့် နားစွင့်နေကြ၏။

"ဒီလိုရှိတယ်ကွ"

"အောင်မယ်၊ လင်တောင်မယူရသေးဘူး၊ ဘာလေးမွေးရင် ကောင်းမလဲ တွေးနေတဲ့ အပျိုကြီး မကြွေ ကျနေတာပဲ"

"ဟုတ်ပ့ါကွာ၊ ပြောမယ့်ဟာ ပြောစမ်းပါ"

"ဒီလိုကွာ၊ ငါ ကောင်မလေး တစ်ယောက်ကို မိုးလင်းစမှ မြင်ဖူးတယ်။ အဲဒီ ကောင်မလေး မျက်လုံးတွေထဲမှာ မျက်ချေးတွေပိတ်လို့။ ပြီးတော့ ပါးစောင်မှာလည်း အာပုပ်ရည်တွေ စီးလို့ကွ"

"ဟာ မင်း အချစ်က ရွံစရာကြီးပါလား၊ မင်းဉစ္စာ အချစ်မှ မဟုတ်ဘဲ မပစ်တွေကွ"

"ဟုတ်သေးဘူးကွ အဲဒါ အနှစ်ပဲ"

"ဟော့ ဘယ့်နှာကြောင့်ပါလိမ့်"

"ဒီလိုလေကွာ၊ အဲဒီလောက် ရွံ့ရှာဖွယ် အသွင်သဏ္ဌာန်ကြားမှာ သူ့ရဲ့ မှုန်မှေးမှေး မျက်လုံးအစုံဟာ သောက်ရူးကြယ် သေးသေးလေး တွေလို"

"တော်ပါတော့ကွာ၊ မင်း စကားတွေကအေ့၊ ဘာတွေမှန်းတောင် မသိဘူး"

"ဟာကွာ ဂျာအေးကလည်း ငါ တကယ် ပြောတာကွ။ အဲဒီလို စူးရဲရဲ အကြည့်ကလေးကို မြင်တော့ စောစောက ညစ်တီးညစ်ပတ် အသွင်အပြင်တွေ ငါ မေ့သွားတယ်ကွ။ အဲ အဲဒါ အချစ်ပဲ ဖြစ်ရမယ် မဟုတ်ဘူးလား ထွန်းကြိုင်"

"ဟင် ဆိတ်ကုလားက ဒါကျတော့လည်း အလာကြီးပါလား"

"အဲဒါ ပြောတာပေါ့၊ ဘယ်သူမဆို အချစ်ရှိကြပါတယ်ကွ။ ဒါကို ဂျာအေးက စွတ်ပြောနေလို့ပါ"

"အင် ငါတို့တွေတော့ မျက်မမြင် ပုဏ္ဏားခြောက်ယောက်လို ဖြစ်နေပြီကွ။ ဒါပေမယ့် အချစ်ထက် ပိုအရေးကြီးတာ ဘာလဲသိလား"

"အေ့ ပြောပါဦး ထွန်းကြိုင်၊ မင်းက ဘယ်လိုမြင်သလဲ"

"ငါ မြင်တာတော့ လောကမှာ အချစ်ထက် ပိုအရေးကြီးတာ ချမ်းသာခြင်းပဲကွ။ တစ်နည်းပြောရရင် အသပြာ မရှိရင် ဘာဝနာတောင် မသိဘူးတဲ့ကွ"

"ဟေ"

"အင်၊ ဆန်းချက်က"

"တကယ် ပြောတာကွ၊ မင်းတို့သိတာ ရွာထဲက ကောင်မလေးတွေရဲ့ အချစ်ပဲကွ။ ဗီဒီယိုခွေတွေထဲမှာ ရွာက ကောင်မလေးတွေထက် လှတာ မမြင်ဖူးဘူးလား။ လှလိုက်တာမှ ကြွပ်လို့ ရွလို့။ ထိရက် တို့ရက်စရာတောင် မရှိဘူး။ အဲဒီလို ငါတို့ လက်လှမ်းမမီတဲ့ အလှလေးတွေဆီမှာရှိတဲ့ အချစ်က ပိုပြီး သိပ်သည်းတာကွ"

"အင်၊ စကားကတော့ စဉ်းစားစရာပဲ"

"ဆက်ဦးလကွာ"

"အေး ဒီတော့ အဲဒီလို ဘာကြောင့် လက်လှမ်းမမီသလဲ။ အရှင်းဆုံးပြောရရင် အသပြာ မရှိလို့ပေါ့ကွာ။ အသပြာ ဒီကနေ့ ရှိကြည့်။ ရွာက ကောင်မလေးတွေထက် မြို့က ကောင်မလေးတွေကို ငါ ချစ်မှာပဲ။ ပိုရှိရင် မြို့က မဒီလေးတွေထက် နိုင်ငံခြားက မဒီကြီးတွေကို ချစ်မှာပဲကွ။ အချစ်ဆိုတာ ဘောင်ကျဉ်းကျဉ်းနဲ့ ဆွဲထားတဲ့ ပန်းချီကားချပ် မဟုတ်ဘူးကွ"

"ဟေ"

"ရှုပ်ကုန်ပြီကွာ"

ထွန်းကြိုင် ဝင်နှောက်လိုက်မှ သူတို့သုံးဦးစလုံး အူလည်ချာလည်ဖြစ်ကုန်၏။ အချစ်နှင့် ဆင်းရဲခြင်းကို ယှဉ်တွဲ အဖြေရှာကြည့်ကြ၏။ သူတို့ ပြောသလို မျက်မမြင် ပုဏ္ဏားခြောက်ယောက်ပမာ တောစမ်းတောင်စမ်းနှင့် စိတ်ထဲထင်ရာ ပြောနေကြသော်လည်း အချစ်ကို သူတို့သုံးဦးစလုံး ရေရေရာရာ အဖြေမရှာနိုင်ကြပဲ ချက်အရက် တစ်လုံးခွဲခန့် အကုန်တွင် သုံးဦးစလုံး ကျွမ်းထိုးမှောက်ခုံ အိပ်ပျော်သွားကြလေတော့၏။

၉၉၉

## အခန်း (၁)

"အဘ"

"ဟေလကွယ်"

"ဟို အဘ ငယ်ငယ်တုန်းက ခန့်ချောကြီး ဖြစ်မှာပဲနော်"

"ဟေ ဘာတွေတုံး လူကလေးရ"

"ဟို အဲ၊ အဘက ရုပ်ရှိတယ်ဗျ"

"အင်၊ ဒါဆို မင်းက ငါ့ကို နာမ်မရှိဘူးလို့ ပြောချင်တာလား။ မှတ်ထားကွ။ ဒါ ရုပ်ဘုံမဟုတ်ဘူး လူကလေးရဲ့။ လောကမှာ ဘုရားဟောထားတာရှိတယ် မဟုတ်လား"

"ဟာ ရှုပ်ကုန်ပြီ အဘရာ၊ ကျုပ် ပြောတာ အဘက ရုပ်ပါဖြူးတော့ ငယ်ငယ်တုန်းက မြာတွေ ပေါ်မှာပေါ့လို့"

"ဗုဒ္ဓေါ၊ ဘာစကားတွေတုံး ဂျာအေးရာ။ အိုကြီးအိုမရောက်မှ မင်းက ငါ့ကို မြှောက်နေပြန်ပြီ။ ကေန္တ မိထွေးစာ မိချင်ပြီထင်တယ်"

"ဟာ အဘကလည်း ကျုပ်ပြောတာ နားထောင်ပါဦး"

"ဘာများတုံးကွ၊ မင်းစကားက နွားပြာကြီး ပေကတ်ကတ် လုပ်နေသလိုပဲ"

"အင်၊ အဘနဲ့ တွေ့မှ ကျုပ်လည်း နွားလုံးလုံး ဖြစ်ပြီဗျာ"

ဂျာအေး ရွာအိမ် ပြန်ရောက်သည်နှင့် ဖခင် ဦးကျောက်ဖားကို စကားထူး စကားဆန်းတွေ မေးခဲ့၏။ ဦးကျောက်ဖားခမျာ ဂျာအေး၏

မေးချက်ကို ဒက်ဒက်ထိ နားမလည်ပါချေ။ ထို့ကြောင့်လည်း သူ ထင်ရာ စွတ်ပြောဆိုနေခြင်း ဖြစ်၏။

ထိုစဉ် ဂျာအေးက . . .

"ဒီလို အဘရဲ့ လောကမှာ အချစ်ကို သိချင်ရင် ရုပ်ရည်ရှိရင်ရှိ မရှိရင် အသပြာရှိမှဆိုတဲ့ စကားက အဟုတ်ပဲလားဗျ"

"အင်၊ ဘာတွေတုံး"

ဂျာအေး၏ အမေးကြောင့် ဦးကျောက်ဖား အူလည်လည် ဖြစ်နေ၏၊ မေးခွန်းက ဝေ့လည်ကြောင်ပတ်။

"ဆိုပါဦးဗျ"

"ဟေ ဘာဆိုရမှာတုံး၊ မင်း မေးပုံက ဟို ဇာတ်ထဲက ပြောသလို 'စကားတွေ တောင်လို ဝေမိုးပေမယ့် ကြောင်ရေချိုးသလို ထင်ပ၊ ဘဝင် မကျတဲ့ တစ်ဖက်လူ ဒက်ထူထူပဲ ကုတ်လိုက်ချင်ရဲ့' ဆိုသလိုပေါ့ကွာ"

"အင်း ရှုပ်ကုန်ပြီ၊ အဘ စကားတွေက တောတခြား တောင်တခြား ဖြစ်ကုန်ပြီဗျာ။ကျုပ်ပြောတာ ကျုပ်ဟာ အဘသားပေမယ့် လွတ်အကျည်း တန်တယ်ဗျ။ ပြီးတော့ အသပြာငွေကြေးကလည်း မွဲပ။ ဒီတော့ အချစ် ဆို ဘယ်လို နားလည်နိုင်တော့မှာလဲဗျာ။ အဘကတော့ အသပြာ မရှိ ပေမယ့် ရုပ်မိနေတော့ မြာစွန်မှာပဲလေ။ ကျုပ်ကတော့ ကံခေပါ့ဗျာ"

"ဟော၊ မင့်စကားတွေက တယ်လည်း ဆန်းလှသကိုး လူကလေးရဲ၊ ကေန္တ လူကလေး မိန်းမလိုချင်ပြီထင်ပ"

"ဟာ အဘကလည်း ရှက်စရာကြီး"

"ဟာ ဒါ ရှက်စရာမှ မဟုတ်ဘဲကွ၊ ငါလည်း ငယ်ရာကြီးလာတဲ့ လူပါကွာ။ မင်း ပါးစပ်မှာ အချစ်တွေ အချက်တွေ ပြောလာကတည်းက ငါ့သား မရိုးတော့ဘူး ထင်တယ်။ ပြောစမ်း မင့်မှာ ရည်းစားသနာ ရှိနေ ပြီလား"

"ဟာ မရှိပါဘူးဗျာ၊ စောစောက ပြောသလို ရုပ်ကလည်းခေ အသပြာကလွှဲ မွဲမို့ ကျုပ်လိုလူကို ဘယ်သူက ချစ်မှာလဲဗျ"

"ဟေ"

ဦးကျောက်ဖားတစ်ယောက် သားလုပ်သူ၏ စကားကြောင့် စိတ်ထဲ

အောင့်သီးအောင့်သက် ဖြစ်သွား၏။ ဂျာအေး ပြောလည်း ပြောစရာပင်။ ယာသမား၊ ကိုင်းသမား ဘဝနှင့် ဆင်းရဲတွင်း နက်လှသော သူတို့ဘဝကို နာကြည်းမိ၏။

"အင်း လူကလေး ပြောတာလည်း ဟုတ်ပ့ါကွယ်။ ကံကလည်း ဆိုးပ့ါ။ အမှန်တော့ ဒါတွေဟာ ကံတရားရဲ့ စီရင်မှုပဲပေ့ါကွယ်၊ ကံပေးရာ ဘဝ လုပ်ရမှာကို အလိုမကျ ဖြစ်မနေပါနဲ့ကွယ်"

"ဒါဆို အဘ နဖူးစာကို ဘယ်လို နားလည်သလဲ"

"အင် နဖူးစာ"

"ဟုတ်ပ့ါ၊ အဲဒီစာကို ကျွန်တော် တအား သိချင်သဗျာ။ အဲဒီ နဖူးစာဟာ ဆင်းရဲရင်၊ ရုပ်ဆိုးရင် မပါလာဘူးလားဗျ"

"ဗုဒ္ဓေါ၊ မင့်စကားတွေက တယ်လည်း မြင့်လှပါကလားကွယ့်"

"ဟာ သိချင်လို့ပေ့ါ အဘရာ"

"အင် ဒုက္ခပါပဲ"

ဦးကျောက်ဖားတစ်ယောက် ဂျာအေး၏ ဖောင်းဖောင်းပွပွ ပြောလာသော စကားများကြောင့် အူချာချာ ဖြစ်နေ၏။ ဘုရားစာ၊ တရားစာ လောက်သာ သိထားတတ်ထားခဲ့သည်မို့ ဂျာအေး၏ အမေးကို ဘာဖြေရမှန်းမသိ။

"ဟိုလေကွာ ဟိုအဲ"

"ဘာလဲဗျာ၊ အဘကလည်း တဟိုဟိုနဲ့"

"အဲ အဲဒီကိစ္စ ပြောနိုင်တာ ရွာမှာ တစ်ယောက်ပဲ ရှိတယ်"

"ဟင် ဘယ်သူတုံး"

"ဖိုးဖျောက်ဆိပ်လေကွ"

"ဗျာ၊ ဟို ဗေဒင်ဆြာကြီး ကိုဖျောက်ဆိပ်လား အဘ"

"ဟုတ်ပ့ါ၊ သူက ဂြိုဟ်တွေ နက္ခတ်တွေ သိတဲ့လူကွ။ ဒီတော့ နဖူးစာရဲ့ ကံကြမ္မာကို သူ ပြောနိုင်မှာပဲကွ"

"ဟင် ဒါဆို အဲဒီလူ မေးကြည့်ဦးမှပဲ"

"ဟာ ဒီအတိုင်းတော့ မမေးနဲ့လကွာ၊ သူ့ပညာတော့ တန်ဖိုးထားမှပေ့ါ"

"နားလည်ပါတယ် အဘရာ၊ ဒီလူက ကွမ်းတအား ကြိုက်တာဗျ ပြီးတော့ ရေနံချောင်း ဒေါ်သွန့်ဆေးပေါ့လိပ်ကိုလည်း မီးခိုးထွက်အောင် ဖွာတဲ့လူဗျ။ အဲဒါတွေ ယူသွားမှာပေါ့"

"အင်း ငါ့သားတော့ မိန်းမ လိုချင်တာနဲ့ တစ်ရွာလုံးပတ်ပြီး မီးမွှေ ပြီထင်ပ"

ဦးကျောက်ဖားတစ်ယောက် တဲထဲမှ ကသုတ်ကရက် ထွက်သွား သော သားအေး၏ ကျောပြင်ကို ကြည့်ကာ အူလည်လည် ကျန်ခဲ့ရှာပေ၏။ ထိုအချိန်တွင် ဂျာအေးတစ်ယောက် ရွာတောင်ဖျားတွင် နေထိုင်သော ဗေဒပိဋကာ ကိုဖျောက်ဆိပ်ထံသို့ သောကမျော ရောက်ရှိလာ၏။ ထိုအချိန်တွင် ဖျောက်ဆိပ်ခမျာ ဇနီးလုပ်သူ အပုလေးကို အိမ်ခန်းထဲတွင် နင်းနှိပ်ပေးနေရ၏။

ဂျာအေးသည် အိမ်ရှေ့ ရေကာပြင်တွင် ရပ်ရင်း အသံပြုလိုက်၏၊

"ကိုကြီးဖျောက်ဆိပ် ရှိသလားဗျ။ ဗျို့ ကိုကြီးဖျောက်. . ."

"ဟေ၊ ဘယ်သူတုံး။ ဒီမှာ အနှိပ်ခံနေတာကွ။ ဘယ်ကလေကဝတုံး"

"ဟာဗျာ၊ ကိုကြီးဖျောက်ကလည်း ဒေါ်ကြီးပဲ၊ ထွက်လာစမ်းပါဦးဗျ ကျွန်တော် ဂျာအေးပါ။ ဗေဒင် မေးမလို့ဗျ။ ဒီမှာ ကွမ်းရော၊ ဆေးလိပ်ရော ပါတယ်ဗျ"

"ဟေ ဟုတ်လား၊ ဒါဆို လာပြီဟေ့"

ပြောပြောဆိုဆိုနှင့် ကိုဖျောက်ဆိပ် ထွက်လာ၏။ ပုဆိုးကို ခါးတောင် မြှောင်အောင် ကျိုက်ထားပြီး နဖူးတွင်လည်း ချွေးသီးချွေးပေါက်များ တွဲ လွဲခိုနေ၏။ သူ့ပုံသဏ္ဌာန်ကြည့်ပြီး ဂျာအေး ဇဝေဇဝါ ဖြစ်သွား၏။

"ဟင်၊ ချွေးတွေသံတွေနဲ့ပါလားဗျ။ ကျနော် ကိုကြီးဖျောက်က မပုလေး ကို နှိပ်ပေးရတာထင်တယ်"

"အေး . . . ဟယ် ဟုတ်ဘူး၊ ငါ အနှိပ်ခံနေတာပါကွ။ ညက ကြည့်တာ များသွားတော့ အကြောတွေ၊ အခြင်တွေ တောင့်တင်းနေလို့ ကွာ။ အဲဒါ မယ်ပုကို နှိပ်ခိုင်း. . ."

"ကိုရင်မောင်"

"ဗျာ"

အိမ်ခန်းထဲမှ မျက်ထောင့်နီကြီးနှင့် လှမ်းပြောလိုက်သော အပုလေး အသံကြောင့် ကိုဖျောက်ဆိပ်တစ်ယောက် ပြောရမည့်စကားများ နင်သွား၏။ ဂျာအေး သူတို့နှစ်ဦးကို ကြည့်ပြီး ကြောင်စီစီ ဖြစ်နေ၏။ ထိုစဉ် ကိုဖျောက်ဆိပ်သည် ဂျာအေးကို ပြုံးဖြီးဖြီးနှင့် ကြည့်ရင်း မေးလိုက်၏။

"ဘာကိစ္စတုံးကွ"

"ပေဒင် မေးမလို့လေဗျာ။ ဟောဒီမှာ ကွမ်း၊ ကွမ်းသီး၊ ဟော ရေနံချောင်းဒေါ်ညွန့် ဆေးပေါ့လိပ်"

"ဟေ ဟုတ်လား၊ ထိုင်လကွာ"

ဂျာအေးသည် အိမ်ရှေ့တွင် ခင်းထားသော သင်ဖြူးဖျာစုတ်ကလေးပေါ် ထိုင်လိုက်၏။ ကိုဖျောက်ဆိပ်၏ ဇနီးသည် အပုလေးက ဂျာအေးကို မျက်စောင်း ထထိုးထိုး လုပ်နေ၏။ ထိုစဉ် ပေဒင်ဆြာကြီး ကိုဖျောက်ဆိပ်သည် ထရံတွင် ချိတ်ထားသော လွယ်အိတ်ကြီးထဲမှ ကျောက်သင်ပုန်းနှင့် ကျောက်တံကို ယူကာ ဂျာအေးရှေ့ ဟန်ပါပါနှင့် ထိုင်လိုက်၏။

"ကဲ ဘာမေးမှာတုံး ပြော"

"ဟိုဗျာ နဖူးစာ"

"ဟေ နဖူးစာ ဘယ်ကနဖူးစာလဲ"

"ဟိုဗျာ အချစ် . . . အချစ်လေ"

"ဗုဒ္ဓေါ အချစ်၊ ဘာတွေတုံး မင်း ပေဒင်မေးဖို့ လာတာလားကွ"

"ဟာ ကိုကြီးဖျောက်ကလည်းဗျာ၊ အဲဒီ အချစ်ကိစ္စ သိချင်လို့ဗျ"

"ဘာတွေတုံး၊ ဧကန္တ ကိုယ့်လူ အပမှီလာပြီထင်ပဲ့"

"မဟုတ်တာဗျာ၊ ကျွန်တော် သိချင်တာ ကျွန်တော့်ဘဝရဲ့ အချစ်ကံကြမ္မာဗျ။ ကိုဖျောက်ကြီး တွက်စမ်းပါဗျာ"

"ဩော် ဒီလိုကိုး၊ အဟမ်း မင်းက ဟိုဥစ္စာ ဖြစ်ချင်ပြီထင်ပဲ့"

"ဘာလဲဗျ"

"ဩော် အိမ်ထောင်ပြုချင်ပြီပြောတာ"

"ဟာ အဲဒီလိုလည်း မဟုတ်ဘူးဗျ၊ ကျွန်တော် သိချင်တာ အချစ်လေ"

"အချစ်၊ ဟား ဟား ဟား အချစ်ဆိုတာ ပထဝီကြော သိမှကွ"

"ဗျာ ဘာတွေလဲဗျ"

"ကိုဖျောက်ဆိပ်"

"ဟေ"

ဖျောက်ဆိပ် အပြောကို ဂျာအေး အူလည်လည် ခံစားနေရ၏။ အချစ်ဆိုတာ ပထဝီကြောပဲ ဆိုသော အပြောကြောင့် စိတ်ထဲ ဇဝေဇဝါ ဖြစ်သွား၏။ ထိုစဉ် တဲထောင့်တွင် ဆန်ပြာနေသော အပုလေးက ကိုဖျောက်ဆိပ်ကို လှမ်းဟန့်လိုက်သဖြင့် ကိုဖျောက်ဆိပ် နင်သွားပြန်၏။

"ကိုကြီးဖျောက် ပြောတာ ပထဝီကြောသိမှ ဆိုတော့၊ ဘာလဲ ကျွန်တော်က အချစ်ကို အနှိပ်သည်လုပ်ပြီး ရှာဖွေရမှာလား"

"အေး . . . အဲ ဟုတ်ဘူး၊ ဟိုကွာ"

"ဘာတွေလဲဗျာ၊ ကိုကြီးဖျောက် စကားတွေက ရှုပ်နေပြီ"

"ဟော့ကောင် ဂျာအေး၊ မင်းလာတာ ဗေဒင် မေးမလို့ဆို ဘယ်လိုက ဘယ်လို အချစ်တွေ အချက်တွေ ဖြစ်ကုန်သတုံးကွ".

"ဩော် သိချင်လို့ပေါ့ဗျာ။ ကျွန်တော့်ဘဝက ဆင်းရဲတယ်ဗျာ၊ ဒီတော့ အဲဒီ ဆင်းရဲခြင်းကြောင့် အချစ်ဆိုတဲ့ နဖူးစာ ရှိပါဦးမလား"

"ဟာ မင်းကတော့ ပေါက်တီးပေါက်ရှာ တယ်ပြောသကိုး၊ နေပါဦး မင်းဇာတာ ငါတွက်ဦးမှ၊ မွေးသက္ကရာဇ် ပြောစမ်း"

"အင် ဟိုဗျာ ငါးခြောက်ကျွန်းရွာ မီးလောင်တုန်း ကျုပ်ကို မွေးတာ ဗျာ"

"ဟင် နေပါဦး၊ ရွာမီးလောင်တုန်း မွေးတာဆိုတော့ မင်း ဘယ်လို အသက်ရှင်လာသတုံး"

"ဟာဗျာ အချိန်အခါကို ပြောတာဗျ"

"ဩော် ဒီလိုလား၊ နေဦးကွ"

ကိုဖျောက်ဆိပ်သည် ဟန်ပါပါနှင့် ကျောက်သင်ပုန်းပေါ်တွင် တချောက်ချောက်နှင့် တွက်ချက်နေ၏။ ပါးစပ်ကလည်း ဂျာအေး ယူလာသော ကွမ်းရွက်နှင့် ကွမ်းသီးကိုယာကကာ တမြုံ့မြုံ့ ဝါးနေ၏။

"အင်း ဒါဆို မင်းအသက်က အစိတ်တောင် ရှိပြီပဲ။ အင်း မိဿ၊ ပြိဿ မေထုန် . . . မေထုန်"

"ဟာ ဘာတွေလဲဗျ"

“တိတ်တိတ်နေစမ်းကွာ”

ဂျာအေး၏ အမေးကို ကိုဖျောက်ဆိပ်က လှမ်းဟောက်ရင်း ဆက်ပြီး တွက်ချက်နေ၏။ တစ်အောင့်အကြာတွင် ချောင်းဟန့်သံပြုပြီး ပြောလိုက်၏။

“အဟမ်း၊ မင်းက ပါပတွေ ကျောပိုးပြီး၊ ရာဟုမြင်း ဇက်သတ်စီးလာ တဲ့လူပဲကွ”

“ဗျာ ဘယ်က ပါပလည်း၊ ကျုပ်က မြင်းမပြောနဲ့ ခွေးတစ်ကောင် တောင် စီးဖူးတာ မဟုတ်ဘူးဗျ”

“ဟော၊ ဟာ မင်း ပါးစပ်ပိတ်ထားစမ်းကွာ။ အင်း ပါပနှစ်လုံးဆင့် ဘုန်းလွင့်ကံလွင့် ဂြိုဟ်ဆိုးဆင့်တဲ့ကွ။ အရှေ့အရပ်မှာ ဘီလူး၊ အနောက် အရပ်မှာ သရဲ၊ တောင်အရပ်မှာ တစ္ဆေ၊ မြောက်အရပ်မှာ မှင်စာ”

“ဟာ ဘာတွေတုံး ဘာတွေတုံးဗျ။ ခင်ဗျား ဗေဒင်က သရဲတွေ၊ တစ္ဆေတွေပါ ပါလာပါလား ကြောက်စရာကြီးဗျ”

“တိတ်စမ်းကွာ၊ ဧကန္တ မင်းဟာ မှင်စာမျိုးရိုးက လူဖြစ်လာတာပဲကိုး”

“ဗျာ၊ ဟုိ ကျုပ်”

“ဟုတ်တယ် နေဦး၊ မှင်စာနဲ့ ပြိတ္တာ ပြီးတော့ သဘက်”

“အောင်မလေးဗျ”

“ဘာ . . . ဘာဖြစ်သတုံးကွ”

“ဟို ကြောက် . . . ကြောက်လို့”

“ဟာကွာ မှတ်ထား ဂျာအေးရဲ့ မင်းက မှင်စာဘဝက လူဖြစ်တာ ဆိုတော့ ဒုက္ခကို ရွှေချရမယ့်လူပဲ။ ပြီးတော့ အသည်းမှာ ဘီလူးခြေရာ တွေ့တယ်ဆိုတော့”

“ဟာဗျာ ကျုပ်ဘဝက ခင်ဗျားပါးစပ်ထဲမှာ လူဖြစ်ရှုံးပါပြီဗျာ။ ကျုပ် မေးတာ နဖူးစာကံ”

“အဲဒါ ပြောတာပေါ့ကွာ၊ ပါပဘီလူး ကိုယ်မှာပူး၊ သူရူးဆိုင်းချက်က တဲ့ကွ”

“ဗျာ သရဲတွေ ဘီလူးတွေကနေ ဘယ်လိုဖြစ်ပြီး ဇာတ်မင်းသားဘဝ ရောက်သွားတာတုံး”

“တိတ်စမ်းကွာ၊ အင်း ကောဇာမှာ ဩဘာပေးစရာဆိုလို့ တစ်ကွက်မျှ

မမြင်၊ လက်မပင် မစုပ်လိုက်လေနှင့် အသည်း ငုတ်တုတ်ကွဲတဲ့"
"ဗုဒ္ဓေါ ဘာတွေလဲဗျ"
"ဟာ မှတ်ထားကွ၊ ခုထိ တွက်မိသမျှ ပြောရရင် မိန်းမဆို လက်မ
တောင် မစုပ်လိုက်လေနဲ့၊ မင်း အသည်း ဟက်တက်ကိုကွဲမှာ. . ."
"ဗျာ ဒါဆို"
"အေး ဆင်းရဲဇာတာကလည်း ရှည်ပါ့ကွာ၊ ဒါပေမယ့် ဆန်းရှ
ချချာဖျက် ပူစွာယှက် ဒုက္ခမြင် နှုတ်မရအသွင် ဘဝကြား ခဏများ
စခန်းသာယှဉ် ချမ်းသာရင် မင်းစည်းစိမ်အလား တဲ့"
"ဟာ ဒါဆို ကျွန်တော် ချမ်းသာဦးမှာပေါ့"
"ဟုတ်သေးဘူးကွ"
"စောစော ရွတ်တာက"
"ဟဲဟဲ ရွတ်ကောင်းကောင်းနဲ့ ရွတ်ကြည့်တာပါကွာ"
"ဘာတွေလဲဗျာ၊ ခုထက်ထိ ကျုပ်ကိစ္စ ဘာမှန်းမသိသေးဘူး"
"နေဦးကွာ၊ မင်းဇာတာဟာ ညံ့လှပေမယ့် လာမယ့် ပြာသိုလ
ကျော်ရင် ချမ်းသာကိန်းကွ"
"ဗျာ၊ သေ သေချာရဲ့လားဗျာ။ ဒါဆို ချမ်းသာရင် အချစ်ကိုပါ
ရနိုင်တာပေါ့"
"အေး အဲဒီ ကာလမှာ မင်းဟာ ချမ်းသာခြင်းနဲ့ယှဉ်တဲ့ ချစ်သူကို
တွေ့လိမ့်မယ်"
"အင်၊ တကယ် ဟုတ်ရဲ့လားဗျာ။ ကျွန်တော်က ကိုယ့်ဘဝကိုယ်
တွေးပြီး သောကရောက်နေတာဗျ"
"ဒါကတော့ . . . ဖူး"
"အောင်မယ်လေးဗျာ၊ ဘာတွေတုံး"
"အား၊ မူး . . . မူးတယ်"
"ဟင် ကိုကြီးဖျောက် ဘာ ဘာဖြစ်သတုံး"
"ကွမ်း ကွမ်းမူး"
"ဟာ လုပ်ပါဦး"
ကိုဖျောက်ဆိပ် တစ်ယောက် ဂျာအေး ယူလာသော ကွမ်း၊ ကွမ်းသီး



စိမ်းဒဏ်ကြောင့် ဗေဒင်တွက်ရင်း ချွေးသီးချွေးပေါက်တွေ ပြန်လာကာ ရိတီတီ မူးနောက်နောက် ဖြစ်လာ၏။ နောက်ဆုံး ပါးစပ်တွင် ငုံထားသော ကွမ်းဖတ်များကို သတိလွတ်ပြီး တွေးထုတ်မိရာ ဂျာအေး၏ ကိုယ်ပေါ်သို့ အဖွေးသား ရောက်ရှိသွားလေ၏။

ထိုအဖြစ်ကြောင့် ဇနီးသည် အပုလေးခမျာ ဗျာယာခတ်နေ၏။ ဂျာအေးမှာလည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေ၏။ အပုလေးသည် လင်တော်မောင်ကို ယပ်ခတ်ပေးရင်း ပါးစပ်ကလည်း ဂျာအေးကို မျက်စောင်း တထိုးထိုး လုပ်ရင်း ဖျစ်တောက်ဖျစ်တောက် ပြောဆိုနေ၏။

"ငါ့လင်ကို နင်က ဗေဒင်လည်း ဟောခိုင်းသေး၊ ကွမ်းသီးစိမ်းတွေ ညာကျွေးပြီး ဒုက္ခပေးတာပေါ့လေ"

"ဟာဗျာ မဟုတ်ပါဘူး၊ ဒေါ်ပုလေးရယ်"

"ဟဲ့ နင်လုပ်တာ နင်သိတယ်၊ ငါ့လင်က ကွမ်းသီးမူးတာတောင် မခံနိုင်ဘူးဟဲ့။ သွားသွား နင့်လိုလူ ဗေဒင်ဟောရတာ ဆရာပါ ဒုက္ခတွေ့တယ်"

"ဗျာ ဒုက္ခပါပဲဗျာ"

ဂျာအေးတစ်ယောက် အပုလေး စကားကြောင့် ကြောင်အမ်းအမ်း ဖြစ်နေ၏။ ကွမ်းသီးကို အစိမ်း၊ အကျက် ခွဲတတ်သူ မဟုတ်။ ဖခင်ဖြစ်သူ သိမ်းဆည်းထားသည့် ယွန်းအစ်ကြီးထဲမှ နှိုက်ယူလာခြင်း ဖြစ်လေ၏။

ယခုတော့ ပြဿနာက မိုးမီးလောင်နေပြီဖြစ်၍ ဂျာအေးတစ်ယောက် ဗေဒင် ဆက်မမေးတော့ဘဲ အိမ်ပေါ်မှ ဆင်းပြေးသွားလေ၏။ ထိုအချိန်တွင် အပုလေးက ခင်ပွန်းသည်ကို ဆူပွဲဆူပွဲနှင့် ရန်လုပ်နေပေ၏။

"ရှင့်မလဲ ကွမ်းသီး၊ ကွမ်းရာ မြင်တာနဲ့ သရဲစီး၊ ဘီလူးစီးပဲ။ စဉ်းစဉ်းစားစား စားမှပေါ့တော့"

"ဟာကွာ မင်းကလည်း"

"ဘာ၊ မင်းကလည်းလဲ၊ ရှင်ဟာ ဘယ်တော့မှ မဆင်ခြင်ဘူး။ ဗေဒင်ဆြာဆိုတော့ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်မယ် ညာဖြစ်မယ်ဆိုတာ ကြိုသိနေရတယ်ရှင့်"

"အင်၊ ဟို . . . ဟိုကွာ"

"တော်စမ်းပါ၊ ရှင့်ဇာတာထဲမှာ ကွမ်းသီးစိမ်းစားပြီး မူးလိမ့်မယ်

ဆိုတဲ့ ကိစ္စ မပါဘူးလား။ ရှင် တော်တော် ရှော်တာပဲ။ ကိုယ် ဘာဖြစ်မယ် ဆိုတာ မသိဘဲ သူများကို. . .”

“တော်ပါတော့ မယ်ပုရာ၊ ဒီမှာ မူးရတဲ့အထဲ”

“ဘာမူးတာလဲ ရှင် မူးတာ ကွမ်းသီးမူးတာမှ ဟုတ်ရဲ့လား”

“ဟာကွာ ဒုက္ခပါပဲ”

ဗေဒင်ဆြာကြီး ကိုဖျောက်ဆိပ်ခမျာ ဇနီးမယားလုပ်သူ အပုလေး၏ စကားကြောင့် ရှုံ့မဲ့မဲ့ ခံစားနေရပေ၏။ အပုလေးက သူ့ကို အမြဲတမ်း သံသယအကြည့်နှင့် ပြောတတ်ဆိုတတ်သဖြင့် ကိုဖျောက်ဆိပ်ခမျာ နေ့တိုင်း သက်ာရှင်းခဲ့ရပေ၏။

အမှန်မတော့ အပုလေးက ထိပ်ကပ်နာစွဲနေသော နှာခေါင်းဝေဒနာ ရှင်တစ်ဦး ဖြစ်လေ၏။ ထိုဝေဒနာကြောင့် အနံ့အသက်ကို တော်ရုံတန်ရုံ မခွဲခြားတတ်ပါပေ။

ထိုအားနည်းချက်က ဗေဒင်ဆြာကြီးအတွက် အကွက်ဆိုက်နေပေ ၏။ မပြားကြီးဆိုင်မှ ခိုးချောင်ခိုးဝှက် ဝယ်ယူလာသော မီးတောက်အရက် ကို အပုလေး အလစ်တွင် သောက်တတ်ပေ၏။ မူးလာသည့်အခါတွင် လည်း ကွမ်းသီးမူး မူးသလို လမ်းကြောင်းလွှဲတတ်၏။

ယခုလည်း သူ ကွမ်းသီးမူး မူးတာ အမှန်ပင်။ သို့သော် အပုလေးက သူ့အရိပ်အခြည်ကို စဉ်ဆက်မပြတ် အကဲခတ်နေခဲ့သည်မို့ သံသယ ရှိနေ ၏။ ထို့ကြောင့်လည်း ပါးစပ်ကြီးကို ရေမြင်းကြီးလို အစွမ်းကုန်ဖြဲကာ အရက်နဲ့ မဟုတ်ကြောင်း တဟားဟား လုပ်ပြရပေ၏။

အပုလေးကတော့ သူ့လင်တော်မောင်ကို သံသယဖြစ်နေဆဲ။ ထို့ပြင် မပြားကြီးဆိုင်နား ရစ်သီရစ်သီ လုပ်နေသည်ကို မြင်ခဲ့ဖူးသဖြင့် စိတ်ထဲ အမြဲတမ်း စနောင့်စနင်း ခံစားနေရပေ၏။

ယခုလည်း ယပ်တောင် တဖျပ်ဖျပ် ခတ်ပေးနေရပေမယ့် စိတ်ထဲ သက်ာမရှင်း၊ နေရင်းထိုင်ရင်း မူးလာသည့်ကိစ္စကို ကွမ်းသီးအကြောင်းပြရုံ နှင့် အပုလေး မယုံချင်တော့။

ထိုအချိန်တွင် ဗေဒင်ဆြာကြီးခမျာ တခွီးခွီးနှင့် ဖြစ်နေသဖြင့် ခြေချိုး လက်ချိုး လုပ်ပေးနေရ၏။ မကျေနပ်လှသော်လည်း ပြုံးပြုံးပြုံးပြုံး ဖြစ်လာ

သည်မို့ စိုးရိမ်တကြီး ဖြစ်လာကာ အိမ်နီးပါးချင်းပါခေါ် ၍ ကိုဖျောက်ဆိပ် ဝေဒနာကို ကုသပေးခဲ့ရလေ၏။ ထိုအချိန်တွင် ဗေဒင်ဆြာကြီး ကိုဖျောက်ဆိပ်၏ စကားကြောင့် စိတ်ထဲ အပျော်ကြီး ပျော်နေသူမှာ ဦးကျောက်ဖား၏ ရင်သွေးတော် ဂျာအေးပင် ဖြစ်လေတော့၏။

☺☺☺

## အခန်း (၂)

"အဘ"

"ဟေ့လကွယ်"

"ကျုပ်တော့ ချမ်းသာဖို့အရေး မြင်ပြီဗျာ"

"ဗုဒ္ဓေါ"

အိပ်မှုန်စုံမွှားနှင့် ထလာသော ဂျာအေး၏ စကားကြောင့် ဖခင်လုပ်သူ ဦးကျောက်ဖားမှာ သားဖြစ်သူကို ကြည့်ရင်း ဇဝေဇဝါ ဖြစ်နေ၏၊ ပြောလာသည့် စကားတွေကလည်း ထူးဆန်းပေစွ။ ဘာကို နားလည်ရမှန်းပင် မသိ။ ထို့ကြောင့်လည်း ဦးကျောက်ဖားသည် ဂျာအေးကို ကြည့်ပြီး မေးလိုက်၏။

"လူကလေး၊ မင်းဥစ္စာ ဟုတ်မှဟုတ်ရဲ့လားကွယ်။ ကေန္တ အိပ်မက်မက်ပြီး ထင်ရာပြောနေတယ်ထင်ပ"

"ဟာ အဘကလည်းဗျာ၊ ကျုပ်က တကယ် ပြောတာဗျ။ ပေဒင်ဆရာ ကိုဖျောက်ဆိပ် ပြောတာတော့ ပြာသိုလပြည့်ကျော်တာနဲ့ ချမ်းသာပြီတဲ့ဗျာ။ ဟားဟားဟား ချမ်းသာလို့ကတော့ ပန်းညို အမေကြီးကို စိန်ခေါ်ပစ်လိုက်မယ်ဗျ"

"ဟေ၊ ဘယ်လိုဖြစ်သတုံး လူကလေးရဲ့"

"ပန်းညို အမေ ဒေါ်တလုတ်မကြီးက ငွေရှိတဲ့လူမှ လူထင်တာဗျ၊ ငွေ မရှိရင် လူတွေကို ကြောင်တွေ၊ ကြွက်တွေများ အောက်မေ့နေသလား

မသိဘူး"

"ဟေ၊ ဒါဆို တလုတ်မက တယ်လည်း ရိုင်းသကိုး။ စာဆိုလည်း ရှိသားပဲကွယ်။ ဒီခေတ်တွင် ဒီကာလ ငွေစတဲ့ရွှေ့ဆောင် မွဲရင်ဖြင့် လူ့ဘောင်မှာ ခွေးတောင်မှ မလေး တဲ့ လူကလေးရ"

"ဟင် အဘ ဘယ်က အလွတ်ကျက်ထားတာလဲဗျာ။ ကဗျာက ကောင်းလှချည်လား"

"ဟိုကွာ အချုပ်တန်းဆိုလား ဘာလားပဲ"

"အင်၊ အချုပ်တန်းဆိုတာ အချုပ်ထောင်ကို ပြောတာလား"

"မဟုတ်ကဟုတ်ကကွာ ဟို ကုန်းဘောင်ခေတ် စာဆိုကြီးပဲကွ။ သူ့စာတွေကို ဘုန်းဘုရားဆီက ဖတ်မိတာကွ။ အင်း. . . တလုတ်မ၊ တလုတ်မ နာမည်နဲ့လိုက်ပါလား"

"ဗျာ ဘာဖြစ်လို့လဲ အဘ၊ အဘနဲ့ ဒေါ်တလုတ်မတို့ ဇာတ်လမ်း ရှိနေသလား"

"အင်း၊ ငါ့အတွက်တော့ တစ်လုတ်စာပါပဲကွာ"

"ဟာ ဒါဆို အဘ ဒေါ်တလုတ်မကို စားဖူးတာပေ့ါ၊ ချိုလား အဘ"

"ချိုတယ်၊ ဟာ ပေါက်တီးပေါက်ရှာကွာ။ ငါပြောတာ တစ်ချိန်က တလုတ်မဟာ ငါ့ကို အသေကြိုက်တာပေ့ါကွ"

"ဗျာ အသေကြိုက်တယ်ဆိုတော့ အဘက သေမှ မသေတာဗျ"

"ဟာ ဒုံးဝေးပါ့ကွာ၊ ငါပြောတာ ငါ့ကို တစ်ဖက်သတ် ကြိုက်နေတဲ့ မိန်းမကွ။ ငါက ငယ်သေးလို့ လှည့်မကြည့်ခဲ့တာလေ"

"ငယ်တော့ ဘာဖြစ်လဲ အဘရဲ့၊ ကြီးရင်ချီ ငယ်ရင်မှီ"

"လုပ်ပြန်ပြီ၊ မင်းဥစ္စာ သောက်မှားတွေချည်းပဲ။ ကြီးရင်မှီ ငယ်ရင်ချီကွ"

"အဲ ငယ်ရင်ချီ ဆိုတာတော့ မဖြစ်နိုင်ဘူးဗျာ။ ဒေါ်တလုတ်မ ကိုယ်ကြီးက ဆင်အကောင်လိုက် မျိုထားတဲ့ ကိုယ်ကြီးဆိုတော့ အဘ ချီလိုက်တာနဲ့ အပီစိကျုံဝင်သွားမှာပေါ့"

"ကတ်သီးကတ်သတ်ကွာ၊ အဲဒီတုန်းက တလုတ်မက ပါးပါးလေးကွ"

"ဗျာ၊ ဘာပါးပါးလေးလဲ အဘရ"

"ဩော်၊ ပိန်ပိန်ပါးပါး ဆံတောက်ကလေးနဲ့ကွ။ ဒါပေမယ့် တအား
ကြာများတဲ့ မိန်းမကွ။ ဒါကြောင့် ငါ မကြိုက်တာ"

"မကြိုက်တာဘဲ ကောင်းပ့ါ အဘရာ၊ ကျွန်တော် ဒေါ်တလုတ်မ
ကိုသာ အမေတော်ရရင် အော်သံဟစ်သံနဲ့ နားပင်းရချည်ရဲ့ဗျာ။ ကဲကဲ
အဘနဲ့ စကားပြောလို့ အချိန်ကုန်တယ်ဗျာ။ ရွာထဲသွားပြီး ပြောသင့်တာ
လေးတွေတော့ ပြောဦးမှဗျ"

"ဟေ၊ ဘာတွေပြောမှာတုံးကွ"

"ဩော် ကျွန်တော် မကြာခင် လူချမ်းသာကြီး ဖြစ်တော့မှာလေ
ဒီတော့ တစ်ရွာလုံး မင်္ဂလာသတင်းလေး ပေးရင်းပေ့ါဗျာ"

"ဗုဒ္ဓေါ၊ မင့်စကားက တစ်ရွာလုံး နားမချမ်းသာ ဖြစ်ရမယ့်ကိစ္စပဲ
ကြည့်လည်း ကြွားပါ ငါ့သားရာ၊ မပြီးခင် မမြင်စေနဲ့တဲ့ကွ"

"အဘကလည်းဗျာ၊ ကိုကြီးဖျောက်ဆိပ် ဗေဒင်ကို မယုံလို့လား
ဒီလူက တွက်ရင် တအားမှန်တယ်ဆို"

"ခက်ပ့ါ လူကလေးရာ၊ ဖျောက်ဆိပ်က ဘုရား ရဟန္တာမှ မဟုတ်တာ
ဘဲကွယ်။ မှားသွားရင် ဘယ့်နှယ်လုပ်ပ့ါ"

"အိုဗျာ၊ မှားကို မမှားနိုင်ဘူးလို့ ကျွန်တော် ထင်တယ်ဗျာ။ ကျွန်တော်
က ချမ်းသာမှာ သေချာတယ်ဗျ။ ရုပ်လက္ခဏာက အကျည်းတန်ပေမယ့်
ကံခေလောက်မယ် မထင်ပါဘူးဗျာ"

"ဒုက္ခပါပဲ၊ ဒီကလေးတော့ ပြောလေခက်လေပါလားကွယ်"

ဦးကျောက်ဖားခမျာ ဂျာအေးကို ဘယ်လိုမှ ဟန့်တား၍ မရနိုင်
တော့။ ဂျာအေးတစ်ယောက် ပဲခင်းထဲမှ ဖြတ်ကာ လှေတစ်စီးနှင့် ရွာသို့
ပြန်သွားလေတော့၏။

ရွာအရောက်တွင် သူ့စိတ်ထဲ ဗေဒင်ဆြာကြီး ဖျောက်ဆိပ် အဟော
ကြောင့် သွေးတကြွကြွ ဖြစ်နေ၏။ တွေ့သမျှ လူကိုလည်း သူ မကြာခင်
ချမ်းသာတော့မည့်အရေးကို မေးမေး မမေးမေး အားပါးတရ ပြောဆိုနေ
လေ၏။

တစ်နေရာ အရောက်တွင် ဒေါ်တလုတ်မကြီးကို ကားတားကား
တား တွေ့လိုက်ရ၏။ သူ့နံဘေးတွင် သမီးဖြစ်သူ မပန်းညိုလည်း ပါလာ



၏။ ဂျာအေးသည် ပန်းညိုကို မြင်သည်နှင့် ဒေါ်တလုတ်မကြီးကိုလည်း မမြင်ချေတော့။

မျက်လုံးကြီး အပြူးသားနှင့် ပန်းညို၏ အလှကို အားပါးတရ ရှုမြင်သုံးသပ်နေပေ၏။ သူ့အမူအရာကြောင့် ဒေါ်တလုတ်မကြီး လန့်ဖျပ်သွား၏။ ဂျာအေးပုံက ရှေ့လည်း မတိုးနိုင်၊ နောက်လည်း မဆုတ်နိုင်နှင့် ပန်းညိုကို စားတော့ ဝါးတော့မည့်နှယ် ကြည့်နေသဖြင့် ဒေါ်တလုတ်မ တစ်ယောက် သမီးငယ်ကို ပခုံးနှင့် ခပ်ကွယ်ကွယ်လုပ်ကာ လေသံဆာဆာနှင့် ပြောလိုက်၏။

"ဟဲ့ ဂျာအေး၊ နင့်မျက်လုံးတွေက ဘီလူးစီးသရဲစီး ဖြစ်နေပါလားဟဲ့။ ဘေးမှာ မအေပါတာတောင် မြင်ရဲ့လား"

"ဟာ ကြီးတလုတ်မကလည်း ကျွန်တော်က ကြည့်သင့်ကြည့်ထိုက်တဲ့ အရာကိုပဲ ကြည့်တာပါဗျာ"

"အလိုတော် နင် ဘာ ဘာစကားပြောတာလဲ။ ဒါ ငါ့သမီးဟဲ့၊ ပန်းညိုရှေ့က မြန်မြန်သွားစမ်း"

"ဒုက္ခပါပဲဗျာ ကြည့်တာပဲ ပဲ့ပါသွားတာမှတ်လို့ဗျာ"

"အောင်မယ် နင့်စကားတွေက ကြီးကြီးကျယ်ကျယ်နဲ့ ငါ့သမီးတော့ မကြည့်နဲ့ဟေ့၊ နင့်ကြီးတော် မငွေမြိုင်ပဲ သွားကြည့်ပေတော့"

"မဟုတ်တာ ကြီးတလုတ်မရယ်၊ ကြီးငွေမြိုင်က အဘွားကြီးဗျ။ ပိန်ခြောက်ခြောက် အရိုးဂေါက်ဂက်နဲ့၊ တရားရှုချင်ရင်တော့ ကြီးတလုတ်မတို့လို အိုကြီးအိုမတွေ ကြည့်သင့်တာပေါ့"

"အလိုတော် နင် ဘာစကားတွေ ပြောနေတာတုံး၊ နင့်လမ်း နင်သွားစမ်း၊ ဒူးနေရာဒူး တော်နေရာတော်တဲ့ဟဲ့ မှတ်ထား"

"ဟာ ဒူးတွေ ခြေထောက်တွေ ဘေးချိတ်စမ်းပါ ကြီးတလုတ်မရယ်၊ လောလောဆယ် ပြောချင်တာ ဒီကနေ့ ဂျာအေးဟာ မနက်ဖြန် ရွှေဂျာအေး ဖြစ်မသွားဘူးလို့ ကြီးတလုတ်မ တထစ်ချ ပြောရဲလား"

"ဟင် ဘာစကားတွေလဲ"

"ဟုတ်တယ်လေ ကြီးတလုတ်မက ကျုပ်ကို မပန်းညိုနဲ့ မတူဘူး မတန်ဘူးဆိုချင်တယ် မဟုတ်လား။ အဲဒါ ဘာကြောင့်လဲ ရွှေမရှိငွေမရှိလို့

ပေါ့ဗျာ။ မနက်ဖြန် ကျွန်တော့်ဆီမှာ ရွှေတွေငွေတွေ ပြည့်နေရင် ကြီးတလုတ်မ ဘယ်လို ဆုံးဖြတ်မလဲပြော"

"အင် ဒုက္ခပါပဲ၊ တော်စမ်းပါဟယ် ပေါတောတော ရှုးကြောင် ကြောင် ပြောလုံးတွေနဲ့ လာမပြောစမ်းနဲ့ ဖယ်ပါ။ ငါ့လမ်းငါ စိတ်ချမ်းချမ်း သာသာ သွားပါရစေ"

"သွားပါဗျာ သွားပါ၊ တစ်ချိန် ခင်ဗျားရဲ့ ရွှေသမက်ဟာ ဂျာအေးပဲ ဖြစ်ရမယ်ဗျို့"

"အောင်မယ်၊ သေချင်းဆိုးလေး"

"ဟား ဟား ဟား"

ဂျာအေးတစ်ယောက် သူ ပြောချင်တာ ပြောလိုက်ရသဖြင့် အကြီး အကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပေ၏။ တစ်ရွာလုံးကတော့ ဂျာအေး မြောက်ကြွမြောက်ကြွ ဖြစ်နေပုံကို ကြည့်ပြီး အပမှီသွားလေသလား ထင် မြင်နေကြလေ၏။

ထိုအချိန်တွင် ဂျာအေးတစ်ယောက် ရွာအပြင် ထန်းတောဘက် ရောက်ရှိလာရာ မပြားကြီး ထန်းရည်ဆိုင်သို့ သုတ်သုတ် သုတ်သုတ် လျှောက် သွားသော ဗေဒင်ဆြာကြီး ကိုဖျောက်ဆိပ်ကို တွေ့လိုက်ရလေ၏။

"ဟာ ကိုကြီးဖျောက်ဆိပ်၊ ဗျို့ ကိုကြီးဖျောက်"

"ဟေ ဟာ ဗုဒ္ဓေါ၊ ဂျာအေးပါလား"

ဂျာအေးကို မြင်တော့ ကိုဖျောက်ဆိပ် မျက်လုံးပြူးသွား၏။ ဗေဒင် ပညာ မတောက်တခေါက်နှင့် တွက်ချက်ပေးလိုက်သည်မှီ မမှန်လေဘူး ပြောလေမလား စိုးရိမ်တာ ဂျာအေးကို မျက်နှာငယ်လေးနှင့် ကြည့်နေ၏။ ထိုစဉ် သူ့အနားသို့ ဂျာအေး ရောက်ရှိလာ၏။

"ကိုကြီးဖျောက်"

"ဟေလကွယ်"

"ဟို . . . ဟိုဟာ ချမလို့လား"

"ရှူး တိုးတိုး ပြောပါကွ၊ အပုလေး လစ်တုန်း ခွက်ပုန်းချမလို့ ပြေး လာတာ"

"ဟာ ဒါဆို လာလာ၊ ထန်းတဲအနောက်မှာ ကျုပ်တို့ ဗိမာန်ရှိတယ်ဗျ"

"ဟင် ဟုတ်လား"

"လာစမ်းပါ ကိုကြီးဖျောက်ရာ၊ အေးအေးလူ ပြောဆိုရင်း သောက်ကြတာပေါ့"

ဂျာအေးက သူ့ကို အတင်းဆွဲခေါ်သဖြင့် ကိုဖျောက်ဆိပ် တစ်ယောက် ထန်းတဲအနောက်ဘက် ထန်းပက်လက် စားပွဲခုံလေးဆီ ရောက်သွား၏။ ဂျာအေးသည် အိတ်ထောင်ထဲ ကျစ်ထားသော ရာတန် သစ်သစ်ကလေး တစ်ရွက်ထုတ်ကာ ဆိုင်ရှင်မပြားကြီးကို ချက်အရက်တစ်လုံးနှင့် အမြည်းများ မှာလိုက်၏။

"သောက်စမ်းပါ ကိုကြီးဖျောက်ရာ၊ ကိုကြီးဖျောက် ပြောတာနဲ့ ကျွန်တော် ဘဝင်တွေ တကြွကြွ ဖြစ်နေပြီဗျ"

"ဟင်၊ ဘာ ဘာပြောမိလို့လဲကွ"

"ဟိုဟာလေဗျာ၊ ဟို ကျုပ် ပြာသိုလကျော်ရင် ချမ်းသာမယ်ဆို"

"ဪ အေးအေး ဟုတ်ပ"

"သောက်စမ်းဗျာ"

စားပွဲပေါ် ရောက်လာသည့် ချက်အရက်ပုလင်းကို ကိုင်ကာ ခွက်ထဲ ငှဲ့ထည့်လိုက်ပြီး ကိုဖျောက်ဆိပ်ကို အတင်းတိုက်လေတော့၏။ ကိုဖျောက်ဆိပ်ကလည်း ကန်စွန်းခင်းက ငြီချင်ချင် ဖြစ်နေ၍ ရေတစ်စက်မရောဘဲ မော့ချလိုက်၏။

"အားပါး ပူလိုက်တာကွာ၊ ငရဲမီးဖျော်ရည် သောက်ချလိုက်ရသလိုပဲ"

"အမြည်းစားလိုက်လေဗျာ၊ ရေလည်း သောက်ဦးဗျ။ တော်ကြာ တအား မူးနေမှ မပုလေးနဲ့ ပြဿနာ . . ."

"တိတ်စမ်းကွာ၊ အိမ်ကဟာ အသံကို ထည့်မပြောစမ်းနဲ့"

"ဟင် ဘာဖြစ်လို့လဲဗျ"

"ဟာကွာ၊ အားအားရှိ ငါ့ကို အကြောတွေပဲ လျှော့ခိုင်းနေတာကွ။ လူကို အကြောင်ဲ့ ဂျာများ အောက်မေ့နေသလား မသိဘူး"

"ဗျာ၊ ဟားဟား ဒါဆို ကိုကြီးဖျောက် အချစ်က အကြောပေါ့နော်"

"ဟေ ဟေ့ကောင် ဂျာအေး၊ ဒီလိုတော့ ပြောနဲ့ကွာ။ အချစ်ဆိုတာကို နကန်းတစ်လုံးတောင် မသိဘဲနဲ့"

"ဟာ ဒါဆို လုပ်စမ်းပါဦး ဆရာဖျောက်ရယ်၊ အချစ်ဆိုတာ ဘာလဲဗျ။ ဟိုတစ်ခါ ပြောသလို ပထဝီကြောလား"

"ထပ်သရီး၊ မှတ်ထားကွ အချစ်ဆိုတာ ဟောဒီ ဆေးပေါ့လိပ်တိုလိုပေါ့ကွာ။ ဖင်စီခံနား ရောက်လေလေ သောက်ကောင်းလေပဲဟေ့"

"ဟာ၊ ကျွန်တော်က ဆေးလိပ်မှ ကောင်းကောင်း မသောက်တာဗျာ၊ ဘယ်လို အရသာခံတတ်မှာလဲဗျ"

"ဟင် အေး ဒါလည်း ဟုတ်သားပဲ၊ ဒါဆို ဟောဒီ မပြားကြီးချက်တဲ့ အရက်လိုပေါ့ကွာ ဟဲဟဲ။ ရေမရောလေနဲ့ နည်းနည်းသောက် နည်းနည်းမူး၊ များများသောက် များများမူးပဲကွ။ သောက်လေမူးလေ မူးလေသောက်လေ အေ့"

"ဘာတုံးဗျ၊ ဒါဆို အချစ်ဆိုတာ ချာလည်ပတ်လည် ယမ်းအောင်မူးတာပေါ့နော်"

"အင် ဒုံးပေါ့ကွာ၊ ထားပါတော့ကွာ။ ငါလည်း အဲဒီ အချစ်ကို ရှင်းမတတ်တော့ဘူး။ တစ်ခုတော့ရှိတယ် ဂျာအေးရ"

"ဘာတုံးဗျ"

"အချစ်ဆိုတာ မျက်စိရှိတယ်ကွ"

"ဗျာ"

ကိုဖျောက်ဆိပ်သည် ခွက်ထဲကအရက်ကို တစ်ငုံမော့လိုက်ပြီး ဆေးပေါ့လိပ်တိုကို မီးခိုး ထောင်းထောင်းထအောင် ဖွာလိုက်၏။ ဂျာအေ ခမျာ ကိုဖျောက်ဆိပ်၏ အပြောကို နားဝေတိမ်တောင် ဖြစ်နေ၏။ ထို ကြောင့်လည်း အူချာချာနှင့် မေးလိုက်၏။

"ဒါဆို အဲဒီ အချစ်မှာ ပါးစပ်ရော၊ နှာခေါင်းရော ခြေတွေ လက်တွေ ရှိမှာပေါ့"

"အင် ဘာတွေလဲ"

"ကိုကြီးဖျောက်ဆိပ် စကားက တစ်မျိုးကြီးပါလ း"

"မင်းကလည်း ကတ်သီးကတ်သတ် ပြောတတ်ပါကွာ။ ငါ ပြောတ အချစ်ဆိုတာ မျက်စိ မပါရင် အမှားပဲကွ။ ငါ့ကို ကြည့်လေ အပုလေ ခြေသားလုံးကို မကြည့်ဘဲ ယူမိတော့ အကြောတွေ လျှော့လျှော့ပေး

ရတာ ဒုက္ခကွ။ ဒါကြောင့် အချစ်ကိုကြည့်ရင် ခြေသားလုံးသားကို အရင် ကြည့်ကွ"

"ဗျာ၊ ဘာ ဘာဖြစ်"

"ဘာဖြစ်ရမှာလဲကွာ၊ ခြေသလုံးကြီးကြီးယူရင် အကြောတင်းသကွ။ အဲ ခြေသလုံး ပြားချပ်ချပ်ဆိုလည်း မီးယပ်ဆေးဖော်တတ်မှုကွ။ ဒီတော့ ခြေသလုံးကြည့်ရင် ဆင်စွယ်ငှက်ပျောလို ပြေတေတေ ရှိရတယ်ကွ"

"ဟာဗျာ ခင်ဗျား စကားတွေကလည်း မျက်စိတွေရော၊ ခြေသလုံး တွေရော၊ အကြောတွေရော စုံလို့ဗျာ။ ခင်ဗျား အချစ်က ဗိန္ဒောဆရာ လိုလို ဘာလိုလိုနဲ့ဗျာ။ ဒီမှာ ကိုကြီးဖျောက်"

"ဟေလကွာ"

"ခင်ဗျားက ကျုပ်ကို ပြာသိုကျော်ရင် ချမ်းသာမယ်လို့ ဟောပေမယ့် ဟို ယတြာလေး၊ ဘာလေးတော့ ပြောဗျာ"

"အင် ယတြာ"

ကိုဖျောက်ဆိပ်သည် ဂျာအေး စကားကို ပြုံးကြောင်ကြောင်နှင့် နားထောင်ရင်း ယတြာကိစ္စကို တွေးတောနေ၏။ ပုလင်းကလည်း ဖင်နား ကပ်နေသလို လူလည်း မူးကြောင်ကြောင် ယောင်ထိုးထိုး ဖြစ်နေပြီမို့ စိတ်ထဲ အူတိအူကြောင် ဖြစ်နေ၏။ ထိုအချိန်တွင် သူတို့ ဝိုင်းထဲသို့ ဆိတ် ကုလား ဝင်လာ၏။ ဆိတ်ကုလား အသွင်ကလည်း တစ်နေရာရာမှ သောက်စားလာသလိုပင်။ ကိုဖျောက်ဆိပ်ကို မြင်တော့ မချိုမချဉ် မျက်နှာဘေးနှင့် လွတ်နေသော ခုံပုကလေးတွင် ဝင်ထိုင်လိုက်၏။ ထိုစဉ် ကိုဖျောက်ဆိပ်က ဂျာအေးကို ရီဝေဝေ ကြည့်ရင်း ပြောလိုက်၏။

"အင်း မင်းက တနင်္လာသားဆိုတော့ ဆပွတ်က"

"ဘယ်က ဆပွတ်လဲဗျ၊ ကျုပ် အဖေကို ပြောတာလား"

"ဟာ ဆိတ်ကုလားက တလွဲတွေးနေပြန်ပြီ၊ ငါပြောတာ ဗေဒင် အခေါ် ဆပွတ်"

"ဟုတ်ပါတယ်၊ အဲဒီ ဆပွတ်ဆိုတာ ကျုပ် အဖေ နာမည်ဗျ။ တစ်ရွာလုံး သိတယ်၊ အလွဲသုံးစား လုပ်မယ်မကြံနဲ့နော် ကိုကြီးဖျောက်"

"ဟာကွာ ဆိတ်ကုလားကလည်း ဂျာအေးလိုပဲ ဒုံးပဲ့ကွာ"

"အင်"

ဂျာအေးနှင့် ဆိတ်ကုလားတို့ နှစ်ဦးမှာ ကိုဖျောက်ဆိပ် အပြောကြောင့် နင်တင်တင် ဖြစ်သွားကြ၏။ ထိုအချိန်တွင် ရွာအနောက်ဘက် တောအုပ်ကလေးထဲသို့ နေလုံးကြီးက တအိအိ မြုပ်ဆင်းနေပြီ ဖြစ်၏။ မပြားကြီး ထန်းတဲကလေးမှာလည်း လူသူရှင်းစပြုလေပြီ ဖြစ်ရာ အိုးတွေ၊ ခွက်တွေပင် ဆေးကြောမှောက်သိမ်းနေ၏။ ကိုဖျောက်ဆိပ်မှာလည်း ဒီဂရီ ကျော်လာပြီဖြစ်၍ စကားတွေပင် ယိုင်နဲ့နဲ့ ဖြစ်နေလေပြီ။

"ဟေ့ကောင် ဂျာအေး၊ မင်းဟာ သုစိတာ၊ သုနန္ဒာတို့လို သူဌေး"

"ဟင် ဟေ့လူကြီး၊ အဲဒါ နတ်သမီးတွေ နာမည်ဗျ"

"ဟင် ဟုတ်လား၊ ဆောရီးပဲကွာ အေး၊ မင်းက ချမ်းသာမှာ ကျိန်းသေတယ်ကွ။ ဒါပေမယ့် ဆပွတ် . . ."

"လုပ်ပြန်ပြီဗျာ၊ ကျုပ်အဖေ နာမည်"

"ဟေ့ကောင် . . . အေး . . . ဆိတ်ကုလား တိတ်တိတ်နေစမ်းကွာ။ အေး . . . ပေဒင်ရသ ပျက်တယ်ကွ။ မှတ်ထား ဂျာအေး၊ မင်း ဆပွတ်က စနေ။ ဒီတော့ ထန်းသီးကို ဝက်သားနဲ့ချက်ပြုတ် အေး၊ သုံးရက်စား ဒါဆို အိုကေပြီကွ အေး"

"ဟင် တကယ်လားဗျ"

"တကယ်ပေါ့ကွာ"

"ကိုကြီးဖျောက် ကျုပ်လည်း တွက်စမ်းဗျာ။ ကျုပ် နာမည်အရင်းက မင်္ဂလာတဲ့ဗျ။ ကြာသပတေးသား၊ နေတက်ရေတက် မွေးလို့ မင်္ဂလာရှိအောင် ကျုပ်အဖေက ကျုပ်ကို မောင်မင်္ဂလာလို့ နာမည်ပေးတာ။ အဲဒါ ဂျာအေးနဲ့တွေ့မှ ဆိတ်ကုလား ဖြစ်တာဗျ။ တွက်စမ်းပါဗျာ"

"ဟာကွာ မင်းရုပ်က ပေဒင်တွက်စရာ မလိုပါဘူးကွာ အေး၊ ကြည့်လိုက်တာနဲ့ သိပါတယ်"

"ဒါဆို ဟောဗျာ"

"အေး မင်းဟာ လူပေါင်းမှားပြီး ချောက်ကျမယ့်ကိန်းပဲ။ ဒီတော့ ဂျာအေးကို သတိထား"

"အင်"

"ဟာ၊ ဟို ဟိုမှာ"

"ဘာလဲကွာ မင်းတို့ပုံစံက သရဲတစ္ဆေတွေ အေ့၊ တွေ့သလိုပါလား"

ကိုဖျောက်ဆိပ်၏ အပြောကို နားထောင်နေစဉ် တဲနောက်ဘက်မှ ကွေ့ပတ်ဝင်လာသော အပုလေးကို တွေ့လိုက်ရသဖြင့် ဂျာအေးရော၊ ဆိတ်ကုလားပါ မူးကြောင်ကြောင် နင်တင်တင် ဖြစ်နေ၏။ ကိုဖျောက်ဆိပ်ကတော့ မူးကောင်းကောင်းနှင့် ထင်ရာပြောနေဆဲ။

ထိုစဉ် အပုလေးသည် ကိုဖျောက်ဆိပ် နောက်သို့ မျက်စောင်းကြီးတထိုးထိုး၊ ခါးကြီး တထောက်ထောက်နှင့် ရောက်ရှိလာ၏။

"ကိုဖျောက်ဆိပ်"

"ဗျာ၊ ဟာ အပုလေး"

"ဘယ်လိုလဲ၊ ရှင် ဘယ်ပြေးမလဲ"

"မ မပြေး . . . အေ့၊ မပြေးပါဘူး အပုလေးရယ်။ ဟို စိတ်ထဲ နောက်တောက်တောက် ရှိတာနဲ့ ဒါလေး တစ်ခွက်နှစ်ခွက် အေ့၊ သောက်သောက်ကြည့် . . ."

"တိတ်စမ်း၊ ရှင်က ကလေးတွေကြား လူတတ်ကြီးလုပ်ပြီး သောက်နေတယ်ပေါ့လေ။ လာစမ်း"

"ဟာ အရမ်း မဆွဲပါနဲ့ကွ"

"ဒါနဲ့ ရှင်ပဲပြောတော့ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲပါ့ဆို"

"ဟာ အပုလေးကလည်းကွာ အေ့၊ ပုထုဇဉ်ပဲ တစ်ခါတစ်ခါတော့ မှားပေးရတာပေါ့"

"လာစမ်း ပုထုဇဉ်ကြီး"

"ဟာ အရမ်း မဆွဲနဲ့ကွာအေ့"

"အို"

"အောင်မယ်လေး"

"ဟာ အရမ်းဆွဲတာကိုး"

အပုလေးက အဆွဲ၊ ကိုဖျောက်ဆိပ်က အရုန်း နှစ်ယောက်စလုံး အရှိန်လွန်ကာ အရက်ပုလင်းထောင်ထားသော စားပွဲပေါ် ဟပ်ထိုးကျလာလေ၏။ ပုလင်းတွေ၊ ခွက်တွေလည်း ဖောက်တိဖောက်ထိုး၊ အရက်ခွက်

တွေလည်း မှောက်ကုန်၏။ ဂျာအေးနှင့် ဆိတ်ကုလားတို့ နှစ်ဦးမှာ အခြေနေ မဟန်တော့ပြီမို့ သူတို့နှစ်ဦး မြေပြင်ပေါ် ဗလုံးဗထွေး ဖြစ်နေစဉ် ဆိုင်မှ လစ်သွားကြလေတော့၏။

## အခန်း (၃)

"အဘ၊ ကျွန်တော် ဒီ ဒီတောင်က ကျော်နိုင်ပါ့ဦးမလားဗျ"

"ဟာလကွာ၊ ယောက်ျားပဲ စိတ်တင်းမှပေါ့"

"မလွယ်ဘူး ထင်တယ်၊ ဒါပါနဲ့ဆို ဆယ့်နှစ်ခါ ရှိနေပြီဗျ။ သွားလိုက်ရင်လည်း တာကျိုးသလိုပဲဗျ"

"ဒုက္ခပါပဲ၊ ဘယ်လို စိတ်ကူးရပြီး ဒီ ထန်းသီးနဲ့ ဝက်သားကို ရက်ဆက် ချက်စားနေရတာလဲကွ"

"ဟို . . . ဟို၊ ကျုပ် ကျုပ် ချမ်းသာချင်လွန်းလို့ပါဗျာ"

"ဗုဒ္ဓေါ၊ ဘာတွေတုံး လူကလေးရဲ့"

ဦးကျောက်ဖားမှာ အိမ်သာ အခေါက်ခေါက် အခါခါ တက်ကာ မြော့နေသော ဂျာအေးကို ကြည့်ရင်း နားမလည်နိုင်အောင် ဖြစ်နေ၏။ ဂျာအေး၏ ထူးထူးဆန်းဆန်း အပြောကြောင့် ဦးကျောက်ဖား ခေါင်းစားနေ၏။

"နေပါဦး ဂျာအေးရဲ့၊ ချမ်းသာချင်ရင် ထန်းသီးနဲ့ ဝက်သား ချက်စားရမယ်လို့ ဘယ်သူက ပြောသတုံးကွ။ အေး ငွေ့အထင် ပြောရရင် မချမ်းသာဘဲ ချမ်းပီးပြီ မဟုတ်လားကွာ"

"ဟာဗျာ၊ ဒါ ဆပွတ်တဲ့ဗျာ"

"အင် ဆပွတ်၊ ဘယ်က ဆပွတ်လည်း ဆိတ်ကုလား အဖေ ကိုဆပွတ်ကို ပြောတာလား"

"အာ အဘကလည်းဗျာ ဒုံးပဲ့၊ ကျုပ်ပြောတာ ကိုကြီးဖျောက်ဆိပ်ရဲ့ ဗေဒင်ပညာလေ။ ဒါယတြာဗျ၊ အား ကျွတ်ကျွတ် ဗိုက်နာလိုက်တာဗျာ"

"ဟင် ယတြာ၊ မင်းယတြာကလည်း ချမ်းပီးတဲ့ ယတြာပါလား၊ တော်တော့်ကို ထူးဆန်းတာပဲ"

"ဟုတ်သေးဘူးဗျာ၊ သူ ပြောတာ ကျုပ် နားကြားလွဲတာပဲ ဖြစ်ရမယ်၊ အောင်မယ်လေးဗျာ၊ ဗိုက်နာလိုက်တာ အဘ ကျုပ်ကို အိမ်သာတွဲပို့နော်"

"ဒုက္ခပါပဲ"

ဦးကျောက်ဖားခမျာ ထန်းသီးနှင့်ဝက်သား တန်ခိုးကြောင့် မြော့မြော့ကလေးသာ ရှိတော့သော ဂျာအေးကိုတွဲ၍ အိမ်သာကို ခုတင်ခု လိုက်ပို့ရ ရှာ၏။ နောက်ဆုံး အခြေနေ မဟန်တော့ပြီမို့ ရွာထိပ်ရှိ ဗိန္ဒောဆရာကြီး ဦးဗလကို အိမ်ပင့်ပြီး ဂျာအေးကို ဆေးကုရလေတော့၏။

"ဘယ်လိုဖြစ်တာတုံး မောင်ဂျာအေးရယ်၊ ဝမ်းနူးစာကိုများ သုံးရက်ဆက်စားရတယ်လို့"

"ဟို ယ ယတြာချေ"

"ဗုဒ္ဓေါ၊ မင်း ယတြာချေတာကြီးကလည်း တစ်မျိုးပါလားကွယ့်၊ ယတြာမကျေဘဲ လူတော့ ကြေနေပြီကွ"

"ဟုတ် ဟုတ်ပါတယ်၊ ဆ ဆရာကြီးရယ်"

"ကဲကဲ ငါပြောတဲ့ ဆေးကို မှန်မှန်သောက်၊ နောက်ဆို မဟုတ်က မဟုတ်ကတွေ မလုပ်စမ်းပါနဲ့ကွာ။ ငါ သွားမယ်"

ဆရာကြီးဦးဗလ ထွက်သွားသောအခါ ဂျာအေးတစ်ယောက် အညာဆောင်ကလေးကို ရင်ခေါင်းအထိ ဆွဲခြုံ၍ ဦးကျောက်ဖားကို ငိုမဲ့မဲ့ ကြည့်၍ မေးလိုက်၏။

"အဘ"

"ဟေလကွယ်"

"ဟို ကျုပ် ကျုပ် ချမ်းသာချင်တယ်ဗျာ"

"ရော ခက်ပါ့ကွာ၊ ခုချက်ချင်း ငါကိုယ်တိုင် ထပြီး ဓားပြတိုက်ရမယ့် ပုံပဲ။ မှတ်ထား လူကလေးရဲ့၊ ချမ်းသာတာ ဆင်းရဲတာဟာ ကံတရားပဲ ကွ။ ကံမပါရင် သံသရာ နှစ်ပြန်ရှည်ပါစေ မွဲတဲ့သူက မွဲကို မွဲမှာကွ"

"ဟာဗျာ ကျုပ် အဲဒီ ကံကြီးကို မုန်းတယ်ဗျာ။ ဘာဖြစ်လို့များ ကျုပ်တို့ချည်းပဲ ဆင်းရဲစေတာလဲဗျ"

"အင် ဒုက္ခပဲ၊ ငါ့သားတော့ ဘောဂဗျသနကိန်း ဆိုက်နေပြီထင်ရဲ့"

"ဗျာ၊ ဘာလဲဗျာ ကျယ်ကျယ်ပြောပါ အဘရဲ့"

"အို ဘာမှ နားမထောင်ပါနဲ့ကွာ၊ အားရှိအောင် အိပ်လိုက်စမ်းပါ။ အဘလည်း ကိုင်းထဲ သွားရဦးမယ်။ အဘမရှိတုန်း ဆေးမှန်မှန်သောက်နေ၁"

"ဟုတ် ဟုတ်ကဲ့"

ဦးကျောက်ဖားသည် ဂျာအေးကို ဝမ်းရပ်ဆေး တိုက်ပြီးသည်နှင့် ယူစရာရှိတာ ယူ၍ တဲပေါ်မှ ဆင်းသွားပေ၏။ ဂျာအေးခမျာ ဖြူဖျော့ဖျော့ မျက်နှာကလေးနှင့် အိမ်အပြင်ကို ငေးကြည့်ရင်း သူ့စိတ်ထဲ မချိတင်ကဲခံစားနေရ၏။

ထိုအချိန်တွင် တဲပေါ်သို့ ထွန်းကြိုင်နှင့် ကျောက်ကြီးတို့ အသံစာစာ အော်ရင်းဟစ်ရင်း တက်လာကြ၏။

"ဟေ့ကောင် ဂျာအေး၊ မင်း ကိုကြီးဖျောက် ယတြာလုပ်လိုက်တာ မချမ်းသာဘဲ ချမ်းပီးနေသဆို"

"မဟုတ်တာကွာ"

"ကြည့်လည်းလုပ် ကိုယ့်လူ၊ ချမ်းသာချင်ရင် လွယ်ပါတယ်ကွာ"

"အင်၊ ဘာ . . . ဘာလုပ်ရမှာတုံး"

"ခက်လို့ကွာ၊ ဒေါ်ထုလုတ်မကို တွေ့တာနဲ့ ထိုင်ကန်တော့"

"ဟာကွာ၊ ထိုင်ကန်တော့ရအောင် ဒေါ်တလုတ်မက နတ်ကတော်မှ မဟုတ်တာ ထွန်းကြိုင်ရ"

"ခက်ပါ့ကွာ ငါပြောတာ နားထောင်၊ ခဏခဏ ကန်တော့ရင် မင်းကို ဒေါ်တလုတ်မက သံမက် အလိမ္မာလေးဆိုပြီး တစ်ကိုယ်လုံး ရွှေချမှာ ပေါ့ကွ"

"တော်စမ်းပါကွာ၊ ဒီမှာ ခံရခက်လှတဲ့အထဲ"

"အံ့ရော ဂျာအေးရေ မင်း သတင်းကတော့ တစ်ရွာလုံး ပျံ့နေပြီကွ။ ကိုကြီးဖျောက်လည်း မျက်နှာဘယ်ထားရမှန်း မသိလို့ အိမ်ထဲက အိမ်ပြင်

တောင် မထွက်ရဲဘူးကွ။ နောက်ပြီး သူ့မိန်းမ အပုလေးကလည်း အိမ်ဝမှာ စောင့်ပြီး သူ့ကို ကျိုးစောင့် ကြက်စောင့် စောင့်နေတာကွ"

"အင် ကိုကြီးဖျောက်က ငါ့ကို ဒုက္ခပေးလိမ့်မယ် မထင်ပါဘူးကွာ၊ သူ့ဗေဒင် မှန်နိုင်မှာပါကွာ။ ယတြာကိစ္စလည်း ငါ နားကြားလွဲတာ ဖြစ်မှာပါကွာ"

"အင်း ဂျာအေး ဂျာအေး၊ မင်းဟာ တယ်လည်း ချမ်းသာချင်လှသကိုး"

ညောင်နာနာ အသံကလေး ဗေဒင်ဆြာ ဖျောက်ဆိပ်ဘက်က ရှေ့နေလိုက်နေသော ဂျာအေးကို ထွန်းကြိုင်ရော ကျောက်ကြီးပါ နားမလည်နိုင်အောင် ဖြစ်နေကြ၏။

ထိုအချိန်တွင် ဂျာအေး သတင်းကြောင့် ကိုဖျောက်ဆိပ်တို့ ဇနီးမောင်နှံမှာလည်း ပွစိပွစိ ဖြစ်နေကြလေ၏။ အပုလေး၏ အကြည့်တွေက မီးဟုန်းဟုန်းတောက်မတတ်ပင်။

"ရှင်ဟာလေ ပေါက်တီးပေါက်ရှာတွေ လျှောက်ပြော၊ ဟို အရူး ဂျာအေးကလည်း အဟုတ်မှတ်လို့ လိုက်လုပ်။ ခုတော့ အိပ်ရာထဲ လဲနေပြီဆိုတာ ရှင်သိလား။ တော်ကြာ ဘုန်းကြီးအမူ ရွာပတ်နေရင် အခက်ရှင့်၊ သိရဲ့လား ကိုအတ္တရဲ့"

"ဟာ ငါ့နာမည် ကိုအတ္တ မဟုတ်ပါဘူးကွာ၊ တစ်ရွာလုံးမှာ ဖျောက်ဆိပ်ဆိုတာ ငါ့နာမည်ကွ"

"သိပါတယ် ဗေဒင်ဆြာကြီးရဲ့၊ ကဲ ပြောပါဦး ဂျာအေး ဝမ်းလျှောပြီး မာလကစျာန်ကြွသွားရင် ဘယ့်နှယ်လုပ်မတုံး"

"ဟာကွာ မမှားသောရှေ့နေ၊ မမှန်သော ဗေဒင်ဆရာဆိုတာ"

"ဘာတော့"

"မိန်းမကလည်းကွာ ဒေါ်ကြီးပဲကိုး၊ ဟဲဟဲ ငါ့လည်း မူးမူးနဲ့ ပြောမိပြောရာ. . ."

"ဘာပြောမိ ပြောရာလဲ၊ ဟိုက ရှင့်စကားကို အဟုတ်မှတ်လို့ လိုက်လုပ်တာရှင့်။ ခုတော့ ကောင်းကြသေးရဲ့လား။ ရွာထဲ ရဲရဲတောင် မထွက်ပံ့ဘူး။ အဲဒါ ရှင့်ကြောင့်ရှင့်၊ ရှင့်ကြောင့်"

"ဒုက္ခပါပဲကွာ၊ ငါတော့ လူပေါင်းမှားပြီထင်ပါရဲ့"

"စောစောကတည်းက ရှင် ဘာလို့ မဟုတ်ကဟုတ်ကတွေ လျှောက်ပြောရတာလဲ"

"ငါ မှားပါတယ် မိန်းမရာ၊ ငါလည်း မျက်နှာပူလို့ အိမ်ထဲက အိမ်ပြင်တောင် မထွက်ရဲဘူးကွ"

"ဒါကတော့ ရှင့်အပြစ်နဲ့ ရှင်လေ"

"ဟုတ်ပါတယ်ကွာ တောက်၊ ဗေဒင်ဆရာ လုပ်စားမလား အောက်မေ့တယ် မေးတဲ့လူကအရှူး၊ ခက်ပါ့"

ကိုဖျောက်ဆိပ်တစ်ယောက် ဆေးလိပ်တိုကို ဖင်စီခံထိအောင် ဖွာရင်း တစ်ယောက်တည်း ပွစိပွစိ လုပ်နေ၏။ အမှန်မတော့ ဂျာအေးကို ကာယတြာပေးမိမှန်းပင် မသိ။

သတင်းကြားတော့ ဂျာအေး ေ က်တွေလျှောက်ပြီး အိပ်ရာထဲ လဲနေလို့ဆိုတော့ ကြောင်စီစီ ခံစားလိုက်ရ၏။ စုံစမ်းကြည့်တော့ သူပေးတဲ့ ယတြာကြောင့်တဲ့။ ရွာထဲက ထွက်လာသည့် အသံဗလံများကြောင့် ဗေဒင်ဆရာ ကိုဖျောက်ဆိပ်လည်း သူ့ဗေဒင်ပညာကို ခေတ္တ အနားပေးထားလိုက်ရပြီး အိမ်ဝိုင်းထဲမှာပဲ ထင်းခွဲလိုက်၊ နွားစာစဉ်းလိုက်၊ ပဲခြွေလိုက်နှင့် အပုလေး ကျေနပ်အောင် လုပ်ပေးနေရပေ၏။

သို့နှင့် ရက်အတန်ကြာသောအခါ ကိုဖျောက်ဆိပ်တို့ အိမ်ပေါ်သို့ ဂျာအေးတစ်ယောက် ကုပ်ချောင်းကုပ်ချောင်းနှင့် ရောက်လာပြန်၏။ ဂျာအေးကို မြင်ပေတော့ ကိုဖျောက်ဆိပ်တစ်ယောက် လိပ်ပြာလွင့်မတက် ခံစားနေရ၏။

"ဟော့ ဟော့ကောင် ဂျာအေး၊ ဘာ ဘာကိတ်"

"မေးစရာရှိလို့ဗျာ"

"အင် လာပြန်ပြီ၊ တော်ပါတော့ကွာ။ ဒီတစ်ခါ ယတြာချေချင်ရင် ပါအရင် ရွာက ပြေးရလိမ့်မယ်ကွ"

"ဟာ ကိုကြီးဖျောက်ကလည်းဗျာ၊ သန်ဘက်ခါဆို ပြာသိုလပြည့်ကျော်ပြီလေဗျာ။ ဟဲဟဲ ချမ်းသာရင် ကျုပ်က မမေ့တတ်ပါဘူးဗျ"

"အင် ဒုက္ခပါပဲ၊ ဒီအရူးနဲ့ ငါနဲ့တော့ ဘယ်သူအရင် ဒီရွာက ပြေးရ

မလဲ မသိဘူး"

"ဘာတွေ ပွစိပွစိ ပြောနေတာလဲဗျ၊ ကျယ်ကျယ်ပြောစမ်းပါ ကိုဖျောက်ဆိပ်ရ"

"ဟော့ကောင် ဂျာအေး၊ ငါ့မိန်းမ အပုလေး မလာခင် မြန်မြန်ပြန်ပါ ကွာ။ တော်ကြာ ငါ့ကို ကြိတ်နေပါဦးမယ်"

"ပြန်မှာပေါ့ဗျာ၊ မေးစရာရှိလို့ဗျ"

"အင် ဘာမေးဦးမှာလဲ"

"ဟိုဗျာ ပြာသိုလပြည့်ကျော် . . ."

"ဩော် ကျိန်းသေပါတယ်ကွ၊ ချမ်းသာမှာ အမှန်ပဲဟော့။ ရတနာပုံ ဆိုက်ရင်ဆိုက် မဆိုက်ရင် ဟို ရွှေထုတ်တွေ ရွှေအိုးကြီးတွေ ကောက်ရမှာ ပါကွာ"

"ဗျာ တ တကယ်လား"

"တကယ်ပေါ့ကွာ"

"ဟာ ငါဟဲ့ ယောကျ်ားကွ"

"အင် သွားပြီ၊ ငါတင်တဲ့မင်းသား ဘယ်လိုမှ ဆွဲချလို့ မရတော့ပါ လား"

ဗေဒင်ဆြာကြီးခမျာ ဂျာအေး၏ အူကြောင်ကြောင် အမူအရာကို ကြည့်ရင်း မျက်လုံး မျက်ဆန်ပြူးနေပေ၏။ ထိုအချိန်တွင် ပိုးမသေသေး သော ဂျာအေး တစ်ယောက်ကတော့ အိမ်ပေါ်မှ ဝမ်းသာအားရနှင့် တဲပေါ် မှ အပြေးဆင်းသွားလေ၏။

သူတို့နှစ်ဦး အချီအချ ပြောဆိုနေစဉ် အပုလေးတစ်ယောက် ရွာ လယ်ပိုင်းဈေးတွင် ဝယ်ရာမှ အိမ်သို့ ပြန်လာ၏။ ထိုအခါ အိမ်ပေါ်မှ ခုန်ပေါက် ဆင်းပြေးသွားသော ဂျာအေးကို မြင်လိုက်ရသဖြင့် ထိတ်ထိတ် ပျာပျာ ဖြစ်သွားလေ၏။

"ကိုအတ္တ . . . ကိုအတ္တ"

"အင် အပုလေး"

"ဟို ဟို ဂျာအေးကို ရှင် ဘာယတြာပေးလိုက်ပြန်ပြီလဲ"

"ဟာ မပေးရပါဘူးကွာ၊ ဘုရားစူးရပါစေရဲ့"

"ရှင်နော်၊ ဟိုကောင်လေးပုံက ရူးနှမ်းနှမ်း ဖြစ်သွားပုံပဲ။ ဘာမဟုတ်က ဟုတ်ကတွေ မြှောက်ပေးလိုက်ပြန်ပြီလဲ ပြောစမ်း"

"မဟုတ်တာ အပုလေးရယ်၊ မင်းလည်း ယောကျ်ားအကြောင်း သိသားပဲကွာ။ ကတိပေးပြီးရင် မင်းခြေနဲ့ ရေးတာကို ငါ လက်နဲ့မဖျက်"

"မှားကုန်ပြီ . . . မှားကုန်ပြီ"

"အဲ ဟို ဟိုဒင်း၊ ငါခြေနဲ့ မဖျက်ပါဘူးကွာ။ ခုလို ငါ့ဆီလာပြီး ဘယ်တော့ ချမ်းသာမလဲ လာမေးတာကွ။ ငါလည်း နားပူလွန်းတာနဲ့ စွတ်ပြောလိုက်တာပါကွ"

"ကြည့်လည်းပြောနော် ဟိုအရူးက ရှင်ပြောတာ အကုန်လုပ်မယ့် အရူး"

"ဟုတ်ပါ့ကွာ၊ ငါတော့ လူပေါင်းမှားပါပြီကွာ"

"ဒီလောက် သိတာ တော်သေးတာပေါ့၊ မဟုတ်ရင် ရှင်ပါ သွက်သွက်ခါ ရူးသွားလိမ့်မယ်"

"ဟုတ်ပါ့ကွာ၊ ဒီငတလေးကိစ္စ ငါ ဘယ်လို ပြန်ဖြေရမှန်းတောင် မသိတော့ဘူး"

"အလိုတော်၊ ရှင်က ဘာတွေ ဟောခဲ့လို့တုံး"

"မသိချင်စမ်းပါနဲ့ကွာ၊ မင်း လုပ်စရာရှိတာ သွားလုပ်ချေတော့"

ကိုဖျောက်ဆိပ်ခမျာ ဂျာအေးကြောင့် အကျဉ်းအကျပ် ခံစားနေရ၏။ ကိုယ့်ပညာနှင့်ကိုယ် ဖြေဆေးမရှိ ဖြစ်နေရ၏။ ထိုအဖြစ်အပျက် ဖြစ်ပွားပြီးနောက် ပြာသိုလပြည့်ကျော်သည့် အချိန်မှစ၍ အိမ်သို့ ဂျာအေး တစ်ယောက် ခုတင်ခု ရောက်ရှိလာပေ၏။

မချမ်းသာသေးဘူးလား၊ ဘယ်တော့လဲ ဘယ်လိုလဲ စသည်ဖြင့် မေးခွန်းတွေက ထပ်နေ၏။ ကိုဖျောက်ဆိပ်ခမျာမှာလည်း ဂျာအေး၏ အမေးကို နားပူလှပြီ ဖြစ်၏။ ဖြေဆေးရှာမတွေ့သဖြင့် အကျပ်ရိုက်နေရပေ၏။

သို့နှင့် ဂျာအေးမှာလည်း ပြာသိုလကျော်လာသော်လည်း မချမ်းသာသေးသဖြင့် ကိုဖျောက်ဆိပ်ကို မကျေမချမ်း ဖြစ်နေပေ၏။ တစ်ချိန်တွင် ရှက်စိတ်မွှန်နေသည့် ဂျာအေးတစ်ယောက် ရွာသို့ မပြန်တော့ဘဲ အနောက်ဘက် ကိုင်းတောတွင် ပဲလွန်းစိုက်ရန်အတွက် နွားတစ်ရှဉ်းနှင့် ထွန်ယက်

နေပေ၏။

တစ်နေကုန် တစ်နေခန်း လုပ်ရသည်မို့ လူလည်း ချည့်နေ၏။ ကိုင်းခင်းက ကေကျယ်လှသဖြင့် သုံးရက်နီးပါးခန့် ထွန်ရေးငင်ရပေ၏။ နောက်သုံးရက်အရောက်တွင် ကိုင်းစပ်ကို နွားတစ်ရှဉ်းနှင့် ချောင်း(ကျောင်း)ဆွဲလိုက်၏။ ထွန်ရေးညက်နေပြီမို့ ချောင်းဆွဲရသည်မှာ လွယ်ကူလှ၏။ ထိုသို့အပြန်ပြန် အလှန်လှန် ချောင်းဆွဲနေစဉ် ထွန်သွားနှင့် ငြိ၍ပါလာသောပစ္စည်းတစ်ခုကြောင့် ဂျာအေး အံ့ဩသွား၏။

မြေစိုင်ခဲများ ပေကျံနေသော အိုးလိုလို၊ ခွက်လိုလို မည်းညစ်ညစ်ပစ္စည်းကြီး ဖြစ်နေ၍ ချောင်းဆွဲသည်ကို ချပ်လိုက်ပြီး ထယ်သွားထိပ်မှဖြုတ်ကြည့်လိုက်၏။ ပုဆိုးနှင့် ပွတ်တိုက်ကြည့်လိုက်သောအခါ ဝါရော်ရော် အရောင်အသွေးကို တွေ့လိုက်ရသဖြင့် ဂျာအေး၏မျက်နှာ ဝင်းခနဲလက်ခနဲ ဖြစ်သွားလေ၏။

"ဟာ၊ ရွှေ ရွှေအိုးကြီးပါလား"

"ဟုတ်ပါတယ် ရွှေအိုးကြီး၊ ဟုတ်ပြီ ချမ်းသာပြီကွ။ ငါကွ ဂျာအေးကွ၊ သူဌေးဂျာအေးကွ"

အော်သံဟစ်သံကြီးက ကိုင်းခင်း ပေါက်ကွဲသွားမတတ်ပင်။ သောင်မုံကြီးများဘက်မှ သူ့အသံကြီးက ပဲ့တင်ထွက်လာ၏။ လက်ထဲက မည်းညစ်ပိန်လိန်နေသော အိုးလိုလို၊ ခွက်လိုလိုကြီးကို မြှောက်ကာမြှောက်ကာနှင့် ခုန်ပေါက်အော်ဟစ်နေ၏။

ဝမ်းသာလုံးဆို့လုမတတ် ချမ်းသာပြီဆိုသော အသိနှင့် ကြက်သီးမွေးညင်းများ ထောင်လာသည်အထိ ကြည်နူးခြင်းတွေ အတိုင်းအဆမရှိပေါက်ကွဲနေ၏။ ထိုအချိန်တွင် ကိုင်းတောအရှေ့ဘက် စိမ်းစားခု တူးနေသော ဆိတ်ကုလားတစ်ယောက် ဂျာအေး၏ အော်သံဟစ်သံ ကြားလိုက်ရသဖြင့် စိမ်းစားခုတွဲကြီးဆွဲကာ ဖိုးရိုးဖားရား အော်ဟစ်ရင်း ရောက်ရှိလာပေ၏။

"ဟေ့ကောင် ဂျာ ဂျာအေး၊ ဘာ ဘာဖြစ်တာလဲကွ"

"ဟင် ဆိတ်ကုလား၊ ဟားဟားဟား ငါ ငါချမ်းသာပြီကွ၊ ချမ်းသာပြီ"

"အင် ရူးသွားပြီလား"



ခုန်ပေါက်ပျော်မြူးနေသော ဂျာအေးကိုကြည့်ရင်း ဆိတ်ကုလား အုတိအူချာ ဖြစ်နေ၏။ ထို့ပြင် လက်ထဲတွင်လည်း မည်းညစ်ညစ် အိုးကြီး မြင်လိုက်ရသဖြင့် ဇဝေဇဝါ ဖြစ်နေ၏။ ထိုစဉ် ဂျာအေးက အိုးကြီးကို မြှောက်လိုက်ဖမ်းလိုက် လုပ်ရင်း သူ့အနား ရောက်လာ၏။

"ဒီ ဒီမှာလေ"

"ဟင် ဘယ်က ဂန်ဖလားအိုးကြီးလဲ"

"ဟာကွာ၊ ဒါ ဒါ ရွှေအိုးကြီးကွ"

"ဟေ၊ ဟုတ် ဟုတ်ရဲ့လား"

"ဟုတ်ပ့ါကွာ၊ ဟုတ်ညှိဟုတ် ဟုတ် ဟုတ်နဲ့တောင် မြည်သေး။ ဒီမှာ ကြည့်စမ်း"

"ဗုဒ္ဓေါ"

"မြင်တယ် မဟုတ်လား၊ ရွှေမှ တကယ့် ရွှေအိုးကြီး ဟားဟားဟား ငါကွ"

ဆိတ်ကုလား မျက်လုံးပြူးသွား၏။ သဲကြမ်းနှင့် ပွတ်တိုက်ထားသော နေရာက ဝင်းလက်နေသဖြင့် သူ့စိတ်ထဲ မယုံမရဲ ဖြစ်နေ၏။ ဂျာအေး ကတော့ တစ်ယောက်တည်း ရူးသွပ်ခုန်ပေါက်နေဆဲ။

"ဟော့ ဟော့ကောင် ဂျာအေး၊ ဒါ ဒါ ရွှေအိုး"

"အေးလကွာ၊ ရွှေအိုးကြီးကွ ဟားဟားဟား။ ကိုကြီးဖျောက် ဗေဒင် ကတော့ မှန်ချက်ကွ။ ဒက်ထိပဲ ဆိတ်ကုလားရေ"

"ဟုတ် ဟုတ်ပ့ါကွာ၊ ဒါ ဒါဆို မင်း သူဌေးကြီးပေ့ါကွာ"

"ဒါပေ့ါ ဟူး . . . ဟားဟား"

ဂျာအေး၏ ရယ်သံက အံ့ဖွယ်ရာပင်။ ဆိတ်ကုလားမှာလည်း ဂျာ အေး၏ ဖြစ်စဉ်ကို ကြည့်ပြီး အံ့အံ့ဩဩကြီး အံ့ဩနေပေ၏။

"မယုံနိုင်စရာဘဲကွာ၊ မင်းဟာ မချမ်းသာရင် သေမလို ဖြစ်နေတာ ဆိုတော့ ဧကန္တ နတ်တွေ သိကြားတွေက ဖန်တီးပေးလိုက်တာထင်ပ့ါ"

"ဟုတ်ပ့ါကွာ ဟီးဟီး၊ အနည်းဆုံး ဒီအိုးကြီးက ငါးပိဿာ၊ ခြောက် ပိဿာလောက်ရှိမှာ မလွဲဘူးကွ"

"ဖြစ်နိုင်တယ်ကွ၊ ဒီကိစ္စ ဘယ်သူ့မှ အသိပေးလို့ ဖြစ်ဘူးနော်။

မသူတော်တွေ ကြားသွားရင် မင်းအတွက် အန္တရာယ်ရှိတယ် ဂျာအေးရ"

"အင် ဟုတ်သားပဲ၊ ဒါ-ဒါဆို"

"ဟာ၊ ဒီသတင်း မပေါက်ကြားစေနဲ့ပေါ့ကွ"

"အေ ဟုတ်တယ်၊ ငါ ဘယ်သူ့မှ မပြောဘူး။ မင်းလည်း မပြောနဲ့၊ မင်းနဲ့ငါ မြို့တက်ရောင်းကြမယ်။ ဘယ်လိုလဲ ဆိတ်ကုလား"

"ရောင်းလေကွာ၊ ဒါပေမယ့် စရိတ်စခ ရှိသေးတယ်နော်။ ပြီးတော့ မင်းပစ္စည်းက ရှေးဟောင်းရွှေအိုးကြီးဆို လွှတ်ပိုက်ဆံရမှာကွ။ ဒီတော့ ရန်ကုန်ဆင်းပြီး ရောင်းပါလား"

"အေး ကောင်းတယ်၊ ဒါ ဒါပေမဲ့ မင်းပြောသလို စရိတ်က အနည်းလေး ငါးထောင်ခြောက်ထောင်ပဲ"

"ဒါဆို ဒေါ်တလုတ်မဆီက ချေးကွာ"

"မလွယ်ဘူးထင်တယ်"

"မင်းအဖေကို ချေးခိုင်းပေါ့ကွ"

"အေး ဒီအကြံ မဆိုးဘူးကွ၊ ဒေါ်တလုတ်မ ငယ်ငယ်တုန်းက ငါ့အဘကို အသေကြိုက်တာတဲ့။ ဒီတော့ ချေးခိုင်းရမှာပဲ"

"ဒါဆို အမြန်လုပ်ကွာ၊ တော်ကြာ သတင်းပေါက်ကြားသွားရင် အခက်ကွ"

သူတို့နှစ်ဦး အညှိတက်နေသော ရွှေအိုးကြီးကို ပွတ်ကာသပ်ကာနှင့် တီးတိုးပြောဆိုနေကြ၏။ ထို့နောက် ဂျာအေးသည် အိုးကြီးကို ပုဆိုးကြမ်းနှင့် ပတ်လိုက်၏။

ပြီးသည်နှင့် ဆိတ်ကုလားကို ကိုင်းခင်းကိစ္စ မှာကြားပြီး ရွာသို့ သုတ်ခြေတင်ခဲ့လေတော့၏။ ထိုအချိန်တွင် ဦးကျောက်ဖျားတစ်ယောက် နွားစာ စဉ်းနေချိန် ဖြစ်၏။

ဂျာအေးသည် ဟိုဟိုဒီဒီ ကြည့်ရင်း သုတ်သီးသုတ်ပျာနှင့် အိမ်ဝိုင်းထဲသို့ ဝင်လာ၏။ ဖခင်ဖြစ်သူကို မျက်စပစ်ကာ ခေါင်းညိတ်ကာနှင့် ခေါ်လိုက်၏။ ဦးကျောက်ဖျားမှာ ဂျာအေး လုပ်ပုံကိုကြည့်ပြီး ကြောင်စီစီ ဖြစ်နေ၏။ သူ့စိတ်ထဲ ဂျာအေးတစ်ယောက် ချမ်းသာချင်လွန်းလှသဖြင့် သည်း ခြေပျက်သွားလေပြီလားဟု ယုန်ထင်ကြောင်ထင် တွေးနေ၏။

"အဘ"

"ဟေလကွယ်"

"အမြန်လာစမ်းပါဦးဗျ"

"အင်၊ ဘာ ဘာဖြစ်လာပြန်ပြီ"

"လာစမ်းပါဗျာ"

ဂျာအေး၏ တိုးတိုးဝှက်ဝှက် ခေါ်သံကြောင့် ဦးကျောက်ဖားသည် နွားစာစဉ်းစင်ပေါ်မှ ခုန်ဆင်းကာ တဲဘက်သို့ ခပ်သွက်သွက် လျှောက်ခဲ့လေ၏။ ဂျာအေးသည် တဲထဲသို့ဝင်ကာ အိမ်ဦးခန်းတွင် ထိုင်လိုက်၏။ ဦးကျောက်ဖျားခမျာမှာလည်း ဂျာအေး၏ အူလည်လည် အမြူအမူကို နားမလည် ဖြစ်ကာ အနားသို့ ရောက်လာ၏။

"ထိုင်စမ်းပါဦး အဘရာ"

"ဘာများလဲ လူကလေးရဲ့ လက်ထဲမှာလည်း အထုပ်တွေ အပိုးတွေနဲ့ ဘယ်သူနဲ့ ခိုးရာလိုက်ပြေးမလို့တုံး"

"ဟာ အဘကလည်း ပေါက်တီးပေါက်ရှာ ပြောပြီ၊ အဘ"

"ပြောလကွယ်"

"ကျုပ် ရန်ကုန် သွားချင်လို့ဗျ"

"အလို ဘာဖြစ်လာသတုံး၊ တော်တော့ လူကလေး သည်းခြေမမှန်တော့ဘူးထင်တယ်"

"အဘကလည်းဗျာ ကျုပ် တကယ်ပြောတာဗျ။ ရန်ကုန် သွားချင်တယ်ဗျာ။ အဲဒါ စရိတ် တစ်သောင်းလောက် ရှာပေးစမ်းပါ"

"ဗုဒ္ဓေါ"

ဂျာအေး စကားကြောင့် ဦးကျောက်ဖျား မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွား၏။ သူ့လက်ထဲတွင် တစ်ထောင် မပြောနှင့် တစ်ထောင်တောင် ပြည့်အောင် မရှိပါချေ။ သားတော်မောင်၏ ထူးဆန်းသော စကားကြောင့် ဦးကျောက်ဖား သူ့သားကိုသူ မူမမှန်တော့ဟု ယူဆနေ၏။

"လူကလေး စိတ်ငြိမ်ငြိမ်ထားစမ်းပါကွ"

"ရော ခက်ပါ့ အဘရာ၊ ကျုပ် ပြောတာ လုပ်စမ်းပါ။ ဒေါ်တလုတ်မကို အဘ ပိုင်တာပဲဟာ။ သွားချေးစမ်းပါဗျာ"

"ဟေ၊ ဘယ်လိုပါလိမ့် အဓမ္မကြီးပါလားကွယ့်၊ ဘာမဟုတ်က ဟုတ်ကတွေ လုပ်မလို့လဲ"

ဦးကျောက်ဖားတစ်ယောက် သားလုပ်သူ၏ ဖြစ်ရပ်ကြောင့် စိတ်ထဲ ကတုန်ကယင် ဖြစ်နေ၏။ ဂျာအေးကတော့ သူလိုချင်တာကို ဇွတ်အဓမ္မကြီး ပြောဆိုနေပေ၏။

"ကျုပ်ပြောတာ လုပ်စမ်းပါ အဘရာ၊ ကျုပ်တို့ သူဌေးဖြစ်ပြီဗျ၊ သူဌေးဖြစ်ပြီ။ ဒီမှာ တွေ့လား"

"ဟင်၊ ဘာ ဘာထုပ်ကြီးလဲ၊ ဘယ် ဘယ်က ဓားပြတိုက်"

"ဟာ ဒီမှာကြည့်စမ်း အဘ"

"ဟင် ဘုရား ဘုရား၊ ဒါ ဒါ ရွှေ ရွှေအိုး"

"အစစ်ပေါ့ဗျာ၊ ရှူး ရှူး တိုးတိုးပြောဗျ။ ဘယ်သူမှ မသိစေနဲ့။ ကျုပ် ကိုင်းထွန်ရင်း မြေကြီးထဲက တွေ့တာလေ"

"အလို၊ အံ့ပါ့ . . . အံ့ပါ့"

"အဲဒါ ပြောတာပေါ့ အနည်းလေး ခြောက်ပိဿာကျော်မှာဗျ၊ ရန်ကုန်တက်ရောင်းရင် ကျုပ် ကျုပ်တို့သားအဖ လူချမ်းသာ ဖြစ်ပြီပေါ့ အဘရဲ့"

"ဟုတ် ဟုတ်ပါ့ကွယ်၊ ဟို ရွှေအိုးကြီးနော်။ အောင်မယ်လေး ငါ တစ်သက်နဲ့ တစ်ကိုယ် ဒီအဖြစ်မျိုး မကြုံဘူးပေါင်ကွယ်။ ကေန္တ လူတွေကို နတ်တွေ မ,စလိုက်ပြီထင်ပ့ါ။ အင်း လူမစွမ်း နတ်မ ဆိုတာ ဒါပဲ ဖြစ်မယ် ထင်ပ့ါ"

"အဘ ကျုပ်ပြောတာ လုပ်ပေးဗျာ။ ကျုပ်ရယ်၊ ဆိတ်ကုလားရယ် မြို့တက်ရောင်းမယ်ဗျာ။ ကျုပ်တို့ ထင်တာထက် ပိုရရင် ရေနံချောင်းမှာ အိမ်ဝယ်မယ်ဗျာ။ ပြီးတော့ ကျုပ် မပန်းညိုကို တောင်းမယ်ဗျာ။ အဘလည်း နောက်အိမ်ထောင်ပြုချင်ပြုပေါ့"

"ဗုဒ္ဓေါ၊ ဘယ်လို ပြောလိုက်ပ့ါကွယ်။ ဆံပင်တွေဖြူ သွားတွေကျိုးနေပါပြီ ဂျာအေးရာ ဖအေကို ဒုက္ခတောထဲ တွန်းမချစမ်းပါနဲ့ကွာ"

"ဟာ အဘကလည်း ကျုပ် ဘိုင်စကုတ်မင်းသား ပြောတာ ကြားဖူးတာပဲဗျ"

"ဟေ ဘာတဲ့လဲ"

"ဟို အချစ်ဆိုတာ ချိုမြိန်တဲ့ဒုက္ခတဲ့ အဘရဲ့။ ဒီတော့ အဲဒီ ဒုက္ခ ချိုချိုမြိန်မြိန်လေး အဘ မြုံ့ပြီး ဝါးကြည့်"

"ဟော့ကောင် တော်စမ်းလကွယ်၊ မင်း ပြောတာတွေ နားရှက်ပါ့ကွာ"

"ဟာ အဘကလည်း ကံပါဗျာ၊ စောစောက ကျွန်တော် ပြောတဲ့ကိစ္စ အဘ လုပ်ပေးစမ်းပါဗျာ"

"တလုတ်မဆီလား"

"ဟုတ်တယ် အဘရဲ့"

"ဒုက္ခပါပဲကွာ၊ ခုချိန်မှာ တလုတ်မဟာ တစ်ခုလပ်ကြီးကွ။ သူ့ယောက်ျား ဖိုးပိန်လည်း သမီးတစ်ယောက်နဲ့ ဘယ်ရောက်လို့ရောက်မှန်းတောင် မသိဘူး"

"ဟင် ဒါဆို ကြီးတလုတ်မက သမီးနှစ်ယောက်ပေါ့"

"အေး၊ လင်မယား ကတောက်ကဆ ဖြစ်ပြီး ကွဲလည်းကွဲရော ဖိုးပိန်က သမီးအကြီးခေါ်ပြီး ထွက်သွားတာ ခုထိပဲဟေ့။ အဲဒါကြောင့် သူ့အိမ်သွားရမှာ တစ်မျိုးကြီးပဲကွ"

"ဟာ အဘကလည်းဗျာ၊ တွေးစရာမရှိ ကြံဖန်တွေးနေပြန်ပြီ။ ဒီလောက်တော့ ရင်းရမှာပေါ့ဗျာ။ ကျုပ်ပစ္စည်း ရောင်းပြီးတာနဲ့ ကြီးတလုတ်မကိုတောင် ရွှေချျင် ချပေးလိုက်မှာဗျ"

"အောင်မယ်လေး မင်းပြောချက်က လွန်ပ့ါကွာ။ ယောက္ခမကို ရွှေချမယ့် သမက် ဒီတစ်ယောက်ပဲ တွေ့ဖူးတယ်ဟေ့"

"လုပ်ပါ အဘရာ၊ ဒီကိစ္စ ရှေ့မျက်နှာနောက်ထားပြီး လုပ်လိုက်စမ်းပါ။ ဟောဒီ ပစ္စည်းကြီးရောင်းပြီးရင် အဘနဲ့ ကျုပ်တို့ ဆင်းရဲတွင်းက လွတ်ပြီဗျ"

"အင်း ဒါလည်း ဟုတ်ပ့ါ"

ဦးကျောက်ဖားခမျာ ဂျာအေး၏စကားကို မလွန်ဆန်နိုင်ပါချေ။ ထို့ကြောင့်လည်း တဘက်ကြီး ခေါင်းပေါင်းကာ ဒေါ်တလုတ်မတို့ အိမ်ဝိုင်းဘက်သို့ ထွက်ခဲ့လေတော့၏။

"တလုတ်မ၊ ဟေး တလုတ်မ"

"အလိုတော် ဘယ်သူများ ဒီလောက် အော်နေပါလိမ့်၊ အသံကို ဝက်ဝက်ကွဲပဲ"

နွားတင်းကုပ်ထဲ သန့်ရှင်းရေး လုပ်နေသော ဒေါ်တလုတ်မသည် ဦးကျောက်ဖျား၏ ပြူးပြူးပြဲပြဲ အော်သံဟစ်သံကြောင့် ဝဖိုင့်ကိုယ်လုံးကြီး မနိုင့်တနိုင်သယ်ကာ ဝိုင်းတံခါးရှေ့သို့ ရောက်ရှိလာလေ၏။

"ဟင်၊ ကိုဖျားကြီးပါလား"

"ဟုတ်ပ"

"ဝင်လေ"

"လူမတွေ့လို ငါ အော်ခေါ်မိတာကွ"

"ရပါတယ်ရှင် ဝင်ပါ"

ဒေါ်တလုတ်မသည် ဦးကျောက်ဖျားကို မြင်လိုက်သည်နှင့် ညှိုတိုတို ဖြစ်နေသော စိတ်အတွေးများ ကြက်ပျောက် ငှက်ပျောက် ဖြစ်သွား၏၊ ဦးကျောက်ဖျားခမျာ ဒေါ်တလုတ်မ မျက်နှာကို ရဲရဲမကြည့်ဝံ့။ အိမ်ဝိုင်းထဲသို့ အရောက်တွင် ဘူးစင်အောက်ရှိ ခုံတန်းလျားပေါ် ထိုင်လိုက်၏၊ ဒေါ်တလုတ်မသည် သူ့အိမ်ဝိုင်းထဲသို့ မလာစဖူး အလာထူးလှသဖြင့် စိတ်ထဲ မယုံမရဲ ဖြစ်နေ၏။ သားတော်မောင် ဂျာအေးနှင့် မျက်နှာကြော မတည့်လှသော်လည်း ဦးကျောက်ဖျားကိုတော့ ဒေါ်တလုတ်မ ခင်တွယ်လှ၏။ ထို့ကြောင့်လည်း ခုံတန်းလျားရှေ့ စားပွဲပေါ်သို့ အကြော်အလော် နှင့် အခါးအိုးချပေးလိုက်ပြီး ပြုံးပြုံးရွှင်ရွှင်နှင့် ဝင်ထိုင်လိုက်၏။

"ကဲ မလာစဖူး အလာထူးလှချည်လား ကိုကြီးဖျားရဲ့"

"အင်း ဟုတ်ပါ့ကွယ်၊ ငါ့လည်း အလုပ်က မအားဆိုတော့ ရွာထဲ ထွက်မလည်အားဘူးကွယ့်"

"ဘယ်လိုလဲ ကိုင်းအခြေနေ ကောင်းရဲ့လား"

"ကောင်းမယ်ထင့်ပါ တလုတ်မရဲ့၊ မိုးမဖျက် ရေမဖျက် ဆိုရင်တော့ လက်ခမောင်းခတ်စရာပေါ့ကွယ်။ ကိုင်းသမားဘဝက မြစ်မျက်နှာကြည့် ပြီး အမြဲ ဘုရားတနေရတယ် ဆိုတာ နင်လည်း သိသားနဲ့လေ"

"ဟုတ်ပါ့တော် ကိုင်းသမား ယာသမားဘဝဟာ တယ်လည်း ဆင်းရဲ လှသကိုး။ ဒါထက် ဂျာအေးကရော လိမ္မာရဲ့လား။ ဟိုတစ်လောက ကျွန်မ

နဲ့ ဘုတောတောင် တောလိုက်ရသေးတယ်။ အားကြီး မျက်နှာပြောင်တဲ့ ကလေး"

"ဟုတ်ပါ့ တလုတ်မရေ ငါ့သားက ပေါချာချာနိုင်လွန်းသကွယ်။ ဒါပေမယ့် အလုပ်တော့ အားကိုးရပါရဲ့ကွယ်။ သူကလေး ရှိနေလို့လည်း ငါ ဒီလောက် မဆင်းရဲတာပေါ့"

"အင်း ဒီလိုဆိုတော့လည်း ကိုကြီးဖားရဲ့သားက ဘယ်ဆိုးလို့တုံး။ ဒါထက် ဒီလာတဲ့ ကိစ္စလည်း ပြောပါဦး။ ပြီးတော့ ရောက်တုန်းရောက်ခိုက် မြို့ကပါလာတဲ့ အချိုလေး အချဉ်လေးလည်း စားပါဦး"

"အေးလကွယ်"

ဦးကျောက်ဖားသည် ပန်းကန်ထဲမှ မလိုင်လုံးတစ်လုံးကို ယူစားလိုက်ပြီး အခါးထစ်ခွက် ငှဲသောက်လိုက်၏။ ဒေါ်တလုတ်မသည် ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကြီးကို မီးညှိပြီး မီးခိုး ထောင်းလမောင်း ထအောင် ဖွာရှိုက်နေ၏။ ဦးကျောက်ဖားမှာ စကားကို ဘယ်ကစပြောရမှန်းမသိ။ ထို့ပြင် ငယ်နုစဉ်က သူ့ကို အကျကြီးကျခဲ့သော တလုတ်မရှေ့ ပြောရဆိုရမည်မှာ မဝင့်မရဲ ဖြစ်နေ၏။

ထိုစဉ် မီးခိုး ထောင်းလမောင်းကြားကနေ ဒေါ်တလုတ်မက လေသံအစ်အစ်နှင့် မေးလိုက်၏။

"ကဲ ဆိုပါဦး ကိုကြီးဖားရဲ့"

"ဟေ ဟိုအဲ ငါလည်း ဘယ်ကစပြောရမှန်းတောင် မသိတော့ဘူး"

"ရှင် ဟို ဘယ်လိုဖြစ်လို့တုံး"

ဦးကျောက်ဖား စကားကြောင့် ဒေါ်တလုတ်မ အတွေးခေါင်သွား၏။ စိတ်ထဲ တဖိုဖို တလှုပ်လှုပ် ဖြစ်သလို ခံစားနေရ၏။ ပြောနိုးပြောနိုးနှင့် မချင့်မရဲ ဖြစ်နေ၏။ ထိုစဉ် ဦးကျောက်ဖားက . . .

"တလုတ်မ"

"ရှင်၊ ပြောလေ ကိုကြီးဖားရဲ့"

"ဟို ဟိုလကွာ"

"ဘယ်လိုဖြစ်နေသတုံး ကိုကြီးဖားရဲ့၊ ပြောမယ့်စကားတွေ မေ့နေပြီလား"

"ခက်ပဲ့ကွာ၊ ဒီလိုကွ"

"ဘာများတုံး"

"ဟိုလကွာ"

"အလိုတော် ကိုကြီးဖား စကားတွေက ဟိုလကွာတွေ၊ ဒီလကွာတွေနဲ့ ကျုပ် ဘာနားလည်ရမှာတုံးရှင့်"

"ဟေ ကတ်ပဲ့ကွာ၊ လူကို အာစေးထည့်လိုက်သလိုပဲ"

"ရှင်၊ ဘယ်သူက အာစေးထည့်လိုက်လို့လဲ။ ရွာသူလား၊ စုန်းလား၊ သရဲလား"

"ဟာ ဟုတ်ပါဘူး တလုတ်မရယ်၊ ဒီလိုကွ ငါလည်း မပြောသာလို့ ပြောရမယ့်စကားပါကွာ။ ကိစ္စက ဂျာအေးကိစ္စပဲ"

"အလိုတော် ဂျာအေးကိစ္စ ဆိုရင်တော့ ကန်တော့ဆွမ်းပဲ ကိုကြီးကျောက်ဖားရေ။ ကျွန်မက အဲဒီ ကလေးတော့ နည်းနည်းမှ မေတ္တာရှိတာမဟုတ်ဘူး"

"မဟုတ်တာဘဲ တလုတ်မရယ်၊ ဂျာအေးဟာ ငါ့သားလေ။ ငါ့သားကို မကြည့်ချင်ပေမယ့် ငါ့မျက်နှာရှိသေး"

"သိပါတယ် ကိုကြီးဖားရယ်၊ ကိုကြီးဖား မျက်နှာကြီးကို ကျုပ်က မြင်မိလို့ပေါ့။ မဟုတ်လို့ကတော့ မချိုမချဉ် မျက်နှာရှူး ကျုပ်လက်စာနဲ့ ပါးရှစ်စိတ်ကွဲတာ ကြာပြီ"

"ဟာ အငြိုးအတေးကြီးလှချည်လား တလုတ်မရယ်။ ကျုပ်သားက ရှူးပေါပေါပေမယ့် စိတ်ကောင်း နှလုံးကောင်း ရှိပါတယ်ကွယ်။ ဒီလောက်လည်း မမှတ်စမ်းပါနဲ့"

"ထားပါတော့လေ ကိုကြီးဖားကြောင့် ကျွန်မ မပြောတော့ပါဘူး၊ ဒါပေမယ့် ကျွန်မ သမီးနဲ့တော့ လုံးလုံး မပေးစားနိုင်ဘူးနော်။ ကျွန်မ သမီးက ရွှေပေါ်မြတင်ကလေး"

"ဟုတ်ပါတယ် တလုတ်မရယ်၊ ငါလာတာ ဒီကိစ္စ မဟုတ်ပါဘူး၊ ဟို ငွေတစ်သောင်း ချေးစမ်းပါ ပြောမလို့ဟာ"

"ရှင်၊ ကိုကြီးဖား စကားတွေကလည်း တောရောက်လိုက် တောင်ရောက်လိုက်နဲ့ နားကို ရှုပ်နေတာပဲ။ စောစောက ပြောတော့ ဂျာအေး

ကိစ္စတဲ့။ ခုတော့လည်း ပိုက်ဆံတစ်သောင်းကိစ္စ ဖြစ်သွားပြန်ပြီ။ ဘာကို နားလည်ရမှာလဲရှင့်"

ဒေါ်တလုတ်မ တစ်ယောက် စိတ်ထဲ ပွစိပွစိ ဖြစ်လာ၏။ စကားတွေ ကသောင်းကနင်း ပြောဆိုနေသော ဦးကျောက်ဖား၏ အမူအရာကို ဇဝေဇဝါ ဖြစ်လာ၏။ ထိုစဉ် ဦးကျောက်ဖားက ပြုံးဖြီးဖြီး လုပ်ပြီး ပြောလိုက်၏။

"တကယ် ပြောတာပါ တလုတ်မရယ်၊ ငါ့သား ဂျာအေးက မြို့မှာ အရောင်းဝယ်ကိစ္စ တစ်ခုနဲ့ သွားစရာရှိလို့ဟ။ အဲဒါ စရိတ်လိုတယ်လေ။ ဒါကြောင့် နင့်ဆီ ငွေတစ်သောင်း လာလှည့်တာပေါ့။ ပဲရောင်းပြီးတာနဲ့ အတိုးရော အရင်းပါ စပ်ပေါ့မယ်ဟာ"

"ဩော် ဒီလိုလား"

"ဟုတ်ပ့်၊ ငါကလည်း ပြောရင် ဘူးလုံးနားမထွင်း ပြောတာတော့ ခက်ပ့်။ အဲဒါ ငါ့ကို ကူညီစမ်းပါ တလုတ်မရ။ ရွာထဲလည်း အရေးဟဲ့ အကြောင်းဟဲ့ဆို နင်ပဲ အားကိုးစရာရှိတာလေ"

"အို၊ ကျွန်မက ဒီလောက်လည်း မဟုတ်ပါဘူး။ ကိုဖိုးပိန် ထွက်သွားကတည်းက ကိုယ့်ဝမ်းကိုယ်ကျောင်းခဲ့ရတာ ကိုကြီးဖားလည်း သိသားနဲ့"

"ဒါပေမယ့် နင့်မှာ အမျိုးအဆွေကလည်း တောင့်တယ်လေ။ ဒီတော့ ငွေကလေးကြေးကလေး အဆင်ပြေတာပေါ့ကွာ။ ဒါကြောင့်လည်း ငါ နင့်ဆီ ပြေးလာတာပေါ့ တလုတ်မရယ်"

ဦးကျောက်ဖားက မျက်နှာ ခပ်ရှုံ့ရှုံ့ လုပ်၍ လုပ်လိုက်သဖြင့် ဒေါ်တလုတ်မ စိတ်ထဲ ကရုဏာသက်သွား၏။ တစ်ချိန်က သူ တိတ်တခိုး ပိုးပန်းခဲ့ရသော လူကြီးမို့ မေတ္တာမပျက်နိုင်သေးချေ။ ငယ်စဉ်က ကိုကြီးဖားကို ကွယ်ရာတွင် လူညီ့ထွားကြီးဟု သမုတ်ခဲ့၏။

အပျိုတွေ နှုတ်ဖျားမှာလည်း ကိုကြီးဖား၏ ယောကျ်ားပီသလှသော ခန့်ညားထည်ဝါမှုက ရေပန်းစားခဲ့ပေ၏။ သူနှင့် ကိုကြီးဖားတို့က ဆယ်နှစ်နီးပါးခန့် ကွာလှသဖြင့် ကိုကြီးဖားက သူ့ကို ကလေးသဖွယ် သဘောထားခဲ့ပေ၏။ ထိုသဘောထားကို တလုတ်မ ဆွေ့ဆွေ့ခုန်အောင် ခံစားခဲ့ရ၏။ သူ့ကို အပျိုဖျန်းလေးအဖြစ် အသိအမှတ် မပြုခဲ့သော ကိုကြီးဖားကို

သူ အရွတ်တိုက်ခဲ့၏။

ညိုတုတ်တုတ် ပါးပြင်ပေါ် သနပ်ခါး ပါးကွက်ကျားထင်ကာ တော ရိုင်းပန်းတွေ ဝေအောင်ပန်ပြီး ကိုကြီးဖွားရှေ့ လွှားခနဲ လွှားခနဲ လမ်းသ လားပြခဲ့ဖူး၏။ ရင်ကလေးချီချီ တင်ကလေး နောက်ပစ်ပြီး မချိုမချဉ် အမူရာနှင့် ကိုကြီးဖွား ရင်ခုန်အောင် ပြုစားခဲ့ဖူး၏။ သို့ပေမယ့် ကိုကြီးဖွား သူမအလှကို မမြင်ခင် ကြားလူ ကိုဖိုးပိန်က ရိပ်မိသွား၏။

အမှန်မတော့ သူကြီးသား ကိုဖိုးပိန်ကို ဒေါ်တလုတ်မက ရှိတယ် လို့တောင် အမှတ်မထားခဲ့။ ကိုဖိုးပိန်တို့ သားအဖက ရွာမှာ နေပေမယ့် ရွာကျယ်တွေ။ ပစ္စည်းဥစ္စာကလည်းရှိ၊ ကိုင်းတွေ ယာတွေကလည်းရှိ၊ ဆွေမျိုးကလည်း အတောင့်ဆိုတော့ ရွာမှာ တံခွန်တလူလူ လုပ်ပြီး မိုးကျ ရွှေကိုယ် လုပ်နေတဲ့ လူတွေမို့ သူမ မျက်စိထဲ တစ်စက်ကလေး ကြည့်မရ။

ထိုသို့ ကိုကြီးဖွား စိတ်ညွတ်လာအောင် ကြိုးစားပမ်းစား ဟန်ရေး ပြနေတုန်း ဖြုန်းဆို သူကြီးဦးဖိုးဆိတ် အိမ်ပေါ် ရောက်လာပါလေရော။

လာရင်းကိစ္စက သားရေးသမီးရေး ကိစ္စတဲ့။ ဒေါ်တလုတ်မ စိတ်ထဲ ကျလိကျလိ ဖြစ်လို့၊ ဖိုးပိန်က သူ့ကို နှစ်သက်မြတ်နိုးကာ အစွဲကြီး စွဲနေ လို့ပါတဲ့။ အဲဒီ စကားလည်းကြားရော ဒေါ်တလုတ်မ ရင်ထဲ ဆွေ့ဆွေ့ခုန် မတတ်ဘဲ။ ပါးစပ်ကလည်း ပြောချင်လိုက်တာ။ ဒါပေသည့် မိဘနှစ်ပါးက မျက်ရိပ်မျက်ခြည်ပြပြီး ဟန့်တားနေသဖြင့် လူစင်စစ်က မြွေတစ်ကောင်လို ဖြစ်သွားပြီး ရင်ထဲက ပေါက်ကွဲမှုကို မျိုချပစ်လိုက်ရသည်။ ထိုအချိန်တွင် သူကြီးဦးဖိုးဆိတ်က သူ့ကို ရွှေတစ်ဆယ်သားတင်ပြီး သူ့သားအတွက် တောင်းရမ်းလာလေသည်။

မိဘနှစ်ပါးခမျာ ပြေလည်လှသည် မဟုတ်ဘဲ နွမ်းနွမ်းဖတ်ဖတ် ဘဝသမားများ ဖြစ်ကြ၍ ဦးဖိုးဆိတ်၏ စကားကို မငြင်းရဲကြ။ ထို့ပြင် ဦးဖိုးဆိတ်က သူကြီးလည်းဖြစ်ပြန်၊ ဩဇာအာဏာလည်းရှိပြန်၊ ပစ္စည်းဥစ္စာ လည်း ရှိပြန်ဆိုတော့ သမီးလေး ရှေ့နေးကြည့်ပြီး ခေါင်းညိတ်လိုက်ရ၏။

ထိုစဉ်က သူကြီးလည်း ပြန်သွားရော ဒေါ်တလုတ်မ ငိုလိုက်ရတာ သုံးလေးရက်။ မယူနိုင်ဘူးလို့ တွင်တွင်ကြီး ငြင်းခဲ့သော်လည်း မိဘနှစ်ပါး က နွမ်းပါးဆင်းရဲလှသည့် ဘဝအခြေနေကို ထောက်ပြခဲ့၏။ ထို့ပြင် ဖိုးပိန်

၏ သဘောကိုလည်း ကောင်းကွက်ရှာပြီး ဖွဲ့နွဲ့ခဲ့၏။

အမှန်မတော့ ကိုဖိုးပိန်က သူကြီးသားပေမယ့် ရှူးပေါပေါ။ သူမကြိုက်ဖူးဘူးသည့် မိန်းကလေးက ရွာထဲမှာ မရှိသလောက်ပင်။ မိန်းမမြင်လျှင် အူချာပါချာနိုင်အောင် ငမ်းကြောထလွန်းလှသူ ဖြစ်၏။ အသွင်ကလည်း နာမည်နှင့်လိုက်အောင် ပိန်ချပ်ချပ် ရှည်မျောမျော။ ဘယ်လိုမှ အားကိုးရမည့် အသွင်မရှိ။ ပျော့တီးပျော့ဖပ်နှင့် တအား နုံတဲ့ကြောင်ချေး။ ဒေါ်တလုတ်မ စိတ်ထဲ ဘယ်လိုမှ အာလေယျ မဖြစ်လှ။

သို့သော် မိဘနှစ်ပါး အာပေါက်အောင် ပြောလွန်းသဖြင့် နောက်ဆုံး ခေါင်းမညိတ်ချင် ညိတ်ချင်နှင့် ညိတ်လိုက်ရခြင်း ဖြစ်လေ၏။ ထိုအချိန်မှစပြီး သူ့ရင်ထဲ ကိုကြီးဖား၏ အသွင်သဏ္ဍာန်တွေ တိမ်လိုလေလို လွင့်မျော ပျောက်ကွယ်သွားရခြင်း ဖြစ်လေ၏။

ယခုတော့ သူ့ရှေ့ အခန့်သားထိုင်နေသော ဦးကျောက်ဖား၏ ဇရာရိပ်ကိုကြည့်ပြီး စိတ်ထဲ ကရုဏာသက်မိသည်မှာ အမှန်ပင်။ ဦးကျောက်ဖား နှစ်ခါ ထပ်မပြောရ။ အိမ်ကြီးပေါ်တက်ကာ ထန်းခေါက်ဖာကြီးထဲမှ နှစ်ရာတန်တစ်အုပ် ဆွဲထုတ်ပြီး အောက်ထပ်သို့ ဆင်းလာ၏။

"ကိုကြီးဖား"

"ဟေလကွယ်"

"ဟော့ဒီမှာ နှစ်ရာတန်တစ်အုပ် အားလုံး နှစ်သောင်းရှိတယ် ယူသွား။ အတိုးပေးစရာ မလိုဘူး။ ပဲရောင်းပြီးမှ ခွဲပြီးပြန်ဆပ်"

"ဟော"

ဒေါ်တလုတ်မ စကားကြောင့် ဦးကျောက်ဖား ပါးစပ်အဟောင်းသား ဖြစ်နေ၏။ စားပွဲပေါ်တင်ထားသော နှစ်ရာတန်အုပ်ကို ကြည့်ပြီး အံ့အားအသင့်ကြီး သင့်နေ၏။

"ဟို တစ်သောင်းပါကွာ"

"ယူသွားပါ၊ လိုလိုမည်မည် သုံးပေါ့"

"ဟင် တကယ်လား"

"တကယ်ပေါ့"

"ဟာ ဝမ်းသာလိုက်တာ တလုတ်မရယ်၊ ခုလို ကူညီတဲ့အတွက်

ငါ့ညီမကြီး ဘုရားတွေ နတ်တွေ မ,ပါစေကွယ်။ ဒါ ဒါဆို ပြန်ဦးမယ်ကွာ"

"ပြန်တော့မလား"

"ပြန်ဦးမယ် တလုတ်မရယ်၊ ဂျာအေးဆိုတဲ့ကောင်က ငါမရှိရင် ထင်ရာကြဲတာ"

"အဲ အဲဒါတော့ ဟုတ်ပ့ါ။ ကိုကြီးဖားသားက အရက်ကလေး တမြမြ နဲ့နော် ကြည့်လည်းပြောဦး"

"ဟုတ်ပ့ါ ငါတောင် မသောက်ဘူး၊ ဒင်းကတော့ အရက်ကလေး တမြမြနဲ့ ခေတ်ကာလသားသမီးများ တယ်လည်း ပြောရခက်သကိုး"

"ထိန်းမှပေ့ါ အစ်ကိုဖားရယ်"

"ထိန်းတာပဲ၊ ဒီကောင်က သူများမြှောက်ပေးရင် ဇာတ်စင်ပေါ်တက် ပြီး ကျွမ်းထိုးမယ့်ကောင်"

"ဟီးဟီး ကိုကြီးကလည်း"

"ကဲကဲ ငါ ပြန်ဦးမယ်ဟေ့"

"ဟုတ် .. ဟုတ်ကဲ့၊ နောက်လည်း အရေးရှိလာပေ့ါ အစ်ကိုကြီးရယ်"

"အေးပါလကွယ်"

ဦးကျောက်ဖားတစ်ယောက် နှစ်ရာတန်အုပ်ကို ဖျဉ်ကြမ်းတိုက်ပုံ အတွင်းအိတ်ထဲထည့်ကာ သားရှိရာသို့ သုတ်ခြေတင်လေတော့၏။

၈၈၈

# အခန်း (၄)

"ဗျာ၊ နှစ်သောင်းပေးလိုက်တယ်"

"ဟုတ်ပါ့"

"နားရှိလို့သာ ကြားရတယ်၊ ကျုပ်တော့ အံ့ရောပဲ အဘရေ။ ကေန္တ
ဒိမိန်းမကြီး ကျုပ် အဘအပေါ် မရိုးဘူးနဲ့တူတယ်"

"ဟကလေးရ၊ ပေါက်တီးပေါက်ရှာ မပြောစမ်းနဲ့ကွာ"

"ကျုပ်ပြောတာ အမှန်တွေဗျ၊ အဘကရော ဘယ်လို သဘောရှိသ
တုံး"

"အလို မင်းကများ ငါ့ကို"

"ဟုတ်တယ်လေ၊ ငယ်ကအချစ် အနှစ်တစ်ရာ မမေ့သာတဲ့။ ဒီတော့
အဘကော ရိုးမှ ရိုးရဲ့လား ပြောပါဦး။ အစ်မမြေပုံ မခြောက်သေးဘူးနော်
အဘ"

"အလို ဒီကလေး ပြောလေကဲလေပါလား၊ ဒီမှာ လူကလေးရဲ့ အဘ
ရင်ထဲမှာ မျှိုချသင့်တာကို မျှိုချလိုက်ပါပြီကွယ်"

"အင် ကျုပ် ဘာတွေကျွေးလို့၊ အဘက ဘာတွေ မျှိုချနေရတာလဲ"

"ဟာလကွာ ဒီကလေး၊ တယ်လည်း ကတ်သီးကတ်သတ် ပြောသ
တုံး။ ငါပြောတာ အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပါပြီလို့ ပြောတာကွ"

"အလဲ့ တယ်ဆိုတဲ့ စာပါလား အဘရဲ့၊ ကေန္တ အဘလည်း ကန်စွန်း
င်းကြီး ဖြစ်ချင်ပြီထင်ပါ့"

"ဟေ ဘယ်က တန်စွန်းခင်းကြီးတုံး"

ဦးကျောက်ဖားမှာတစ်ယောက် ဂျာအေး၏ အမေးကြောင့် အူချာချာ ဖြစ်နေ၏။ ဂျာအေးက အမေတူသားဟု ပြောရမည်ပင်။ မိခင်လုပ်သူ ဒေါ်အေးမှိုမှာလည်း စကားပြောလည်း ကတ်သီးကတ်သတ် ပြောတတ် သလို စကားထဲ၌ ဇာတ်စာကလေးများ၊ ကာရံနဘေလေးများ ချိတ်ချိတ်၍ ပြောတတ်ပေ၏။ ယခုလည်း ဂျာအေး စကားကို ဦးကျောက်ဖား အူတူတူ ဖြစ်နေ၏။ ထို့ကြောင့်လည်း မနည်း ဣန္ဒြေဆည်ပြီး ပြောလိုက်ရ၏။

"မဟုတ်ကမဟတ်ကတွေ မပြောစမ်းနဲ့ ဂျာအေးရာ။ ဟောဒီမှာ နှစ်သောင်း။ မင်း လိုလိုမည်မည် တစ်သောင်းခွဲယူသွား၊ ငါ့ဖို့ ငါးထောင် ထားခဲ့"

"ရပ့်မလား အဘရဲ့"

"ရပါတယ်ကွာ၊ မင်း ရန်ကုန်ရောက်ရင် ဘယ်မှာတည်းမှာလဲ၊ ဟိုမှာ ဘယ်နှစ်ရက်ကြာမှန်းလဲ မသိ"

"စိတ်မပူပါနဲ့ အဘရာ၊ ရန်ကုန်မှာ ကပ္ပိယ ဦးဗေဒါနဲ့ ဦးပဥ္စင်းဝါသ လည်း ရှိသားပဲဟာ။ အဲဒီမှာ တည်းမှာပေါ့ဗျ"

"အေး ဒါလည်း ကောင်းပ့်၊ ဘယ်တော့သွားမယ် စိတ်ကူးလဲ"

"သန်ဘက်ခါလောက် သွားမယ်လေ၊ အနောက်ဘက် အခင်းက မပြတ်သေးဘူး အဘရဲ့။ ကျုပ် ချမ်းသာရင် ကိုင်းတွေ၊ ကျွန်းတွေ ရွာမှာ အကုန်ထားခဲ့မှာဗျ။ ကျုပ်က ရေနံချောင်းဖြစ်ဖြစ်၊ မကွေးဖြစ်ဖြစ် တအား နေချင်တာဗျ"

"ကံပေးရာပေါ့ လူကလေးရာ"

"ဟာ အဘကလည်း ဒီကံကြီးကိစ္စပဲ ပြောနေတော့တယ်။ ကျုပ်က တော့ အဲဒီ ကံကြီးကို မုန်းသဗျာ၊ ဘာလုပ်လုပ် ကံမပါရင် မပြီးဘူး"

"အလို လူကလေး စကားတွေက ဒိဋ္ဌိဆန်လွန်းလှသကွယ်။ အရာရာ ဟာ ကံသာလျှင်အမိ ကံသာလျှင်အဖတဲ့ လူကလေးရ။ ဒါ တို့ရဲ့ အတု မရှိတဲ့ မြတ်ဘုရားကိုယ်တော်မြတ်ကြီး ဟောခဲ့တာကွယ့်"

"အင် ဟို ကျုပ်ပြောတာ ဘုရားစကားကို ပယ်တာ မဟုတ်ပါဘူးဗျ၊ ဒီလောက် အဆင်းရဲခံပြီး လုပ်တာတောင် အူစိုအောင် မစားရတဲ့ ဘဝကို

မကျေနပ်တာဗျ။ ခုတော့ ကျူပ်ပ ည်းကြီး ရောင်းပြီးတာနဲ့ ကောင်းပေ့ သွန့်ပေ့ ဆိုတာတွေကို တွယ်ဦးမယ်။ ပြီးတော့ မပန်းညိုကလေးကိုလည်း တွယ်မယ်။ ယောက္ခမ ဒေါ်တလုတ်မကြီးကိုလည်း ကွယ်မယ်။ အို. . . အားလုံး အားလုံးကို တွယ်ပစ်မယ်"

"အင် ဘုရား ဘုရား၊ ဂျာအေးတော့ မလွယ်ပါလား။ ရှူးလိုက်သမှ ဖအေတောင် မမြင်တော့ဘူးထင်ပါရဲ့"

ဂျာအေးတစ်ယောက် ရွှေအိုးကြီး ကောက်ရသည့် အချိန်မှစပြီး သဘောသကန်တွေ မမှန်ချင်တော့။ လေသံက မိုးထိုးလာ၏။ သွေးက လေးတကြွကြွနှင့် ပြောချင်ဆိုချင် ပလွှားချင်လာ၏။ ဦးကျောက်ဖားကမျာ သား၏ ဖြစ်အင်ကို ကြည့်ပြီး ရင်မောနေ၏။ သို့သော် ဆင်းရဲတွင်းနက်လှ သည့် သူတို့ဘဝက ငွေတစ်သောင်း နှစ်သောင်းပြည့်အောင်ပင် မကိုင်ဘူး သဖြင့် ဂျာအေး ဘဝင်ခိုက်သည်ကို အပြစ်မမြင်မိပါချေ။

သို့နှင့် ဂျာအေးတစ်ယောက် မြို့မသွားမီ ကိုင်းထဲက အလုပ်ကို ပြတ်အောင် လုပ်နေရ၏။ ရွှေအိုးကြီး ကောက်ရသည့်ကိစ္စကို ဆိတ်ကုလား အား နှုတ်ပိတ်ထားသော်လည်း သူကိုယ်တိုင်က ပြောချင်ချင် ဖြစ်နေ၏။

သူ၏ ပြောင်းလဲသွားသော အမူအရာနှင့် ကြွစောင်းကြွစောင်း ဖြစ် နေသော ဟန်ပန်ကို ရွာသားအတော်များများက နားမလည်နိုင် ဖြစ်နေကြ ၏၊ တချို့ကလည်း ဂျာအေးကို မြှောက်ပင့်မေးမြန်းကြ၏။ စကားနာထိုး ကြ၏။

ကြာတော့ ဂျာအေး မခံနိုင်။ ပြောချင်စိတ်တွေ ရှစ်တက်လာသဖြင့် တစ်ယောက်စ နှစ်ယောက်စကို ပြောမိရာက တစ်ရွာလုံး သိသွားလေတော့ ၏။

တချို့က မယုံချင်။ တချို့က ယုံသလိုလို မယုံသလိုလို။ ပိုဆိုးသည် က ဒေါ်တလုတ်မ။ ဂျာအေးစကားကို သုံးခွက်တစ်ခွက်တင် ကျိုပြော တောင် မယုံချင်။ သို့သော် သူ့ဆီ ဦးကျောက်ဖား ငွေလာလှည့်သွားသည့် ကိစ္စနှင့် ဆက်စပ်ပြီး မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေပေ၏။

ဂျာအေးကတော့ ယုံချင်ယုံ မယုံချင်နေ၊ မြို့တက်ဖို့ အထုပ် တပြင်ပြင် လုပ်နေပေ၏။ ထိုစဉ် ဦးကျောက်ဖားမှာလည်း သားလုပ်သူ

ပြန်လာလျှင် ချမ်းသာတော့မည့်အရေးကို တွေးကာ စိတ်ကူးအယဉ်ကြီး ယဉ်နေပေ၏။

ထိုအချိန်တွင် ရွာသားတချို့က ဂျာအေး ရွှေအိုးကောက်ရသည့် ကိစ္စကို မေးလားမြန်းလား လုပ်လာရာ ဦးကျောက်ဖား အံ့ဩနေ၏။ သား ဖြစ်သူကိုခေါ်ပြီး မေးမြန်းလိုက်၏။

"လူကလေး"

"ဗျာ အဘ"

"ဟို ရွာထဲမှာ မင်းသတင်းက ဟိုးလေးတကျော်ကျော်ပါလားကွယ့်"

"ဗျာ၊ ဒါ . . . ဒါဆို ဟိုအဲ အဘများ . . ."

"ဟာလကွယ် ငါ တစ်ခွန်းတစ်ပါဒမျှ မပြောမိပါလားကွယ်။ ဆိတ်ကုလားများ ပြောမိလေမလား"

"ဟာ ဒီကောင် မဖြစ်နိုင်ဘူးဗျ။ နေဦး ဒီကိစ္စ၊ အဲ . . . ဟုတ်ပြီ"

"ဟင် ဘယ်သူပြောတာလဲ"

"ဟိုအဲ ကျုပ်ဗျ"

"ဗုဒ္ဓေါ မင်းပဲ ဘယ်သူမှ မပြောနဲ့ဆို၊ ခုတော့ မင့်ကိုယ်တိုင် လျှောက်ပြောနေပါလား"

"ဟို ဟဲဟဲ တစ်ယောက်နှစ်ယောက် ပြောပြတာပါ"

"ဟာ ဘူးပေါက်တစ်ရာ ပိတ်ရသကွာ။ လူပါးစပ်တစ်ပေါက် ပိတ်လို့ မရဘူးကွ။ ဒါကြောင့် တစ်ရွာလုံး သိကုန်ဟာထင်တယ်။ ဘာဖြစ်လို့များ သွားပြောရသလဲကွယ်"

"ဟုတ်ပ့ါဗျာ ကျွန်တော်ကလည်း ကျွန်တော်ပဲ။ သူများတွေသိအောင် သိပ်ပြောချင်တာ ခက်ရောဗျာ၊ ထားပါတော့ အဘရာ၊ ပြင်စရာရှိတာ ပြင်မှ မနက်ဖြန်သွားမှာဆိုတော့ လက်မှတ်ကိစ္စ ဘယ်အခြေနေရှိသလဲ မသိဘူး"

"ဘယ်သူ သွားဝယ်တာလဲ"

"ဆိတ်ကုလားလေ အဘ"

"ထိုင်ခုံရပ့ါမလား"

"ရပါလိမ့်မယ်ထင်တာပဲ"

"ဘုရားတရား မမေ့နဲ့နော်၊ ကစော်လည်း ကြည့်သောက် ကြားလား လူကလေး"

"စိတ်ချစမ်းပါ အဘရာ၊ ကျုပ်က ကလေးမှ မဟုတ်တော့တာ"

"ဟာ ကလေးမဟုတ်လို့ ပြောနေရတာပေါ့ကွ"

"ဟင် ဒါဆို လူကြီးက ကလေးတွေထက် ပိုပြီး မဟုတ်တာ လုပ်တယ် ပေါ့"

"ဒါပေါ့ လူကလေးရာ၊ အသိတွေ အမြင်တွေ ကြွယ်ဝလာလေလေ မဟုတ်ကဟုတ်က ကိစ္စတွေ များလာလေလေပေါ့။ ထားပါတော့ကွယ် ရန်ကုန်ဆိုတာ လူမျိုး တစ်ရာ့တစ်ပါးနေတဲ့ မြို့ကြီးတော့ သားပစ္စည်းကို သတိဝီရိယကြီးကြီးနဲ့ ထိန်းမှဖြစ်မယ်။ အဘ အထူးသဖြင့် မှာချင်တာ ကစော်စုပ်တဲ့ ကိစ္စပဲ။ အဲဒီကိစ္စကို ကြပ်ကြပ်သတိထားမှ ဖြစ်မယ်ကွယ့်။ လူကလေးက ကစော်ဝင်ရင် ထင်ရာပြောချင်တာ"

"စိတ်ချပါ အဘရာ၊ ကျုပ် သတိထားပါ့မယ်"

"အေးအေး ဒါဆို အဘ ကိုင်းထဲသွားဦးမယ်"

ဦးကျောက်ဖားတစ်ယောက် တဲမှထွက်သွားပြီး ညနေစောင်းလုလု တွင် ဆိတ်ကုလားတစ်ယောက် ကားလက်မှတ်ဖြတ်ပြီး ပြန်ရောက်လာ၏။

"အဆင်ပြေတယ် မဟုတ်လား ဆိတ်ကုလား"

"ပြေပါ့ကွာ၊ တံခါးပေါက်နား ရတာကွ"

"ဟုတ်လား ဒါဆို အတော်ပဲ၊ မင်းကော ပစ္စည်းပစ္စယတွေ ထုပ်ပိုး ပြီးပြီလား၊ ဘယ်နှစ်နာရီလဲကွ"

"ခြောက်နာရီခွဲလေ၊ ငါတို့ စောစောထသွားမှဖြစ်မယ်။ ကိုကျော်ဝင်း လှေကြီး ရှိသားပဲ"

"အေး အဲဒီ လှေနဲ့ပဲ လိုက်တော့မယ်၊ မော်တော်က နေမြင့်မှ လာတာဆိုတော့ မလွယ်ဘူးကွ"

"ဂျာအေး မင်းပစ္စည်းတော့ သတိထားနော်"

"စိတ်ချပါကွာ၊ ထန်းခေါက်ဖာနဲ့ ထည့်ထားတယ်။ ပြီးတော့ ပုဆိုး ပိုင်းလည်း ပတ်ထားတယ်ကွ။ ရုတ်တရက် ကြည့်ရင်တော့ သိမှာမဟုတ် ဘူး။ အနုပ်စုတ်ကုပ်စုတ်ထင်ပြီး ဘယ်သူမှ ဂရုစိုက်မှာ မဟုတ်ဘူး"

"အေး အဲဒီ အယူအဆတော့ မဆိုးဘူးကွ။ လူတွေ ဝါဝါလက်လက် မြင်မှ ရွှေထင်ကြတာကွ။ လူ့သဘောက တွေးကြည့်ရင် ရယ်စရာကြီးပဲကွ။ တချို့ဆို ပဒေါင်မကြီးတွေ လည်ပင်းမှာ ကြေးကွင်းစွပ်သလို ရွှေကို အတုံးလိုက် အတစ်လိုက် စွပ်ထားချင်တာကွ။ တချို့ကလည်း လက်ကောက်ကြီးတွေ တံတောင်လောက်၊ စိန်နားကပ်ကြီး ပြူးပြူးပြဲပြဲ၊ စိန်ဘယက်ကြီး တလက်လက်နဲ့ လူတောထဲမှာ ငါလိုလူ ဇမ္ဗူမှာ မရှိနိုင်ဘူး အသွင်နဲ့ ဘဝင်မြင့်ကြတာကွ။ ဒါပေမယ့် သေတော့လည်း ပညာရှိဦးပုည လုပ်ပြသွားသလို ဘာမှ မပါဘူးဗျို့လို့ မပြောရုံတစ်မည် သေသွားကြတာပဲ။ ငါသေရင် လန်ကွတ်တီဝတ်ပြီး သေမှာကွ"

"အင် ဘာဖြစ်လို့တုံးကွ"

"ဟာ ငါလည်း ဦးပုညစတိုင်လ် ဖမ်းချင်လို့ပေါ့ကွာ။ မပါတာမှ လန်ကွတ်တီတောင် မလွဲသာလို့ပါတာပါ ပြောပြီး သေမှာပေါ့ကွ"

"ဟာကွာ အဲဒီ သေနည်းက မနိပ်ဘူးကွ"

"အင် ဘာကြောင့်ပါလိမ့်"

"ဟာ မင်းဥစ္စာ သုဘရာဇာတောင် နှာခေါင်းရှုံ့မယ့် ကိစ္စကွ။ ပြီးတော့ သေတာတောင် ကောင်းကောင်း သေရမှာ မဟုတ်ဘူး။ အလောင်းစင်ပြင်ထားရင် ခွေးတွေ ဝိုင်းဟောင်မယ်ကွ။ ပြီးတော့ မြေကြီးထဲရောက်ရင် တီကောင်တွေ၊ ငါးရှဉ့်တွေကတောင် ပိုပြီး သဘောကျဦးမှာကွ"

"အင် မင်းပြောပုံ . . ."

"ဟုတ်တယ် မနိပ်သေးဘူး၊ တခြားနည်း စဉ်းစားပါ ဆိတ်ကုလားရာ။ ဒီလိုလုပ်ပါလား"

"ဟေ၊ ဘယ် . . . ဘယ်လို လုပ်ရမတုံး"

"မင်းသေရင် ခေါင်းဘေးမှာ မော်တာတပ်ထားပေါ့ကွ။ ဒီတော့ မော်တာအားနဲ့ မင်းတစ်ကိုယ်လုံး တွန့်လိမ်ခါယမ်းနေမှာ အမှန်ပဲ"

"အင် ဘာဖြစ်လို့တုံး"

"ဩော် အဲဒီလို ခါယမ်းသေပြတော့ ဘာမှမပါဘူး အချားနိမ်းလို့ ပြောချင်တာပေါ့ကွ"

"တော်ပါတော့ ဂျာအေးရာ၊ ပေါက်တီးပေါက်ရှာကွာ။ ကဲ အဲဒီ

သေတ္တာကိစ္စ ထားပါတော့၊ စကားတွေလည်း ဘယ်ရောက်လို့ ဘယ်ပေါက်ကုန်မှန်း မသိဘူး"

"ဟုတ်ပါ့ကွာ၊ ဒီတော့ ငါတို့ လှေဆိပ်မှာ ဒီည သွားအိပ်ရင် ကောင်းမယ်ကွ။ ကိုကျော်ဝင်းတို့တဲလည်း ရှိသား"

"အေး ကောင်းတယ်ကွ"

သူတို့နှစ်ဦး သွားရေးလာရေးအတွက် တိုင်ပင်ခဲ့ကြ၏။ ရွာနှင့် မြစ်ဆိပ်ကလည်း လှမ်းလွန်းလှ၏။ ထို့ကြောင့်လည်း ညဦးပိုင်းရောက်သည်နှင့် မြစ်ဆိပ်သို့ ထွက်ခဲ့ကြ၏။

မြစ်ဆိပ်တွင် လေက **တဖြူးဖြူး** တိုက်ခတ်နေ၏။ တဲကလေး သုံးလေးလုံးရှိပြီး ဖရိုဖရဲ တည်ဆောက်ထားကြ၏။ သူတို့နှစ်ဦးသည် ကိုကျော်ဝင်းတဲဘေးရှိ စိမ်းစားဥ လှောင်ထားသည့် တဲကလေးတွင် ညအိပ်ခဲ့ကြ၏။

ကိုကျော်ဝင်းကလည်း အသောက်သမား သူတို့ကလည်း အသောက်သမားများ ဖြစ်နေကြ၍ ချက်အရက်နှစ်လုံးကို စကားတပြောပြောနှင့်ဖြိုလိုက်ကြရာ ညဉ့်နက်မှ အိပ်နိုင်ခဲ့ကြလေ၏။

သို့နှင့် နောက်တစ်နေ့ မိုးမလင်းမီ ကိုကျော်ဝင်းလှေကြီးနှင့် တစ်ဖက်ကမ်းသို့ ကူးခဲ့ကြပြီး ကားဆိပ်တွင် ကားအလာကို စောင့်ဆိုင်းနေကြ၏။

နှစ်ဦးသား ညက အသောက်များသွားကြသဖြင့် ဗိုက်ထဲ ဟာတာတာဖြစ်နေပေရာ ထမင်းကြော်တစ်ပွဲဆီ မှာစားလိုက်ကြ၏။ သူတို့နှစ်ဦး စားသောက်ပြီးသွားသည့် အချိန်တွင် တော်ဝင်သစ္စာမည်သော အိတ်စ်ပက်ကားကြီး ကားဆိပ်သို့ ထိုးဆိုက်လာလေ၏။

ကားဆိုက်သည်ကို မြင်သည်နှင့် ဂျာအေးတစ်ယောက် ရွှေအိုးကြီးပါသော ထန်းခေါက်ဖာကြီးပိုက်ကာ လူအုပ်ကြား အတင်းလုတက်လေ၏။

"ဟာ အောင်မလေးဗျာ၊ ဘယ်သေချင်းဆိုးလဲ ငါ့ခြေထောက်နင်းတာ"

"ဟာ မတော်လို့ဗျာ"

"ဖယ်စမ်းကွာ"

"အရမ်းမတိုးနဲ့ဗျာ"

"တိုးတယ်ကွ"

"အစ် . . . အူး"

"ဝုန်း . . . ဗိုင်း"

"အောင်မလေးဗျ"

"ဟာ ဦးရီး . . . ဦးရီး"

"ဟင် ဒုက္ခပါပဲ၊ ရှင် ဘယ်လိုလုပ်တာတုံး"

"ဗျာ"

ဂျာအေးတစ်ယောက် ထန်းခေါက်ဖာကြီးနှင့် အတင်းတိုးဝှေ့ တိုးတက်လေရာ လူဝဝကြီးတစ်ယောက်နှင့်သူ အပေါက်ဝမှာ တစ်ဆို့နေ၏၊ ခုံဆီ အရင်ရောက်လိုဇော ပြင်းပြနေသဖြင့် ဂျာအေး၏ ခြေထောက်တစ်ဖက်က လူဝဝကြီး၏ ခြေခုံကို နင်းမိလေ၏။

ထိုအခါ လူဝဝကြီးက သူ့ကို ပစ်ပစ်ခါခါ ပြောဆိုရင်း ဂျာအေးနှင့် အတူ ယှဉ်ပြီး တိုးဝင်လိုက်ရာ ဂျာအေး၏ တံတောင်တွတ်ချက်ကြောင့် လူဝဝကြီးခမျာ ကားပေါ်မှ ပက်လက်လန်ကျလေတော့၏။

ရေဝပ်သည့်နေရာဖြစ်၍ ဖြူဖပ်ဖပ် တိုက်ပုံကြီး ရွှံ့ရေများနှင့် ညိမည်းသွား၏။ လူကလည်း ဝလွန်းလှသဖြင့် ဗွက်ထဲက တော်တော်နှင့် မထနိုင်ရှာချေ။ ထိုစဉ် မိန်းမချောလေးတစ်ဦးက လူဝကြီးကို အတင်းဆွဲထူရင်း ဂျာအေးကို ရန်တွေ့လိုက်၏။

ဂျာအေးခင်မျာ ကက်ကက်လန် ရန်တွေ့လာသော အမျိုးသမီးချောကလေးကို ကြည့်ရင်း ပါးစပ်အဟောင်းသားနှင့် ငေးမောနေ၏။ ညိုစိမ့်စိမ့်နှင့် သွယ်နုနုအသွင်ရှိသော မိန်းမချောလေး မျက်လုံးအစုံကလည်း သောက်ရူးကြွယ်စင်အလား။ သွားကလေးတွေကလည်း စီလို့။ နှုတ်ခမ်းကြာမုံကလည်း ကြာပဒုမ်အလား။ သူ့ ခေတ္တ မှင်သက်မိသွား၏။ ကားတံခါးဝတွင် ပြုတစ်ကြီးလုပ်နေသဖြင့် ခရီးသည်များ အော်ဟစ်ကုန်၏။

"ဟေ ဘာလုပ်နေတာလဲကွ"

"ငမ်းလှချည်လား"

"ဇကေန္တ ခေါ်တော စပ်ထင်တယ်"

"ဟုတ်ပ့ါကွာ၊ ဖယ်လေ တက်မှာဖြင့် တက်၊ ဆင်းမှာဖြင့်ဆင်း ကိုးရိုး

ကားရားနဲ့ကွာ တောက်"
"အာ ဟုတ် . . . ဟုတ်ကဲ့"
"ဘာဟုတ်ကဲ့လဲ၊ ကျွန်မ ဦးကြီးကို ရှင်လုပ်တာ အားလုံး ပေကုန်ပြီ"
"ဗျာ မတော်လို့ပါ ကျောင်းအမရယ်"
"ဘာကျောင်းအမလဲ၊ စကားပြောတာ ကြည့်ပြောနော်၊ အူတိအူကြောင် မလုပ်နဲ့"
"အားပါး လွှတ်စွာလှပါလား"
"ဇာင် ရှင်ကရော ဘာပြောတာလဲ"
"ဗျာ မ . . . မပြောပါဘူးဗျာ"
ဆိတ်ကုလား ဝင်နှောက်သော်လည်း ညိုချောကလေးက စွာတေးလေးဖြစ်သဖြင့် အင်တင်တင်နှင့် နှုတ်ပိတ်လိုက်ရ၏။ နောက်ဆုံး သူတို့နှစ်ဦး ကားပေါ်သို့ ရောက်ရှိလာပြီး တံခါးဝအနောက်ဘက် ထိုင်ခုံတွင် ဝင်၍ ထိုင်လိုက်ကြ၏။
အမျိုးသမီးငယ်နှင့် စောစောက လူဝကြီးမှာ ကားလက်မှတ်ဖြတ်သည့် ရုံထဲဝင်သွားပြီး တစ်အောင့်အကြာတွင် အဝတ်အစားလဲကာ ကားပေါ် ပြန်တက်လာ၏။ လူဝကြီးသည် နှာခေါင်းတိုတို၊ ပါးဖုံ့အစ်အစ်၊ ကုပ်သားထစ်ထစ်၊ နဖူးပြောင်ပြောင်မို့ ဖိုးဝရုပ်ကြီးနှင့် တူလှ၏။ ဂျာအေးကို မြင်သည်နှင့် မျက်စောင်းတခဲခဲ။ သူ့နောက်မှ ကပ်ပါလာသည့် ညိုချောကလေးနှင့် မိန်းမကြီးတစ်ဦးကလည်း ဂျာအေးကို မျက်စောင်းတခဲခဲ။
ဂျာအေး မျက်လုံး တစ်ချက် လှန်မကြည့်ရဲ။ သူတို့နှင့် တစ်ဖက်စားလွယ်ခုတ် ထိုင်ခုံတွင် ဝင်၍ ထိုင်လိုက်ကြ၏။ အမျိုးသမီးငယ်ကလေးက ခုထိ ပွစိပွစိ လုပ်နေတုန်းပင်။
"ဒုက္ခပါပဲ ဘယ်ပါပရွာက သတ္တဝါတွေနဲ့များ ရေစက်ပါလာပါလိမ့်"
"ဟုတ်ပ့ါ သမီးရယ်၊ လူကြီး လူကြီးမှန်းမသိ။ အသိတရားကလည်း ခေါင်ပါ့။ ယဉ်ကျေးမှုကလည်း ကင်းပါ့"
"ပြောမနေပါနဲ့ ကြော့စိန်ရာ၊ တူမကြီးလည်း မပြောနဲ့တော့။ ဒီ သူငယ်ရုပ်တွေက နွားရှေ့ ပလာတာချကျွေးတဲ့ရုပ်တွေ"
လူဝကြီးက ဇနီးသည်နှင့် တူမငယ်လုပ်သူကို ဟန့်လိုက်ပြီး ဂျာအေး

တို့ကို နှိမ်ပြော ပြောလိုက်၏။ ထိုအပြောကြောင့် ဂျာအေးရော၊ ဆိတ်ကုလားပါ ဒေါသတွေ ဖြစ်နေကြသည်။ ထို့ကြောင့်လည်း ဂျာအေး ရှုံးရှုံးရှဲ့ရှဲ့ ဖြစ်လာကာ လေသံကျယ်ကျယ်နှင့် ဆိတ်ကုလားကို ပြောလိုက်၏။

"ဟေ့ကောင် ဆိတ်ကုလား"

"အင် ဘာတုံး"

"ပလာတာလေးချပ် သွားဝယ်စမ်းကွ"

"ဘာ . . . ဘာလုပ်မလို့တုံး"

"သွားဝယ်စမ်းကွာ၊ ပလာတာ စားပြလိုက်ဦးမယ်"

"ဟင် ဒါဆို"

ဆိတ်ကုလားမှာ အူချာချာ ဖြစ်နေ၏။ ဂျာအေးက သူ့အိတ်ထောင်ထဲမှ နှစ်ရာတန်တစ်ရွက်ကို ထုတ်ပေးလိုက်၏။ ဆိတ်ကုလားသည် နှစ်ရာတန်ကိုင်ပြီး ကားပေါ်မှ ဆင်းသွားလေရာ ညီချောလေးက လူဝကြီးကို မျက်ရိပ်မျက်ကဲ ပြလိုက်၏။

"ဟား ဟား ဟား၊ ဒါဆို ဒီသူငယ်တွေ ပလာတာစားတတ်တယ်ဆိုရင်တော့ ဧကန္တ နွားမဖြစ်နိုင်ဘူး။ ဆိတ်တွေ ဖြစ်ရမယ်"

"ဗျာ ဟိုက ဦးကြီးက ကျုပ်ကို ဆိတ်လို့ ပြောတာလားဗျ။ ဆိတ်က ပလာတာ မစားဘူးဗျ။ ပလာတာကို လူရယ်၊ ပြီးတော့ အဲ လူရယ်"

"ဟား ဟား ဟား၊ တော်တော် ရယ်ရတဲ့ သူငယ်ပဲ။ ဆက်ပြောလကွာ။ လူရယ် ပြီးတော့ ဘယ်သူရယ်လဲ။ ဟို ဝုတ်ဝုတ် ဝုက်ဝုတ် ကောင်လား"

"အင်"

လူဝကြီးက သူ့ကို မကြားတကြား ပြောလာသဖြင့် ဂျာအေး အကြီးအကျယ် ခံစားနေရ၏။ ထိုအချိန် ဆိတ်ကုလား ရောက်လာ၏။ လက်ထဲ ပလာတာထုပ်ကြီး ကိုင်လာ၏။ မျက်နှာကလည်း ရှုသိုးသိုး။

"ရော့ကွာ"

"မစားတော့ဘူးကွာ"

"အင် ဒါဆို ဘာဖြစ်လို့ ဝယ်ခိုင်းသတုံးကွ"

"မပြောနဲ့တော့ကွ၊ ဒီပလာတာပြဿနာကို သမိုင်းချီပြောရင် ဖိုးဝရုပ်



ကြီး ရွှံ့ပေတဲ့ဇာတ်ပါ ပါလာမှာကွ”

“အင် ဘယ်ဖိုးဝရုပ်ကြီးလဲကွ”

“ဟဲဟဲ”

“ဟော့သူငယ်”

“ခင်ဗျာ”

လူဝကြီးက သူ့စောင်းပြောမှန်းသိသဖြင့် မကျေမချမ်း ဖြစ်နေ၏။ ထို့ကြောင့်လည်း ဂျာအေးကို လှမ်းခေါ်လိုက်၏။ ဆိတ်ကုလားမှာ ပြဿနာ မသေးလှတော့သည့် အခြေနေကို တွက်မိကာ ဂျာအေးဘေးနား ဝင်ထိုင်၍ လက်ကုတ်လိုက်၏။ ထိုစဉ် လူဝကြီး အသံထွက်လာ၏။

“မင်းက ငါ့ကို ဖိုးဝရုပ်လို့ ပြောသလား”

“ဗျာ ဟို ဦးလူဝကြီး”

“ဘာကွ ငါ့နာမည် ဦးလူဝ မဟုတ်ဘူးကွ။ ဖေမြစိန်ကွ ဖေမြစိန်၊ ဘာမှတ်သလဲ”

“ဩော် ဦးကြီး နာမည်က ဖေမြစိန်ဆိုတော့ အရင်တုန်းက ဇာတ်က ဖူးလို့လားဗျ”

“အေး၊ အဲ ဟုတ်ဖူး ဟော့သူငယ် မင်းစကားတွေက လူကြီးကို ဖိုးဝရုပ်လေး ဘာလေးနဲ့။ မင့်ကြီးဇော် ယောက်ျားများ အောက်မေ့နေသလားကွ”

“ဗျာ ကျွန်တော့် ကြီးတော်ယောက်ျားဆိုရင် ဦးကြီးတော့ ဆံပင်မွေး တစ်ပင်တောင် ကျန်မှာမဟုတ်ဘူးဗျ။ ပြီးတော့ ဦးကြီးက ဝတော့ ဆုံ ထောင်းခိုင်းမှာ သေချာသဗျာ ခွီး ခွီး”

“ခွီး . . . ခွီး”

ဆိတ်ကုလားရော ဂျာအေးပါ သူတို့အပြောကို ရယ်မောလိုက်ကြ၏။ ဦးဖေမြစိန် ဆိုသော အနှိပ်ပုဂ္ဂိုလ်ကြီးမှာ တရှုးရှုး ဖြစ်နေ၏။ တူမလုပ်သူ၊ ဇနီးသည်လုပ်သူတို့မှာလည်း ဂျာအေးကိုကြည့်ပြီး တောက်တခေါက်ခေါက် လုပ်နေကြ၏။ ပိုပေါက်ကွဲနေသူက လူဝကြီး ဖေမြစိန်။ မျက်နှာကြီးတွေ နီရဲဆူပွက်လာ၏။

“ဟော့သူငယ်၊ မင်း ဘယ်သူ့သားသမီးလဲ ပြောစမ်း။ လူကြီး လူကြီး မှန်းမသိနဲ့ တော်တော် စော်ကားပါလား”

"ဗျာ ဟို အဲ၊ ကျွန်တော့် အဖေနာမည်က ဦးကျောက်ဖားပါ။ အမေ
က ဒေါ်မြစိန်တဲ့ ဆုံးသွားရှာပြီဗျ။ ကျွန်တော် ရိုင်းသွားလို့လား ဦးကြီး"

"ရိုင်းလှသပေါ့ကွာ"

"ဟို အဲ ဒါဆို တောင်းပန်သဗျာ၊ တစ်လှေတည်းစီး တစ်ခရီးတည်
သွားမယ့်လူတွေဆိုတော့ ရန်ပွားတာ မကောင်းပါဘူး ဦးကြီးရယ် ဟဲဟဲ"

"ဘာကွ မင်း အရင် ပြဿနာရှာတာတော့ မပြောဘူးလားကွ"

"ဗျာ ပြဿနာ"

"ဟုတ်ပ"

"တော်ပါတော့ ကိုဖေမြရယ်၊ လူကြားမကောင်း သူကြားမကောင်း"

"ဟုတ်ပါ့တော် ဆက်မပြောနဲ့ ဦးကြီးမြဖေရယ်၊ ဘယ်က ကလေက
တွေမှန်း မသိဘဲ"

"အင်"

ညိုချောလေးဆီမှ ထွက်ပေါ်လာသော အသံကြောင့် ဂျာအေးရေ
ဆိတ်ကုလားပါ နင်သွား၏။ ဂျာအေး စိတ်ထဲတွင် သူလေးမျက်နှာ
ထောက်ပြီး အလျှော့ပေးလိုက်ရခြင်း ဖြစ်လေရာ ယခုတော့ ပိဿလေးနှ
ဘေးပစ်သလို ပြောရက်လှသော ညိုချောလေးကို လှည့်ကြည့်ရင်း ငေါ
စင်းစင်း ဖြစ်သွားလေ၏။

ထိုအချိန်တွင် ခရီးသည်များ တဖွဲဖွဲ ရောက်ရှိလာကြရာ တစ်ကား
လုံး ပြည့်ကျပ်သွား၏။ မိနစ် အနည်းငယ် အကြာတွင် ကားစခန်းမှ
ဝေါခနဲ မောင်းထွက်ခဲ့လေတော့၏။

ဝဝဝ

# အခန်း (၅)

ဂျာအေးတို့ နှစ်ဦးမှာ ကားရှေ့ခန်းတွင် ပြသနေသော ဗီဒီယိုကားကို မကြည့်နိုင်ပါချေ။ သူတို့ ဓားလွယ်ခုက်တွင် ထိုင်နေသော ညိုချောလေးကို တစိမ့်စိမ့် ကြည့်ရင်း တွတ်ထိုးနေကြလေ၏။

"အနိပ်လေးကွ"

"ဟုတ်ပ့ါကွာ ပြောရက်စရာ မရှိဘူး၊ မင်းက ပြဿနာ သွားရှာထားတော့ ခက်ပ့ါကွာ"

"ဩော် ဒါလည်း တစ်မျိုးကြီးပေ့ါကွာ။ ပြဿနာက ငါလုပ်တာ မဟုတ်ဘူးကွ။ ဟို ဖေမြစိန်ဆိုတဲ့ လူဝကြီးကွ"

"ရှူး တိုးတိုးပြောပါကွာ၊ ကြားသွားလို့ ပွဲဆက်နေပါဦးမယ်"

"အေး ဟုတ်သားပဲ၊ ဒီအချိန်မှာ ပွဲဆူလို့ မဖြစ်ဘူး။ ဟို အနိပ်ကလေးနဲ့ ဘာဘာညာညာ ဖြစ်ရင်ဖြစ်မှာကွ"

"ဟာကွာ မင်းကလည်း တွေ့သမျှ အချောအလှတွေ အကုန်ငမ်းတာပဲကိုး"

"ဟဲဟဲ ဒါကတော့ ဝါသနာပေ့ါ ဆိတ်ကုလားရာ။ ဧကန္တ ရေန်ချောင်းသူတော့ မဖြစ်နိုင်ဘူးကွ"

"အင် မင်းသိလို့လား"

"သိဖူးလေ၊ ဒါပေမယ့် သူတို့ ဝတ်စားထားတာကတော့ လွတ်ချမ်းသာမယ့်ပုံပဲကွ"

"ဟုတ်ပါ့ကွာ အဘွားကြီးရော၊ အဘိုးကြီးရော၊ ဟိုသူငယ်မလေးပါ ရွှေတွေက မြင်မကောင်းဘူး။ ကေ့နွဲ့ ပုဂံဘက် ဘုရားဖူးလာတယ်ထင်ပါ"

"အေး မင်းပြောတာ ဖြစ်နိုင်တယ် ဆိတ်ကုလားရ။ ဟိုမှာ ယွန်းဗန်း တွေ၊ ယွန်းချိုင့်တွေ မြင်လား"

"ဟုတ်ပါ့ကွာ"

နှစ်ဦးသား ကြိတ်ကြိတ် ကြိတ်ကြိတ် ပြောနေကြစဉ် ညှိချောလေးက သူတို့ဘက် လှည့်ပြီး မျက်စောင်းထိုးနေသဖြင့် နှစ်ယောက်စလုံး ငြိမ်ကျ သွား၏။ ထိုအချိန်တွင် အဝေးပြေးလမ်းမကြီးပေါ် မြင်းပေါက်ကြီးတစ် ကောင်လို ပြေးလွှားနေသော အဝေးပြေးကားကြီးသည် မကွေးမြို့သို့ ရောက်ရှိလာလေ၏။

ဆင်းသူတက်သူ ရှုပ်ထွေးနေသလို ကုန်တင်ကုန်ချကိစ္စနှင့် ကြန့်ကြာ မည် ဖြစ်သဖြင့် ခရီးသည်အားလုံး အောက်သို့ တစ်အောင့်တစ်နား ဆင်း ခဲ့ကြ၏။ ဂျာအေးတို့ နှစ်ဦးသည် ကားဂိတ်နှင့် အတော်လှမ်းလှမ်းရှိ လက် ဖက်ရည်ဆိုင်ထဲ ဝင်ခဲ့ကြပြီး အစာပြေ စားသောက်နေကြ၏။

ထိုအချိန်တွင် လက်ဖက်ရည်ဆိုင် နောက်ဖေးပေါက်မှ ထွက်လာ သော ဦးဖေမြစိန်တို့ မိသားစုကို တွေ့လိုက်ရသောအခါ ဂျာအေးတစ် ယောက် ပါးစပ်အဟောင်းသား ဖြစ်နေ၏။

ထိုစဉ် ဦးဖေမြစိန်က သူတို့ကို မြင်သွား၏။ မျက်ထောက်နီကြီးနှင့် လှမ်းကြည့်ပြီး ဆိုင်ထောင့်ရှိ ထိုင်ခုံပေါ် ထိုင်ချလိုက်၏။

"အောင်မလေးဗျာ"

"ဂွမ်း . . . ဒုန်း"

"ဟယ် ဦးကြီး"

"ဟားဟားဟား ခွီးခွီး"

"ဟင် ရှင် . . . ရှင်တို့"

"ဟာ"

"ရှင်တို့ မိုက်ရိုင်းလှချည်လား"

"အင်"

အဖြစ်အပျက် မထင်မှတ်ဘဲ ပေါ်ပေါက်လာသည်မို့ ဂျာအေး

ဘယ်လိုမှ ဣန္ဒြေမဆည်နိုင်။ တဟားဟား အော်ဟစ်ရယ်မောရင်း ပါးစပ်ထဲ ငုံထားသည့် လက်ဖက်ရည်များ အပြင်ကို ခုန်ထွက်ကုန်၏။ ဆိတ်ကုလားခမျာ ဂျာအေး ပါးစပ်ထဲမှ လွင့်စဉ်လာသော လက်ဖက်ရည်စက်များကြောင့် ဝတ်ထားသည့် အင်္ကျီလည်း ပေကျံကုန်၏။

အဖြစ်အပျက်လည်း မယုံနိုင်စရာပင်။ ဦးဖေမြစိန်သည် ဂျာအေးကို မျက်စောင်းတခဲခဲ လုပ်ပြီး ထိုင်ခုံပေါ် ထိုင်ချလိုက်ရာ ခုံတခြား တင်ပါးတခြား ဖြစ်ကာ သမံတလင်းပေါ် ဖွဲအိတ်ကြီးတစ်အိတ်လို ပြုတ်ကျသွားခြင်း ဖြစ်လေ၏။ ထိုအဖြစ်အပျက်ကို ကြည့်ပြီး တခွီးခွီး တခွားခွား ဖြစ်နေသော ဂျာအေးကို ညိုချောလေး မြင်တွေ့သွားရာ လက်ညှိုး တငေါက်ငေါက်နှင့် ရန်တွေ့နေ၏။ သူမ၏ စူးရဲရဲ အသံကလေးကြောင့် ဂျာအေး ငြိမ်သွား၏။

"ဟာ အစ်ကိုတို့ ဘာလုပ်လို့လဲ ကျောင်းအမရယ်"

"ဘာ ကျောင်းအမလဲ။ ရှင်တို့နော် လူကြီးကို နောက်လားပြောင်လားနဲ့"

"ဟာ ဟုတ်ရပါဘူးဗျာ"

"ဘာဟုတ်ရပါဘူးလဲ။ စောစောက တခွီးခွီးနဲ့ သဘောကျနေတာ ကောင်းလား"

"ဒုက္ခပါပဲ၊ ဒီလောက်လည်း အပြီးမကြီးပါနဲ့ ကျောင်းအမရယ်။ တစ်ကားတည်းစီးတွေပဲဟာ"

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့က အညာသား လူရိုးလူအတွေပါ။ အစ်မလေးက ကျုပ်တို့ကို ယုန်ထင်ကြောင်ထင် ဖြစ်နေတာပါ"

"အောင်မယ်၊ လူရိုးလူအတဲ့ ဟင်း"

ဆိတ်ကုလားက ကြားမှဝင်၍ ဖျောင့်ဖြော ပြောလိုက်သော်လည်း ညိုချောလေးက ဘဝင်မကျချင်။ နောက်ဆုံး ဂျာအေးတို့ လူစုလည်း သောက်စရာ စားစရာရှိသည်များကို စားသောက်ပြီး ကားပေါ် မြန်မြန် တက်ပြေးကြလေ၏။

ထိုအချိန်တွင် ဦးဖေမြစိန်ခမျာ တော်တော်နှင့် မထနိုင်ရှာပါချေ။ ခါးကြီးနှိပ်ကာ တအားအားနှင့် အော်ဟစ်နေပေ၏။ ညိုချောကလေးနှင့်

အမေလုပ်သူတို့ခမျာမှာလည်း သူကိုယ်လုံးကြီးကို မနည်းဆွဲထူနေရ၏။
သောက်စားပြီး ဆိုင်ထဲက အထွက်တွင် ဦးဖေမြစိန်၏ ပုံသဏ္ဌာန်မှာ အဘိုးကြီးအို ခါးကုန်းကုန်း ဖြစ်နေ၏။ ကားပေါ် ရောက်လာတော့ ဂျာအေးကို မျက်စောင်းလှည့်ထိုးသွား၏။ ထိုစဉ် ဂျာအေးက ရွှေပြည်အေးထိုးဇာတ်ခင်းလိုက်၏။

"တော်တော် နာသွားသလား ဦးကြီး"

"ဟေ နာတာပေါ့ကွ၊ နာရတဲ့အထဲ မင်းရယ်သံကြားတော့ ပိုဆိုးသကွ"

"ခွင့် . . . ခွင့်လွှတ်ပါ ဦးကြီး၊ ကျုပ် တောင်းပန်ပါတယ်"

"တော်စမ်းပါကွာ"

"ခါးနာသွားတယ်ထင်တယ်၊ ဒီ. . . ဒီဆေးလိမ်းလိုက်ပါလား ဦးကြီး"

ဆိတ်ကုလားက သူ့ကျောပိုးအိတ် ခပ်သစ်သစ်ထဲက ပုလင်းတစ်လုံးကို ထုတ်၍ ဦးဖေမြစိန်ကို လှမ်းပေးလိုက်၏။ ဦးဖေမြစိန်ကလည်း ဆိတ်ကုလားဆီမှ ဆေးပုလင်းကိုယူ၍ သူ့ခုံဆီ လျှောက်သွားပြီး ထိုင်ချလိုက်၏၊

ထို့နောက် ဆေးပုလင်းအဖုံးကို ဖွင့်၍ ရှူလိုက်၏။

"ဟာ နံလှချည်လားကွ၊ ဘာတွေတုံး"

"ဟို အဲ နွားကလေးကျင်ငယ်နဲ့ ဆိတ်ချေးကြိတ်ထားတာလေ ဦးကြီးရဲ့၊ ကောင်းတယ်ဗျ"

"ဘာကောင်းတာတုံးကွ"

"ဟို လေ . . . လေလေ ဦးကြီးရဲ့"

"အင် ငါက လေဖြစ်တာမှ မဟုတ်တာကွ။ ခါးနာတာ မင့်ဆေးလိမ်းလို့ ဖြစ်မလားကွ"

"အဲ ဟုတ်သား၊ ဟို လိမ်းကြည့်ပေါ့ ဦးကြီးရာ ပျောက်လိုပျောက်ငြားပေါ့"

"တော်စမ်းပါကွာ၊ ဒီလောက်နံတဲ့ဆေးတော့ မလိမ်းချင်ဘူး. . . ရွှဲ"

"ရှင်"

"ဦးကြီးကို လိမ်းဆေးရှိ ပေးစမ်းပါကွယ်"

"ဟုတ်ကဲ့ ဦးကြီး"

ရွှဲ ဆိုသော နာမည်ကလေးကြောင့် ဂျာအေး ခေါင်းထောင်သွား၏။ ဆိတ်ကုလားက လက်လှမ်းကုတ်နေ၏။ ဂျာအေး ဂရုမစိုက်နိုင်၊ ရွှဲ ဆိုသော ညိုချောလေးကို ပြုံးတီတီ လှမ်းကြည့်နေ၏။

"ဟော့ကောင် ဂျာအေး"

"အင်"

"လွန်ပါ့ကွာ"

"နာမည်လေးက ရွှဲ တဲ့"

"ဘာဖြစ်လဲ"

"လှလိုက်တာကွာ၊ လူနဲ့လိုက်ပါ့"

"ဒုက္ခပါပဲ၊ ဟိုက ကြားသွားရင် ပြဿနာ"

"မကြားပါဘူးကွာ၊ အင်း ဧကန္တ ငါနဲ့ရွှဲတို့ ရေစက်ပါလာပြီထင်ပါ့"

"ဟေ ဒုက္ခပါပဲ၊ မင်းမလည်း တွေ့သမျှကို ရေစက်ချည်းပဲ ပြောချင်သကိုး။ ကြည့်လည်း လုပ်ပါဦး ရေစက်ကြီးရာ။ အကြောင်းရေစက် မဖြစ်ဘဲ ရေတံခွန် ဖြစ်နေပါဦးမယ်"

"ဟာကွာ မင်းကလည်း အရေးထဲကွာ။ ရွှဲ . . . ရွှဲ ငါ့အသည်းထဲ စိမ့်သွားသလိုပဲ၊ လှလိုက်တာကွာ မတို့ရက် မထိရက်စရာပါလား ရွှဲရယ်"

"အင် ရောဂါက ပြင်းလာပြီ၊ ဆေးချက်မီပုံတော့ မပေါ်ဘူး။ ဟော့ကောင် ဂျာအေး"

"ဘာတုံးကွ"

"ဣန္ဒြေလေး ဘာလေး ဆည်ပါဦးကွာ"

"အဲ ဟို . . . ဟိုကွာ"

"ဘာဟိုလဲကွာ၊ ကြောင်တီးကြောင်တနဲ့ ပြဿနာ မရှာစမ်းပါနဲ့ကွာ။ တော်ကြာ အဲဒီ ရွှဲဆိုတဲ့ ကောင်မလေး လက်ဝါးက မင်းပါးပေါ် ရောက်လာရင် အခက်ကွာ"

"နိမိတ်မရှိ နမာမရှိကွာ၊ ဟော့ကောင် ဆိတ်ကုလား"

"ဘာတုံးကွ"

"ငါတော့ ရွှဲကလေး တွေ့လိုက်တာ မပန်းညိုတောင် မေ့တော့တော့ ဖြစ်သွားပြီကွ"

"အင် လွှန်ပါ့ကွာ"

သူတို့နှစ်ဦး ပြောဆိုနေစဉ် ရွှဲဘေးရှိ မိန်းမကြီးက ဦးဖေမြစိန်၏ ခါးကို ဆေးလူးပေးနေ၏။ ထိုအချိန်တွင် ရွှဲသည် ကားနောက်မှီကို ကျော ကလေးမှီ၍ မျက်စိမှိတ်ထားပေ၏။ ဂျာအေးသည် လှည့်ကြည့်လှည့်ကြည့် နှင့် ရွှဲကို အသားကုန် ငမ်းနေ၏။ ဆိတ်ကုလားခမျာ သူ့လူကို မနိုင်တော့ သဖြင့် လက်နက်ချလိုက်ရ၏။

ထို့ကြောင့်လည်း အသင့်ဝယ်လာသော ဒူးလား အိတ်စပို့ဘူးထုတ် ကာ စီးကရက်တစ်လိပ် ထုတ်၍ ဖွာရှိုက်နေ၏။ ထိုအချိန်တွင် အဝေးပြေး ကားကြီးသည် တောင်တွင်းကြီးကို ကျော်လွှန်ခဲ့ပြီ ဖြစ်၏။

ဆောင်းတွင်းကာလမို့ ကားလမ်းတစ်ဖက်တည်းရှိ သစ်ပင်ဝါးပင်တို့ မှာလည်း နှင်းရည်နှင်းစက်တို့ဖြင့် ရွှဲရွှဲစိုနေ၏။ ကားလမ်းနှင့် အတော် ဝေးဝေးတွင် ထနောင်းပင်၊ ထန်းပင်၊ ဆီးပင်အုပ်များကို တွေ့ရပေ၏။

ပြတင်းပေါက်မှ ဝင်လာသော လေထုက အေးစိမ့်လှသဖြင့် ဂျာအေး သည် မှန်တံခါး ထပိတ်လိုက်၏။ အမှောင်ထုကလည်း တစ်စတစ်စ မင်းမှု လာ၏။

ဂျာအေး၏ ရင်ထဲဝယ် ရွှဲသည် စိုးမိုးဖမ်းစားနေ၏။ တစ်ချို့ကွယ် တစ်မယ်မေ့သူလို့ မပန်းညို စွပ်စွဲလည်း ဂျာအေး ခေါင်းငုံ့ခံလိုက်မည်သာ ပင်။

ရွှဲ၏ အလှနှင့် မပန်းညို၏ အလှတို့ ယှဉ်လိုက်သော် သူ့မျက်စိထဲ ရွှဲက ပိုလှနေသလိုပင်။ ရွှဲဆိုသော ကောင်မလေး ဖမ်းစားမိသောကြောင့် သူ့ရွှေအိုးကြီးကိစ္စပင် မေ့တော့တော့ ဖြစ်နေ၏။

ဆိတ်ကုလားကလည်း အကြောင်းသိသူမို့ ဂျာအေးကို မနှောင့် ယှက်လိုတော့။ ထိုအချိန်တွင် အဝေးပြေးကားကြီးသည် တောရိပ်တောင် ရိပ်များကို ပတ်ကာကွေ့ကာနှင့် အရှိန်ဟုန်ပြင်းစွာ မောင်းနှင်နေ၏။

အမှောင်ရိပ်ကြောင့် မြင်ကွင်းအားလုံး မှုန်မှုန်ဝါးဝါး ဖြစ်လာချေ၏။ တရိပ်ရိပ် ပြေးလွှားနေသော ကားကြီးသည် တောင်ဆင်းကွေ့ တစ်ခုသို့ အရောက်တွင် ဝေါခနဲ ထိုးရပ်သွားလေရာ ခရီးသည် အားလုံး ခေါင်းတ ထောင်ထောင် ဖြစ်လာ၏။

ဒရိုင်ဘာလုပ်သူမှာ ရှေ့မှ ပိတ်ဆို့နေသော ထော်လာဂျီကြီး တစ်စင်းကြောင့် ဘရိတ်နင်းပြီး ဒက်စတော့ အုပ်လိုက်ရခြင်း ဖြစ်၏။

ထော်လာဂျီကြီးက ကားလမ်းကို ကန့်လန့်ဖြတ်ရပ်ပြီး ပိတ်ဆို့ထား၏။ သူတို့ စီးနင်းလာသော ကားကြီး ရုတ်တရက် ရပ်သွားသဖြင့် ခရီးသည်အချို့ ပွစိပွစိ ပြောဆိုနေကြ၏။ ထိုအချိန်တွင် လက်နှိပ်ဓာတ်မီး တဝင်းဝင်းထိုးကာ မျက်နှာကို အဝတ်စနှင့် ဖုံးထားသော လူငါးဦး ကားအနားသို့ ရောက်လာ၏။ လက်ထဲတွင်လည်း လုပ်သေနတ်နှင့် ဓားတွေ၊ လှံတွေ ကိုင်ထား၏။

မြင်ကွင်းကြောင့် ခရီးသည် အားလုံး ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြ၏။ ဒရိုင်ဘာနှင့် စပယ်ယာမှာလည်း မျက်လုံးပြူးမျက်လုံးဆန်ပြူး ဖြစ်နေ၏။ ထိုစဉ် မျက်နှာဖုံးရှင်များက ကားပေါ်သို့ အော်ကာငေါက်ကာ တက်လာ၏။

"အားလုံး ခေါင်းငုံ့နေကြစမ်း"

"ဟာ"

"ဟင်"

"အသံမထွက်နဲ့နော်၊ ကျုပ်တို့ ခင်ဗျားတို့ကို ဒုက္ခမပေးဘူး။ ကျုပ်လိုချင်တဲ့လူတွေ ခေါ်စရာရှိလို့"

အားလုံး တုပ်တုပ်မျှ မလှုပ်ရဲ။ အသံဗလံတွေ တိတ်ဆိတ်နေ၏။ ဆိတ်ကုလားနှင့် ဂျာအေးတို့ နှစ်ဦးမှာလည်း မျက်လုံးပြူး၊ မျက်ဆန်ပြူး ဖြစ်နေ၏။ ဂျာအေးသည် ပေါင်ပေါ်တင်ထားသော ထန်းခေါက်ဖာကြီးကို ထိုင်ခုံအောက်သို့ လျှောချလိုက်၏။

"ဒုန်း . . . ဂွမ်း"

"ဟာ ဘာသံလဲကွ"

"ဟို . . . ဟိုဟာတွေ"

"ဟာ နံလှချည်လား"

ငြိမ်သက်နေသော အခြေနေကြား ပုလင်းတစ်လုံး ကျကွဲသံနှင့်အတူ အသံဗလံများ ပေါ်ထွက်လာ၏။ ပုလင်းက ဆိတ်ကုလားနှင့် ဂျာအေးတို့ကြား ချထားသော ပုလင်း။ ပုလင်းသည် ဆိတ်ကုလား၏ လေဆေးပုလင်း

ဖြစ်ရာ ဆိတ်ချေးနံ့၊ နွားကျင်ငယ်ညှော်တို့ ပေါင်းစပ်ထားသဖြင့် ပုပ်အဲ့အဲ့ အနံ့ ထွက်ပေါ်လာပေ၏။

တစ်ကားလုံး နံစော်နေသဖြင့် အားလုံး ရှုံ့တွရှုံ့တွ ဖြစ်ကုန်၏၊ မျက်နှာဖုံး ဓားပြများမှာလည်း ပုလင်းကွဲသံကြောင့် ဂျာအေးတို့အနား ရောက်လာ၏။

"ဟေ့ကောင် ထစမ်း"

"ဗျာ၊ ဟို သူ . . . ကျွန်တော်"

"ထစမ်းဆို ထစမ်းကွာ"

"အင် ဟုတ် . . . ဟုတ်ကဲ့၊ ချမ်း. . . ချမ်းသာပေးပါ ဆရာရယ်"

"တိတ်စမ်း"

ခေါင်းဆောင်ဓားပြက ဂျာအေးကို အတင်း ထခိုင်းလိုက်သဖြင့် ဂျာအေး ကြောက်ကြောက်ရွံ့ရွံ့နှင့် ထလိုက်ရ၏။

"ဟာ ဆရာမိုး သူ . . . သူပဲ"

"ဟင် သေချာလား"

"သေချာတယ်ဗျ"

"ဟေ့ကောင်၊ မင်း ဂျာအေး မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ ချမ်း ချမ်းသာပေးပါ ဆရာရယ်။ တောသူတောင်သားဆို အရိုးများပါတယ် ဆရာရယ်"

"ဘာကွ ဘယ်လိုဖြစ်လို့ အရိုးများတာတုံး"

"ဟို အဲ၊ ကောင်းကောင်း မစားရလို့ပါဗျာ"

"ဩော်"

"ဆရာမိုး"

"ဟေ"

"ဓားပြတိုက်နေတာလေ၊ အင်တာဗျူးနေတာ မဟုတ်ဘူးဗျ"

"ငါ သိပါတယ် ချက်ကြီးရ"

မျက်နှာဖုံးတပ်ထားသော ချက်ကြီးဆိုသူ ဓားပြက ဂျာအေးကို မြင်သည်နှင့် တိုးတိုးကပ်ပြောလိုက်၏။ ချက်ကြီး၏ စကားကြောင့် ဂျာအေး မျက်နှာငယ်လေးနှင့် ဖြစ်နေ၏။ ဆိတ်ကုလားမှာလည်း ကြောက်လွန်းလှ



သဖြင့် ငြိမ်ကုပ်နေ၏။ ပါးစပ်ကလည်း တွေ့ကရာရှစ်သောင်းတွေ ရွတ်နေ၏။

"ဒီကောင်က ဘယ်သူလဲ"

"ဗျာ၊ ကျုပ် . . . ကျုပ် ဆိတ်ကုလားပါ မစကြီး။ အဲလေ ဓား . . . ဓားပြကြီးရယ်၊ ဟို ကျုပ်ကို ချမ်းသာပေးပါနော်"

"တိတ်စမ်း ဘယ်မှာလဲ အထုပ်"

"ဗျာ ဘာထုပ်လဲ ခင်ဗျ"

ဂျာအေးက စူတိအကြောင်းနှင့် မေးလိုက်၏။ ဂျာအေး စကားကြောင့် ဓားပြခေါင်းဆောင် ဆရာမိုးသည် ပွစိပွစိ ဖြစ်လာ၏။

"ယီးတီးယားတား မလုပ်နဲ့နော်၊ ငါ သတင်းရပြီးသားကွ"

"ဘယ် ဘယ်သူ သတင်းပေးတာလဲ ခင်ဗျာ"

"ကြာရိုး၊ ဟာ ဒုက္ခပဲ ဟေ့ကောင် မင်း ပါးစပ်ပိတ်ထားစမ်း။ အမေးအမြန်း မထူနဲ့ ဘယ်မှာလဲ အထုပ်"

"ဘာအထုပ်လဲ ဆရာကြီးရယ်၊ ကျုပ်မှာ အထုပ်ဆိုလို့ မုန့်ဖက်ထုပ်ပဲ"

"တိတ်စမ်း"

"ဗျာ ဟုတ် ဟုတ်ကဲ့ တိတ်ပါ့မယ်"

"ဟေ့ကောင် ဆိတ်ကုလား အထုပ်ကော"

"ဒီမှာပါ ဆရာ"

"ဘာလဲကွ"

"ဟို ပ . . . ပလာတာ အထုပ်လေ"

"ဘာကွ၊ ငါလေ . . ."

"ဟာ မ . . . မလုပ်ပါနဲ့ဗျာ၊ ဆရာက အထုပ်ဆိုတော့"

"မင်းတို့နှစ်ကောင် ငါ့ကို ဘာများမှတ်သလဲကွ"

"ဟုတ် . . . ဟုတ်ကဲ့၊ ဆရာက ဓားပြကြီးပါ။ ဒါ . . . ဒါပေမယ့် ဆရာက ဓားပြသာဆိုတယ် လက်ထဲမှာ သစ်သားသေနတ်ကြီးနဲ့ဆို"

"ဟာကွာ၊ ဘယ်လို သတ္တဝါတွေနဲ့ လာတိုးနေပါလိမ့်။ ဟေ့ကောင် ချက်ကြီး ရှာစမ်းကွာ"

"ဟုတ်ကဲ့"

ချက်ကြီးက သူတို့ ထိုင်ခုံအောက် မွေ့နှောက်ရာ ထန်းခေါက်ဖာကြီး တစ်လုံး တွေ့လိုက်ရသဖြင့် ဆွဲထုတ်လိုက်၏။ ထိုစဉ် ဓားပြခေါင်းဆောင် ဆရာမိုးသည် ရွှဲတို့လူစုကို ကြည့်ရင်း မျက်စိမျက်နှာ ဝင်းလက်သွား၏။

"ဟာ ရွှေပုံကြီးပါလား၊ ခင်ဗျားတို့ ထကြစမ်း"

"ဗျာ ကျုပ် . . . ကျုပ်တို့က လူကောင်းတွေပါ မောင်ရင်ရယ်"

"ဟာ ခင်ဗျားကြီးကို လူဆိုးလို့ ပြောတာမှ မဟုတ်ဘဲ။ ဟိုကလေးမ ရော၊ ဟိုအဘွားကြီးရော ထစမ်း"

ထိုစဉ် ခုံအောက်မှ ထွက်လာသော ချက်ကြီးက လှမ်းပြောလိုက်၏။

"တွေ့ပြီ ဆရာရေ၊ ဟို ဖာစုတ်ကြီးဗျ"

"ဘာကွ အဲဒါ ငါက ဘာလုပ်ရမှာတုံး"

"ဟာ ဆရာမိုးကလည်း အဲဒီထဲမှာ"

"ဩော် ဩော်၊ ကဲကဲ ဂျာအေးရယ်၊ ဆိတ်ကုလားရယ်၊ ပြီး ဟိုလူကြီး မိသားစုပါ ဆင်းကြစမ်း။ ရှုတ်ရှုတ်သဲသဲတော့ မလုပ်နဲ့နော်။ ဒီမှာတွေ့ လား"

"ဗျာ တွေ့ တွေ့ပါတယ် ဆရာရယ်၊ ဟို သေနတ် . . သေနတ်ကြီး"

"ဘာကွ ငါကွာ"

"ဟာ မ . . . မလုပ်ပါနဲ့ ဆရာရယ်"

ဂျာအေးတစ်ယောက် ပြောမိပြောရာ ပြောရင်း ဆိတ်ကုလားနှင့် အတူ ကားပေါ်မှ ဆင်းခဲ့ကြ၏။ သူတို့နောက်မှ ဦးဖေမြစိန်တို့ မိသားစု ဆင်းလာ၏။ ဓားပြခေါင်းဆောင်သည် သူ့လူများကို အချက်ပြလိုက်၏။ ထိုအခါ လမ်းပိတ်ရပ်ထားသော ထော်လာဂျီကို ဖယ်ပေးလိုက်ပြီး ကားကြီး ကို ထွက်ခွင့်ပြုလိုက်လေ၏။

ဂျာအေးတို့ လူစုမှာ အမှောင်ထဲတွင် လည်တည်တည် ဖြစ်နေကြ ၏။ ထိုစဉ် ဓားပြခေါင်းဆောင်က သူတို့ကို ထော်လာဂျီပေါ် တက်ခိုင်း လိုက်၏။

"ဆရာ၊ ဟို ဒီထော်လာဂျီနဲ့ ရန်ကုန်ကို လိုက်ပို့မှာလားဟင်"

"ဘာကွ"

"ဗျာ ဟို . . . ဟို"

"တိတ်စမ်း အားလုံး ကားပေါ်တက်၊ ပါးစပ်ပိတ်ထားနော်။ မပိတ်ရင် အသေပဲ၊ တက်ကြ။ ဟော့ကောင် ချက်ကြီး"

"ဗျာ"

"ရှုတ်ရှုတ်လုပ်ရင် မညှာနဲ့ကွ"

"စိတ်ချ ဆရာ၊ ဓားပြလုပ်စားတာလာ ကြာပါပြီ ဆရာမိုးရယ်။ ဒီကိစ္စ အီးစီးပါ"

"ကြွားပါ့ကွာ၊ ဟိုဖာစုတ်ကြီးရော"

"ဒီမှာလေ"

"အထဲမှာ ပစ္စည်းပါရဲ့လား"

"ပါမှာ ကျိန်းသေပါတယ်ဗျာ"

"ကဲ မောင်းဟေ့"

ထော်လာဂျီကြီး၏ စက်နှိုးသံက တဂျောင်းဂျောင်း တဂျုန်းဂျုန်း ပေါ်လာ၏။ ဂျာအေးတို့ လူစုမှာ နောက်တွဲယာဉ်ကလေးပေါ်တွင် ကြောင်စီစီ ထိုင်နေကြ၏။ ထိုစဉ် ထော်လာဂျီကြီးသည် တောင်စောင်းလမ်းအတိုင်း တဂျိုင်းဂျိုင်း အသံပေး၍ မောင်းထွက်သွားလေ၏။

ဂျာအေးမှာ ဓားပြခေါင်းဆောင် ပါးစပ်မှ လွှတ်ခနဲ ထွက်လာသော စကားကြောင့် ခပ်ထွေထွေ ဖြစ်သွား၏။ ကြာရိုး ဆိုသူမှာ သူတို့ရွာသား၊ ဆွေနီးမျိုးစပ်လည်း တော်၏။ ဘဝကို ထင်ရာမြင်ရာ စိုင်းနေတတ်သူ ဖြစ်ပြီး အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက် စသည့် မကောင်းမှုမှန်သမျှ လုပ်တတ်ကိုင်တတ်သူ ဖြစ်၏။

ယခုလည်း သူ့သတင်း ကြားသွားသဖြင့် ဓားပြများကို သတင်းပေးလိုက်တာ ဖြစ်မည်ဟု တွေးမိလေ၏။ အမှန်မတော့ ကြာရိုး သိအောင် သူပဲ ပြောခဲ့ခြင်း ဖြစ်၏။ ခုတော့ သူ့စကားနှင့်သူ ခံလိုက်ရပြီမို့ သူ့ကိုယ်သူ မကျေမချမ်း ခံစားရသလို ကြာရိုးကိုလည်း ဒေါသထွက်နေ၏။

ထိုအချိန်တွင် ဦးဖေမြစိန်တို့ လူစုမှာ ချိုင့်တွေ၊ ကုန်းတွေကြား ဆင်းလိုက်တက်လိုက်နှင့် တဂျုန်းဂျုန်း တဂျောင်းဂျောင်း မောင်းနေသော ထော်လာဂျီ နောက်ဘက်တွဲယာဉ်ထဲတွင် လူးကာလိမ့်ကာ ဖြစ်နေ၏။

အမှောင်ထုကလည်း ပိန်းပိတ်နေ၏။

ဒရိုင်ဘာနေရာတွင် ဓားပြသုံးဦးရှိပြီး နောက်ဘက်တွဲယာဉ်ပေါ်တွင် ဓားပြနှစ်ဦး ပါရှိသဖြင့် သူတို့အားလုံး တုတ်တုတ်တောင် မလှုပ်ရဲ ဖြစ်နေကြ၏။

ရွှဲခမျာမှာလည်း ကြောက်လွန်းလှသဖြင့် မျက်ရည် တစမ်းစမ်းနှင့် ငိုကြွေးနေ၏။ ရွှဲ၏ ငိုသံကြားရသောအခါ ဂျာအေး ရင်ထဲ ပေါက်ပေါက်ကွဲကွဲ ခံစားနေပေ၏။

"မငိုပါနဲ့ ရွှဲရာ၊ ကျုပ်တို့လည်း ပါသား . . ."

"ဟေ့ကောင်"

"ဗျာ ဦးကြီး"

"မင်း ငါ့သမီးကို ရွှဲလို့ ခေါ်စရာ မလိုဘူးကွ"

"ဟာဗျာ ဦးကြီးကလည်း အရေးထဲမှာ ဈေးကိုင်နေပြန်ပြီ။ ဒီအချိန်မှာ အားပေးစကား ပြောရမှာဗျ"

ဂျာအေးက ညောင်နာနာ အသံနှင့် ဦးဖေမြစိန်ကို လှမ်းပြောလိုက်၏။ ထိုစဉ် ဓားပြချက်ကြီးက ဂျာအေးကို မီးဝင်းဝင်းတောက်သည့် အကြည့်နှင့် ကြည့်ကာ ပြောလိုက်၏။

"ဟေ့ကောင်"

"ဗျာ"

"မင်းကိုယ်မင်း ပျော်ပွဲစား ထွက်လာတယ် အောက်မေ့နေသလား ကွ"

"ဟာ ဆရာကလည်း ရောက်တဲ့အရပ် ပျော်အောင်နေလို့ ကျုပ် အဘက မှာထားတာဗျ"

"ဘာကွ၊ အရူး"

"ဒါကတော့ ပုထုဇနော ဥမ္မာတကောပေါ့ ဆရာရယ်။ ဆရာ ပုံ ကလည်း အမှောင်ထဲမှာ မျက်နှာဖုံးကြီးနဲ့ ဘယ်သူမှ မမြင်ရပါဘူးဗျာ"

"ဟေ့ကောင် ဘာတွေ လျှောက်ပြောနေတာလဲ၊ မင်းပါးစပ် ပိတ်ထား စမ်း။ ခု မင်းတို့ကို ပြန်ပေးဆွဲလာတာကွ"

"ဗျာ ပြန်ပေးဆွဲတယ်၊ ဟို ဘာလုပ်ဖို့လဲဗျာ။ ကျုပ်ကို ဘယ်သူ

လိုက်ရွေးမှာ မဟုတ်ဘူးဗျ”

“ဟာကွာ၊ ဒီကောင် တော်တော် လက်ပေါက်ကတ်တဲ့ကောင်ပဲ။ တိတ်စမ်း”

“ဟုတ်ကဲ့ တိတ်ပါ့မယ်ဗျာ”

ဂျာအေး အသံတိတ်သွား၏။ ဆိတ်ကုလားကတော့ ကြောက်လွန်းလှသဖြင့် ဒူးတွေပင် ဆတ်ဆတ်တုန်နေ၏။ ရွှဲတို့လူစုမှာလည်း အမှောင်ထဲ မျက်စိသူငယ် နားသူငယ်နှင့် ဖြစ်နေ၏။ ထိုအချိန်တွင် ဧထော်လာဂျီကြီးသည် ချောင်းစပ်နား ထိုးရပ်သွားပြီး သူတို့လူစုကို နောက်တွဲယာဉ်ပေါ်မှ ဆင်းခိုင်းလိုက်၏။

ဂျာအေးမှာ ရွှဲ ယာဉ်ပေါ်မှ ဆင်းမည်အလုပ်တွင် စိုးရိမ်စိတ်ကြီးစွာနှင့် ချီပိုးရန် ပြင်လိုက်၏။ ထိုမြင်ကွင်းကို ဦးဖေမြစိန် ပေါက်ကွဲသွား၏။

“ဟေ့ကောင် ဖယ်စမ်း၊ မင်းက ပိုင်စိုးပိုင်နင်းနဲ့”

“ဩော် ဦးရယ်၊ တစ်ဦးမေတ္တာ တစ်ဦးမှာတဲ့”

“ဘာကွ အရှူး၊ ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး။ ခေါးပြတိုက်ခံရပါတယ်ဆိုမှ ဒင်းက ပေါကြောင်ကြောင် လုပ်နေတယ်”

“ခွင့်လွှတ်ပါ ဦးကြီးရယ်၊ ချစ်လာရင် ပေါကြတာပဲ”

“အင်း မင်း . . . မင်း ဘာပြောတာလဲ၊ ဘယ်သူ့ကို ချစ်တာလဲ ပြောစမ်း”

“ဦးကြီးကို၊ အဲလေ . . . ”

“ဟိတ်ကောင်”

“ဟေ့လူတွေ တိတ်ကြစမ်း၊ ခေါးပြတိုက်ပါတယ်ဆိုမှ အားလုံး အူကြောင်ကြောင် လုပ်နေတယ်။ လိုက်ခဲ့စမ်း”

“ဘယ်ကိုလဲ ဆရာ၊ မှောင်လွန်းတော့ မြွေပါးကင်းပါး”

“တိတ်စမ်းကွာ၊ ငါ့နောက်လိုက်ခဲ့ကြ”

“ဒုက္ခပါပဲ အဘရေ၊ ကျုပ်တော့ ရေတိမ်နစ်ပြီ ထင်ပါရဲ့”

“ဟေ့ကောင် ဂျာအေး”

“ဘာလဲ ဆိတ်ကုလား”

“မင်း မင်းလုပ်တာ ငါတို့ အနာခံရမယ့်ကိန်းကွ။ ပါးစပ်ပိတ်ထားစမ်း

ပါကွာ"

"အေးပါကွာ၊ ပိတ်ဆိုလည်း ပိတ်ထားပါ့မယ်"

ဂျာအေးတစ်ယောက် ဆိတ်ကုလား သတိပေးမှုကြောင့် ပါးစပ်ပိတ်သွား၏။ ထိုအချိန်တွင် မားပြအဖွဲ့သည် သူတို့ကို ချောင်းအထက်ဘက်ရှိ တဲကြီးတစ်လုံးဆီသို့ ခေါ်ဆောင်သွားကြလေ၏။

၉၉၉

## အခန်း (၆)

အမှောင်ထုကလည်း တဲပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်နေ၏။ ဂျာအေးတို့ လူစုကို တဲအမိုးအောက် မြေပြင်ပေါ်တွင် ကြိုးတုပ်ထား၏။ ဖြုတ်တွေ၊ ခြင်တွေကလည်း တသောသော။

ပိုးမွှားပေါင်းစုံ၏ အော်သံ၊ ငှက်ကလေးအုပ်များ၏ အော်သံဟစ်သံများကိုလည်း ကြားနေရ၏။ ရွှဲတို့မိသားစုခမျာ တောထဲတောင်ထဲ အတိဒုက္ခရောက်နေသော သူတို့ဘဝကို သူတို့တွေးရင်း အကြီးအကျယ် ကြေကွဲနေကြ၏။ ထိုအချိန်တွင် ဓားပြအဖွဲ့သည် တဲပေါ်တက်ကာ အရက်ဝိုင်းဖွဲ့၍ သောက်နေကြ၏။

ဂျာအေးသည် သူ့အတွက်သူ မစိုးရိမ်ဘဲ ရွှဲအတွက် သောကရောက်နေ၏။ ခြင်တွေ၊ ဖြုတ်တွေကြား ရွှဲတစ်ယောက် ဒုက္ခရောက်နေတော့မည်ကို တွေး၍ အပူမီးတောက်နေပေ၏။

"ဒုက္ခပါပဲကွာ၊ ရွှဲကလေးတော့ ဒုက္ခပါပဲကွာ"

"ဟာ မင်းကလည်း အရေးထဲ ရွှဲနေရပြန်ပြီ"

"ဩော် ဆိတ်ကုလားရယ်၊ ငါနဲ့သူနဲ့က နဖူးစာပါလာပြီလေကွ။ ဒီတော့ အပူကြီး ပူရပြီပေါ့ကွ"

"ဒုက္ခပါပဲ၊ ဒီလောက် သေရေးရှင်ရေး ပြဿနာတွေ ကြုံနေတာတောင် မင်းက ချစ်နိုင်တုန်းပဲလားကွ"

"ဩော် ဆိတ်ကုလား . . . ဆိတ်ကုလား၊ အချစ်ကို နကန်းတစ်လုံး

တောင် မသိတဲ့ ဒုံးသမား ပြောမှာပေါ့ကွာ။ မှတ်ထားကွ သေတဲ့လူကို ပြန်ရှင်နိုင်တာ အချစ်ကွ"

"အင် ဒါဆို မင်းအချစ်က သရဲလိုလို တစ္ဆေလိုလိုပေါ့"

"အေး၊ ဟာ မဟုတ်တာကွာ။ ငါ ပြောတာ အစွမ်းရဲ့ စွမ်းပကားကို ပြောတာကွ။ ခုလည်း ငါဟာ ဓားပြလက်ထဲ အသက်ငင်နေပေမယ့် အချစ်ရှိနေတော့ ဟိုကွာ ခွန်အားတွေ ပြည့်မောက်နေသလိုပဲ"

"လွန်ပါ့ကွာ"

ဆိတ်ကုလားတစ်ယောက် ဂျာအေး၏ စကားကြောင့် စိတ်ပျက် လက်ပျက် ဖြစ်သွား၏။ ထိုအချိန်တွင် ဂျာအေးသည် အမှောင်ထဲတွင် ရိုးတိုးရိပ်တိပ် မြင်နေရသော ရွှဲကလေးကို မှန်းပြီး အားပေးစကား ပြော လိုက်၏။

"ရွှဲ ဘာမှ မကြောက်နဲ့ဗျ။ ကျုပ် ရှိတယ်နော်၊ မကြောက်နဲ့"

"အောင်မယ် မင်းကများ ဘာလုပ်နိုင်လို့လဲကွ။ ကိုယ့်ကိုယ်ကိုယ် တောင် အလွတ်မရုန်းနိုင်တဲ့ ကောင်ကများ"

"ဟာ ဦးကြီးကလည်း အထင်သေးလိုက်တာဗျာ။ ဇနက္ကမင်းသား သမုဒ္ဒရာထဲ မျောပေမယ့် ဖွဲ့ရှိတော့ မေခလာ ပေါ်လာသလိုပေါ့ဗျာ"

"ဘာတွေလဲကွ၊ ဘာမှ မဆိုင်ဘူး။ မေခလာတော့ လာမှာ မဟုတ် ဘူးကွ၊ မေမသာကြီးပဲ ပေါ်လာမှာကွ"

"ဗျာ မေမသာ၊ ဒီနာမည် သမိုင်းထဲမှာ မကြားဖူးပါဘူး။ ဘာလဲ အဝတ်လျှော် ကုလားမလား ဦးကြီး"

"ဟေ့ကောင် မင်း ပါးစပ်ပိတ်ထားစမ်းကွ၊ ဒီမှာ စိတ်ညစ်နေရတဲ့ အထဲ"

"မပူပါနဲ့ ဦးကြီးရယ်၊ ကျုပ် တစ်ယောက်လုံး ရှိနေပြီပဲဟာ"

"တော်စမ်းကွာ၊ ရူးသလိုလို ပေါသလိုလို ကောင်ကများ"

ဦးဖေမြစိန် တစ်ယောက် ဂျာအေး စကားကြောင့် တရှူးရှူး ဖြစ်နေ၏။ ထိုအချိန် ဓားပြခေါင်းဆောင် ဆရာမိုးဆိုသူ ရောက်လာ၏။ အသွင် ကလည်း အတော်ကလေး သောက်စားထားပုံရ၏။ ယိုင်ထိုးယိုင်ထိုးနှင့် သူတို့တဲအနီးသို့ ရောက်လာလေ၏။ ဦးဖေမြစိန်တို့ လူစုမှာ ကြောက်လွန်း

လှသဖြင့် ငြိမ်တုပ်နေကြ၏။ ထိုစဉ် ဆရာမိုး၏ ကွဲအက်အက် အသံကြီး ပေါ်လာလေ၏။

"ဂျာအေး ဆိုတဲ့ကောင် ထစမ်း"

"ဗျာ"

"ဂျာအေးကို ပြောတာ၊ ခု ထရပ်တာ ဘယ်သူလဲ"

"ကျွန်တော် ဆိတ်ကုလားပါဗျာ"

"ဟာ ဆိတ်ကုလားတွေ၊ ဆိတ်တရုတ်တွေ ငါမလိုချင်ဘူး။ ဘယ်မှာလဲ ဂျာ . . . ဂျာအေး"

"ဟုတ်ကဲ့၊ ဂျာအေးဆိုတာ ကျွပ်ပါပဲဗျ"

ဆိတ်ကလား ရှုးကြောင်မူးကြောင်နှင့် ထရပ်လိုက်ရာ ဆရာမိုးက အော်ငေါက်လိုက်သဖြင့် ချက်ချင်း ပြန်ထိုင်ချလိုက်၏။ ဂျာအေးသည် သူ့နာမည် ခေါ်သံကြောင့် ထိုင်ရာမှ ဖျတ်ခနဲ ထရပ်လိုက်၏။ ထိုအခါ ဆရာမိုးက . . .

"လက်ပိုက်စမ်းကွာ"

"ဗျာ၊ စာသင်မလို့လား"

"အေး၊ ဟာ ဟေ့ကောင် မင်း ပါးစပ်ပိတ်ထားစမ်းကွာ။ ငါ မေးတာဖြေ"

"ဘာဖြေရမှာလဲ ခင်ဗျာ"

"မင်းဆီမှာ ပါလာတဲ့အထုပ်"

"ဘာထုပ်လဲ ပလာတာထုပ်လား"

"အေး၊ ဟာ ဘာတွေလဲကွာ ငါ့ကို ဘာများမှတ်နေလဲကွ။ ဗိုမိုး ဆိုတာ ဒီတစ်ပိုင်မှာ လှိုင်နေတာ သိရဲ့လား။ ဟားဟားဟား ဟူးဟူးဟူး ဒီမှာတွေ့လား ဒါ ဘာလဲ မင်းသိလား"

"ဗျာ ဟို သစ်သား"

"ဘာကွ၊ တောက် ငါ ပစ်ထည့်လိုက်ရလို့ကွာ။ သေတော့မယ်"

"ဟာ ချမ်း . . . ချမ်းသာပေးပါ ဆရာရယ်၊ ကျွန်တော် လူပျိုကာလသားလေးပါ"

"ဘာလုပ်ရမှာတုံးကွ၊ ငါက သန်းခေါင်စာရင်းစစ်နေတာ မဟုတ်

ဘူးကွ။ ကဲ ပြောစမ်း အဲဒီ အထုပ်ကို ဘယ်ကရသလဲ"
"ဗျာ၊ ဟို အဲဒီ အထုပ်ဆိုတာ ဘာထုပ်ကိုမေး မေးတာလဲ ဆရာ ရယ်။ ကျွန်တော်တော့ နားကို မရှင်းဘူးဗျာ"
"အင် ဟော့ကောင် မင်းကိုယ်မင်း ဇာတ်လိုက်များ အောက်မေ့နေသလားကွ"
"ဗျာ"
"ခုအချိန်မှာ မင်းဟာ ငါ့ရဲ့ အကျဉ်းသမား ဖြစ်နေပြီကွ။ အဲဒါကို ရော သတိထားမိရဲ့လား။ ဟင်းဟင်း ငါ့ကို ဒေါသထွက်အောင် မလုပ်နဲ့ နော်။ မိုးကြိုးဆိုတာ အညှိုးမီးတောက်ရင် မင်းတောင် ပြာကျသွားနိုင်တယ် ကွ"
"ဟာ မဖြစ်နိုင်တာဗျာ"
"အင် ဟော့ကောင် ဘာနောက်တီးနောက်တောက် လုပ်နေတာလဲ ကွ။ မင်း ငါ့လက်သံ မသိသေးဘူးထင်တယ်"
"ဗျာ ဘာလက်သံလဲ ဆရာရယ်၊ မယ်ဒလင်လက်သံ ဆိုရင်တော့ ဆရာ ကျွန်တော့်ကို"
"ဟော့ကောင် တိတ်စမ်း၊ အင် ငါ ဒေါသတွေ ထွက်လာပြီနော် ဟင်း ဟင်း"
"ဒေါသ မထွက်ပါနဲ့ ဆရာရယ်။ ဒေါသကြီးရင် ကျောကမီးတောက်၊ ခြေထောက် မြွေကိုက်၊ ပိုက် နွားဝှေ့"
"ဟင် ဘာတွေတုံး . . . ဘာတွေတုံးကွ၊ ကဲကွာ"
"ဝုစ်"
"ဒုတ်"
"အောင်မလေးဗျာ၊ ကွဲပါပြီ"
ဓားပြခေါင်းဆောင်ကြီး စိတ်ဆိုးလာကာ လုပ်သေနတ်ကြီးနှင့် ပစ် ထည့်လိုက်လေ၏။ ပစ်ပုံပစ်နည်းက ခလုတ်တစ်ချက် မနှိပ်ဘဲ ပစ်ပေါက် လိုက်ခြင်း ဖြစ်ပေရာ ကျာအေး နဖူးကို ဒက်ထိမှန်၍ ဖင်ထိုင်လျက်သား လဲကျသွားလေတော့၏။
"မှတ်ပလားကွ"

"အဲ . . . အဲဒါ သေနတ်နဲ့ ပစ်တာလား ဆရာ"

"ဘာကွ မင်းကများ ပြောရတယ်ရှိသေး"

"ဟို ချမ်းသာပေးပါ ဆရာရယ်"

"ဘာချမ်းသာပေးရမှာလဲ၊ မင်းကိုမင်း ချီပါသားများ အောက်မေ့နေသလား"

"မဟုတ်ပါဘူး ဆရာရယ်၊ ရေနံချောင်းသား"

"တိတ်စမ်း ငါလာတဲ့ကိစ္စတောင် မေ့သွားတယ်။ ဟေ့ကောင် ဂျာအေး"

"ဗျာ"

"အဲဒီ ပစ္စည်းကို မင်း ဘယ်သူပေးတာလဲ ပြောစမ်း"

"ဗျာ ဘာ . . . ဘာပစ္စည်းလဲ ဆရာ"

"ရွှေအိုးကြီးလေကွာ၊ မင်းကို ဉစ္စာစောင့်မ တစ်ယောက်ယောက်က ပေးတာဖြစ်ရမယ် ဟုတ်လား"

"ဉစ္စာစောင့်မ ဟို ချောချောလေးလား၊ ဒါ. . . ဒါဆို ရွှဲပဲ ဖြစ်ရမယ်"

"ဟင် ဘယ်က ရွှဲလည်း ပြောစမ်း၊ အဲဒီ ဉစ္စာစောင့်မလေးနဲ့ မင်းက အဆက်အသွယ်တွေ ရှိလား"

"ဟေ့ကောင် ဂျာအေး"

"ဗျာ ဦးကြီး"

"မင်း ဘာမဟုတ်တရုတ်တွေ ပြောနေတာလဲကွ"

ဂျာအေး၏ အသံကြောင့် ဦးဖေမြစိန် အကြီးအကျယ် ဒေါပွသွား၏။ ထို့ကြောင့်လည်း အော်ဟစ်ပြောဆိုလိုက်လေရာ ဓားပြဗိုမိုး ဦးဖေမြစိန်ဘက် လှည့်သွား၏။

"ဟေ့လူကြီး ခင်ဗျား ဘာပြောသတုံးဗျ"

"ဟင် ဟို . . . ဟိုသူငယ်"

"ဘယ်သူငယ်လဲ"

"ဂျာ . . . ဂျာအေးပါ ဆရာရယ်၊ ကျုပ် . . . ကျုပ်တူမလေး ရွှဲကို မဟုတ်ကဟုတ်ကတွေ ပြော"

"ဩော် ခင်ဗျား တူမလေး နာမည်က ရွှဲတဲ့လား၊ ကောင်းပါ့ကွာ။

ခင်ဗျားကြီးကရော သိုက်ဆရာလား"

"ခင်ဗျာ၊ မ . . . မဟုတ်ပါဘူး ဆရာရယ်"

"ဒါဆို ခင်ဗျားတို့ ကိုယ်ပေါ်မှာ ရွှေတွေ များလှချည်လား ပြောစမ်း"

"အဲ . . . အဲဒါ အိမ်မှာ ရှိသမျှ ထုတ်ဝတ်ခဲ့တာပါ ဆရာလေးရယ်"

"ဟေ့လူကြီး၊ ကျုပ်ကို ဆရာလေးလို့ မခေါ်စမ်းနဲ့။ ကျုပ်ကို ဖွားသီလရှင်များ အောက်မေ့နေသလား"

"ဟုတ် . . . ဟုတ်ကဲ့ပါ ခင်ဗျ"

"အင် ခင်ဗျားတို့ လုပ်ပုံက အဆန်းပါလား။ ကေန္တ ကျုပ်တို့လို လူမျိုးတွေ တွေ့ရင် အကုန်ကုတ်လှုဖို့ ထင်ပုံ။ ဟားဟားဟား သိပ်ကောင်းတယ်။ ခင်ဗျားတို့မှာ ရွှေရှိတယ်။ ကျုပ်တို့မှာ မရှိဘူး။ ဒီတော့ ရှိတဲ့လူက မရှိတဲ့လူကို လှူပေါ့ဗျာ ဟုတ်ဖူးလား"

"ဟုတ် . . . ဟုတ်ကဲ့၊ အဲ ဟုတ်ဘူး"

"ဘာဟုတ်ဘူးလဲ၊ ချွတ်စမ်း ရှိသမျှ အကုန်ချွတ်"

"ဗျာ၊ ဘာ . . . ဘာချွတ်ရမှာလဲ ဆရာ"

"ရှိသမျှ ချွတ်ပေါ့"

ဦးဖေမြစိန်ခမျာ မားပြခေါင်းဆောင် မိုးကြီး၏ စကားကြောင့် နှမြောတသစွာနှင့် သူ့ကိုယ်ပေါ်မှ ရွှေထည်ပစ္စည်းကို ကြည့်နေ၏။ ရွဲ့နှင့် မိခင်လုပ်သူတို့မှာလည်း အကြီးအကျယ် ချောက်ချားနေ၏။ ထိုအချိန်တွင် ချက်ကြီး ရောက်ရှိလာကာ သူတို့ ကိုယ်ပေါ်မှ ရွှေထည်ပစ္စည်းများ အမြဲချွတ်ယူလေတော့၏။ ထိုအချိန်တွင် ဂျာအေးတစ်ယောက် သူ့ ထန်းခေါက်ဖာကြီးကို သတိရလာ၏။ အနားတွင် စကားတစ်ခွန်းမျှ မပြောနိုင်ဘဲ ကြောက်သေးပါနေသော ဆိတ်ကုလားကို လေသံတိုးတိုးနှင့် မေးလိုက်၏။

"ဟေ့ကောင် ဆိတ်ကုလား"

"ဘာတုံးကွ"

"ငါ . . . ငါတို့ ရွှေအိုးကြီးရော"

"ယူသွားပြီလေကွာ"

"ဟာ ဒုက္ခပါပဲ၊ ငါတော့ ချမ်းသာဖို့လမ်း မမြင်တော့ဘူး ထင်ပါရဲ့ ကွာ"

"မင်းကလည်း အရေးထဲမှာကွာ၊ ဒီမှာ အကြောက်လွန်ပြီး သေး
တောင်ပါနေရတဲ့ကြားထဲ"

"အင် ဘာ ဘာဖြစ်လို့ ဒီလောက် စွတ်ကြောက်နေရတာလဲကွာ။
ကြောက်ရင်လွဲ ရဲရင်မင်းဖြစ်တဲ့ကွ"

"တော်စမ်းပါ ဂျာအေးရာ၊ မင်းပဲ မင်းလုပ်ချင်လုပ်ပါ။ ငါတော့
ဒီဓားပြတွေလက်ထဲ နေဝင်ပြီထင်ပါရဲ့ကွာ"

"အောင်မယ် ဒီလောက် မှောင်နေတာကို ဘယ်နေက ဝင်မှာတုံးကွ"

"သဘောပြောတာပေါ့ကွ၊ ဘုရားဘုရား မင်း ရွှေအိုးကြီးကြောင့်
ငါတော့ အသေဆိုးကြီးနဲ့ ကြုံပြီထင်ပါရဲ့"

"တိတ်စမ်းကွာ၊ ငါ့ရွှဲကလေးလည်း ဘယ်လိုနေသလဲ မသိဘူး။
ချွတ်ချွတ်နဲ့ အတင်း ဆွဲချွတ်နေကြတာ အတွင်းခံမှ ကျန်သေးရဲ့လား
မသိဘူး"

"အင် ဘယ်ကောင်လဲကွ၊ ငါတို့ကို သိက္ခာချတာ"

"ဗျာ၊ ဟို ကျွန်တော် မဟုတ်ပါဘူးဗျာ။ ဆိတ် ဆိတ်ကုလားပါ"

"ဟေ့ကောင်"

"ဆိတ်ကုလား ဟုတ်လား အေ့၊ ဘာသဘောလဲကွ ငါတို့ကို နှာဘူး
များ အောက်မေ့နေသလား"

"ဟာ ကျွန် ကျွန်တော် မပြောပါဘူး၊ သူ . . . သူ"

"တော်ကြစမ်းကွာ။ ဓားပြမှာလည်း သိက္ခာတို့၊ စည်းမျဉ်းတို့၊ ကျင့်
ဝတ်တို့၊ နည်းဥပဒေတို့ အေ့"

"ဟာ ဘာတွေလဲ ဆရာရဲ့၊ ဆရာ့ကိုယ်ဆရာ တရားသူကြီးများ
အောက်မေ့နေသလားဗျ"

"ဟေ့ကောင် ချက်ကြီး၊ ပါးစပ်ပိတ်ထားစမ်းကွာ။ လူတွေ ကောလာ
ဟလ ပြောတာနဲ့ ငါတို့ သိက္ခာကျသကိုး ဟဲဟဲ။ ကဲကဲ ရွှေတွေ ယူခဲ့ပေ
တော့။ ဟားဟား လောကမှာ ကိုယ့်အမျိုး ကိုယ်ပြန်နှင်းတဲ့လူတွေ အများ
ကြီးကွ။ ဟင်းဟင်း အမျိုးရှည်လေလေ ဒုက္ခရောက်လေပဲဟေ့"

"အင် ဘာတွေလဲဗျ"

ချက်ကြီးက ဓားပြဗိုမိုးကြီး၏ အပြောကို အူကြောင်ကြောင် ခံစား

နေရ၏။ မိုးကြီးကတော့ သူပြောချင်ရာကို စွတ်ပြောချနေ၏။ ဂျာအေးနှင့် ဆိတ်ကုလားတို့မှာလည်း မိုးကြီး၏ အမြီးရှည်ရခြင်း အဖြေကို နားမလည် နိုင်အောင် ဖြစ်နေကြပေ၏။

"ဘာတွေတုံးကွ၊ သူ ပြောတာ မျောက်တွေကို ပြောတာလား"

"ဟုတ်မှာပေါ့ကွ၊ အမြီးရှည်တာဆိုတာ ဆိုတော့ မျောက်တွေကိုဖြ ဖြစ်ရမယ်။ ဧကန္တ ဒီလူတွေ မျောက်တွေဖမ်းပြီး နှိပ်ကွက်နေတာ ဖြစ်ရ မယ်"

"အင် ဟုတ်မှာပဲ"

သူတို့ နှစ်ယောက်လည်း စိတ်ထဲထင်ရာမြင်ရာ ပြောဆိုနေကြလေ ၏။ ထိုအချိန်တွင် မိုးကြီးတို့ လူသိုက်သည် ဦးဖေမြစိန်တို့ထဲမှ ရွှေတွေကို အတင်း ချွတ်ယူပြီး တဲဘက်သို့ ပြန်ထွက်သွားကြ၏။ အမှောင်ထုကလည်း ပို၍ သိပ်သည်းလာသလိုပင်။ တောရိုင်းတိရစ္ဆာန်များ၏ အော်သံဟစ်သံ ကလည်း ပို၍ပို၍ ကျယ်လောင်လာ၏။ ခြင်တွေ၊ မှက်တွေ၊ ဖြုတ်တွေက လည်း တသောသော တဖြောဖြော။ သူတို့လူစုခမျာ အမှောင်ထုထဲ ငုတ် တုတ်ကြီးတွေ ထိုင်၍ ဘုရားတနေကြရ၏။

မိုးကြီးတို့ လူစုမှာ သူတို့၏ စီမံကိန်းကြီး အောင်မြင်သွားသဖြင့် အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြ၏။ ဂျာအေးဆီမှ ယူလာ သော ထန်းခေါက်ဖာကြီးကို ဖွင့်၍ အထဲမှ အညိတက်နေသော ပိန်လိမ် ရှုံ့တွနေသည့် ရွှေအိုးကြီးကို ကြည့်ရင်း တဟားဟား တဟီးဟီးနှင့် ဝမ်းသာ လုံးဆို့နေကြ၏။ မိုးကြီးတို့ လူစုသည် မားပြမတိုက်မီက အစစအရာရာ စီစဉ်ပြင်ဆင်ထားသဖြင့် အောင်ပွဲခံညကို ချက်အရက် ဂါလံပုံးနှင့် ကျင်းပ ခဲ့ကြပေ၏။

အမဲခြောက်၊ လယ်ကြွက်၊ ဆတ်သားကြော် စသည်ဖြင့် အမြည်းက လည်း စုံလှပေရာ သူတို့အဖွဲ့သား အားလုံး ယမကာမြစ်ထဲ မြုပ်လိုက်ပေါ် လိုက် ဖြစ်နေပေ၏။ ထိုအချိန်တွင် တဲအနောက်ဘက်မှ လူတစ်ယောက် ခုန်ဆင်းသွားပြီး ဂျာအေးတို့ဆီ ရောက်ရှိသွား၏။

သူသည် မှောင်ရိပ်ခိုကာ ဦးဖေမြစိန်တို့ အနောက်ဘက်သို့ ရောက် ရှိလာ၏။ ဦးဆုံး ဟိုစမ်းဒီစမ်းနှင့်လုပ်ရင်း ဆိတ်ကုလားခေါင်းကို စမ်းမိ

သွား၏။

“အောင်မလေး သရဲ”

“ရှူး”

“ဝူးဝူး ဘယ် . . . ဘယ်သူတုံး”

“မမေးနဲ့ကွာ”

“ဟင်”

ဆိတ်ကုလားမှာ လွန်စွာ သရဲတစ္ဆေ ကြောက်လှသူ ဖြစ်ပေရာ သူ့ခေါင်းကို တစမ်းစမ်း လုပ်လာသဖြင့် ယောင်ယမ်းပြီး ထအော်လေ၏။ အမှောင်ထဲကလူသည် သူ့ပါးစပ်ကို အတင်းပိတ်ပြီး လေသံတိုးတိုးနှင့် ပြောရင်း လက်နောက်ပစ်ချည်ထားသော ကြိုးကို ဖြေပေးလိုက်၏။

“မင်း ဟိုဘက်လမ်းကပြေး ပြေးတော့၊ အဲဒီမှာ ထော်လာဂျီ ရပ်ထားတယ်။ ဒီကို ဒုန်းစိုင်းမောင်းလာခဲ့ကြားလား”

“ဟုတ် ဟုတ်ကဲ့၊ ခင်ဗျား ဘယ်သူတုံး”

“မမေးနဲ့ကွာ”

“ငါသိတယ်၊ ဒီလူ ကိုကြာရိုး ဖြစ်ရမယ်”

“ဟေ့ကောင် ဂျာအေး တိတ်တိတ်နေစမ်းကွ”

အမှောင်ထဲမှ ရောက်လာသောလူ၏ အသံကို ကြားလိုက်သည်နှင့် ဂျာအေးက သူတို့ကို ဒုက္ခပေးခဲ့သော ကြာရိုးမှန်း သိလိုက်၏။ စိတ်ထဲမကျေမချမ်း ဖြစ်သွားသော်လည်း ကြာရိုး၏ အပြုအမူကို နားမလည်နိုင်အောင် ဖြစ်နေ၏။ ထိုစဉ် ဂျာအေး အနားသို့ ကြာရိုး ရောက်ရှိလာ၏။

“ငါ့ကို ခွင့်လွှတ်ပါ ဂျာအေးရာ၊ ငါ့ပါးစပ် အငြိမ်မနေနိုင်လို့ ပြီးတော့ ကိုယ့်ရွာသား အချင်းအချင်း လောဘတက်မိတာ ခွင့်လွှတ်ကွာ”

“ဒါ ဒါဆို ငါ့ရွှေအိုး”

“မပူပါနဲ့ကွာ၊ ခုလောက်ဆို ဟိုကောင်တွေ မှောက်နေလောက်ပါပြီ”

“ဒါဆို မြန်မြန်ဖြေကွာ”

ကြာရိုးသည် ဂျာအေးလက်မှ ကြိုးကို ဖြေပေးလိုက်၏။ ထိုအချိန်တွင် ဆိတ်ကုလားသည် အနောက်ဘက်လမ်းကလေးအတိုင်း ဒုန်းစိုင်းပြေးသွား၏။ ဂျာအေးနှင့် ကြာရိုးတို့ နှစ်ဦးသည် ဦးဖေမြစိန်တို့ လူသိုက်ကိုလည်း

ကြိုးများ ဖြေပေးလိုက်၏။

"မင်း မင်းတို့ ဘာလုပ်မလို့တုံး"

"သက်စွန့်ဆံဖျား ကယ်တင်တာလေ၊ ဘာလဲ ကျုပ် ကယ်တာကို ဦးကြီး အကယ်မခံချင်ဘူးလား။ ဒါဆို ရွှဲလေးပဲ ကယ်မယ်"

"ဟာ မလုပ်ပါနဲ့ကွာ၊ အချင်းချင်းတွေပဲဟာ"

"ဪ ဒီလိုတော့လည်း ဦးကြီးဟာ နားလည်လွယ်သားပဲ။ ဒီလိုပေါ့ ဗျာ အချိန်အခါ အခြေနေ နားမလည်ရင် လူမိုက်ပဲဗျ။ ဟဲဟဲ ဒီအချိန်မှာ တော့ ကျုပ်ဟာ ဦးကြီးရဲ့ ကျေးဇူးရှင်ကြီးဗျ။ ဒီတော့ ကျေးဇူး...

"ဟေ့ကောင် မိကျောင်းသား၊ တယ်လျှာရှည်သကိုး ...ပါဟ မြန်မြန်"

ဦးဖေမြစိန်မှာ အရေးထဲ စီးစီးပိုးပိုး ပြောနေသော ဂျာအေး၏ စကား နားကြားပြင်းကတ်လှသဖြင့် ဒေါပွသွား၏။ ထိုအချိန်တွင် ဂျာအေးသည် ရွှဲအနားသို့ ကပ်သွားကာ ညင်ညင်သာသာနှင့် ကြိုးဖြေပေးလိုက်၏။

"နာနေသလား ကျောင်းအမ"

"ရှင်နော်"

"ရေစက်ဆုံလို့ ကြုံကြရတာပဲလေ၊ ခုလည်း ကျုပ်ကယ်လို့ ခင်ဗျား လေး လွတ်ပြီလေ"

"ဋ္ဌအောင်မယ်"

"ဘယ်လိုဖြစ်လို့ ဒေါပွနေသတုံး ကျောင်းအမရယ်၊ ကျုပ်နဲ့ ကျောင်း အမက ပဋ္ဌာန်းဆက် . . ."

"တိတ်စမ်း အရှူး"

"အင်"

ရွှဲက သူ့ကို ဒေါပွပွနှင့် ပြောဆိုနေသော်လည်း ဂျာအေးကတော့ မမှုပါချေ။ ကြိုးဖြေပြီးသည်နှင့် ကြာရှိုး သူတို့အနီးသို့ ရောက်ရှိလာ၏။

"ဟေ့ကောင် ဂျာအေး၊ မင်းနဲ့ငါ တဲပေါ် တက်မယ်"

"ဟင် ဖြစ် ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ကွာ"

"လာလာ တုတ်ပါကောက်ခဲ့"



ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး တွေ့ရာဝါးဆစ်တုတ်များ ယူ၍ တဲပေါ် ရောက်ရှိလာ၏။ မိုးကြီးတို့အဖွဲ့မှာ သူတို့ကို တိုက်ခိုက်ဖို့ နေနေသာသာ မူးမူးနှင့် ပိုးစိုးပက်စက် အိပ်ပျော်နေကြ၏။ ဂျာအေးသည် မိုးကြီး ရင်ခွင်ထဲမှ ထန်းခေါက်ဖာကြီးကို အတင်းဆွဲယူလိုက်၏။

"ဟေ့ ငါ့ဥစ္စာကွ အေ့၊ ဘယ်သူလုတာလဲ"

မိုးကြီးတစ်ယောက် မူးမူးနှင့် မျက်စိမဖွင့်နိုင်ဘဲ ပြောဆိုနေ၏။ ထိုအချိန်တွင် ဆိတ်ကုလားသည် ချောင်းအရှေ့ဘက်သို့ ရောက်ရှိသွားလေရာ ထော်လာဂျီကြီးကို တွေ့လိုက်ရသဖြင့် ဒရိုင်ဘာခုံတွင် ဝင်ထိုင်လိုက်ပြီး စက်နှိုးကာ ဒုန်းစိုင်းမောင်းနှင်ခဲ့လေ၏။ ကားစက်သံက တိတ်ဆိတ်နေသော ညဥ့်ဦးယံကို ဖောက်ခွဲပစ်လိုက်လေ၏။ ဆိတ်ကုလားသည် ထော်လာဂျီ မမောင်းတတ်မောင်းတတ်နှင့် မောင်းချလာလေရာ ဦးဖေမြစိန်တို့ ပုန်းနေသော တဲကြီးကို ဝုန်းခနဲ ဝင်ဆောင့်လေတော့၏။

"ဝုန်း ဒိုင်း"

"အောင်မလေးဗျ"

အသံဗလံတွေ ဆူပွက်နေ၏။ ဆိတ်ကုလားသည် ထော်လာဂျီကားကြီးကို စတီယာတိုင် ဆွဲကွေ့ချလိုက်ပြီး မိုးကြီးတို့ အိပ်ပျော်နေကြသော ယာယီတဲကြီးကိုပါ ဝင်တိုက်ချလိုက်လေ၏။ အရှိန်ကြောင့် တဲကြီးမှာ ဝုန်းခနဲ ပြိုကျသွားပြီး တဲအောက်တွင် မိုးကြီးတို့လူသိုက် ပိနေပေ၏။

ထိုအချိန်တ ရပ်သွားသော ကားပေါ်သို့ ဦးဖေမြစိန်တို့လူသိုက် အတင်း တွယ်တက်ကြလေ၏။ ဂျာအေးသည် ရွှေ၏ ကိုယ်လုံးကလေးကို ပွေ့ကာ နောက်တွဲယာဥ်ပေါ် တင်ပေးလိုက်၏။

"အို၊ ရှင် . . . ရှင် ဘာလုပ်တာလဲ"

"ကျောင်းအမကလည်းကွာ"

"ရှင် အသားမယူနဲ့နော်"

"မဟုတ်တာ ကျောင်းအမရယ်၊ ဒီအရေးမှာ ကျုပ်ဟာ ကယ်တင်ရှင်လေ ဟဲဟဲ။ ရော့ရော့ ဟော့ဒီ ဖာကြီးကိုပါ ယူထားနော်။ ဒါ ကျုပ်အသက် ကျောင်းအမရဲ့"

"အို"

"ဟေ့ကောင် မင်း . . . မင်း"

"မောင်းဟေ့ ဆိတ်ကုလား"

ဂျာအေးသည် ထန်းခေါက်ဖာကြီးကို ရွဲလက်ထဲ ထိုးထည့်လိုက်ပြီး ခေါင်းတွဲပေါင်ပေါ် တက်လိုက်၏။ ဆိတ်ကုလားသည် ဂီယာထိုးကာ ကားစက်ကို ဝုန်းခနဲ ဆောင့်နှိုးလိုက်၏။

"အရေးထဲကွာ"

"ဖယ်စမ်း ဆိတ်ကုလားရာ"

"မင်း မောင်းတတ်လို့လား"

"မောင်းတတ်ပါ့ကွာ"

ဂျာအေးသည် ဆိတ်ကုလားကို အတင်း ဆွဲဖယ်ကာ ဒရိုင်ဘာခုံတွင် ဝင်ထိုင်ရင်း အတင်း စက်နှိုးကာ ချောင်းရိုးနှင့်ယှဉ်၍ မောင်းထွက်ခဲ့လေ၏။ လမ်းတွေက မညီမညာ ရှိနေသဖြင့် နောက်တွဲယာဉ်ကြီးမှာ တဒိုင်းဒိုင်း တဝုန်းဝုန်း ခါနေ၏။

ဂျာအေးသည် စတီယာတိုင်ကို ကွေ့ကာပတ်ကာနှင့် မောင်းနှင်လိုက်၏။ လီဗာကိုလည်း အရှိန်ဟုန်ပြင်းစွာနှင့် နင်းချလိုက်သဖြင့် ထော်လာဂျီကြီးမှာ တရုတ်နဂါးကြီး ကသလို ဘယ်ညာယိမ်းခါနေပေ၏။

ကုန်းတွေ ကမူတွေကလည်း ပေါလှသဖြင့် ကားကြီးမှာ တကျောင်းကျောင်း တဂျိုင်းဂျိုင်းနှင့် မြည်ကြွေးနေ၏။ ဂျာအေးသည် ကားမီးလုံးကြီးများကို ဖွင့်၍ လမ်းမမြင် ကမ်းမမြင် တောအုပ်ထဲ ရမ်းသမ်းမောင်းနှင်ခဲ့လေ၏။

ထင်ရာမြင်ရာ စွတ်မောင်းခဲ့သဖြင့် တောအုပ်ထဲ တလည်လည် ဖြစ်နေပေရာ တစ်နာရီကျော်ကျော်ခန့်ကြာမှ အဝေးပြေးလမ်းမဆီသို့ လည်း ရောက်ရှိလာခဲ့လေ၏။

"ဟေ့ ရပ်ကြစမ်း"

"ဟာ ဘယ်သူတွေလဲ"

"ရဲတွေပါလား"

အဝေးပြေးလမ်းမပေါ်တွင် လက်နှိပ်ဓာတ်မီး တဝင်းဝင်းနှင့် စောင့်ဆိုင်းနေသော ရဲအဖွဲ့ဝင်များ၊ ရွာသားများကို တွေ့လိုက်သဖြင့် ဂျာအေး

သည် ဘာရိတ်ဖမ်းနင်းလိုက်ရ၏။ ထိုအချိန်တွင် ရဲအဖွဲ့ဝင်များနှင့် ရွာသား နှစ်ဦး ခေါင်းခန်းသို့ ရောက်ရှိလာပြီး ဂျာအေးကို လက်ညှိုး တထိုးထိုးနှင့် ပြောလေ၏။

"သူ သူပဲ၊ ကျွန်တော့် ထော်လာဂျီကြီး လုသွားတာ"

"ဗျာ"

"ဟုဘ်တယ် ဗိုလ်ကြီး၊ သူတို့ကို ဖမ်းပါ။ သူတို့က စားပြတွေ၊ နောက် တွဲယာဉ်ပေါ်မှာ လူတွေ ဖမ်းထားတယ်"

"ဟင် ဟို ဟိုဟာ ကျုပ်တို့"

"တိတ်စမ်း"

ဂျာအေးနှင့် ဆိတ်ကုလားတို့နှစ်ဦး ရှင်းပြသော်လည်း ရဲအဖွဲ့က သူတို့ နှစ်ဦးနှင့် ကြာရိုးကိုပါ ထော်လာဂျီခိုးမှု၊ ပြန်ပေးဆွဲမှုများနှင့် လက်ထိတ်ခတ်လိုက်ကြ၏။ ဦးဖေမြစိန်တို့ လူစုမှာ ဂျာအေးကို နဂိုက တည်းက ချဉ်တင်တင် ဖြစ်နေကြ၍ ဘာတစ်ခွန်းမှ ဝင်ရောက် မပြောဆို ဘဲ ရေငုံနှုတ်ပိတ်ခဲ့ကြလေ၏။

ထို့ကြောင့်လည်း ဂျာအေးတို့သုံးဦးမှာ မအှုမလည်နှင့် အဖမ်းခံ လိုက်ရလေ၏။ ဦးဖေမြစိန်တို့ လူစုမှာ ဂျာအေးတို့အဖြစ်ကို လှည့်တောင် မကြည့်ဘဲ ရွာသားများနှင့်အတူ ထွက်ခွာသွားကြလေ၏။ ထိုအဖြစ် ကြောင့် ဂျာအေးခမျာ ရင်ကွဲမတတ် ခံစားနေရပေ၏။ ဆိတ်ကုလားက တော့ တောက်တခေါက်ခေါက် ဖြစ်နေပေ၏။

"အဲဒါပေါ့ကွ မင်းလှေမှောလည်း မဆယ်နဲ့၊ ခြေနှစ်ချောင်းလည်း မကယ်နဲ့ဆိုတာ မှတ်ပြီလား ဂျာအေး"

"မှတ်ပါပြီ ဆိတ်ကုလားရာ၊ စောလူးမင်း အကယ်မှားတဲ့ မင်းကျန် စစ်လိုပါလား ငါ့အဖြစ်ရယ်။ ကေန္တ ဟို အဘိုးကြီး လက်ချက်ပဲ ဖြစ်ရ မယ်။ ကျေးဇူးရှင် စော်ကားတဲ့ အဘိုးကြီး။ ဒင်းသမီး ငါနဲ့ မြန်မြန် ညားရင် အသေပဲကွ"

"ဘာတွေတုံးကွ"

"ဟော့လူတွေ ပါးစပ်ပေါက်တွေ ပိတ်ထားစမ်း၊ အေးအေးလူလူ လိုက်ကြ"

"ဟုတ် ဟုတ်ကဲ့ပါ ခင်ဗျာ၊ ဟို ကျွန်တော်တို့က လူရိုးတွေပါ ဆရာကြီးတို့ရယ်။ မကြာခင် ချမ်းသာတော့မယ့် လူတွေပါ"

"အင် ဘယ်လိုလူတွေပါလိမ့်၊ စကားပြောတာ တစ်မျိုးပဲ ကြောင်စီစီနဲ့"

ရဲကြပ်ကြီးက ဂျာအေး၏ ညောင်နာနာ စကားကို နားထောင်ရင်း မအူမလည် ဖြစ်နေ၏။ နောက်ဆုံး သူတို့လူစု ဆိုင်ရာအောင်လံရဲစခန်းသို့ ရောက်ရှိလာခဲ့ကြပြီး ချက်ချင်း အချုပ်ခန်းထဲ ထည့်လိုက်ကြလေ၏၊ ဆိတ်ကုလားခမျာ ဝမ်းနည်းပက်လက် ဖြစ်နေရှာ၏။

"မှားပါပြီ အမေရဲ့၊ မှားပါပြီဗျာ။ ကျွန်တော် ဆိတ်ကုလား အယူမှားပြီး လူပေါင်းလွဲလို့ ဒုက္ခတွေ့ပါပြီဗျာ။ အီးဟီးဟီး"

"ဟေ့ကောင် ဆိတ်ကုလား"

"ဘာလဲ ဂျာအေး၊ တော်ပြီကွာ မင်းကို ယုံမှတ်လို့ ပေါင်းမိတာ ငါတော့ ဘဝပျက်ပါပြီ"

"အရေးထဲ သွေးနည်းနေရတယ်လို့ကွာ။ ငါတို့က မဟုတ်တာ မလုပ်ဘူးကွ။ ဘာကြောက်စရာလိုလဲ အမှန်တရားဆိုတာ ဒီလိုပဲ အနှောင့်အယှက်တော့ များလှသပေါ့ကွာ။ တောင့်ထားစမ်းပါကွာ။ ဟာ ဒါထက် ငါ့ ဟိုဟာကြီးရော"

"အင် ဘယ်သိမှာတုံးကွာ"

"ဟာ ငါ ရွှဲကလေးကို ပေးလိုက်မိပြီကွာ။ ရှုပ်ကုန်ပြီဗျာ၊ ဒီကိစ္စအားလုံး တရားခံဟာ ကိုကြာရိုးပဲ"

"ဟုတ်တယ် ခင်ဗျားကြီးဗျာ"

"ဟာကွာ မင်းတို့ကလည်း အလံဖြူထောင် ဝင်လာသူကိုမှ ဖနှောင့်နဲ့ မပေါက်ပါနဲ့ကွာ။ ငါ တရားတွေရလို့ မင်းတို့နဲ့ လက်တွဲတဲ့ဟာကို"

"ဘာတရားလဲ၊ ခင်ဗျားကြီး လောဘဇောတိုက်လို့ ပြဿနာတွေ ရှုပ်ကုန်ပြီဗျ ဟီးဟီး"

ဆိတ်ကုလားက ကြာရိုးကို ဒေါသတကြီး ရန်တွေ့နေ၏။ ထိုအချိန်တွင် အချုပ်ခန်းထဲရှိ အကျဉ်းသားများမှာ သူတို့သုံးဦးကို ကြည့်ပြီး အူတိအူကြောင် ခံစားနေကြ၏။

"ဘယ်လို လူတွေလည်းကွ"

"ဒီကောင်တွေပုံ ကြည့်ရတာ သွပ်ချောင်ချောင်နဲ့ အရှူးထောင်က လွတ်လာတာနဲ့ တူတယ် ဆရာကြီး"

"အိမ်း မင်း ခန့်မှန်းတာ မဆိုပါဘူး ဘဲသွေးရာ။ ဒီကောင်တွေ ကြည့်ရတာ အရူးထောင်က လွတ်လာပုံပဲကွ"

"အင်"

အခန်းထောင့်တွင် စမတ်ကျကျ ထိုင်နေသော မုတ်ဆိတ်မွေး ဗရပွနှင့် လူထွားကြီးက သူ့ခြေထောက် နှိပ်နယ်နေသည့် ဘဲသွေးကို ပြောဆိုလိုက်ရာ ဆိတ်ကုလား ပေါက်ကွဲသွား၏။

"ဟေ့ လူကြီး၊ ကျုပ်တို့ကို ဘာများမှတ်နေလို့လဲဗျ။ တောပြောတောင်ပြော မပြောစမ်းနဲ့။ သူတော်ကောင်း ပစ်မှားရင် ငရဲပြည် ကားခနဲကျသွားနိုင်တယ်ဗျ"

"အောင်မယ် မလောက်လေး မလောက်စားကများ ဟေ့ကောင် ဘဲသွေး"

"ဗျာ ဆရာကြီး"

"ငါ့ဂုဏ်ပုဒ်ကို ပြောလိုက်စမ်းကွာ"

"အဟမ်း အဟမ်း"

"ဘာဖြစ်တာတုံး၊ အရိုးစူးနေသလား"

"အင် ဟိတ်ကောင် မင်း ဘယ်သူလဲကွ"

"ငါ့နာမည်လား ဆိတ်ကုလားကွ၊ ရေနံချောင်းသားနော်။ သွေးကတော့ ရဲသလား မမေးနဲ့။ လာဖောက်ကြည့်"

"ဟာ ငါ့ကိုများ သွေးစုပ်ဖုတ်ကောင် အောက်မေ့နေသလားကွ။ ငါ့နာမည် ဘဲသွေးတဲ့ကွ မှတ်ထား။ ငါ့ဆရာကြီးက ဆယ်ထောင်ပြန် ကျွန်းဆရာကြီး ဘိုတုတ်ကွ"

"အင် ဘာလဲ အဲဒီ ဆရာကြီးက နတ်ထိန်းလား"

"အေး၊ ဟာ ဟေ့ကောင် မင်း စကားပြောတာ ကြည့်ပြော။ လူပေါင်းများစွာ သတ်ဖြတ်လာတဲ့ နိုင်ငံကျော်ကြီးကွ"

"ဩော် ဒါဆို ကြောက်တော့ ကြောက်စရာပဲ။ သတ္တိ ရှိမရှိ ဆိုတာ

တော့ စဉ်းစားစရာပဲဗျ”

“ဟော့ကောင် ဆိတ်ကုလား၊ ဒီနေရာကို ဘာမျှား အောက်မေ့နေသလဲကွ။ မင်းတို့ သုံးယောက်စလုံး ပါတာ ထုတ်စမ်း။ ငါ့ဆရာကြီးကို ပူဇော်ရမယ်ကွ”

“ပါတာ ထုတ်ရမယ် ဟုတ်လား။ နေပါဦး ပူဇော်ရအောင် မင်းဆရာကြီးက ဘယ်လို နတ်မျိုး၊ နတ်မင်းလဲကွ”

“ရေငန်ပိုင်လေ၊ ဟာကွာ မင်းပြောတာနဲ့ ရှုပ်ကုန်ပြီ။ စကားတွေ ပေါက်တီးပေါက်ရှာ မပြောနဲ့။ ကဲ မင်းနာမည်ပြောစမ်း မင်း ဘယ်သူလဲ”

ဘဲသွေး ရှည်မျော့မျော့နှင့် တစ်ကိုယ်လုံး ဖြုတ်ထနေသော အသားအရေရှိကာ အပေါ်ပိုင်း ဗလာကျင်း ဖြစ်နေသူ၊ ကွမ်းယာ တမြုံ့မြုံ့ ဝါးရင်း ဂျာအေးကို လက်ညှိုး တထိုးထိုး မေးလိုက်၏။ မေးပုံက မိုက်တီးမိုက်ကန်း၊ မျက်နှာကိုလည်း ရှုသိုးသိုး တင်းပုပ်ပုပ် လုပ်ထား၏။ ဂျာအေးသည် ဘဲသွေးကို မျက်လုံး ကလယ်ကလယ်နှင့် ကြည့်ရင်း မေးလိုက်၏။

“ကျုပ် နာမည် ခင်ဗျားက ဘာလုပ်ဖို့ သိချင်တာတုံး၊ နာမည်လှရင် ခင်ဗျား နှမနဲ့ ပေးစားမလို့လား”

“အေး၊ ဟော့ကောင် တိတ်စမ်း။ မင်းကမျှား ငါ့ကို။ မှတ်ထားကွ ဘိုတုတ်တပည့် ခြောက်ထောင်ဆွဲ ဘဲသွေးဆိုတာ ငါပဲဟေ့”

“ခြင်ထောင်ဆွဲ ဟုတ်လား၊ ဘဲသွေး ဒါဆို မင်းဟာ ထဘီလည်း ရုပ်ရင် ရုပ်မှာပေါ့”

“ဘာကွ မင်းကွာ”

“ဟော့ကောင် ဘဲသွေး”

“ဗျာ ဆရာကြီး”

“သိပ်ရှင်းပြမနေနဲ့ကွ၊ ပြောမရရင် ပုံစံပေးလိုက်ကွာ။ ဒီကောင့်ပုံက ဒုံးသမားပုံကွ။ ဒီတော့ ပါးစပ်နဲ့ မပြောနဲ့ လက်တွေ့ ပြလိုက်စမ်းကွ”

“စိတ်ချ ဆရာကြီးရေ၊ ဒီနေရာမှာ ဘဲသွေးလက်ရာ ဘယ်လောက် ပြောင်တယ်ဆိုတာ သိရမယ်”

“အင် ဘာလုပ်ဦးမလို့တုံး”

ဆိတ်ကုလားက ပြူးချာချာ မျက်လုံးနှင့် မေးမြန်းလိုက်၏။ ဘဲသွေး

သည် သူတို့ရှေ့ရပ်ကာ လက်သီးလက်မောင်းတန်း၍ သူဆရာဘက် လှည့်ကာ ဟန်ရေးပြနေ၏။ ထိုစဉ် ဟန်ရေးတပြပြ လုပ်ကာ ဟိုလျှောက်ဒီလျှောက် လုပ်နေသော ဘဲသွေးကို မျက်စိနောက်လာသဖြင့် အလစ်တွင် ခြေထိုးခံလိုက်၏။

"ဆရာ ကျွန်တော့်လက်သံ ပြတော့မယ်"

"ပြလိုက်စမ်းကွာ"

"ဟင်း ဟင်း လာပြီကွ"

"ဝှစ် ဒိုး"

"အောင်မလေးဗျ၊ ကိုယ်ကျိုးနည်းပါပြီ"

"အားအား ကျွတ်ကျွတ်"

ဘဲသွေးတစ်ယောက် သူဆရာ အားကိုးနှင့် ဂျာအေးတို့လူစုကို ထိုးမယ့်ကြိတ်မယ့်ဟန် ပြင်နေစဉ် ဂျာအေး၏ ခြေထောက်ကို ဝင်တိုက်ကာ ကျွမ်းထိုးမှောက်ခုံ လဲကျသွားလေ၏။

"ဘယ်ကောင်လုပ်တာလဲကွ ပြောစမ်း"

"ဟာ မင်းခြေထောက်နဲ့ မင်းဘာသာ တိုက်မိတာပဲကွ၊ ဘယ်သူမှ မလုပ်ဘူး"

"ဟင်"

"ဟော့ကောင် ဂျာအေး"

"ဗျာ ကိုကြာရိုး ဘာလဲဗျ"

"မင်း ဟိုနှစ်ကောင်ကို အသေချခဲ့တာ ငါတော့ ကြက်သီးဖြန်းဖြန်း ထောင် ထသကွာ။ မင်း ထိုးပုံကြိတ်ပုံက တကယ့် ဘယ်သန်ကျော်ဟိတ် ကြီးပဲကွ"

"အင် ဘာတွေတုံး"

ကြာရိုး၏ စကားကြောင့် ဂျာအေး ကြောင်စီစီ ဖြစ်နေ၏။ ထိုစဉ် ကြာရိုးက မျက်စိမှိတ်ပြီး ဆက်ပြောလိုက်၏။

"ဟာ ဆိတ်ကုလား ဆော်ပုံကလည်း ကြောက်ခမန်းလိလိဗျ"

"အင် ဟို ငါ မဟုတ် . . ."

"ဟော့ကောင် ဆိတ်ကုလား၊ မင်း ပြေးကန်လိုက်တာ ဟိုကောင်

ဇက်ကြီး လည်စင်းသွားတယ် မဟုတ်လား"

"ဟို ငါ . . . ငါ ဘာလုပ်ခဲ့"

"အာ ဒီဆိတ်ကုလားက ငကြောင်ပဲ။ မင်း အသေချဲခဲ့တဲ့ မိုးကြိုး လေကွ။ မျက်ခွက်စုတ်ပြတ်သွားတယ် မဟုတ်လား"

"အင်း ဟုတ်၊ ဩော် ဟုတ်ပါကွာ"

ဂျာအေးနှင့် ကြာရိုးတို့နှစ်ဦး ဟန်တွေပန်တွေ လုပ်ကာ ဆယ်ထောင် ပြန်တို့ လူစုကို စကားလုံးကြီးများနှင့် ပရိယာယ်ဆင်နေပေ၏။ ထိုအထဲ တွင် ဆိတ်ကုလားက အရိပ်အကဲ မသိဘဲ အူချာချာ ဖြစ်နေ၏။ သူများ ကို ထိုးဖို့ကြိတ်ဖို့ နေနေသာသာ လက်သီးဖြောင့်အောင်တောင် မရွယ်ခဲ့ ဖူးသော ဆိတ်ကုလားခမျာ ယခုမှ တကယ့် လက်ဝှေ့သမားကြီး ဖြစ်နေ၏။

ဂျာအေးက အချက်ပြလိုက်မှပဲ မှင်မောင်းကောင်းကောင်းနှင့် ပြန် ဟန်လုပ် ပြောဆိုခဲ့ရ၏။ သူတို့ စကားများကို ဘဲသွေးနှင့် ဘိုတုတ်တို့ နှစ်ဦး နားထောင်ရင်း ဟုတ်လိမ့်နိုးနိုးနှင့် ဇဝေဇဝါ ဖြစ်နေကြ၏။

ထိုအချိန် ကြာရိုးက ပိုကဲပြလိုက်၏။

"ဟားဟားဟား ရေနံချောင်းသား ကြာရိုး ဆိုတာလည်း မင်းတို့ အသိပဲကွ။ ဒီအထဲကို ဝင်လာတာ ငါ ဘာကြောင့် ဝင်လာရတယ် ဆိုတာ မင်း သိသားပဲ ဂျာအေးရာ"

"ဟာ သိတာပေါ့ ကိုကြာရိုးရာ၊ ခင်ဗျား ဘယ်ဝိုက်ကတော့ ပြင်းပါ့ ဗျာ။ ကျုပ်တော့ အဲဒီလူ ရေတောင်မကူးနိုင်ဘူးထင့်ပါ။ ခင်ဗျား နေ့တိုင်း ဘာကို ထိုးနေတာလဲဗျ"

"အင် ငါလား ဟို ဟိုဒင်း ဘူးသီး"

"ဟာဗျာ ခင်ဗျားကလည်း"

"ဟဲဟဲ အလကား ပြောတာပါကွ၊ ငါ တစ်နေ့ကို ကျောက်စရစ် တစ်ပြည်ခွဲကို ဆာလာအိတ်ထဲ ထည့်ထည့်ထိုးတာကွ။ ငါးခါ မထိုးလိုက် ရပါဘူးကွာ။ ကျောက်စရစ်ခဲတွေဆို ပြာဖြစ်လို့"

"ဟာ ကြမ်းလှချည်းလားဗျ၊ ဒါကြောင့် ဟိုကောင့် မျက်နှာတစ်ခြမ်း ချိုင့်ဝင်သွားတာကိုး"

"ဟုတ်ပါ့ကွာ၊ ဒါတောင် ငါ သလင်းတောင်မှာ နေ့တိုင်း ကျင့်ခဲ့တာ

မပြောရသေးဘူးကွ"

"ဟင် ကျော့ချမ်းစရာပဲဗျ"

ကြာရိုးနှင့် ဂျာအေးတို့ စကားတွေက ပို၍ပို၍ ကျယ်လောင်လာသဖြင့် ဘိုတုတ်တို့ နှုတ်ပိတ်သွား၏။ ဘဲသွေးခမျာ သူတို့အပြောကို ဟုတ်နိုးနိုးနှင့် နားထောင်ရင်း သူ့ဆရာနား ချာလည်လည် လုပ်၍ ထိုင်လိုက်၏။

"တောက် ဒါ သက်သက် ငါ့ကို ခြောက်တာကွ"

"ဗျာ ဘာဖြစ်လို့လဲ ဆရာ"

"ဘဲသွေး"

"မင်း အဲဒီ သုံးကောင်ကို ပုံစံပေးလိုက်စမ်း"

"အင် ဟို ကျွန်တော် ပုံစံမပေး"

"ဘာကွ အလကားကောင်၊ ဟို ရှည်မျော့မျော့နဲ့ ငန်းလိုသတ္တဝါက ကြာရိုးလားကွ"

"ဟုတ်ပ၊ ခင်ဗျားက ဘိုတုတ်ဆိုပြီး ဗိုလ်မလုပ်နဲ့နော်။ နဂိုရုပ်ပျောက်ပြီး နကိုင်းရုပ် ချိုင့်ထွက်လာမယ်"

"ဘာကွ ငါ့ကိုများ"

"ဟော့ကောင်တွေ အခန်းထဲ ဘာဆူညံဆူညံ လုပ်နေကြတာလဲ၊ ငါဝင်ခဲ့ရမလား"

"ဟာ အာစရိ"

အချုပ်ခန်းဝသို့ ရဲကြပ်ကြီးတင်ဝင်း ရောက်ရှိလာရာ ဘိုတုတ် ငြိမ်ကျသွားပြီး ပြုံးဖြဲဖြဲနှင့် ဖားလိုက်၏။

"ဘာဖြစ်တာလဲ၊ ဘိုတုတ် လူလည်လုပ်နေတာလား"

"မဟုတ်ပါဘူး အာစရိရယ်၊ ဒီမှာ ငြိမ်းချမ်းရေးစကား ပြောနေတာပါ။ ဟုတ်ဘူးလား ကိုကြာရိုး"

"ဟုတ်တယ် ဘိုတုတ်က ကျုပ်ကို နှိပ်ပေးမယ် လုပ်တာနဲ့ မနည်းတားနေတာ အာစရိရဲ့။ ဘိုတုတ်က တအားကို ရိုကျိုးလှတဲ့ တပည့်ကြီးပဲဗျ"

"အင် ဟော့ . . . ဟော့ကောင်၊ မင်း . . . မင်း"

"တိတ်ကြစမ်း ဘိုတုတ်"

"ဗျာ"

"မင်း ရုပ်လာတဲ့ ထဘီပိုင်ရှင် လိုက်လာပြီကွ၊ မင်းတော့ နာဖို့သာ ပြင်ပေတော့"

"ဗျာ ကျွန်တော် ထဘီ မရုပ်ပါဘူး ဆရာရယ်"

"ဘာကွ၊ ငါ သမလိုက်ရလို့ တိတ်စမ်း"

"ဟုတ် ဟုတ်ကဲ့ပါ ခင်ဗျာ"

ရဲကြပ်ကြီး၏ စကားကြောင့် သူ့ကိုယ်သူ ဆယ်ထောင်ပြန် ကျွန်း ဆရာကြီးဘွဲ့ခံကာ လူမိုက်ကြီး လုပ်နေသော ဘိုတုတ်မှာ ငြိမ်ကုပ်သွား လေ၏။ ထိုစကားသံကြောင့် ဂျာအေးတို့ လူသိုက်မှာ ဘိုတုတ်တို့ ဆရာ တပည့်ကို ကြည့်ကာ တခွိခွိ တဖွိဖွိနှင့် သဘောအကျကြီး ကျနေကြလေ ၏။

"ခွိးခွိး ဖွိ ဆယ်ထောင်ပြန် မဟုတ်တော့ဘူးကွ၊ ဆယ်အိမ်ရုပ် ထဘီ ဆရာကြီး"

"ဖွိးဖွိး"

"ဟူး . . . ဟူး ဟီး . . . ဟီး"

ဂျာအေးတို့လူသိုက် ရယ်သံမောသံများက သတ္တဝါတစ်ကောင်၏ အော်သံကြီးများ အလားပင်။ ရဲကြပ်ကြီးတင်ဝင်း ချောင်းဟန့်လိုက်မှ ရယ်သံရပ်သွားကြ၏။ ဘိုတုတ်မှာ သူ့ဘဝမှန်ကို ဂျာအေးတို့ လူသိုက်သိ သွားကြပြီမို့ မျက်နှာငယ်လေးနှင့် ကြည့်ကာ မခံချိမခံသာ ဖြစ်နေ၏၊ ဘဲသွေးခမျာမှာလည်း သူ့ဆရာကြီးက ထဘီရုပ်သည့် ဆရာကြီး ဖြစ်နေ ၍ သူ့မျက်နှာပင် မဖော်ရဲတော့ပါချေ။ ထိုစဉ် ဆိတ်ကုလားက ဘဲသွေး ကို တစ်ချက် လှမ်းကြည့်ရင်း ပြုံးစိစိနှင့် ပြောလိုက်၏။

"ဟေ့ကောင် ဘဲသွေး"

"ခင်ဗျာ"

"မင်းဆရာက ထဘီရုပ်တယ် ဆိုတော့ မင်းက ဘာရုပ်သတုံးကွ"

"ရှင်မီးလေ၊ အဲလေ"

"ခွိး ဧကန္တ မင်းတို့ ဆရာတပည့်နှစ်ယောက် မိန်းမ အသုံးအဆောင် တွေချည်းပဲ လိုက်ရုပ်နေတာဆိုတော့ မင်းတို့နှစ်ယောက် ဂန်ဒူးစိတ်များ

ဝင်နေကြသလားကွ”

“ဗျာ ခင် . . . ခင်ဗျား၊ မိုက်ရိုင်း”

“ခွီးခွီး . . . ဟူးဟူး”

“တော်ပါတော့ ဆိတ်ကုလားရာ ဒီလူတွေ လေသံနဲ့ခြောက်တဲ့လူတွေပါ။ ခုတော့ သူတို့ဘဝမှန်တွေ ပေါ်သွားပြီပဲ”

“ကိုကြာရိုး”

“ဘာတုံးကွ”

“ခင်ဗျား ဘာဖြစ်လို့ ကျုပ်ကိစ္စကို ဓားပြတွေဆီ လက်ထောက်ချလိုက်တာလဲဗျ”

“ဩော် ဂျာအေးကလည်းကွာ၊ အမှန်တော့ မိုးကြီးရဲ့တပည့် ချက်ကြီးနဲ့ငါ အရက်ဝိုင်းမှာ တွေ့တာကွ။ ဒီကောင် ဓားပြလုပ်နေမှန်းလည်း ငါမသိဘူး။ ငါက မင်းကိစ္စပြောပြတော့ ချက်ကြီး လောဘဇောတိုက်သွားတယ်လေ။ ဒါကြောင့် ငါ့ကိုပါ ဆွယ်တော့တာပေါ့ကွ။ ဒါကြောင့် ငါလည်း မူးမူးနဲ့ လုပ်မိတာပါကွာ။ ဒါပေမယ့် ကိုယ့်ရွာသား ကိုယ်ပြန်ပြီး ဒုက္ခပေးသလို ဖြစ်တာနဲ့ ခုလို မင်းတို့နဲ့ငါ ပြန်ပေါင်းပြီး ဆော်ခဲ့တာပေါ့ကွ”

“တော်သေးတာပေါ့ဗျာ၊ ဟာ နေဦးဗျ ကျုပ်ဖာကြီး အဲလေ ထန်းခေါက်ဖာကြီး ဘယ်မှာ . . .”

“အောင်မယ် မင်းပဲ ရွှဲဆိုတဲ့ ကောင်မလေးကို ပေးလိုက်တာလေ”

“ဟိုက် သေပါတော့ကွာ၊ ဒါဆို ငါမွဲပြီပေါ့။ ရွှဲ ရက်စက်ပါ့ကွာ။ တကယ်ဆို ငါ ခုလို ဒုက္ခတွေ့တာတောင် လာပြီး ကူညီသင့်တာပေါ့”

“အောင်မယ် ခုမှ လုပ်မနေစမ်းပါနဲ့ ဂျာအေးရာ၊ ဟို အဘိုးကြီးနဲ့ ရွှဲက မင်းကို အစိမ်းလိုက် ဝါးစားချင်ကြတာကွ”

“ဗုဒ္ဓေါ အစိမ်းလိုက်ဝါးစားရအောင် ငါက ကြွက်ကြော်မှ မဟုတ်တာကွ။ ရက်စက်ပါ့ကွာ သွားပါပြီ၊ ငါ့ရွှေအိုးကြီးတော့ ရွှဲနောက် ပါသွားရှာပြီ။ ဩော် ကုသိုလ်ကံများ တယ်လည်း ဆန်းကြယ်လှပါလား။ မထိုက်တော့လည်း လက်ထဲရောက်လာတာတောင် ပြန်ပါသွားသေးတယ်နော်”

ဂျာအေးခမျာ ရွှဲနောက် ပါသွားသော သူ့ရွှေအိုးကြီးကို မျက်စိထဲ မြင်ယောင်ကာ မချိတင်ကဲ ခံစားနေရပေ၏။

ထိုအချိန်တွင် ဦးဖေမြစိန်တို့ လူစုမှာ ဂျာအေး အပ်ခဲ့သော ထန်းခေါက်ဖာကြီးကိစ္စနှင့် ပတ်သက်ပြီး ချီတုံချတုံ ဖြစ်နေ၏။ ရွှဲက ဦးဖေမြစိန်၏ ပစ်ပစ်ခါခါ ပြောဆိုမှုကို စိတ်ထဲ မနှစ်မြို့နိုင် ဖြစ်နေ၏။

"မဟုတ်တာ ဦးကြီးရယ်၊ သမီးတို့က သူတို့ကြောင့် ဓားပြဘေးက လွတ်ခဲ့တာလေ။ ဒီတော့ သူတို့ ကျေးဇူးရှိတာပေါ့"

"ဒါတော့ ဒါပေါ့ တူမရယ်၊ ဒီကောင်တွေက အညာငါးပိချက်တွေပါ"

"အင် ဘာဖြစ်လို့တုံး"

"နေရာတကာ ပါချင်တာကိုး။ ဒီတော့ ဘာမှ ထူးပြီး ကျေးဇူးတင်စရာ . . . "

"အို ဒီလိုတော့ မပြောပါနဲ့ ဦးကြီးရယ်၊ ဟောဒီ ထန်းခေါက်ဖာကြီးကိစ္စလည်း ဘာလုပ်လို့ လုပ်ရမှန်း မသိဘူး"

"လွှတ်ပစ်လိုက်စမ်းပါ တူမကြီးရယ်။ အနုပ်စုတ်ကုပ်စုတ်တွေ သိမ်းမထားစမ်းပါနဲ့ လာဘ်တိတ်ပါတယ်"

"ဟို ဒီအထဲမှာ အဖိုးတန်ပစ္စည်းတစ်ခုခု ပါမှာသေချာတယ်။ ဒါကြောင့် ဓားပြအဖွဲ့က ကားပေါ်မှာ ဒီဟာကြီးကို မရရအောင် ရှာတာပေါ့"

"အေး ဟုတ်သားပဲ"

ရွှဲစကားကြောင့် ဦးဖေမြစိန်တစ်ယောက် ဂျာအေး ပေးခဲ့သော ထန်းခေါက်ဖာစုတ်ကြီးကို ကြည့်ကာ အားမလိုအားမရ ဖြစ်နေ၏။ ထိုစဉ် ရွှဲက . . .

"ဦးကြီး"

"ဟေ"

"သူတို့ကို ခုလို လုပ်လိုက်တာ မကောင်းပါဘူး ဦးကြီးရယ်၊ လူတွေက ရူးတူးတူး ပေါတောတောစိတ် ရှိပေမယ့် စိတ်ရင်းကောင်းကြပုံပါပဲ"

"ဟာ ငါ့တူမကလည်း ခုမှ ချိုကျိုးကို ရွှေချနေပြန်ပြီ"

"အို သူတို့ မကယ်ရင် ကျွန်မတို့အားလုံး ဒုက္ခရောက်ကုန်မှာပေါ့၊ ဦးကြီးရဲ့"

"ဟုတ်သားပဲ ကိုဖေမြရယ်၊ ရွှဲကလေး ပြောတာမှန်ပါ့တော့။ ကဲပါ သူတို့



နောက်လိုက်ပြီး အာမခံပေးလိုက်ပါရှင်"

"ဟုတ်တယ် ဦးကြီး၊ သူတို့ခမျာ ဘုမသိဘမသိနဲ့ ခံလိုက်ရတာပါ။ လိုက်ပြီး အာမခံပေးလိုက်ပါ ဦးကြီးရယ်"

"ခက်ပါ့ကွာ"

ဦးဖေမြစိန် တစ်ယောက် တူမလုပ်သူနှင့် ဇနီးသည်တို့၏ စကားကြောင့် နောက်ဆုံးတွင် စခန်းသို့ လိုက်လာပြီး အာမခံခဲ့လေ၏။ ထို့ပြင် ဓားပြမိုးကြီးတို့ လူစု၏ ဒုက္ခပေးသွားပုံကိုလည်း တိုင်ကြားကာ ပြန်သွားလေတော့၏။

ဂျာအေးတို့ လူသိုက်မှာ ဦးဖေမြစိန်ကိုယ်တိုင် အာမခံလာထုတ်သဖြင့် ရွှဲကလေးကို တွေ့ရနိုးနိုးနှင့် ဖွေရှာခဲ့၏။ သို့သော် ဦးဖေမြစိန်ရော ရွှဲကလေးကိုပါ မတွေ့ရသဖြင့် အကြီးအကျယ် ခံစားနေရလေ၏။ ရဲကြပ်ကြီးတင်ဝင်း မေးတော့လည်း ဦးဖေမြစိန်တို့ ဘယ်မှာတည်းခိုကြမှန်း မသိ။

နောက်ဆုံး သူတို့သုံးဦးလည်း အထက်မရောက် အောက်မဆင်းနိုင်နှင့် ဒုက္ခတွေ့နေကြ၏။ ထိုအချိန်တွင် ကြာရိုး၏ ကူညီမှုကြောင့် အောင်လံမြို့နှင့် မိုင်အနည်းငယ်မျှဝေးသော သမ္ဘာရွာကလေးသို့ ရောက်ရှိသွား၏။

ကျောင်းထိုင်ဆရာတော်မှာ ဝါသာဝါစက် ဖြစ်၏။ ပျော်ပျော်နေတတ်သူဖြစ်ပြီး တပည့်ဒါယကာများလည်း ပေါလှ၏။ ကြာရိုးနှင့်လည်း ညီအစ်ကို တစ်ဝမ်းကွဲတော်သည်မို့ သူတို့သုံးဦး စိတ်အေးချမ်းသာစွာနှင့် တည်းခိုခွင့် ရရှိခဲ့လေ၏။

ထို့ပြင် ဦးပဥ္စင်းကြီးက ဂျာအေးတို့ အဖြစ်ကို မေးမြန်းလေရာ ဂျာအေးက အမှန်အတိုင်း ပြောပြခဲ့လေ၏။ ဆိတ်ကုလားကပါ ဝင်၍ထောက်ခံပြောဆိုပြီး ဦးပဥ္စင်းကြီးဆီမှ စရိတ်အတွက် ဝတ္ထုငွေ စွန့်ကြပါရန် တောင်းတောင်းပန်ပန်နှင့် ပြောဆိုလေ၏။

ထိုအခါ ဦးပဥ္စင်းကြီးက . . .

"နေပါဦး ဒကာဂျာအေးရဲ့၊ ဒါဆို ရွှေအိုးကြီးက ဟို ရွှဲဆိုတဲ့ ကောင်မလေးလက်ထဲ ပါသွားပြီဆိုတော့ ဘယ်လိုလုပ်ကြမှာတုံး။ ရန်ကုန်ဆင်းလို့ရော ဘာအကျိုးရှိမှာလဲ"

"ဒီလိုပါ ဘုရား၊ တပည့်တော် စုံစမ်းထားခဲ့သမျှ ပြောရရင် အဲဒီ

ရွှဲဆိုတဲ့ ကောင်မလေး မိသားစုဟာ ရန်ကုန်မှာနေတာပါ ဘုရား။ ဒါကြောင့် သူတို့ကို ရန်ကုန်မှာ တွေ့လိုတွေ့ငြား ဆင်းရှာကြည့်ချင်တာပါ ဘုရား"

"အင်း မင်းတို့ ကောက်ရတဲ့ရွှေအိုးက လေးငါးခြောက်ပိဿာ ရှိတယ်ဆိုတော့ နှမြောစရာပေ့ါလေ။ ဒီတော့ ကျုပ် ဒကာတို့ကို စရိတ်ငွေ လှူလိုက်ပါ့မယ်။ ကြုံလည်း ပြန်ပေးကြပေါ့၊ မပေးလည်း ရတယ်"

"အို ပြန်ဆပ်ပါ့မယ် ဘုရား"

"ကောင်းပြီလေ၊ ဒါဆို ကပ္ပိယတင်မွန်ဆီက ယူသွားကြပေတော့။ ဘုန်းကြီး ပြောလိုက်ပါ့မယ်"

"ဝမ်းသာလိုက်တာ ဘုရား"

ပြောပြောဆိုဆိုနှင့် ဦးပဥ္စင်းကြီးဘုရားကို ကျေးဇူးတင်လွန်းလှသဖြင့် ထိုင်ပြီး ကန်တော့လိုက်ကြ၏။ ထို့ကြောင့် သူတို့သုံးဦး ရွာကျောင်းမှ ပြန်ထွက်ခဲ့ကြကာ ကြုံရာကားနှင့် ရန်ကုန်သို့ ထွက်ခဲ့ကြလေ၏။

လမ်းတစ်လျှောက်လုံး ဂျာအေး စိတ်ထဲ ဘုရားတနေရ၏။ ရွှေအိုးကြီး ပြန်ရလိုရငြား စိတ်ထဲကျိတ်ပြီး ဆုတောင်းနေရပေ၏။ သို့နှင့် ရန်ကုန်သို့ ညနေစောင်းလုလုတွင် ရောက်ရှိခဲ့ကြလေ၏။

၉၉၉

## အခန်း (၇)

"ဦးပေဒါ၊ ဗျို့ ဦးပေဒါကြီး ရှိလားဗျ"

"ဟော ဘယ်သူတွေတုံး"

"ကျွန်တော်တို့ပါ ဂျာအေးတို့လူစုပါ"

"ဩော် ဂျာအေးတို့လား ညကြီးမင်းကြီးကွာ လာကြလာကြ"

သူတို့လူစု ကပ္ပိယ ဦးပေဒါ ရှိနိုင်မည့် ဘုန်းတော်ကြီးကျောင်းသို့ ညတွင်းချင်း ကားငှား၍ ရောက်လာခဲ့ကြ၏။ ကျောင်းဝင်းထဲ ရောက်သည်နှင့် ကိုရင်လေးတစ်ပါးကို မေးမြန်းပြီး အနောက်ဘက် ဇရပ်ကြီးထဲ ဝင်ခဲ့ကြလေ၏။

ဂျာအေးတို့ လူသိုက်ကို မြင်သည်နှင့် ဦးပေဒါကြီး တစ်ယောက် ဝမ်းသာအားရ ဖြစ်နေ၏။ ထန်းလျက်ခဲ၊ မြေပဲများကို ချကျွေးရင်း မေးလိုက်၏။

"မင်းတို့ စားပြီးကြပြီလား"

"မစားရသေးဘူးဗျ၊ စရိတ် တအားကြီးတာဗျ။ ထမင်းတစ်ပွဲ ငါးရာ ခြောက်ရာတဲ့ဗျ"

"ဩော် ရန်ကုန်ပဲကွာ ဒီလောက်တော့ ရှိမှာပေါ့၊ မပူပါနဲ့ကွ ငါ ထမင်းဖိုထဲပြေးပြီး မင်းတို့စားဖို့ စီစဉ်လိုက်မယ်"

"ဟာ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ကွာ"

ဦးဗေဒါသည် အိပ်ရာထဲမှ လူးလဲထကာ ဇရပ်အနောက်ဘက် မီးဖိုဆောင်သို့ ပြေးသွားလေ၏။ ဂျာအေးတို့ လူစုမှာ မောမောနှင့် ထိုင်ကာ ဦးဗေဒါ ချကျွေးထားသည့် ထန်းလျက်နှင့် မြေပဲတို့ကို အခါးနှင့် မျောချနေကြ၏။

တစ်အောင့်အကြာတွင် ဦးဗေဒါတစ်ယောက် ချိုင့်တွေ၊ ပလုံးတွေနှင့် ရောက်ရှိလာပြီး စားဖို့ သောက်ဖို့ ပြင်ဆင်လိုက်၏။

"ဟင်းကတော့ ဟင်းလေးဟင်းပဲ ရှိတယ်ဟေ့၊ ခု ချက်ချင်း နွေးလာတာကွ၊ စားကြဟေ့"

"ကျေးဇူးကြီးလှပါပေ့ ဦးဗေဒါရယ်"

"ရပါတယ်၊ ဒါထက် ဂျာအေး မင်းတို့အဖေ ကိုကျောက်ဖားရော နေကောင်းရဲ့လား။ ဟို တလုတ်မရော ခုထိ လှတုန်းပဲလားကွ"

"ဟာ ဦးဗေဒါကတော့ လုပ်ပြီ"

"ဩော် ငါ့ရဲ့ ငယ်ချစ်ကြီးလေကွာ၊ တစ်ဖက်သတ် ချစ်ခဲ့ရတဲ့ အချစ်ကြီးဆိုတော့ ဘယ်မေ့နိုင်ပါ့မလဲကွာ။ ဒီကို ရောက်လာတာ သူ့ကြောင့် အသည်းတွေ ကွဲအက်ပြီး ရောက်လာရတာကွ"

"ဦးဗေဒါကတော့ တကယ့် ခံစားချက်သမားကြီးပဲကိုး"

"အထီးကျန်သမား ဆိုတော့လည်း ဒီလောက်ရှိမှာပေါ့။ ပြောပါဦးကွ တလုတ်မ"

"ဟာဗျာ ဦးဗေဒါ၊ တလုတ်မကြီးက ပုတ်လော့က်ရှိနေပြီဗျ။ ဦးဗေဒါမြင်ရင် ထိတ်တောင်ထိတ်သွားဦးမှာဗျ"

"ဟေ ဘယ်လိုဖြစ်သတုံး၊ ငါ ထွက်လာတုန်းက သွယ်သွယ်ပါးပါးနဲ့ လှချက်က ကမ်းကုန်တယ်။ အင်း တလုတ်မ တလုတ်မ အချစ်ထက် ...စားကို ပိုခုံမင်ခဲ့တာကိုး။ ငါနဲ့သာရင် အရိုးစုပ်ရမှာ ကြောက်လို့နဲ့တူပ့ါ"

"ဟာ ဦးဗေဒါကြီးကတော့ လုပ်ပြီဗျာ၊ ထမင်းစားပျက်တော့မှာပဲ"

"ဩော် ဆောရီးကွာ။ စား . . . စားကြ အဝသာစား၊ ထမင်းရော ဟင်းရော ရှိသေးတယ်ကွ။ တွယ်ကြစမ်းကွာ။ ရန်ကုန်မှာ အလှမလုပ်နဲ့ အလှလုပ်ရင် ဘဝရှုပ်သွားမယ်ကွ"

"အလဲ့ တယ်ဆိုတဲ့စာပါလား၊ ကေန္တ ဦးဗေဒါကြီး ရန်ကုန်လေ မိနေ

ပြီထင်တယ်”

“ဒီလိုပေါ့ကွာ၊ ရောမရောက် ရောမလိုတော့ ကျင့်တတ်ရမှာပေါ့ ကွာ ဟဲဟဲ”

ဂျာအေးတို့ လူသိုက်မှာ ဦးဗေဒါ ယူလာသည့် ထမင်းအုပ်ထဲမှ ထမင်းနှင့်ဟင်းများကို ဆာဆာနှင့် ဖိတွယ်လိုက်ကြရာ မိနစ်ပိုင်းအတွင်း တက်တက်စင် ပြောင်သွားလေတော့၏။ ထိုမြင်ကွင်းကိုကြည့်ပြီး ဦးဗေဒါ မျက်လုံးပြူးနေ၏။

“ဟာ မင်းတို့ တွယ်ပုံကလည်း ပန်းကန်တောင် ဆေးစရာမလို အောင် ပြောင်သလင်းခါနေပါလား။ ကေန္တ ကိုယ့်လူတွေ လမ်းတစ် လျှောက်လုံး ရေကြီးပဲ ဖိသောက်လာကြတယ်ထင်ပ့ါ”

“လုပ်ပြီဗျာ”

“ကဲပါကွာ စားပြီးကြရင် ဟောဒီမှာ တန်းစီသာ အိပ်ကြပေတော့”

“ခုလို စောင့်ရှောက်တာကိုပဲ ဝမ်းသာလှပါပြီဗျာ။ ကျွန်တော်တို့က ဦးဗေဒါကြီး အားကိုးနဲ့ လာကြတာဗျ”

“အားကိုးစမ်းပါကွာ၊ ငါက ရန်ကုန်ကို ခါးစောင်းတင်ထားတဲ့ လူပါ ကွ။ ရန်ကုန်မှာနေတာ အနှစ်နှစ်ဆယ်ရှိပြီဆိုတော့ လူလည်း ရန်ကုန်သား တစ်ပိုင်း ဖြစ်နေပါပြီကွာ။ ကဲကဲ ညဥ့်လည်း နက်လှပြီဟေ့၊ မင်းတို့လည်း ခရီးပန်းလာကြပြီဆိုတော့ အိပ်ကြပေတော့ကွာ”

ဦးဗေဒါ ထွက်သွားသည်နှင့် ဂျာအေးတို့လူစု သင်ဖြူးဖျာများ ခင်း၍ အိပ်လိုက်ကြ၏။

“ကိုကြာရိုး”

“ဟေလကွယ်”

“ကျုပ်တို့ ဘာဆက်လုပ်ကြမတုံးဗျ”

“အင် ငါလည်း မသိဘူးလေ၊ ဟို မင်းတို့ပဲ ရွှဲကို ရှာမယ်ဆို”

“ရှာတာကတော့ ဟုတ်ပါပြီဗျာ၊ လိပ်စာမသိ ဘာမသိနဲ့ ဆိုတော့ ရန်ကုန်က အတော် ရှုပ်သားလားဗျ။ ကောက်ရိုးပုံထဲ အပ်ရှာရသလို ဖြစ်နေရင်ခက်ပ့ါ”

“ဟုတ်ပ့ါ ဂျာအေး ပြောသလို ရွှဲကို ဘယ်လိုရှာကြမတုံး”

"ဒီလိုလုပ်ကွာ"
"ဘယ်လိုလုပ်မှာတုံး ကိုကြာရိုး"
"အဲဒီကိစ္စ ရေဒီယိုက ကြေညာခိုင်းကွာ"
"ဟာ ဖြစ်ပ့ါမလားဗျ"
"ဟာ ဘာလို့မဖြစ်ရမှာတုံးကွာ။ ရွာမှာ အငြိမ့်ပွဲ၊ ဇာတ်ပွဲ လူပျောက်ရင် လော်ကြီးကနေ အော်တာပဲဟာ။ ဒီမှာ လော်ကြီး ရှိမရှိတော့ မသိဘူး၊ ဒါပေမယ့် ရေဒီယိုဆိုတာ လော်တစ်မျိုးပဲကွ။ ဒီတော့ အဲဒီက အော်ခိုင်းပေ့ါကွာ"
"ဟုတ်ပ့ါ၊ ကိုကြာရိုး အပြောက ချောပ့ါ"
"ဒါဆို မနက်ဖြန် ဦးဗေဒါကို မေးကြည့်မှ"
"အိပ်မယ်ကွာ၊ ငါတော့ အိပ်ချင်ပြီ"
"အိပ်လေကွာ"
ပြောပြောဆိုဆိုနှင့် သူတို့သုံးဦး အသံဗလံများ တိတ်ဆိတ်သွားပြီး တစ်အောင့်အကြာတွင် တရှူးရှူးနှင့် အိပ်မောကျသွားကြလေ၏။
နောက်တစ်နေ့ နံနက်ခင်း စောစောတွင် သူတို့သုံးဦး ဆွမ်းစားဆောင်တွင် ဝိုင်းဝန်းလုပ်ကိုင်ပေးလိုက်ကြ၏။ ဦးပဥ္စင်း ဝါသရမှာ သူတို့နယ်သားဖြစ်၍ ဂျာအေးကို မြင်သည်နှင့် ဝမ်းသာအားရ ဖြစ်နေ၏။
"ဟ ဂျာအေးတို့ပါလားကွ"
"တင်ပ့ါဘုရား"
"ဘယ်တုံးက ရောက်ကြသတုံး"
"မနေ့ညကပါ ဘုရား"
"ဟုတ်လား ဒီကို အလည်လား"
"တင် တင်ပ့ါဘုရား"
"ဒါဆို စုံအောင်လည်ပြီးမှ ပြန်ကြပေါ့ ကိုဗေဒါ"
"တင်ပ့ါဘုရား"
"ဂျာအေးတို့ကို ဂရုစိုက်လိုက်ပါဗျာ"
"စိတ်ချပါ ဦးပဥ္စင်းဘုရား"
ဂျာအေးတို့ လူစုမှာ ဦးပဥ္စင်း ဝါသရ၏ စကားကြောင့် ဝမ်းသာအားရ

ဖြစ်နေကြ၏။ ထို့ကြောင့်လည်း ဦးဗေဒါနှင့်အတူ ဆွမ်းကွမ်းကိစ္စ ဝိုင်းဝန်း လုပ်ကိုင်ပေးလိုက်ကြပြီး ဦးပဉ္စင်းများ ဘုဉ်းပေးပြီးသွားသည်နှင့် သူတို့လူစု စားသောက်လိုက်ကြ၏။

ဟင်းခွက်ကလည်း အမယ်စုံလှ၏။ ချိုချဉ်စပ်ခါး အရသာစုံလင်လှ သဖြင့် ဂျာအေးတို့လူစု ခံတွင်းအတွေ့ကြီး တွေ့နေကြပေ၏။ စားသောက် ပြီးသွားကြသည်နှင့် ဇရပ်ရှေ့ မန်ကျည်းပင်ကြီးအောက် ကွပ်ပျစ်ပေါ်တွင် တစ်အောင့်တစ်နား ထိုင်လိုက်ကြ၏။

"ဦးဗေဒါ"

"ဟေလကွယ်"

"ဟိုဗျာ ရေဒီယိုဆိုတာ ဒီရန်ကုန်မှာ လော်ဆို"

"ဟေ ဘာလိုပါလိမ့်"

"ဩော် ကျုပ်တို့ဆီက ဇာတ်ပွဲ၊ အငြိမ့်ပွဲတွေမှာ လူပျောက်ရင် လော် ကနေ အော်ရတယ်လေဗျာ"

"ဟုတ်ပ၊ ခု မင်းတို့က ဘယ်သူပျောက်နေလို့တုံး"

"ဒီလိုဗျ ကျုပ်တို့ ဒီရန်ကုန်ကို ရောက်လာတာ ရွှဲဆိုတဲ့ ကောင်မ လေးကို ရှာမလို့ဗျ"

"ဟင် ရွှဲ"

"ဟုတ်ပ"

"ဘယ်မှာနေသလဲ၊ ဘယ်သူ့သမီးလဲ၊ ဘယ်လို သဏ္ဌာန်ရှိသလဲ"

"အဲဒါ ပြောတာပေါ့ဗျာ၊ ဘယ်မှာနေမှန်း မသိဘူး။ သူ့အဖေက ဦးဖေမြစိန် ဆိုလားပဲ။ ချောတာတော့ တော်တော့်ကို ချောသဗျ"

"ဟင် ဟုတ်လား၊ နေပါဦး အဲဒီ ကောင်မလေး ပျောက်တာကို ဘယ်က လော်နဲ့ အော်မှာလဲ"

"ရေဒီယိုနဲ့လေဗျာ"

"ဟ တောက်တီးတောက်တဲ့ကွာ၊ ဘယ်လို အော်လို့ ရမှာတုံးကွ။ နေပါဦး ဂျာအေးရဲ့ မင်းမှာ လိပ်စာ မရှိတောင် ဓာတ်ပုံရော မရှိဘူးလား"

"ဓာတ်ပုံ မလိုပါဘူးဗျာ၊ အဲဒီ ရွှဲကို ကျုပ်အသည်းထဲမှာ ဓာတ်ပုံရိုက် ယူထားတာဗျ"

"ဗုဒ္ဓေါ၊ မင်းဉစ္စာ ဟုတ်မှလည်း လုပ်ပါကွာ"

"တကယ် ပြောတာဗျ၊ ကျုပ် ဒီ ရွှဲဆိုတဲ့ အလှကလေးကို မတွေ့တွေ့အောင်ကို ရှာရမယ်ဗျ။ ဟောဒီ စကြဝဠာ ကမ္ဘာပြင်ကြီးတစ်ဖက်"

"ဟော့ကောင် ဂျာအေး"

"အင် ဘာလဲ ဆိတ်ကုလား"

"မင်းဉစ္စာ လွန်လှသကိုး"

"ဩော် ချစ်တာကိုးကွ"

"တော်စမ်းပါကွာ"

"နေပါဦး ဂျာအေးရဲ့ မင်းတို့ ရန်ကုန်ကို ထွက်လာတာ အဲဒီ ကောင်မလေးကိစ္စ အတွက်လား"

"ဟုတ်ပ"

"ဟင် အဲဒီ ကောင်မလေးက မင်းအတွက် အရေးကြီးနေလို့လား"

"ကြီးသပေါ့ဗျာ။ ရွှဲကလေးဟာ ကျုပ်ဘဝ၊ ကျုပ်အနာဂတ်၊ ကျုပ်ရဲ့ ချမ်းသာခြင်း ဟို ကျုပ် . . ."

"တော် တော်ပါတော့ ဂျာအေးရာ၊ မင်းရောဂါက မသေးလှပါလားကွ။ ဒါဆို မင်းတို့နှစ်ယောက်ကရော"

"ဗျာ"

ဦးဗေဒါက ဆိတ်ကုလားနှင့် ကြာရိုးတို့နှစ်ဦးကို လှမ်းမေးလိုက်၏။ သူတို့နှစ်ယောက် ဘာဖြေလို့ ဖြေရမှန်း မသိဘဲ ယောင်တိယောင်တ ဖြစ်နေ၏။

"ဟို အဲ၊ ကျုပ်တို့"

"ဘာတွေလဲကွ မင်းတို့လည်း ရွှဲပဲလား"

"ဗျာ အဲ ဟုတ်တယ်၊ ရွှဲ ရွှဲပဲ"

"ဟာ ဒါဆို သုံးပွင့်တစ်ခိုင် ဇာတ်ပါလားကွ"

"ဗျာ"

"ဟုတ်တယ်လေ ရွှဲကို မင်းတို့သုံးယောက်စလုံး အလိုရှိနေကြတာဆိုတော့ အင်း တွေ့များ တွေ့ရင်တော့ ရွှဲကလေးကိုယ်စား တွေးတောင်မတွေးရဲပါဘူးကွာ။ ဟော့ကောင် ဂျာအေး မင်းက ဘယ်အပိုင်းယူမှာလဲ"

"ဗျာ၊ အပေါ်ပိုင်း၊ ဟာ . . . ဘာတွေများတာတုံး ဦးဗေဒါရ"

"မေးရမှာပေါ့ကွာ၊ သုံးယောက်ဆို ရွှဲကို သုံးပိုင်းပိုင်းရမှာလေ"

"ဟာ ရှုပ်ကုန်ပြီဗျ"

"ဘာဖြစ်လို့တုံး"

"ဟုတ်ပ့ါကွာ၊ ရှင်းလေ ရှုပ်လေပါလား"

"နို့ မင်းတို့ပဲ သုံးပိုင်း"

"တော်ပါတော့ အမိကကိစ္စက ရွှဲကို တွေ့ဖို့ပဲဗျ။ ဒီတော့ အဲဒီ ကောင်မလေး ဘယ်လိုရှာရမတုံးဗျာ"

ဂျာအေးက မှုန်ကုပ်ကုပ် ရှုသိုးသိုးနှင့် ပြောလိုက်၏။ ဦးဗေဒါမှာ ဘာပြောလို့ ပြောရမှန်းပင် မသိပါချေ။ ဂျာအေးတို့ သုံးဦးမှာလည်း သူတို့ ကိစ္စ လူသိခံ၍ မဖြစ်သည့်ကိစ္စမို့ အကြံအိုက်နေကြ၏။ နောက်ဆုံး ကြာမိုး ၏ လေသံထွက်လာ၏။

"ဒီလိုလုပ်ကွာ"

"ဘယ်လိုလုပ်မှာတုံး"

"မိန်းကလေး အတော်များများ ဝင်ထွက်သွားလာတတ်တဲ့ နေရာ၊ ဘယ်နေရာရှိသတုံးကွ"

"အင် အဲဒီဆို မယ်သီလရှင်ကျောင်းပဲ"

"ဟာကွာ ငါ ပြောတာ၊ အဲ ဟုတ်ပြီ ဆေးလိပ်ခုံ"

"ဟာဗျာ ရွှဲပုံစံက ဆေးလိပ်,လိပ်သမပုံ မပေါ်ပါဘူးကွ"

"ဟုတ်သားပဲဗျာ"

"အင် ဒါဆို ဘာပုံပေါ်သလဲကွ"

"အင် ပြောရမှာခက်လှသဗျာ၊ ရွှဲလေးနေရပ် ဘယ်ဌာနေ၊ ဘယ် ကမ္ဘာဆီများ ရောက်နေပြီလဲကွယ်။ ဖုန်းမောင့်ဒုက္ခ သောက မြင့်မိုရ် အလွမ်းက သမုဒ္ဒရာ အချစ် စကြဝဠာ"

"တော်ပါတော့ ဂျာအေးရာ၊ မင်းဝေဒနာက တစ်နေ့တခြား ပိုဆိုး ပါလား"

"ဟော့ကောင် ဆိတ်ကုလား"

"ဗျာ ဘာလဲ ဦးဗေဒါ"

"နောက်မှ မေးတော့မယ်ကွာ"

"အင် ဘယ်လိုဖြစ်တာတုံး"

သူတို့အားလုံး ရွဲကိစ္စနှင့် ပတ်သက်ပြီး အကြီးအကျယ် ဦးနှောက်ခြောက်နေကြ၏။ ဦးဗေဒါမှာလည်း ဘာအကြံပေးလို့ ပေးရမှန်းပင် မသိတော့။ သူတို့သုံးဦး ဘုန်းတော်ကြီးကျောင်းတွင် အိပ်လိုက်စားလိုက်နှင့် အူလည်ချာလည် ဖြစ်နေကြတော့၏။

ထိုအချိန်တွင် ဦးပဥ္စင်းကြီး တိုက်တွန်းမှုကြောင့် ကြာရှိုး ကျန်ခဲ့ကာ ဦးဗေဒါနှင့်အတူ ရွှေတိဂုံဘုရားဖူး ထွက်ခဲ့ကြ၏။ မိုးထိုးမတတ် ညဏ်တော် မြင့်မားလှသော ရွှေတိဂုံဘုရားကြီးကို ဓာတ်ပုံသာ မြင်ဖူး၊ ဖူးမြော်ဖူးသည်မို့ ယခုလို ကိုယ်တွေ့ ဖူးမြော်လိုက်ရသောအခါ ဂျာအေးရော ဆိတ်ကုလားပါ ပါးစပ်အဟောင်းသား ဖြစ်နေကြ၏။

ထို့ပြင် ကြိတ်ကြိတ်တိုး စည်ကားနေသော လူအုပ်စုကြီးများကို မြင်တွေ့ရသောအခါ စိတ်ထဲ ရှုစိရှုစိ ဖြစ်နေကြပေ၏။ ထိုအထဲတွင် ဘေးခွဲ၊ အလယ်ခွဲ၊ အနောက်ခွဲ ခွဲနည်းမျိုးစုံနှင့် ခွဲချင်တိုင်း ခွဲထားသည့် စကတ်တိုနုံနုံ့ ကောင်မလေးများကို မြင်ရသောအခါ နှစ်ယောက်စလုံး တံတွေးတနင်နင် ဖြစ်နေကြ၏။

ထိုမြင်ကွင်းကို ကြည့်ရင်း ဂျာအေးတစ်ယောက် စိတ်ထဲ မရိုးမရွဖြစ်နေ၏။

"အံ့ရော အံ့ရော ဦးဗေဒါရေ"

"ဘာတုံး ဂျာအေးရ"

"ဟာ ခင်ဗျားတို့ ရန်ကုန်က ကောင်မလေးတွေများ အဝတ်အစားတယ်ရှားပါးပါလားဗျ"

"အလို ဘယ်လို ဖြစ်လို့တုံးကွ"

"ဟာဗျာ ဟိုမှာကြည့်လေ ဝတ်ထားလိုက်တာ ထဘီက တိုနံ့နံ့ပြီးတော့ အနားတွေကလည်း ကွဲပြဲလို့ အပ်ချုပ်ဆိုင် ရှားလို့လားဗျ"

"မဟုတ်က ဟုတ်ကကွာ၊ အဲဒါ စကတ်ခေါ်တယ်ကွ။ မြို့စကားပြောရရင် မော်ဒယ်ဝတ်စုံပေါ့ကွ"

"ဗျာ မော်ဒယ်၊ အဲဒီ မော်ဒယ်ဆိုတာ အဲဒီလိုပဲ ကွဲနေသလားဗျ"

"ဟော့ကောင် ပေါက်တီးပေါက်ရှာ မပြောစမ်းနဲ့ကွာ"

"ဟာ ဟို ဟိုမှာ ကြည့်စမ်းပါဦးဗျာ"

"ဘာတုံးကွ"

သူတို့ရှေ့မှ ဖြတ်လျှောက်သွားသော ဖြူဖပ်ဖပ် မိန်းကလေးတစ်စုံ ဆံပင်က ကြေးနီရောင်၊ နားကွင်းကြီးများ ဆွဲထား၏။ ကိုယ်ပေါ်တွင် အနီအပြာအဝါ အစုံဝတ်ထား၏။

"ရင် ရင်ခုန်စရာလေးတွေပါလားဗျာ။ အဲ အဲဒါ ဘာလူမျိုးတွေများလဲ ဦးဗေဒါ"

"ဟာ အဲဒါ တို့မြန်မာကောင်မလေးတွေကွ။ မင်းမျက်လုံးတွေက အညာဒီဂရီလောက်ပဲ ရှိတာကိုး။ ခေတ်တွေ ပြောင်းသွားပြီ ဂျာအေးရ။ အဲဒါ မော်ဒယ်စတိုင်လေးတွေတဲ့ကွ"

"အင် မော်ဒယ်၊ အားပါး ခင်ဗျားကြီးတို့ မော်ဒယ်လေးတွေက ကြည့်ရတာ ရင်တလှပ်လှပ်နဲ့ ခုန်ပ့ါဗျာ။ ဟို ဘယ် ဘယ်လိုပြောရမလဲ အသည်းထဲ ကျလိကျလိနဲ့ဗျာ"

"ဒါဆို မင်း အသည်းထဲ ခဲညပ်နေလို့ ဖြစ်မှာပေါ့ကွ"

"ဟော့ကောင် ဆိတ်ကုလား၊ မင်း မသိရင် အသာနေစမ်းပါကွာ။ ငါ့ ငါ့ရင်တွေ ခုန်လွန်းလို့ပါ"

"အောင်မယ် မင်းလိုပါပဲ ဂျာအေးရာ၊ ငါလည်း သူတို့လေးတွေ ကြည့်ပြီး ဟို ဘယ်လို ပြောရမလဲ။ ရေ ရေငတ်သလိုလို၊ တံတွေးနင်သလိုလိုနဲ့ တစ်မျိုးကြီးပဲကွ။ အင်း ရန်ကုန်သူအလှက ချိုတိုက်ကို ငန်ကျိကျိ ခါးသက်သက်နဲ့ ဆယ့်နှစ်မျိုးအရသာ ရှိပ့ါကွာ"

"ကြဲ့ကြဲ့ဖန်ဖန် ဆိတ်ကုလားရာ၊ မင်း ပြောပုံဆိုရင် ရန်ကုန်သူအလှက ဆယ့်နှစ်မျိုးစုံတော့ ဟင်းဟုန်ကြီး ဖွယ်တယ်တယ်ကြီး နေမှာပေ့ါကွ"

"အဲ ဒီလို ပြောရမလားပဲ ဦးဗေဒါရာ"

"တော်ပါတော့ကွာ၊ မင်းတို့နှစ်ယောက် ပါးစပ်ထဲ ရန်ကုန်သူရဲ့အလှက ဖွယ်ကုန်ပါပြီကွာ။ ကဲ သွားကြစို့ဟေ့"

သူတို့နှစ်ဦး၏ အသံဗလံများက ကျယ်လောင်လွန်းသဖြင့် ဦးဗေဒါ မျက်ခုံးလှုပ်လာ၏။ ထို့ကြောင့်လည်း ဘုရားပေါ်မှ အက်စကာလေတာ

ခေါ် လျှပ်စစ်လှေကားနှင့် ဆင်းခဲ့ကြ၏။

"အောင်မလေး . . . အောင်မလေး"

"ဟ ဘာဖြစ်သတုံးကွ ဂျာအေး"

"ဟို ဒီ ဒီလှေကားစီးရတာ နတ်ပြည်က တွန့်လိမ်တွန့်လိမ် ဆင်းရသလိုပဲဗျ"

"အောင်မလေးကွာ၊ ပြောလိုက်မှဖြင့်"

"ဟဲဟဲ ဆန်းပါ့ဗျာ၊ လှေကားကြီးတွေ တွန့်လိမ်တွန့်လိမ် ဖြစ်သွားအောင် ဘယ်နတ် သိကြားကများ ဖန်ဆင်းသွားပါလိမ့်"

"တောက်တီးတောက်တဲ့ကွာ"

ဂျာအေး ပြောပုံကြောင့် ဦးဗေဒါခမျာ ဘာကို ရှင်းပြရမှန်း မသိအောင် အူချာချာ ဖြစ်နေပေ၏။ တိရစ္ဆာန်ရုံဘက်သို့ အရောက်တွင် ထူးဆန်းသော တိရစ္ဆာန်များကို ကြည့်ရသည်ထက် သစ်ပင်ကြီးများအောက် ဝါးရုံပင်ကြီးများကြား တွတ်တီးတွတ်တာနှင့် ပူးပူးကပ်ကပ် ပြောဆိုနေကြသော အတွဲများကိုကြည့်ကာ ဂျာအေးရော၊ ဆိတ်ကုလားပါ မျက်လုံးမျက်ဆန်ပြူးနေကြ၏။

ထို့ကြောင့်လည်း နားနေဆောင်ထဲရှိ အုတ်ထိုင်ခုံလေးများပေါ် တွင် ထိုင်မိသည်နှင့် ဦးဗေဒါကို ရင်ဖွင့်လေတော့၏။

"ကြက်သီးတွေ ထလိုက်တာဗျာ၊ ဖြန်းခနဲ ဖြန်းခနဲနဲ့ မြင်ရတာ ရင်ဝကို နွားသိုးခတ်လိုက်သလိုပဲဗျ"

"ဟေ ဘယ်လိုဖြစ်ပြန်သတုံး"

"ဟို အတွဲ အတွဲတွေလေဗျာ"

"ဟုတ်ပ့ါ ဦးဗေဒါ၊ ကျုပ်လည်း အဲဒီ အတွဲတွေ ကြည့်ကြည့်ပြီး ကင်းမြီးကောက် ထောင်ချင်သလိုလို ရှေ့ကျွမ်းတွေ၊ နောက်ကျွမ်းတွေ ပစ်လိုက်ချင်သလိုလိုဗျ။ တစ်မျိုးကြီးပါပဲဗျာ"

ဆိတ်ကုလားကပါ ဂျာအေး အပြောကို ခပ်ပင့်ပင့်လေး ပြောလိုက်၏။ ဦးဗေဒါမှာ သူတို့နှစ်ယောက် အပြောကို နားထောင်ရင်း ပြုံးဖြီးဖြီး ဖြစ်နေ၏။

"ဟားဟားဟား မှတ်ထားကွ၊ အဲဒါ ဗလာဖြဇာတ်လို့ ခေါ်တယ်"

"ဗျာ ဗလာပြဇာတ် ဟုတ်လား၊ ဒါဆို ဟို ဟို သစ်ပင်ပေါ် တက်ပြီး ကျိုးကြည့်ကြောင်ကြည့် ကြည့်တဲ့လူတွေကရောဗျ"

"အဲ အဲဒါ ဇာတ်စကား ပြောရရင် သေတ္တာမှောက်ပေါ့ကွ"

"အင် အဲဒီလူတွေက သေတ္တာမှောက် ဟုတ်လား၊ ကျုပ် စိတ်တော့ သေတ္တာမှောက် မဟုတ်ပါဘူးဗျ"

"ဘာတုံး ဆိတ်ကုလားရဲ့"

"အဲဒီလူတွေက မီးထိုး၊ ကြိုးဆွဲတွေ ဖြစ်ရမယ်ဗျ"

"ဗုဒ္ဓေါ၊ ဆိတ်ကုလား စကားက မြင့်လှချည်လားကွ"

"ဟဲဟဲ အညာသားပဲဗျ"

"တော်ပါတော့ကွာ၊ မင်းတို့ဥစ္စာ တိရစ္ဆာန်ရုံလာပြီး ဗလာဇာတ်ကြည့်တဲ့လူတွေ ကျနေတာပဲ။ ကဲ ပြန်ကြမယ်ကွာ"

"ပြန်တာပဲ ကောင်းပါတယ်ဗျာ"

ပြောပြောဆိုဆိုနှင့် သူတို့သုံးဦး လိုင်းကားစီး၍ ပြန်ခဲ့ကြ၏။ ကားပေါ် တွင် ခရီးသည်များက ငါးပိသိပ်၊ ငါးချဉ်သိပ်။ ဂျာအေးနှင့် ဆိတ်ကုလားခမျာ ညှပ်သိပ်နေသော လူအုပ်ကြား ပြားချပ် ချိုင့်ဝင်နေကြ၏။

"အူး အီး အား"

"ဘာဖြစ်တာတုံးဗျ၊ လေနာထနေတာလား"

ဆိတ်ကုလား တစ်ယောက် လူအုပ်ကြား အသက်လုရှူနေရသဖြင့် အသံဗလံတွေ ထွက်နေ၏။ ပူကလည်းပူ အိုက်ကလည်းအိုက်၊ ချွေးတရွှဲရွှဲနှင့် အသက်ကို မနည်းကြီး လုရှူနေရသော ဆိတ်ကုလားခမျာ ပါးစပ်က အသံပေါင်းစုံ ထွက်နေ၏။ ထိုအသံကို စပယ်ယာလုပ်သူက တစ်မျိုးသဘောပေါက်သွားကာ လှမ်းပြောလိုက်ခြင်း ဖြစ်၏။

"ဟုတ် ဟုတ်ဘူးဗျာ၊ ဟို အား အီး အသက် သက်"

"ဘယ်က အသက်လဲ၊ ကားပေါ်မှာ အသက်တွေ အသည်းတွေ လုပ်မနေနဲ့ဗျို့။ ရွှေ့နည်းနည်း တိုးကြဗျာ။ တိုးတိုးကြပါဗျာ။ မွေ့ဆိုး မရှိပါဘူးဗျ"

"အောင်မလေးတော့ နင်းထားတယ်၊ နင်းထားတယ်"

"ဘာနင်းတာလဲ မွေ့လား"

"ဟုတ်ဘူးတော့ ခြေထောက် . . . ခြေထောက်"
"ရိုင်းလှချည်လားကွ၊ ဒါ ဘတ်စ်စကားကွ"
"တော်ကြပါတော့ဗျာ၊ မောင်း ဆရာရေ့။ နောက်က လိုက်လာပြီ နော်။ တိုးကြပါဗျာ။ မတိုးကြဘူးလား"
"ဘယ်ကို တိုးရမှာလဲ မင်းကြီးတော်ဆီလား"
"ဟာ မလွယ်ဘူး ဆရာရေ့၊ တော့လိုက်ပါဦးဗျ"
"ကျွိ"
"ဝုန်း ဝေါ"
"အောင်မလေး သေပါပြီဗျ"
"ဟ ဘာဖြစ်သတုံး"
"မွန်း မွန်းတယ်"
"ဟူး ခွီး ဟချိုး"
"ဟဲ့ဆားလ်"
ကားတစ်စီးလုံး အသံဗလံတွေ ပေါက်ကွဲနေ၏။ ဂျာအေးနှင့် ဆိတ်ကုလားမှာ အာချောင်လွန်းလှသော စပယ်ယာနှင့် ပညာရှိဒရိုင်ဘာကြား တောယိမ်းလိုက် တောင်ယိမ်းလိုက်နှင့် ဖရိုဖရဲ ဖြစ်နေ၏။
"ဟော့လူ ကိုင်ထားလေဗျ"
"ဗျာ ဘာကိုင်ရမှာတုံး"
"မင်းကြီးတော်ကို ကိုင်ကွာ"
"ကျုပ် ကြီးတော်မှ မရှိတာ"
"အူလည်လည် ဘယ်က တောသားတွေလဲ မသိဘူး"
"အောင်မလေးဗျ"
"ဟ ဘာဖြစ်ပြန်သတုံး"
"အရမ်း တိုးလို့ဗျာ"
" နင်းတတ်၊ ကန်တတ်၊ တိုးတတ်၊ တတ်တက် ရမယ်လေ"
"တော်ကြပါတော့ အသက်ရှူမဝရတဲ့ကြား စပယ်ယာကလည်း ဘာတွေပြောမှန်းမသိ"
"ဟူး အိ အား"



"အသံတွေကတော့ စုံပါ့ဗျာ"

ဂျာအေး တစ်ကိုယ်လုံး ချွေးတွေ ရွှဲရွှဲနစ်နေ၏။ ဆိတ်ကုလားမှာလည်း လူအုပ်ကြား ခေါင်းကလေး ပြူတစ်ပြူတစ် ဖြစ်နေရှာ၏။ ထိုအချိန်တွင် ဂျာအေးသည် လေဝင်လာသော ဘေးပြတင်းပေါက်ဘက်သို့ ခေါင်းကို အတင်း ပြူထုတ်လိုက်စဉ် တစ်ဖက်လမ်းမပေါ် ယှဉ်၍ မောင်းလာသော ကားလေးတစ်စီးကို မြင်လိုက်ရ၏။

"ဟာ ရွှဲ ဗျို့ ကျောင်းအမ"

"ဘယ်လိုဖြစ်တာတုံးကွ"

"ကျောင်းအမ၊ ဗျို့ ကျောင်းအမ ကျုပ်လေ ဂျာအေးပါဗျ။ ရေနံချောင်းသားလေ"

"ဘာတွေ အော်နေတာတုံး ဘယ်သူက သန်းခေါင်စာရင်းစစ်နေလို့လဲ"

"ဟ နေစမ်းပါဗျာ"

ဂျာအေးသည် ကားထဲတွင် အခန့်သား လိုက်ပါလာသော ကောင်မလေးကို ကြည့်ရင်း ရွှဲနှင့်တူလှသဖြင့် အတင်း ခေါင်းထုတ်ပြီး အော်ဟစ်လိုက်၏။ ခရီးသည်များမှာ ဂျာအေး၏ အော်သံဟစ်သံကြောင့် နားရှုပ်ကုန်၏။ ထိုအချိန်တွင် ဂျာအေး နှာခေါင်းထဲ မွှေးကြိုင်သင်းပျံ့သော ရနံ့ကလေးတစ်ခုကို ရှူမိကာ ရနံ့ရှင်က သူနှင့် လက်တစ်ကမ်းသာသာတွင် ရပ်နေ၏။

မိတ်ကပ်အဖွေးသား၊ မိုးပြာရောင် ဂါဝန်ကြီးဝတ်ထားသော ကောင်မလေးတစ်ဦး သူ့ကို ပြုံးစိစိနှင့် ကြည့်နေ၏။ သူမကို မြင်တော့ ရွှဲ... သူ မေ့သွား၏။ နှာတံစင်းစင်း၊ မျက်ခုံးထူထူ၊ ဝါညက်သော အသားအ... နှင့် အလှဖုရားလေး။

"အားပါး လှချက်က ကမ်းကုန်"

"ဟင် ဘယ်သူ့ ပြောတာလဲကွ"

"ဗျာ၊ ဟို ကျုပ် သူ . . . သူ"

"ဩော်"

သူ့နံဘေးမှ အသက်ခပ်ကြီးကြီး ပုဂ္ဂိုလ်က သူ့အမျိုးသမီးကို ပြော

သည်အထင်နှင့် ဘောက်ဆတ်ဆတ် ပြောဆိုလာရာ ဂျာအေးလည်း အလှမယ်လေးကို လက်ညှိုး တထိုးထိုးနှင့် ယောင်ယမ်းပြောလိုက်မိ၏။

ဂျာအေးက ဆိတ်ကုလားကို တီးတိုးပြောလိုက်၏။ အခြောက်ကြီးက သူတို့နှစ်ဦးကို မျက်စောင်းတခဲခဲ လုပ်နေပေ၏။ ထိုအချိန်တွင် ကားနောက်ဘက်မှ အော်သံဟစ်သံ ပေါ်လာလေ၏။

"နာရီဖြုတ်တယ်ရှင့် နာရီ"

"ဟာ ခါးပိုက်နှိုက်"

"ကားရပ်ဟေ့"

"ဘယ်မှာလဲ၊ ဘယ်သူလဲ"

"ကျွန်မ နာရီ"

"ဟာ ဒုက္ခပဲကွာ၊ လူတွေကျပ်ရတဲ့အထဲ"

"ကားရပ်ပါရှင့်"

"စခန်းကို မောင်းကွာ"

"ဟုတ်တယ် ကားပေါ်မှာ ခါးပိုက်နှိုက်ရှိတယ်"

"စခန်းမောင်းဟေ့"

တစ်ကားလုံး နာရီဖြုတ်ခံရသည့် အမျိုးသမီးအသံကြောင့် ထိတ်လန့်ကုန်၏။ တချို့ကလည်း စိတ်ပျက်လက်ပျက် ဖြစ်ကုန်ကြ၏။ စပယ်ယာမှာလည်း ခရီးသည်များ တစ်ယောက်တစ်ပေါက် ပြောဆိုနေသဖြင့် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ။ နောက်ဆုံး ရဲစခန်းသို့ တန်း၍ မောင်းနှင်ခဲ့လေတော့၏။

"ဘယ်သူမှ မဆင်းနဲ့နော်"

"ဆင်းတဲ့လူ ခါးပိုက်နှိုက်ဟေ့"

"ဟာ ဒုက္ခပါပဲကွာ"

ခရီးသည်များခမျာ တစ်ယောက်တစ်ပေါက် ပြောဆိုရင်း အချင်းချင်း သံသယအကြည့်များနှင့် ကြည့်နေကြ၏။ ထိုအချိန်တွင် သူတို့ စီးနင်းလာသော ကားကြီးသည် စခန်းရှေ့ ထိုးစိုက်လိုက်ပြီး စပယ်ယာက တာဝန်ခံ ရဲမှူးကို အကျိုးအကြောင်း ရှင်းပြလေ၏။

ထိုအခါ နာရီဖြုတ်ခံရသော အမျိုးသမီးငယ်လေးကို ဦးဆုံး ဆင်း

ခိုင်းလိုက်ပြီး မေးမြန်းလိုက်၏။ ပြီးသည်နှင့် ကားပေါ်မှ တစ်ယောက်ချင်း ဆင်းခိုင်းကာ နာရီဖြုတ်သူကို ဖွေရှာလေ၏။

ဂျာအေးနှင့် ဆိတ်ကုလားတို့ နှစ်ဦးမှာ ဦးဗေဒါနောက်မှ ကုပ်ချောင်းကုပ်ချောင်း ဆင်းလာ၏။ ရဲကြပ်ကြီးတစ်ဦးသည် ဂျာအေး၏ ဖျဉ်ကြမ်းတိုက်ပုံကို ဟိုဟိုဒီဒီ နှိုက်ကာ ဖွေရှာလိုက်၏။

"ဟာ ဒီမှာဗျို့"

"ဟင်"

"ဗုဒ္ဓေါ"

"အညာသားက ဟန်ကောင်းလှချည်လား"

"ကြည့်တော့ ရိုးသလိုလိုနဲ့ကွ"

"ကယ်ကြပါဦး"

"ဘာတုံး၊ ဘာဖြစ်လို့ အော်တာလဲ"

"ဟို ကျုပ် ကျုပ်မသိ"

"ဟန်လုပ်တာကွ"

"တဲကဲ စခန်းထဲ လိုက်ခဲ့ပေတော့ ကိုယ့်လူ"

"ဗျာ ဘုရားကယ်ပါ"

"ဘယ်လိုဖြစ်တာလဲ ကျုပ်တို့က အညာကဗျ"

"လိုက်ဆို လိုက်ခဲ့ကွာ"

"ဒုက္ခပါပဲ"

ဂျာအေး အကြီးအကျယ် မျက်လုံးပြူးသွား၏။ သူ့ဖျဉ်ကြမ်းတိုက်ပုံ အိတ်ထဲ မိန်းမချောလေး၏ နာရီက ဘယ်လိုကဘယ်လို ရောက်လာသည် မသိ။ လက်ပူးလက်ကြပ် ဖြစ်နေ၍ ဂျာအေးရော ဆိတ်ကုလားပါ ပါးစပ် အဟောင်းသား ဖြစ်နေ၏။ ဦးဗေဒါမှာလည်း သူ့လူများကို ကြည့်ပြီး ဘာပြောလို့ ပြောရမှန်း မသိ။

နောက်ဆုံး သူတို့သုံးဦး အူချာချာနှင့် လိုက်ခဲ့ရာ ပစ္စည်းသက်သေ လူသက်သေ ရှိနေသဖြင့် ဂျာအေးတစ်ယောက် အလိုလိုနေရင်း အချုပ်ထဲ ဒုတိယမ္ပိ ရောက်ရှိသွားပြန်လေ၏။

"ဘယ်လို ဝဋ်တွေများ ပါလာပါလိမ့်။ ခုထိ အချုပ်စခန်းနဲ့ ငါ နှစ်

ပါးသွားနေရတာပါလားကွာ"

"ဟုတ်ပ့ါကွာ၊ ဟို ဆရာဖျော်က် တွက်တဲ့အထဲမှာ အချုပ်ကျကိန်း မပါဘူးလားကွ"

"ပြောတတ်ပါဘူးကွာ"

"နေပါဦး အဲဒီ နာရီက ဘယ်လိုလုပ်ပြီး မင်းအိတ်ထဲ ရောက်နေတာလဲ"

"ပြောတတ်ဘူးလေကွာ၊ နာရီမှာ ခြေထောက်ရှိရင် ရှိမှာကွ"

"မဟုတ်က ဟုတ်ကကွာ"

"ဘာဖြစ်လို့တုံး ဦးဗေဒါရဲ့၊ ရန်ကုန်က တအား ခေတ်မီလေတော့ နာရီတောင် ခြေထောက်ရှိ"

"တော်စမ်းပါ ဂျာအေးရာ၊ မင်း တော်တော် အူကြောင်ကြောင်နိုင်တာပဲ။ ဒီကိစ္စ မရိုးသားဘူးကွ"

"ဗျာ ဘယ်သူက စာရိတ္တပျက်နေလို့လဲ၊ ကျုပ်လား"

"ဟာကွာ"

ဦးဗေဒါမှာ အချုပ်ခန်းဝတွင် ရပ်ရင်း ဂျာအေးအဖြစ်ကို ကြည့်ပြီး စိတ်ရှုပ်နေ၏။ ဆိတ်ကုလားမှာလည်း လင်းတကြီး မှိုင်သလို ငူတူတူလုပ်နေ၏။

"ဘယ်လိုလုပ်ကြမတုံး ဦးဗေဒါ၊ ကျုပ်ကို ကယ်ပါဦးဗျ"

"အင်း ဒါ ခါးပိုက်နှိုက် တစ်ယောက်ယောက်က အသုံးချသွားတာပဲ ဖြစ်ရမယ်"

"အစစ်ပဲဗျ"

"ဘယ်သူက အတုပြောလို့လဲ ဆိတ်ကုလားရ"

"ဩော် အစစ်ပဲဆိုတာ အမှန်ပဲလို့ ပြောတာ ဦးဗေဒါရဲ့။ ကြံစမ်းပါဦးဗျာ။ ဂျာအေး သူငယ်ချင်း အားတင်းထားနော်။ ဝဋ်ကြွေးရှိလို့ ဆပ်ရတယ်ပဲ သဘောထားပေ့ါကွ"

"အောင်မလေး ဖန်လာတဲ့ ကံအကြောင်းကတော့ ပြန်ပြောင်းတောင် မတွေးချင်ပါဘူး အီးအီး"

"ဟေ့ အချုပ်ခန်းထဲ ဆူဆူညံညံ မလုပ်နဲ့ကွ"

"ဗျာ ဟိုအဲ ကျုပ် ခင်ဗျားတို့"

"ဘာတွေတုံးကွ"

ဂျာအေးက အညာလေနှင့် နတ်သံနှောကာ ငိုချင်းချလိုက်သဖြင့် စခန်းဝသို့ ရဲကြပ်ကြီးအုန်းမောင် ရောက်လာ၏။ ပြူးကြောင်ကြောင် အကြည့်နှင့် လှမ်းကြည့်ရင်း ဂျာအေး ဘာပြောရမှန်းပင် မသိတော့။ ထိုစဉ် ဂျာအေးကို အချုပ်ခန်းထဲမှထုတ်၍ စခန်းမှူးရှေ့ ခေါ်သွား၏။ ခုံတန်းလျားပေါ်တွင် ထိုင်ခိုင်းလိုက်သဖြင့် အူချာချာနှင့် ဝင်ထိုင်လိုက်၏။ စခန်းမှူးကြီးက သူ့ကို မျက်လုံး ပြူးပြူးကြီးနှင့် ကြည့်ရင်း မေးလိုက်၏။

"နာမည်ပြော"

"ဂျာအေး"

"ဟေ နာမည်က အဆန်းပဲ၊ အဖေနာမည်"

"ဦးကျောက်ဖား"

"ဟိုက် ဆန်းလှချည်လား၊ ကြီးတော်နာမည်"

"ဒေါ်ဗျက်ကြီး"

"အို ထူးလှချည်လား ဦးလေးနာမည်"

"ဦးပြူး"

"အဲ"

"ဟို ဟို အဲဒီ နာမည်တွေ ဘာကြောင့် မေးနေတာလဲ ခင်ဗျာ။ ဟို တစ်မျိုးလုံး သိချင်ရင် ရွာလိုက်ခဲ့ပါလား"

"ဘာကွ ဟေ့ကောင်"

"အင် ခင် ခင်ဗျား၊ ဟို ကျုပ်"

"ငါလည်း မေးကောင်းကောင်းနဲ့ မေးမိတာပါကွာ၊ ဟဲဟဲ"

"ဗုဒ္ဓေါ့၊ ဒါဆို ကျုပ်မိထွေးဖြစ်မယ့် နာမည်ပါ မှတ်ထားဗျ"

"ဘယ်သူတုံး"

"ဒေါ်တလုတ်မဗျ"

"ဟိုက် ဘာတွေလဲ တော်ပြီ တော်ပြီ၊ မင်း အမျိုးအဆွေ နာမည်တွေက နားရှုပ်လှသကွာ။ ကဲ ပြောစမ်း မင်း ဘာငြင်းချင်သေးသလဲ"

"ဟို ကျုပ် ဘာလုပ်လို့လဲဗျ"

"ဟ မင်းနာရီဖြုတ်"

"အို မဟုတ်တာဘဲ စခန်းမှူးကြီးရဲ့၊ နာရီဖြုတ်ဖို့ နေနေသာသာ နာရီတောင် မြင်ဖူးတာ မဟုတ်ဘူးဗျ။ ပြီးတော့ ခင်ဗျားတို့ ရန်ကုန်နာရီတွေက ခြေထောက်တွေ၊ လက်တွေ ရှိချင်ရှိမှာဗျ"

"ဟေ မင့်စကားတွေက တစ်မျိုးကြီးပါလား။ မင်းကို ဘယ်သူပြောသတုံးကွ၊ မြင်ဖူးလို့လား"

"သိဖူးလေ စခန်းမှူးကြီးရဲ့၊ ကျုပ်က ရေမရောတဲ့ အညာသားစစ်စစ်ဗျ။ ဒီတော့ ရန်ကုန်ရောက်မှ မြင်သမျှ အံ့ဖွယ်ကြီးပဲဗျို့"

"ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်သူငယ်ချင်း ဂျာအေးဟာ ရေနံချောင်းသားပါ။ မနေ့တစ်နေ့ကမှ ရန်ကုန်တက်လာတာပါ ခင်ဗျာ"

ဆိတ်ကုလားက မျက်နှာငယ်လေးနှင့် ဝင်ပြောလိုက်၏။ ဦးဗေဒါကလည်း အကျိုးအကြောင်း အမှန်ကို အကျဉ်းချုပ် ရှင်းပြလိုက်၏။ စခန်းမှူးကြီးသည် ဂျာအေး အသွင်အပြင်ကို အသေးစိတ် ကြည့်ရှုလိုက်ရင်း မှတ်တမ်းမှတ်ရာများကို စစ်ဆေးလိုက်၏။

ထိုအချိန်တွင် ဦးဗေဒါသည် စခန်းမှူးကြီးကို ခွင့်ပန်၍ ကျောင်းတိုက်သို့ ပြန်သွားကာ ကျောင်းထိုင်ဆရာတော်ကြီးပါ ခေါ်ချလာလေ၏၊ အားလုံးက မှန်မှန်ကန်ကန် ပြောဆိုနေကြသဖြင့် စခန်းမှူးကြီးလည်း လက်လျှော့သွားလေ၏။

"အင်း ကျုပ်တို့က ဒီကားလိုင်းပေါ်မှာ လှုပ်ရှားနေတဲ့ ခါးပိုက်နှိုက်တွေကို အကုန်သိတယ်ဗျ။ ခုဥစ္စာ ကိုဂျာအေးပုံကြည့်ပြီး ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်။ ပြီးတော့ မှတ်တမ်း အားလုံးလည်း စစ်ပြီးပါပြီ၊ ကိုဂျာအေးလို ပုဂ္ဂိုလ်မျိုး မရှိပါဘူး"

"ဗျာ ဒါ ဒါဆို ကျုပ် ကျုပ်ကို လွှတ်ပေးပါလား စခန်းမှူးကြီးရယ်"

"ခုတော့ ချက်ချင်း လွှတ်လို့ မဖြစ်သေးဘူးဗျ။ အာမခံသူရှိမှ လွှတ်လိုက်မယ်"

"ဟာ ဒါဆို ကျုပ်တို့ အာမခံပါတယ်ဗျ။ ကျုပ်ဒကာတွေက အညာသားလူရိုးတွေပါ။ ခုဥစ္စာ မလည်မဝယ်မို့ အသုံးချခံလိုက်ရတာပါ"

"ဖြစ်နိုင်ပါတယ်လေ"

စခန်းမှူးကြီးက ဂျာအေး၏ အူချာချာ မျက်နှာပေးကိုကြည့်ပြီး အာမခံနှင့် ပြန်လွှတ်ပေးလိုက်သဖြင့် နောက်ဆုံး ဘုရား တတ,တလုပ်ကာ စခန်းထဲမှ ထွက်ခဲ့ကြလေတော့၏။

၀၀၀

## အခန်း (၈)

"ဘယ်လိုလဲ ဂျာအေး၊ မြို့ထဲ ထွက်လည်ဦးမလားကွ"

"အောင်မလေး ကြောက်ပါပြီ ဦးဗေဒါရယ်၊ ဒီတစ်ခါ အချုပ်ထဲ မရောက်ဘဲ ထောင်ထဲ တန်းဝင်ရမယ့်ကိန်းဗျ"

"ဟားဟားဟား မင်းကံကလည်း ခေပါ့ကွာ"

"ဟ ဒီလို မပြောပါနဲ့ဗျာ၊ မကြာခင် ကျုပ်က ချမ်းသာကိန်း ရှိတယ်ဗျ"

"အင် မင်းက ဘယ်လိုသိသတုံး"

"ဗေဒင်ဆရာကြီး ကိုဖျောက်ဆိပ်လေဗျ"

"ဟေ ငဖျောက်လား"

"ဟုတ်ပ"

"ဟ ဒီကောင် အရင်က ထန်းတက်သမားပါကွ။ ဘယ်လိုဖြစ်ပြီး ဗေဒင်ဆြာ ဖြစ်သွားသတုံး"

"ပြောတတ်ဘူးလေ၊ မှန်တာတော့ ဒက်ထိဗျ"

"ဟုတ်လား"

"ဟုတ်ပ။ အင်း အရေးထဲ ဘယ်လိုပြဿနာတွေက ဝင်ရောက်နေမှန်း မသိဘူးဗျ။ ကျုပ် ဒီကို လာတာ အိုး . . . အိုး အဲ"

"ဘာလဲကွ အိုး အိုးနဲ့၊ ဘာအိုးလဲ ထမင်း ဟင်းအိုးလား"

"ဟုတ်ဘူးဗျ၊ အဲ ရွှဲ"

"အင် လုပ်ပြန်ပြီ ဒီရွဲ"

"ဟုတ်တယ် အဲဒီ ကောင်မလေး"

"ဟင် အိုးတွေရော၊ ရွဲတွေရော၊ ကောင်မလေးရော ရှုပ်လို့ကွာ။ ရှင်းရှင်းပြောကွာ"

"နောက်တော့ ပြောပါ့မယ်ဗျာ၊ လောလောဆယ်တော့ အဲဒီ ရွဲကလေးကို ဘယ်လို ရှာရမှန်း မသိတာ ခက်သဗျ။ ဘာလုပ်ရမလဲဗျာ"

"နို့ အဲဒီ ရွဲကလေးနဲ့ အိုးက"

"ဟာ အိုးက အဲဒီ ရွဲဆီ ပါသွားတာဗျ"

"ဟင် မင်းဟာက ဘာတွေမှန်းလဲ မသိဘူးကွာ။ တော်ပြီကွာ နောက်မှ ပြောပေတော့။ လောလောဆယ် ဟောဒါလေး ချလိုက်၊ ဆိတ်ကုလား ချကွာ။ ဦးပဥ္စင်းကြီး အပြင်သွားတုန်း မြန်မြန်လုပ်ကွ"

သူတို့လူစု ညဦးဘက်တွင် ကျောင်းဝင်းအနောက်ဘက် တန်းလျားတွင်ထိုင်ကာ ဝိုင်းဖွဲ့နေကြ၏။ ဦးပေဒါမှာ စကားတွေ ဖောင်လာ၏။ ဂျာအေးမှာ ရွှေအိုးကြီး ဝေဒနာက တက်လေလေပင်။ ပါးစပ်ကလည်း တရွှဲရွှဲ ဖြစ်နေ၏။ ဆိတ်ကုလားမှာ ဂျာအေး၏ ညောင်နာနာ အပြောကြောင့် နားကြားပြင်းကတ်လာ၏။

"ဟေ့ကောင် ဂျာအေး"

"ဘာတုံးကွ"

"မင်းကိစ္စက ရွဲနဲ့တင် ပြီးနေပြီကွာ။ စကားလေး ဘာလေး ပြင်ပြောကွာ။ ငါ့စိတ်ထဲတော့ မင်း ရွဲလို့ ပြောလိုက်တာနဲ့ မျက်ခွံး ခပ်လှုပ်လှုပ်ပဲကွ။ ရွဲ မဟုတ်ဘဲ ရဲနဲ့ နှစ်ပါးသွားနေတာ နှစ်ခါရှိပြီကွ"

"အင်း မချမ်းသာခင် ဖြစ်လာတဲ့ လောကဓံပေါ့ကွာ"

"အောင်မယ် ကြီးကြီးကျယ်ကျယ်နဲ့ လောကဓံတွေ၊ လောကဓာတ်တွေ ဘေးချိတ်၊ ခု ဘာလုပ်မတုံး ရှာပြန်မှာလား"

"ပြန်ဘူးကွာ၊ ငါ ရွဲကို ရှာမယ်။ ရွဲနဲ့ငါ နဖူးစာပါတယ်ကွ"

"လုပ်ပြန်ပြီကွာ"

"ဟုတ်ပါ့ကွာ၊ တော်ပြီ ဂျာအေးရာ အရက်မူးတာထက် မင့်စကားနားထောင်ရတာ ပိုမူးတယ်ကွ။ ဒီတော့ သွားအိပ်မယ်ကွာ"

"အိပ်ဗျာ"

ဆိတ်ကုလားသည် ဂျာအေးစကားကို နားမထောင်နိုင်ဘဲ တန်းလျားတွင် ခွေခွေကလေး အိပ်ပျော်နေပေရာ ဂျာအေးလည်း ဆိတ်ကုလားလမ်းစဉ်လိုက်၍ ကိုယ့်ပုဆိုး ကိုယ်ခြုံကာ တန်းလျားပေါ်တွင် အိပ်ပစ်လိုက်လေတော့၏။

နောက်တစ်နေ့ နံနက်စောစော အရောက်တွင် ဦးပဥ္စင်းမှာ ကပ္ပိယဦးဖေဒါကို နှိုးမရသဖြင့် ဂျာအေးတို့နှစ်ဦးကို ခေါ်ကာ ကပ္ပိယလုပ်ခိုင်းပြီး ဆွမ်းခံကြွသွားလေ၏။

ထိုအချိန်တွင် ကျောင်းဝင်းအတွင်းသို့ အဖြူရောင် စပရင်တာကားလေးတစ်စီး မောင်းဝင်လာပြီး ကားထဲမှ အမျိုးသမီးကြီး တစ်ဦးနှင့် အမျိုးသမီးငယ်တစ်ဦး ထွက်လာ၏။ ဦးဖေဒါမှာ မူးတူးမင်တင်နှင့် အိပ်ရာမှ ထလာရာ ကားထဲမှ ထွက်လာသော မိန်းမကြီးကို မြင်သည်နှင့် အံ့သြသွား၏။

"ဟာ ကျော့စိန်ကြီးပါလား"

"ဟုတ်ပါ့ အစ်ကိုဖေဒါရေ့၊ ဦးပဥ္စင်းကြီးရော"

"ဆွမ်းခံကြွသွားတယ်လေ၊ သူကလေးက"

"ကျုပ် သမီးလေးလေ"

"ဟင် ဘယ်သူပါလိမ့်"

"ရွှေလေ အစ်ကိုဖေဒါရဲ့"

"ရွှေ ဟုတ်လား"

"ဟုတ်ပါ့"

ဦးဖေဒါမှာ ရွှေဆိုသော မိန်းမချောလေးကို ကြည့်ရင်း စိတ်ထဲ နားဝေတိမ်တောင် ဖြစ်နေ၏။ ထိုအချိန်တွင် ဒေါ်ကျော့စိန်တို့ သားအမိကျောင်းပေါ်တက်လာ၏။

"ဘာကိစ္စတုံး ကျော့စိန်ကြီးရဲ့"

"ကျောင်းဆောက်ဖို့ ကိစ္စလေ"

"ဪ ဒါလား ဦးပဥ္စင်းကြီး ပြန်လာပါလိမ့်မယ်။ အဲဒီတော့မှ ပြောကြဆိုကြပေါ့"

"ဟုတ်ကဲ့"

"ဒါဆို ထိုင်ကြဦး၊ စားဖို့သောက်ဖို့ ငါ ပြင်ဆင်လိုက်ဦးမယ်"

ဦးပေဒါက ပြောပြောဆိုဆိုနှင့် မီးဖိုချောင်ထဲဝင်ကာ စားသောက်ဖွယ်ရာများ ပြင်ဆင်နေ၏။ မိနစ် အနည်းငယ် အကြာတွင် ဂျာအေးတို့ လူသိုက် ကျောင်းသို့ တက်သုတ်နှင်၍ ပြန်လာကြလေ၏။

"ဟာ ရွှဲ . . . . ရွှဲ . . . ရွှဲ"

"ဘယ်လိုဖြစ်တာတုံး ဒကာ"

"ဘုရား ဟို ရွှဲ . . . ရွှဲကလေး"

"အလို"

"အဲ အဲဒါ တပည့်တော် နဖူးစာ"

"အလို ဘယ်လိုဖြစ်တာတုံး ဒကာရဲ့"

"ဟို ဟိုမှာ ရွှဲ ကျောင်းအမ"

ရွှဲ၏ အရိပ်အယောင်ကို ကျောင်းပေါ်တွင် မြင်လိုက်သည်နှင့် ဂျာအေးတစ်ယောက် ဣန္ဒြေမဆည်နိုင်အောင် ဖြစ်နေ၏။ ပခုံးပေါ် ထမ်းထားသည့် ဆွမ်းထမ်းကြီးကို ကျက်သရေဆောင်ထဲ အမြန်ထားကာ ရွှဲဆီသို့ အပြေးကလေး ရောက်လာ၏။

"ကျောင်းအမ ကျုပ်ဆီလာသလားဗျ"

"ရှင် ဟိုဟာ ဟိုဒင်း"

"ဟုတ်တယ်လေ ဟိုဒင်းလေ၊ အဲ ကျုပ် ကျုပ် ဂျာအေးလေ။ ကျောင်းအမကို လူဆိုးတွေလက်က ကယ်ခဲ့တာလေ"

"ဪ ဟုတ်ပြီ၊ ရှင် ကိုဂျာအေး မဟုတ်လား"

"ဟုတ်ပ့ါ ကျောင်းအမရယ်၊ ဟုတ်ပ့ါ။ ဟို ကျုပ် ကျုပ် အိုး အိုးကြီး"

"ရှင် ဘာအိုးလဲ"

"ဟို ဖ . . . ဖ"

"ရှင်"

"ဟောကောင် ဂျာအေး၊ ဖရုသဝါစာတွေကွာ"

ဦးပေဒါသည် ဂျာအေး၏ စကားကြောင့် ဝင်ရောက် ပြစ်တင်ပြောဆိုလိုက်၏။ ရွှဲနှင့် ဒေါ်ကျော့စိန်တို့မှာလည်း မျက်နှာတွေ ထူပူကုန်၏။

ထိုစဉ် ဆိတ်ကုလားက ဘေးမှဝင်၍ ရှင်းလိုက်ရ၏။

"ဩော် ဒီ ဒီလိုပါ ပို ဂျာအေးက ခင်ဗျားဆီမှာ ထန်းခေါက်ဖာကြီး အပ်ခဲ့တယ်လေ"

"ဩော် ဒီလိုလား"

"ဟုတ်ပ့ါ ဟုတ်ပ့ါ၊ သူပြောတဲ့အတိုင်းပဲ ဟဲဟဲ အဲဒီဟာကြီး ကျုပ်ကို ပြန် ပြန်ပေး"

"ဟော့ကောင် ဂျာအေး"

"ဗျာ ဦးဗေဒါ"

"မင်းနဲ့ သူတို့က သိလို့လားကွ"

"သိ သိတာပေ့ါဗျာ"

"သိတာပေ့ါ အစ်ကိုဗေဒါရယ်၊ ကျော့စိန်တို့ လမ်းမှာ ဓားပြတိုက်ခံရတုန်း ဟောဒီ သူငယ်တွေ ဝင်ကယ်လို့ပေ့ါ"

"ဟေ ဟုတ်လား"

"ဟုတ်ပ့ါ၊ နေပါဦး အစ်ကိုဗေဒါရဲ့ သူတို့ . . ."

"ဟာ ကျော့စိန်ကလည်း နင့်ယောက်ျား ဖိုးပိန်တို့ရွာကလေ"

"ရှင် ဟုတ်လား"

"နေပါဦး ဦးဗေဒါရဲ ကျုပ် မေးပါရစေဦး"

"ဘာတုံး ဂျာအေး"

ဂျာအေးသည် ဦးဗေဒါနှင့် ဒေါ်ကျော့စိန်တို့ ပြောဆိုနေကြသော စကားများကို နားထောင်ရင်း ဦးဖိုးပိန်ဆိုသော အသံကြောင့် ခေါင်းထောင်လာ၏။

"ဟိုဗျာ ဒီအရီးလေးက ဘကြီးဖိုးပိန်နဲ့"

"ဒီလိုကွ သူက ဖိုးပိန်ရဲ့ နောက်မိန်းမ၊ ပထမမိန်းမက တလုတ်မလေ"

"ဗျာ ဒါဆို ရွှဲက မပန်းညိုနဲ့"

"ဟုတ်တယ် သူတို့နှစ်ယောက်က ညီအစ်မတွ၊ ရွှဲကအကြီး ကျုပ်နဲ့ ကိုဖိုးပိန်က ကလေးရတာ မဟုတ်ဘူး။ ကိုဖိုးပိန် ဆုံးတော့ သူနဲ့ပါလာတဲ့ ဟောဒီ ကလေးကိုပဲ သမီးလုပ်နေရတာ"

"ဩော် အံ့ဩစရာပ"

ရွာတွင် ကျန်ရစ်ခဲ့သော မပန်းညိုနှင့် ရွှဲတို့နှစ်ဦးမှာ ညီအစ်မ ဖြစ်နေကြောင်း သိလိုက်ရသဖြင့် ဂျာအေးတစ်ယောက် အအံ့ဩကြီး အံ့ဩနေပေ၏။ ထိုစဉ် ရွှဲက ဂျာအေးကို ပြုံးမြွေမြွေနှင့် ကြည့်ရင်း ပြောလိုက်၏။

"ကိုဂျာအေးရဲ့ ထန်းခေါက်ဖာကြီး ကျွန်မ သိမ်းထားပါတယ်ရှင်"

"ဟာ ဟုတ်လား၊ ကျေးဇူးတင်လိုက်တာ ကျောင်းအမရာ။ ကျုပ်ဘဝ အဲဒီဖာကြီး မရှိရင် အခက်ဗျ"

"အိမ်လိုက်ယူလေ"

"ဟင် အိမ်လိုက်ရမယ်၊ ဟို ဦးကြီး အဲ ကြည် ကြည်ဖြူပါ့မလား"

"အို ဘာဖြစ်လို့ မကြည်ဖြူရမှာလဲ"

"ဒါထက် ကျောင်းအမ ဒီကို ဘာလာလုပ်"

"ဩော် ကျောင်းထိုင်ဆရာတော်ကြီးက ကျွန်မ ဖေဖေ လက်ထက်ကတည်းက ကိုးကွယ်ခဲ့တာလေ။ အဲဒါ ဆွမ်းကျွေးလာဖိတ်တာ"

"ဟုတ်လား"

"အပြန်လိုက်ခဲ့ကြပေါ့"

"ဟာ လိုက်မှာပေါ့"

ဂျာအေးတစ်ယောက် သားရွှေအိုးထမ်းလာကိန်း ဆိုက်နေသဖြင့် အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပေ၏။ ထိုအချိန်တွင် ရွှဲနှင့် မွေးစားမိခင်ကြီးတို့ နှစ်ဦးသည် ဆရာတော်ဘုရားကြီးအား ဆွမ်းကျွေးဖိတ်ကြားနေကြ၏။ ဂျာအေးသည် ရွှဲကို ကြည့်ရင်း ပီတိဝေနေ၏။ မျက်နှာပြုံးလည်း မသတ်နိုင်၊ ဣန္ဒြေလည်း မဆည်နိုင်ပါချေ။

သို့နှင့် ပြောဆိုပြီးကြသည့်နောက် ရွှဲတို့နှင့်အတူ ဂျာအေးတို့လူစုလိုက်ပါခဲ့ကြလေ၏။ ရွှဲတို့ မိသားစုသည် တောင်ဥက္ကလာပတွင် ခြံကြီးဝင်းကြီးနှင့် နေထိုင်ပေ၏။

ရွှဲမှာ ဖခင်လုပ်သူ ဆုံးသွားသော်လည်း မိထွေးဖြစ်သူ ဒေါ်ကျော့စိန်ကို ခင်တွယ်နေသဖြင့် မိခင်ရင်းထံသို့ မပြန်ဘဲ အတူနေထိုင်ပေ၏။ ခြံကြီး၏ အလယ်တွင် နှစ်ထပ်တိုက် ခေတ်မီအဆောက်အအုံကြီး

ဆောက်လုပ်ထားပြီး ခြံပတ်ပတ်လည်တွင်လည်း သီးပင်စားပင်များနှင့် ပြည့်နှက်နေပေ၏။

အိမ်ရှေ့ဧည့်ခန်းတွင်လည်း ရေခဲသေတ္တာကြီးများ၊ တီဗီ၊ ဗီစီဒီစက်များ၊ မတ်တတ်ရပ်ပန်ကာများ စသည်ဖြင့် တခမ်းတနား ပြင်ဆင်ထားလေရာ ဂျာအေးတို့ လူသိုက်မှာ ဧည့်ခန်းထဲရောက်သည်နှင့် ကျီးကြည့်ကြောင်ကြည့် ဖြစ်နေကြ၏။

ထိုအချိန်တွင် အိမ်ကြီး၏ အပေါ်ထပ်ဆီမှ ဦးဖေမြစိန်တစ်ယောက် ဆင်းလာလေရာ ဂျာအေးကို မြင်သည်နှင့် ပါးစပ်အဟောင်းသား ဖြစ်နေ၏။

"မင်း . . . မင်း၊ ဟိုဒင်း ဟိုဟာ"

"ဟုတ်ကဲ့ ကျုပ် ဟိုဒင်းလေ၊ အဲ ဂျာအေးပါ ဦးကြီးရဲ့ မမှတ်မိတော့ဘူးလား"

"ဩော် ဟုတ်ပြီ၊ ဘာကိစ္စ"

"ဩော် ဒီက ကျောင်းအမနဲ့ တွေ့လို့လိုက်လာတာ"

"ဘယ်ကျောင်းအမလဲကွ"

"ဟို ရွှဲ ရွှဲလေးလေ"

"အောင်မယ် မင်းလေသံက ပိုင်စိုးပိုင်နင်းနဲ့"

"ဟဲဟဲ ဆွေမျိုးသားချင်းတွေ တော်ကြတော့မှာပဲ ဦးကြီးရဲ့"

"ဘာကွ တိတ်စမ်း၊ မင်းမျက်နှာ မင်းပြန်ကြည့်ပါဦး"

"ဗျာ ဘာ ဘာဖြစ်လို့လဲ ဦးကြီး"

"ဟ ဘာဖြစ်ရမှာတုံးကွ။ မျက်နှာက အညာငါးပိချက်၊ ပြောတော့ ဖရဲသီးလှည်းကြိတ်သလို တရွဲရွဲ တကွဲကွဲ"

"ဟာဗျာ ဦးကြီးကလည်း"

"ကဲ ဆိုစမ်းပါဦး ဒီကို ဘာလာလုပ်တာလဲ"

"ဟို ကျောင်းအမ"

"ဘယ်က ကျောင်းအမလဲ၊ ဒါ ဘုန်းကြီးကျောင်း မဟုတ်ဘူးကွ"

"ဗျာ ဟို . . . အဲ ရွှဲ"

"ဟေ"

ဂျာအေး၏ မအူမလည် စကားကြောင့် ဦးဖေမြစိန်မှာ ကြောင်စီစီ ဖြစ်နေ၏။ ထိုအချိန်တွင် အိပ်ခန်းထဲမှ အဝတ်အစားလဲပြီး ရွှဲ ပြန်ထွက်လာသဖြင့် ဂျာအေး သက်သာရာရသွား၏။ ထိုစဉ် ဦးဖေမြစိန်က-

"ရွှဲ ဒီကောင်တွေ ဘာဖြစ်လို့ အိမ်ခေါ်လာသတုံး"

"အို ဦးကြီးကလည်း သူတို့ပစ္စည်း သူတို့လာယူတာပေါ့"

"ဟေ ဘာ ဘာပစ္စည်းလဲ"

"ဖာပါ ခင်ဗျ"

"ဘာကွ"

"ဟို ထန်းခေါက်ဖာကို ပြောတာပါ"

"ဩော် ဘာလုပ်ရမှာလဲကွာ၊ ဒီလောက် စုတ်ပြတ်နေတဲ့ ဖာကြီးကို မင်းမို့ မက်မက်စက်စက်ကွာ"

"အင်"

ဦးဖေမြစိန်က ရှုံ့တွတွ အမူရာနှင့် ပြောဆိုရင်း ခြံထဲ ဆင်းသွားလေ၏။ ထိုအချိန်တွင် ရွှဲသည် ဂျာအေးတို့ လူသိုက်ကို စားကောင်းသောက်ဖွယ်များနှင့် ဧည့်ခံနေလေ၏။ ဂျာအေးခမျာ အစားထက် ရွှဲ၏အလှကိုသာ အာသာတငမ်းငမ်း ဖြစ်နေပေ၏။ ကြာရိုးနှင့် ဆိတ်ကုလားတို့မှာလည်း ဂျာအေးကို ဘာပြောလို့ ပြောရမှန်းပင် မသိ။

ထိုစဉ် ရွှဲကတောင် ဂျာအေး၏ ငေးငေးကြည့်နေမှုကို ရိပ်မိသွား၏။

"ကိုဂျာအေး"

"ဗျာ ကျောင်းအမ"

"စားလေ ကျွန်မကို ကြည့်နေလို့ ရှင် ဝမှာမဟုတ်ဘူး"

"အဲ ဟို ကျုပ် မဆာဘူးဗျ ဟဲဟဲ"

"ဒါဆို ရှင့်ပစ္စည်း ပြန်ယူတော့မလား၊ ပြောရရင် ကိုဂျာအေးတို့လူစု ကယ်လို့သာပေါ့။ မဟုတ်လို့ကတော့ ကိုယ့်ဘဝကိုယ် တွေးတောင်မတွေးရဲပါဘူးရှင်။ ကျေးဇူးလည်း အရမ်းတင်ပါတယ်။ ဒါထက် ဟိုကိုဂျာအေးတို့ရွာမှာ ကျွန်မညီမ ပန်းညို ရှိတယ်နော်"

"ဟုတ်ကဲ့ ရှိတယ်ဗျ၊ ပန်းညိုနဲ့ ရွှဲနဲ့ ယှဉ်ကြည့်တော့ နှစ်ယောက်စလုံး တစ်မျိုးစီ လှကြတယ်ဗျ"

"အို ဘာတွေတုံး"

"ဟုတ်ပ့ါ ဂျာအေးရာ၊ မင်းဥစ္စာ မဆီမဆိုင် တယ်ပြောသကိုး"

"ဟာ ကိုကြာရိုးကလည်း ကျုပ်ပြောတာ အဆက်အစပ် ရှိပါတယ် ဗျ"

"အင် စဉ်းစားစရာပဲ"

"တဲပါ ကျွန်မ သွားယူလိုက်ဦးမယ်"

ပြောပြောဆိုဆိုနှင့် ရွှဲတစ်ယောက် ရှက်ကိုးရှက်ကန်း ထကာ ညည့်ခန်းအနောက်ဘက်သို့ ဝင်သွားလေ၏။

"ဟော့ကောင် ဂျာအေး"

"ဘာတုံး ဆိတ်ကုလားရ"

"ဂ္ဂနွေလေး ဘာလေး ဆောင်ပါဦးကွ"

"ဟုတ်ပ့ါကွာ၊ မင်းအဖေက ဦးကျောက်ဖားမှ ဟုတ်ရဲ့လား မသိဘူး"

"အင် ဘာဖြစ်လို့တုံးကွ"

"ဘာဖြစ်ရမှာလဲကွ၊ မင်းဟာက ခေါ်တောကတောင် အဘား အော်ရမယ့်ကိန်းကွ။ ငမ်းကြောက ရှည်ပ့ါကွာ"

"ဩော် နဖူးစာလေကွာ"

"လုပ်ပြန်ပြီ ဒီနဖူးစာ"

"ဟာ ဟုတ်ပ့ါကွာ၊ မှတ်ထားကွ"

"ဘာတုံး ကိုကြာရိုး"

"ဖူးစာဆိုတာ ဦးရာလူပဲကွ"

"ဟင် ခင်ဗျား အတွေးက တယ်ကောင်းပါလားဗျ။ လုပ်ပါဦးဗျ။ ဒါဆို ဦးရာဆိုတော့ တန်းစီရင် ထိပ်က ဖြစ်ရမယ်ပေ့ါ"

"ဟော့ကောင် ဟိုမှာ လာနေပြီကွ"

"အင်"

ဆိတ်ကုလားက ထင်ရာမြင်ရာ ပြောဆိုနေသော ဂျာအေးကို ရွှဲ၏ အရိပ်အယောင် မြင်လိုက်ရသဖြင့် လှမ်းသတိပေးလိုက်ရ၏။ ထိုအချိန်တွင် ရွှဲသည် ဂျာအေး၏ ထန်းခေါက်ဖာကြီးကို သယ်ကာ ရောက်ရှိလာ၏။ ဂျာအေးမှာ သူ့ထန်းခေါက်ဖာကြီး မြင်လိုက်သည်နှင့် ဝမ်းသာအားရ

ဖြစ်နေ၏။

"ဟာ ကျေးဇူးတင်လိုက်တာ ကျောင်းအမရယ်၊ ဒီအထဲမှာ ဟို တန်ဖိုးမဖြတ် . . ."

"ဟော့ကောင် ဂျာအေး"

"အင် ဘာတုံး ဆိတ်ကုလားရဲ့"

"ဟိုကွာ မင်းဥစ္စာ စကားတွေ ရမ်းရမ်း မပြောနဲ့လေကွ"

"အဲ ဟိုဒင်း ဟုတ်သား"

ဂျာအေး စကားကို တောင်ပြောမြောက်ပြော ပြောရင်း ငြိမ်ကျသွား ၏။ ရွှဲမှာ ဂျာအေး၏ အူကြောင်ကြောင် အပြုအမူကို ကြည့်ရင်း ပြုံးစိစိ ဖြစ်နေ၏။

"ကျွန်မတော့ ကိုဂျာအေး အပ်ထားတဲ့ပစ္စည်းကို တစ်ခါမှ ယူမ ကြည့်ဘူးနော်"

"ယုံပါတယ် ကျောင်းအမရယ်၊ ကျုပ်တို့ ဒီပစ္စည်း ရောင်းချပြီး တစ် ခေါက် ပြန်လာလည်လို့ ရမလားဗျ"

"အို လာလည်ပေါ့ ကိုဂျာအေးရယ်၊ ကျွန်မတို့အိမ်က အမြဲ တံခါး ဖွင့်ထားပါတယ်ရှင်။ ကိုဂျာအေး ကျေးဇူးကိုလည်း တစ်သက် မမေ့ပါဘူး ရှင်။ သတိရရင် လာလည်နိုင်ပါတယ် ကိုဂျာအေးရယ်"

"ဟာ ကျုပ်က ကျောင်းအမကို အမြဲတမ်း သတိရနေတာဗျ။ ဟဲဟဲ သတိရတိုင်းသာ ဝင်လည်ရရင် ကျောင်းအမ အိမ်ရှေ့ ချောင်းတောင် ဟုတ်ဘူး မြစ်တောင် ပေါက်သွားနိုင်တယ်ဗျ"

"အို"

"လွန်ပါ့ကွာ၊ အဆိပ်က ထိပ်ရောက်နေပြီ"

ဂျာအေးမှာ နွားပြာကြီး အောက်သွားမရှိသလို တဟဲဟဲ တဖြဲဖြဲ ဖြစ်နေ၏။ ဆိတ်ကုလားတို့မှာ ဂျာအေး၏ ဖရိုဖရဲ အမူအရာ ကြည့်ပြီး ခေါင်းရှုပ်နေကြ၏။ ရွှဲမှာလည်း တရွှဲရွှဲ လုပ်နေသော ဂျာအေး၏ အလွန် အကျွံ အမူအရာများကြောင့် ရှက်ကိုးရှက်ကန်း ဖြစ်နေ၏။

နောက်ဆုံး သူတို့လူစု ရွှဲကို နှုတ်ဆက်၍ အိမ်ကြီးပေါ်မှ ဆင်းခဲ့ကြ လေ၏။ ဂျာအေးမှာ ရွှဲ၏ ဖမ်းစားမှုကြောင့် နောက်ဆံတငင်ငင် ဖြစ်နေ

ပေ၏။

"မင်းတို့ကလည်းကွာ၊ လော့လိုက်တာ ငါ ရွှဲ အနားက ခွာကို မခွာချင်ဘူးကွာ"

"မင်းကတော့ မလွယ်ပါဘူး ဂျာအေးရာ၊ ပန်းညိုတုန်းကလည်း အသေရရ အရှင်ရရနဲ့၊ ခုလည်း ရွှဲမြင်တော့ မခွာနိုင်ဘူး ဖြစ်ပြန်ပြီ။ မင့်စကားက ဘာယုံရမှာလဲကွ"

"ဩော် သဗ္ဗေ သခ်ီရ အနိစ္စတဲ့ကွ"

"ဘာတွေတုံးကွ"

"ဒီလိုလေကွာ မြင် မြင်ခဏ၊ တွေ့ တွေ့ခဏ၊ ချစ် ချစ်ခဏပေါ့ကွာ။ ဟဲဟဲ မမြဘူးလေကွာ"

"ဟာ ပြောင်မြောက်လှချည်လားကွ၊ ဒါဆို အချစ်ဆိုတာ မင်းပြောလိုတာက အနိစ္စပေါ့"

"ဟုတ်ပ့ါ ဟုတ်ပ့ါ၊ မင်း စဉ်းစားကြည့်လေ လူတွေဟာ အချစ်ကို အဓိပ္ပာယ် အမျိုးမျိုး၊ အယူအဆ အမျိုးမျိုးနဲ့ ပြောကြဆိုကြတာပဲကွ။ အချစ်ဟာ ဘာညာကွိကွပေ့ါကွာ။ အေး ငါ့အမြင်ပြောရရင် အချစ်ဆိုတာ ချိုမြိန်တဲ့ အနိစ္စပဲကွ"

"အားပါး ညွှန်းလှချည်လား ဒါ နောက်ဆုံးပေါ် အညာငါးပိချက်ပေါ့"

"ဟာ ဆိတ်ကုလားကလည်း အချစ်နဲ့ အညာငါးပိချက် မရောစမ်းပါနဲ့ကွာ။ ကိုယ်မသိတဲ့ကိစ္စ သိသလိုလို လုပ်တာ ငါ အမုန်းဆုံးပဲကွ"

ဂျာအေးက ဆိတ်ကုလား၏ ပြောင်ချော်ချော် အမူအရာနှင့် ပြောဆိုလိုက်သည်ကို တုံးတိကြီး ပုတ်ချလိုက်သဖြင့် ဆိတ်ကုလားခမျာ ခပ်နင်နင်ဖြစ်သွား၏။

သို့နှင့် သူတို့သုံးဦး ရွှဲအိမ်မှအပြန် ခြေကျင်လျှောက်ခဲ့ကြရာ လမ်းတစ်ဝက်အရောက်တွင် ကြာရိုးသည် ပလက်ဖောင်း တစ်နေရာ၌ ရပ်ထားသော ကားတစ်စီးပေါ်မှ လူများကို မြင်သွား၏။

"ဟာ ဟို ဟိုမှာ"

"ဘာလဲဗျ"

"ဟို ဟိုလူတွေ"

"ဘယ်လူတွေလဲဗျ"

"ဟိုမှာလေ မိုး မိုးကြီးတို့"

"ဟင်"

အညိုရောင် ဟိုင်းလက်စ်ပေါ်တွင် ထိုင်နေကြသော လူတစ်စု။ ကြာရိုးမှာ ထိုသူများကို မြင်သည်နှင့် ရှေ့တိုးမည့် ခြေထောက် နောက်တဆုတ်ဆုတ် ဖြစ်နေ၏။ ဂျာအေးနှင့် ဆိတ်ကုလားတို့ နှစ်ဦးမှာလည်း မိုးကြီးဆိုသော စကားကြောင့် မပြေးရုံတစ်မယ် ဖြစ်နေကြ၏။ ကြာရိုးပြသည့်နေရာကိုလည်း ရဲရဲမကြည့်ဝံ့။

ထိုအချိန်တွင် သူတို့ နံဘေးသို့ အဖြူရောင် တက္ကစီကားလေးတစ်စီး ဝေါခနဲ ထိုးရပ်လာ၏။ ဒရိုင်ဘာဖြစ်သူက ကားပေါ်မှ အလျင်အမြန်ဆင်းလိုက်ပြီး ဂျာအေးတို့လူစုနား ကပ်၍ ပြောလိုက်၏။

"တက်တက် ကားပေါ် မြန်မြန်တက်"

"ဟင် ဘာဖြစ်လို့ တက်ရမှာလဲဗျ၊ ကျုပ်တို့မှာ တက္ကစီခ မပါဘူး"

"အို ပါပါ မပါပါတက်ဗျ"

"ရော ဒါဆိုလည်း တက်ကွာ၊ ဒီလောက် အလကားပို့ပေးတာ အံ့သြစရာပဲ"

ပြောပြောဆိုဆိုနှင့် သူတို့သုံးဦး ကားပေါ် အလျင်အမြန် တက်လိုက်ကြ၏။ သူတို့သုံးဦး ကားပေါ်ရောက်သည်နှင့် စက္ကန့်ဝက်ပင် မဆိုင်းတော့ဘဲ ဝေါခနဲ မောင်းထွက်သွားလေ၏။ ကြာရိုးတို့လူသိုက်မှာ ရင်တွေတလှပ်လှပ် ခုန်နေကြ၏။ ထိုအချိန်တွင် သူတို့ စီးနင်းလိုက်ပါလာသော တက္ကစီကားသည် လမ်းအသွယ်သွယ်ကို ကွေ့ကာပတ်ကာနှင့် မောင်းခဲ့၏။ ကြာရိုးတို့ လူစုမှာ လမ်းတွေကိုကြည့်ရင်း မျက်စိလည်နေကြ၏။

"ဟေ့ ဘယ် ဘယ်တွေ မောင်းနေသတုံး"

"မသိချင်စမ်းပါနဲ့ဗျာ၊ အေးအေးလူလူ လိုက်ခဲ့ကြစမ်းပါ"

"ဟင် ဘယ်လိုသဘောတုံး"

"ဟုတ်ပ့ါ၊ ကျုပ်တို့ကို မြို့တစ်ပတ် အလကား လိုက်မောင်းပြနေတာလား ကိုကြာရိုး"

"ပြောတတ်ဖူးလေကွာ၊ ရန်ကုန်သားတွေက တစ်ခါတစ်ခါတော့

လည်း သဘောကောင်းသားကွ"

"အင်"

ကြာရိုးကလည်း သူထင်ရာကို စွတ်ပြောနေ၏။ ဂျာအေးနှင့် ဆိတ်ကုလားတို့မှာ ကြာရိုး ပြောသလိုလို ဟုတ်နိုးနိုးနှင့် အေးအေးလူလူ လိုက်ခဲ့ကြ၏။ သို့သော် ကားက မြို့ပြင်ရောက်လေလေ အရှိန်ဟုန်ပြင်းစွာ မောင်းနှင်လေမို့ စိတ်ထဲ အူလည်ချာလည် ဖြစ်နေ၏။

ပို၍ ထူးဆန်းသည်မှာ သူတို့နောက်မှ ကားကြီးတစ်စင်း တရမန်းကြမ်း လိုက်လာခြင်းပင် ဖြစ်လေ၏။ ကြာရိုးမှာ ပြတင်းပေါက်မှ ခေါင်းထုတ်ပြီး နောက်မှ လိုက်လာသောကားကို မြင်သွား၏။

"ဟာ မိုး မိုးကြီး"

"ဗုဒ္ဓေါ"

"ဟုတ်တယ်၊ ကျုပ်တို့ နောက်ကို လိုက်လာပြီ"

"အမေရေ ကယ်ပါဦး"

"ကိုယ်ကျိုးတော့ နည်းပြီထင်ပ့ါ"

"ဘုရားပေါင်းစုံ မ,တော်မူပါ"

သုံးဦးစလုံး ရင်တွေ တလှပ်လှပ် ခုန်နေကြ၏။ ကြောက်စိတ်ကလည်း မိုးမွှန်နေ၏။ နောက်ကိုလည်း ရဲရဲမကြည့်ဝံ့ကြ။ သူတို့ လိုက်ပါလာသော ကားကလည်း မနားတမ်း မောင်းနှင်နေ၏။ တစ်ချိန်တွင် နောက်မှ လိုက်လာသော မိုးကြီးတို့ကားသည် ဘေးမှ ပန်းတက်ကာ သူတို့ကားကို ကျော်တက်လိုက်ပြီး လမ်းတစ်ဝက်အရောက် ဝေါခနဲ ချကာ လမ်းပိတ်ရပ်ပစ်လိုက်၏။

"ကျွိ . . . . ကျွိကျွိ"

"အောင်မလေး သေပါပြီဗျ"

"ဝုန်း"

"အူး အား"

သုံးယောက်စလုံး ကားထဲတွင် ဝရုန်းသုန်းကား ဖြစ်နေကြ၏။ သူတို့ကားကို မောင်းနှင်လာသော ဒရိုင်ဘာသည် ကားဘရိတ်ကို ဆောင့်နင်းချလိုက်သဖြင့် သုံးယောက်စလုံး ကျွမ်းထိုးမှောက်ခုံနှင့် ထိုင်ခုံနောက် ပြုတ်

ကျကုန်၏။

ကားရပ်သွားသည်နှင့် တစ်ယောက်ကိုတစ်ယောက် ပြူးကြောင်ကြောင် ကြည့်နေကြ၏။

"ငါ ငါတို့ သေသွားပြီလား ဂျာအေး"

"ပြောတတ်ဘူးလေ၊ ကျုပ် မျက်စိထဲတော့ ခင်ဗျားပုံစံက စိမ်းတိမ်းတိမ်းနဲ့ နတ်စိမ်းဖြစ်ပြီထင်တယ်"

"ဗုဒ္ဓေါ ဟုတ်ရဲ့လားကွာ"

"အင်"

တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း ဇဝေဇဝါ ဖြစ်ကာ ပြောမိပြောရာ စကားများ စွတ်ပြောနေကြပေ၏။ ထိုအချိန်တွင် သူတို့ကားကို မောင်းနှင်လာသော ဒရိုင်ဘာသည် ကားတံခါး ဝုန်းခနဲ ကန်ဖွင့်လိုက်ပြီး အောက်သို့ ဆင်းလိုက်၏။

"ဟေ့ ဘာလုပ်တာလဲကွ"

"ဘာလုပ်တယ်လို့ထင်သလဲ"

"အင်"

မိုးကြီးတို့လူစုမှာ ဂျာအေးတို့ ကားပေါ်မှ ဆင်းလာသော ဒရိုင်ဘာ၏ စကားကြောင့် မကျေမချမ်း ဖြစ်သွား၏။ ဒရိုင်ဘာ၏ အသွင်က ကုပ်တိုတို ပုကွကွ၊ မျက်နှာမှာလည်း အဖုတွေ၊ အထစ်တွေ များလှပြီး ခြေဆစ်လက်ဆစ်၊ ခြေတံလက်တံတို့ကလည်း တိုကွကွနိုင်လှ၏။ ကိုယ်လုံးကိုယ်ထည်မှာ အထက်ကြီး အောက်သေးအသွင်ရှိပြီး မျက်နှာအထား အသွင်အပြင်က မိုက်တိမိုက်ကန်း အသွင်အပြင် ရှိပေ၏။

စကားပြောရာတွင်လည်း ဘောက်ဆတ်ဆတ်နိုင်လှပြီး အကြောက်တရား ကင်းမဲ့ပုံရသဖြင့် မိုးကြီးတို့လူစု နည်းနည်းရှိန်နေ၏၊ သို့သော် ဟန်ကောင်းလှသော မိုးကြီးက ဒရိုင်ဘာကို ခပ်တင်းတင်း ကြည့်ပြီး မေးလိုက်၏။

"မင်း ဘယ်သူလဲ ပြောစမ်း"

"ကျုပ်နာမည် တစ်ကိုယ်တော် ရွှေကိုတဲ့ဗျ"

"ဟင် ဇာတ်မင်းသားလား"

"ဟုတ်ပ"

"ဘယ်ဇာတ်ကလဲ"

"ဟော့လူတွေ နောက်တီးနောက်တောက် မလုပ်နဲ့နော်၊ ဒီမှာ တွေ့လား"

"ဟာ ခြောက်လုံးပြူကြီး"

"မဟုတ်တာကွာ ပြောင်းက တစ်လုံးတည်းပါကွ"

"ဒါဆို တစ်လုံးပြူ"

"ဟော့ကောင်တွေ တိတ်စမ်း"

မိုးကြီးသည် သူ့နောက်တွင် ထင်ရာပြောဆိုနေကြသော ချက်ကြီးနှင့် စာကလေးကို လှမ်းငေါက်လိုက်ပြီး ရွှေကိုနှင့် မျက်နှာချင်းဆိုင်လိုက်၏။

"အဲ အဲဒီ သေနတ်ဖယ်လိုက်စမ်းပါ အပေါင်းအသင်းရာ၊ ပစ်လားခတ်လား ဖြစ်ရင် အားလုံး ဒုက္ခရောက်သွားရုံပဲ ရှိမှာပေါ့။ မှတ်ထားကိုယ့်နာမည် မိုးကြီး မိုက်တဲ့နေရာမှာ စံမတူပဲ"

"ဘယ်က စံမတူလဲ ရုပ်ရှင်ထဲကလား"

"အေး၊ ဟာ စံမတူဘူး ပြောတာကွ"

"ဒါဆို ပလာတာရော မပါဘူးလား ဟဲဟဲ"

"ဟော့ကောင် ရွှေကို မင်း ဘာရိတာလဲ၊ သေနတ်နဲ့ ခြိမ်းခြောက်လည်း ငါ မကြောက်ဘူးကွ။ ငါ့မှာလည်း ပါတယ်ကွ ဒီမှာကြည့်"

"ဟင်"

မိုးကြီးသည် သူ ဝတ်ထားသော ဂျာကင်အင်္ကျီ ဘေးအိတ်ထဲမှ သေနတ်ကို ဆွဲထုတ်၍ ရွှေကိုယ်ကို ချိန်လိုက်၏။ သူချိန် ကိုယ်ချိန်နှင့် အခြေနေက တင်းမာလာ၏။ နောက်ကွယ်တွင် ရပ်နေကြသော ချက်ကြီးနှင့် စာကလေးတို့ ရင်တွေ တလှပ်လှပ် ခုန်နေကြသလို ဂျာအေးတို့လူစုမှာလည်း မျက်စိပိတ် နားပိတ် ဖြစ်နေကြ၏။

ရွှေကိုသည် ထရေဂါခလုတ်ကို ကျောက်ခနဲ ဆွဲတင်လိုက်ရာ မိုးကြီးကလည်း အားကျမခံ ခလုတ်မောင်းဆွဲတင်လိုက်၏။ အားလုံး ရင်တထိတ်ထိတ်။ ထိုစဉ် သူတို့နှစ်ဦးကြား ချက်ကြီး လက်တကာကာနှင့် ဝင်ရောက်လာ၏။

"မ မလုပ်ကြပါနဲ့ဗျာ၊ အားလုံး အသုဘဖြစ်မယ့် ကိန်းဆိုက်ပြီး ဟို ရွှေအိုး မရဘဲ အသေဆိုးကုန်ကြလိမ့်မယ်ဗျာ။ ကျွန်တော် ချက်ကြီး တောင်းပန်ပါတယ်ဗျာ။ ဖျံနှစ်ကောင် ဝေစားသင့်ပါရက်နဲ့ မြေခွေးဝင် လာတဲ့ဇာတ် မရိုက်ပါနဲ့ဗျာ။ ရပ်ကြပါတော့"

"အင် ဘာတွေတုံး"

"ဟော့ကောင် ချက်ကြီး ဘယ်သူက မြေခွေးလဲကွ"

ရွှေကိုရော မိုးကြီးပါ ချက်ကြီး၏ အပြောကြောင့် ကြောင်စီစီ ဖြစ် ကုန်၏။ ချက်ကြီးသည် ကြားထဲက ဝင်ရပ်ရင်း လေသံ တစ်တစ်ဆို့ဆို့နှင့် ပြောလိုက်၏။

"ဒီ ဒီလိုပါ ဆရာတို့ရယ်၊ ဒီဆရာက ဘယ်သူ"

"တစ်ကိုယ်တော်ရွှေကိုကွ၊ လူမိုက်ကြီးနော်"

"ဟုတ်ကဲ့ သိပါတယ် ဆရာရွှေကိုရယ်။ ကျွန်တော့်ဆရာ မိုးကြီး ဆိုတာလည်း အငြိုးမီး တဟုန်းဟုန်းနဲ့ ခြင်ပုန်းတွေ ရိုက်သတ်တာ"

"ဟော့ကောင် ချက်ကြီး"

"ဗျာ"

"မင်း ဘာတွေဝင်ပြော"

"ဩော် မှား မှားသွားလို့ပါ ဆရာရယ်။ ဒီ ဒီလိုပါ ဆရာတို့ရယ် ဆရာတို့ နှစ်ယောက်က ဖျံကြီးတွေပါပဲ"

"လာပြန်ပြီ လူစင်စစ်က တိရစ္ဆာန်ဖြစ်အောင် ပြောတာလားကွ"

"ဟုတ်ပါဘူး ဟုတ်ရပါဘူးဗျာ၊ သဘောပြောတာပါ။ ဆရာလူမိုက် ကြီးနှစ်ယောက် သူပစ်ကိုယ်ပစ်နဲ့ ပစ်ရင်းခတ်ရင်း နှစ်ယောက်စလုံး အသုဘဖြစ်ကုန်ရင်"

"ဘာကွ"

"ဟော့ကောင် ချက်ကြီး ဖယ်စမ်း၊ ဘာတွေ လျှောက်ပြောနေတာလဲ ကွ"

"ကျွန်တော် သဘောပြောပါတာ ဆရာတို့ရယ်၊ တစ်ယောက်နဲ့တစ် ယောက် ရန်လုပ်နေကြမယ့် အတူတူ ဟို ငတေွဆီက ရွှေအိုးကြီးကို ခွဲယူကြပါလား"

"အင်း"

"စဉ်းစားစရာပဲ"

ချက်ကြီးစကားကြောင့် မိုးကြီးရော ရွှေကိုပါ ကြောင်စီစီ ဖြစ်သွားကြ၏။ နှစ်ယောက်စလုံးကလည်း လူမိုက်ကြီးများ ဖြစ်နေသည်မို့ လက်စလက်န မသေးလှ။ ချက်ကြီး ပြောသလို နှစ်ယောက်စလုံး အသုဘ ဖြစ်ကုန်လျှင် မြွေပါလည်းဆုံး သားလည်းဆုံး ဇာတ်ထုပ်ခင်းရမယ့်ကိန်း ဆိုက်နေပြီမို့ ချိန်ရွယ်ထားသည့် သေနတ်များကို ရုပ်လိုက်ကြ၏။

"ဘယ်လိုလဲ ရွှေကို၊ ငါ့တပည့် စကားကို မင်းလက်ခံလား"

"ခင်ဗျားရော"

"အင်း ငါ လူတွေသတ်လာတာ များပြီကွ၊ မင်းကို ကိုယ့်နယ်သားချင်းမို့ မသတ်ချင်တော့ပါဘူးကွာ"

"ဟုတ်တယ် ကျုပ်လည်း သတ်ခဲ့တာ များပြီဗျ၊ ဟဲဟဲ ဒီတော့ ချက်ကြီး ပြောတာ ကျုပ် လက်ခံတယ် ဒါပေမယ့်"

"ဘာ ဒါပေမယ့်လဲကွ"

"ဟို ကျုပ်ကို ပိုက်ဆံနဲ့ ခိုင်းလိုက်တဲ့ ဆရာကြီး ရှိသေးတယ်ဗျ"

"ဘယ်မှာတုံးကွ"

"ရှိတာပေ့ါ၊ အဲဒီ ဆရာကြီးနဲ့ ခင်ဗျားတို့ ညှိကြပေ့ါဗျာ။ ဘယ်လိုလဲ"

"ကောင်းသားပဲ ရွှေကိုရ မင်းတို့ ငါတို့ဟာ တစ်နယ်တည်းသားတွေပါကွာ"

"ဒါဆို ခင်ဗျားက ဘယ်နယ်သားလဲ"

"ပခုက္ကူလေ"

"ဟာ ကျုပ်က မအူပင်ကဗျ၊ ဘယ်လိုလုပ် တစ်နယ်သား ဖြစ်ရမှာတုန်း"

"ဟာကွာ မင်းကလည်း တုံးပါ့၊ ငါပြောတာ မင်းရော ငါရော လူမိုက်လောကနယ်က လူတွေပါလို့ ပြောတာပါကွ"

"ဩော် ဒီလိုလား၊ ကဲပါဗျာ ဟိုကောင်တွေကို ကျွန်တော် ခေါ်သွားမယ်။ ခင်ဗျားလည်း ကျုပ်ကားနဲ့ လိုက်ခဲ့လေ။ ကျုပ် ဆရာကြီးနဲ့တွေ့ပြီး အောက်ခြေညှိလိုက်ပေ့ါ"

"အေး ကောင်းသားကွ၊ အင်း တစ်ဦးကမေတ္တာ တစ်ဦးကစေတနာ ဆိုတာ ဒါပဲကွ"

"ရှုပ်ရှင်လှား ဆရာမိုး"

"အေး၊ ဟာ ချက်ကြီးကလည်း တုံးပ့ါကွာ။ ငါ ပြောတာ ငါနဲ့ ရွှေကို ဟာ မင်းကြောင့် ငြိမ်းချမ်းရေးရတာကို ပြောတာ။ ဒါ မေတ္တာတရားရဲ့ အခြေခံပေါ့ကွာ"

"ဩော် ဟုတ်တာပေ့ါ ဒါဆို ဟိုကားထဲမှာ ပုန်းနေတဲ့ ဂျာအေးတို့ကို ရော လွှတ်လိုက်ရမလား"

"ဘာကွ"

"ဟို မေတ္တာတရား အခြေခံဆို ဆရာရဲ့"

"ဟာကွာ ဒါကတော့ မေတ္တာထားလို့ မရဘူးကွ"

"တစ်မျိုးကြီးပါလား"

"စကားမရှည်စမ်းနဲ့ကွာ၊ ကဲ ဒါဆို ငါနဲ့ချက်ကြီး ရွှေကိုကားနဲ့ လိုက် သွားမယ်။ စာကလေး မင်း နောက်ကလိုက်ခဲ့"

"ကောင်းပါပြီ ဆရာမိုး"

ပြောပြောဆိုဆိုနှင့် မိုးကြီးသည် ရွှေကိုနှင့် ငြိမ်းချမ်းရေးလုပ်ကာ ဂျာအေးတို့ ပုန်းအောင်းနေသော ကားထဲသို့ ဝင်လာ၏။ ကြာရိုးကို မြင် သည်နှင့် မိုးကြီး ရှုံ့မဲ့မဲ့ ဖြစ်သွား၏။

"ဟေ့ကောင် သစ္စာဖောက် ကြာရိုး"

"ဗျာ ချမ်း ချမ်းသာပေးပါ ဆ ဆရာမိုးရယ်"

"တိတ်စမ်းကွာ၊ တော်တော် အားကိုးရမယ့်ကောင်ပဲ။ မင်းဟာ ကိုယ့် လူကိုယ် ဓားနဲ့ထိုးမယ့်ကောင်ပဲ။ သူခိုးဓားရိုးကမ်းတဲ့ ကြာရိုး ပြေးလို့လွတ် လား ဟားဟားဟား"

"ဟာ ကျုပ်တို့ သူခိုး မဟုတ်ဘူးဗျ။ ခင်ဗျားတို့ကသာ ဓားပြတွေ၊ သူပုန်တွေ"

"ဘာကွ၊ ဟေ့ကောင် ဂျာအေး မင်း . . . မင်း"

"ကျုပ် မှန်တာပြောတာလေ"

"ဘာမှန်တာလဲကွ၊ သံသရာဆိုတာ ကျဉ်းကျဉ်းလေးပါကွာ။ မင်း

ဘယ်လောက် ပြေးပြေး၊ မင်း လေလည်သံကို ငါ ကြားနေရတယ်"

"ဗုဒ္ဓေါ၊ ဒါဆို ကျုပ် တစ်နေ့ကို လေ ဘယ်နှစ်ခါ လည်သလဲဗျ"

"ငါးခါ၊ ဘာကွ မင်း . . . မင်းနော်"

ဂျာအေး၏ စကားကြောင့် မိုးကြီး သွေးတကြွကြွ ဖြစ်နေ၏။ ရွှေကို သည် မိုးကြီး၏ ပခုံးကို အသာတို့ပြီး သတိပေးလိုက်၏။

"ဟော့လူ ဂျာအေးဟာ ခုအချိန်မှာ ခင်ဗျားရော၊ ကျုပ်ရော ပိုင်တာ ဗျ။ ဒီတော့ အင်ပိုင်ယာ သိပ်မချဲ့နဲ့ဗျာ"

"အဲ ဟုတ်သားပဲ"

"နေ နေကြပါဦးဗျ၊ ခင်ဗျားတို့ နှစ်ယောက် ကျုပ်ကို ပိုင်တယ်ဆို တော့ ဟို ကျုပ်ကိုပိုင်းရင် ဘယ်သူကအပေါ် ဘယ်သူကအောက်လဲဗျ"

"ဟ လျှာရှည်လိုက်တာကွာ တိတ်စမ်း၊ ကဲ မောင်းပေတော့ ရွှေကို ရေ၊ နေမညိုခင် လေပြိုရင် အခက်ဗျ"

"ဘယ်လိုလုပ် လေပြိုတာလဲဗျ၊ ခင်ဗျား စကားတွေကလည်း အဆက်အစပ် မရှိ"

"ပြော့ သဘောကို ပြောတာပေါ့ ကိုယ့်လူရယ်။ အခြေနေက ကိုယ့် ဘက်မှာရှိတုန်း ကန်ထားမှ၊ ပိုင်နာတီဖြစ်လည်း တန်သာကန်"

"ဟာ ဆ ဆရာမိုး"

"ဘာလဲကွ ချက်ကြီး၊ ဘာဝေဖန်ဦးမလို့တုံး"

"ဟို ဆရာ့ စကားတွေက ဘောလုံးပွဲထဲ ရောက်သွားပြီဗျ။ ခု ဥစ္စာ ဟို ဒီ ဒီကောင်တွေကို ပြန်ပေးဆွဲနေတာလေ"

"ငါ သိပါတယ်ကွ၊ ခုချိန်ဟာ မိုးကြီးတို့ ဇာတာစန်းလင် ဘုန်းမိုး နေလတောက်ချိန်ကွ၊ ဟားဟားဟား ရွှေအိုးကြီး . . . ရွှေအိုးကြီး"

"ဟာ ငါ့ဆရာ ဘောကန်နေရာက ဗေဒင်ဆြာ ဖြစ်သွားပြန်ပြီ၊ အင်း ရွှေ . . . ရွှေ"

"ဟိတ်ကောင် တိတ်စမ်း"

ရွှေကိုမှာ မိုးကြီး၏ အူကြောင်ကြောင် အပြောကြား သဘောတွေ နေ၏၊ တပည့်လုပ်သူ ချက်ကြီးမှာတော့ ခေါင်းတကုတ်ကုတ်။ ဂျာအေး တို့ လူသိုက်မှာလည်း တားနောက်ခန်းတွင် ကုပ်ချောင်းချောင်း ထိုင်နေ

ကြပေ၏။ ထိုအချိန်တွင် တစ်ကိုယ်တော်ရွှေကိုသည် ကားစက်နှိုးကာ လီဗာကို တအား နင်းချလိုက်သဖြင့် ကားကြီးမှာ ခုန်ဆွခုန်ဆွနှင့် ယိမ်းထိုးလှုပ်ခါနေပေ၏။

"ဟာ မင်းကားက ကားမှ မဟုတ်ဘဲကွ၊ ကေန္တ မြင်းသေလို့ ဝင်စားတာ ဖြစ်ရမယ်"

"ကြဲကြဲဖန်ဖန်ဗျာ၊ ခုန်ဆွခုန်ဆွဖြစ်တာ ကျုပ်ကားက အူမြူးလို့ဗျ"

"ဟေ ဒါဆို မင်းကားက ရယ်တတ် ငိုတတ်တယ်ပေါ့။ ဟားဟားဟား ဟုတ်ပါ့ကွာ"

သူတို့နှစ်ဦး ပြောဆိုနေကြစဉ် ဂျာအေးတို့လူစုမှာ နေရင်းထိုင်ရင်း ခုန်ဆွခုန်ဆွ ဖြစ်နေကြ၏။ ကားကြီးမှာ မြင်းပြေးသလို မပြေးဘဲ ဖားပြုပ်ကြီး ခုန်သလို ရှေ့သို့ ခုန်ဆွခုန်ဆွ ပြေးနေသဖြင့် ဂျာအေးတို့ခမျာ ကားအမိုးနှင့် မကြာခဏ ဆောင့်မိကြလေ၏။

"အောင်မလေးဗျ"

"ဒုန်း"

"သေပါပြီဗျ"

"အောင်မယ်လေး၊ ကား မ . . . မဟုတ်ဘူး ဖားကြီးဗျ၊ ဖားကြီးဘူး ဟီး ဟီး ဟီး"

"ဘယ်လိုဖြစ်ကြသတုံး ဟေ့ကောင် ဂျာအေး"

"ဗျာ"

"မင်းကို ငါတို့ ပြန်ပေးထပ်ဆွဲလာတာနော်၊ ယီးတီးယားတား မလုပ်နဲ့ကွ"

"လုပ်ပြန်ပြီ၊ ဒီပြန်ပေးဇာတ်ထဲကကို မထွက်နိုင်ဘူး။ လူလည်းဇာတ်လပိုင်လိုက်နေပြီ။ နေကြပါဦး ခုဟာ ဘယ်သူကလူဆိုး ဘယ်သူက ဇာတ်လိုက်လဲဗျ"

"ဘာကွ ဟေ့ကောင် ဒီမှာ ဇာတ်လိုက်မရှိဘူးကွ၊ အားလုံး လူဆိုးတွေကြီးပဲ"

"ဗျာ ဒါဆို ခင်ဗျားတို့က သမ္မတလူကြမ်းအဖွဲ့ကပေါ့"

"အေး ဟုတ်တယ်၊ ဟာ ဒီကောင်"

"ဆရာ"

"ဘာလဲ ချက်ကြီး"

"ဂျာအေး လက်ထဲက ဟိုဟာကြီးကို ယူထားရင် ကောင်းမယ်"

"အေး ဟုတ်သား"

"မယူနဲ့လေဗျာ၊ ကျုပ်လည်း ပိုင်တာပဲဆိုတာ ခင်ဗျားတို့ သိထားစမ်းပါ"

"ဪ ဟုတ်သားပဲ၊ ဆောရီးပဲ ရွှေကိုရာ"

"မြွေမြွေချင်းတော့ ခြေမြင်ပါ့သဗျာ ဟဲဟဲ"

ရွှေကို လှမ်းဟန့်လိုက်သဖြင့် မိုးကြီး ငြိမ်ကျသွား၏။ ထိုအချိန်တွင် သူတို့ လိုက်လာပါသော ကားကြီးသည် မြို့အဝင် အိမ်အိုကြီးတစ်ခုရှေ့သို့ ရောက်ရှိလာလေတော့၏။

၉၉၉

## အခန်း (၉)

"ဩော် ပါလာပြီကိုး၊ ဟီးဟီး ဟူးဟူး ခွီးခွီး အဟွတ် အဟွတ်"

"ဟ ဘယ်လိုဖြစ်သတုံး ခေါင်းစွပ်ကြီးစွပ်ပြီး စွတ်ရယ်တော့ ပြဿနာပဲ၊ သူ သူက ဘယ်သူလဲဗျ"

ဂျာအေးက ဧည့်ခန်းထဲရှိ ထိုင်ခုံမြင့်ကြီးပေါ်တွင် အခန့်သား ထိုင်နေသော မျက်နှာဖုံးစွပ်နှင့် ပုဂ္ဂိုလ်ကြီးကိုကြည့်ပြီး စိတ်ထဲထင်ရာ မေးလိုက်၏။ တစ်ကိုယ်တော်ရွှေကိုသည် ဂျာအေးကို သွေးအေးအေးနဲ့ ပြန်ကြည့်ရင်း ပြောလိုက်၏။

"အဲဒါ ငါ့ဆရာကြီးပဲ"

"ရယ်သံက မြင်းနှင့်ကျား စပ်ကျထားသလိုပဲ"

"ဘာကွ၊ ဟေ့ကောင် ရွှေကို"

"ဗျာ ဆ ဆရာကြီး၊ မင်းကို ငါ ကိစ္စတုံးလုပ်ခဲ့ဖို့ ပြောတာ၊ မင်းက ဘာကြောင့် ဒီငကြောင်တွေ ခေါ်လာတာတုံး။ ဟိုက သူတို့ကရောကွ ဘယ်သူတွေတုံး"

"ဟို ဟိုဒင်း"

"ဟုတ်တယ် ကျုပ်နာမည် မိုးကြီး၊ အညာခရိုင်မှာ အဲ ဟို မသာတွေ လှိုင်"

"ဟာ ဆရာမိုးကလည်း"

"ငါ သိပါတယ် ချက်ကြီးရ၊ ဟဲဟဲ အညာခရိုင်ကို အသာချိုင်နေတဲ့

အဲ ရှေ့ဆက် မပြောတတ်တော့ဘူး"

"အင် ဘာတွေတုံး၊ ဟော့ကောင် ရွှေကို သူတို့က ကွက်စိပ်ဆရာတွေလားကွ"

"ဟာ"

"ဟို ဓား ဓားပြတွေပါ ဆရာ"

"အင် ဟုတ်ပြီ၊ ငါ မှတ်မိပြီ။ မင်း . . . မင်း မိုးကြီး မဟုတ်လား"

"ဟုတ်ပါ့ဗျာ၊ အငြိုးမီးတောက်ရင် မိုးကြီးတစ်ယောက်က ထိန်းမရဘူးဗျ"

"ဒုက္ခပါပဲ၊ ရွှေကိုက ငါ ခိုင်းတာတခြား မင်းလုပ်လာတာ တခြားပါလားကွ။ ပြောစမ်းပါဦး"

"ဒီ ဒီလို ရှိပါတယ် ဆရာ၊ ခုဥစ္စာ ဟိုဒင်း ကျွန်တော်တို့ အဟမ်း"

"ဟော့ကောင် မင်းကရော ဘာဖြစ်သွားတာတုံး၊ တစ်ကိုယ်တော်ရွှေကိုဆိုကွ။ ဘာ တစ်ကိုယ်တော်လဲ ပြောပါဦး"

"ဟဲဟဲ တစ်ကိုယ်တော်ဆိုတာ အပျိုဖော်ကင်းသမို့ ဆိုပျော်သီချင်း"

"တိတ်စမ်း၊ မှားကုန်ပြီ ငါက လူမိုက်ကိုငှားတာ။ ခုတော့ အရှုးငှားမိ. . ."

"နိုးနိုး ဒီလောက် အထင်မသေးပါနဲ့ ဆရာကြီးရယ်။ ခုဟာ အစပဲရှိပါသေးတယ်။ ရွှေကိုက နေညိုခင် ရွှေဘိုပြန်ပြီး လေကိုဆန်မယ့်လူစား"

"ဟာ တော်ပါတော့ကွာ"

"ဟုတ်ပါ့ ဘာတွေတုံး၊ ကေန္တ ကျုပ်တို့ကို ခေါ်လာတဲ့ လူမိုက်နှစ်ယောက်ဟာ အရှုး"

"ဟော့ကောင် ဂျာအေး၊ မင်း ပါးစပ်ပိတ်ထားစမ်း။ ပိတ်ထားနော်ဒီမှာ တွေ့လား"

"ဗျာ ဟုတ် ဟုတ်ကဲ့ပါခင်ဗျာ"

ရွှေကို လှည့်ပြောလိုက်သဖြင့် ဂျာအေး ကုတ်သွား၏။ ထိုစဉ်ရွှေကိုက မိုးကြီးနှင့် ညှိနှိုင်းခဲ့သည့်ကိစ္စကို တိုတိုတုတ်တုတ် ရှင်းပြလိုက်၏။ သူ့စကားဆုံးသည်နှင့် မျက်နှာဖုံးစွပ်ဆရာကြီး အကြီးအကျယ်

ပေါက်ကွဲသွားလေ၏။

"ဟော့ကောင် မင်း ဘာရုပ်တုတ်ရုတ်တုတ် လုပ်လာတာလဲကွ။ ဒါ သမဝါယမ ခွဲတမ်းချနေတာ မဟုတ်ဘူးကွ"

"သိ သိပါတယ် ဆရာရယ်၊ ဟို ဟိုလူ ကြားက ဝင်ပြောလို့ပါ ခင်ဗျာ"

ရွှေကိုက ပြူးကြောင်ကြောင် ရပ်နေသော ချက်ကြီးကို လက်ညှိုး ထိုး၍ ပြောလိုက်၏။ သူ့အပြောကြောင့် မျက်နှာဖုံးနှင့် ဆရာကြီးက ချက်ကြီးကို မီးဝင်းဝင်း တောက်နေသည့် အကြည့်နှင့် ကြည့်ရင်း မေး လိုက်၏။

"မောင်ရင်က ဦးပုညလား"

"ဗျာ"

"အခါပေး ဦးပုညလားလို့ မေးတာကွ"

"ဟို အဲ သူတို့နှစ်ယောက် ရွှေအိုးကြီးကိစ္စနဲ့ ရမ္မက်မီး အဟုန်ကြောင့် အခက်ကြီး ကြုံနေတုန်း ကျွန်တော် တော်ပတဲ့သား ချက်ကြီးက ငြိမ်းချမ်း ရေးလုပ်လိုက်တာပါ ခင်ဗျာ။ သဘာကတော့ တစ်ဦးကမေတ္တာ တစ်ဦးက"

"ဟ ဘာတွေတုံးကွ၊ ဒါ မိုက်ကြေးခွဲတဲ့ကိစ္စကွ။ မေတ္တာတွေ၊ သစ္စာ တွေ၊ ရွှေမန်းသဘင်တွေ၊ မိုးဝင်းတွေ . . . ကုန်ပါပြီ ကုန်ပါပြီ ဇာတ်အဖွဲ့ တွေ ကုန်ပါပြီ"

"အဲ ဟုတ်သား၊ အေး ဒီကိစ္စ ငါ မကျေနပ်ဘူး"

"ကျေနပ်လိုက်ပါ ဆရာရယ်"

"ဘာကွ၊ ဘာဖြစ်လို့ ကျေနပ်ရမှာတုံး ရွှေကိုရ။ လောကကြီးမှာ တစ်ဖို့တည်း ကြည့်ချင်လို့ ဒုစရိုက်လောကထဲ ဝင်တာကွ။ မင်းဥစ္စာ မေတ္တာတွေ၊ သစ္စာတွေ အခြေခံနေမှတော့ ခေါင်းတုံးရိတ်ပြီး ကပ္ပိယပဲ လုပ်တော့မှာပေါ့ကွ"

"ဟဲဟဲ ကောင်းသားပဲ ဆရာရ၊ ကပ္ပိယဆိုတာ လက်ကြောတင်း စရာ"

"ဟော့ကောင် တိတ်စမ်း၊ ကဲ ငါတို့ ဘာလုပ်ကြမလဲ"

"ငြိမ်းချမ်းရေး ယူလိုက်ပါ ဆရာကြီးရယ်၊ ကျွန်တော် မောင်ချက် ကြီး အောက်မျက်ခုံးတွေ လှုပ်လွန်းလို့ပါ"

"အင် မျက်ခုံးမှာ အပေါ် အောက် ရှိလို့လားကွ"

"ရှိ ရှိပ့ါ၊ တင်းမြီးကောက်ထောင်ကြည့်ပါလား ဆရာကြီး"

"တော်တီးတောက်တဲ့ကွာ"

"ဒီလို ရှိပါတယ် ဆရာရယ်၊ လောလောဆယ် စစ်ပြေငြိမ်းလိုက်ရင်"

"ဩော် သဘောပြောတာပါ ဆရာ၊ ခုဥစ္စာ အဓိက ပြဿနာက ရွှေအိုးကြီး ပြဿနာ မဟုတ်လား"

"အေး"

"လောကသားအချင်းချင်း မိုက်ကြေးခွဲလို့လည်း မကောင်းဘူးလေ ဆရာကြီး"

ရွှေကိုတို့လူသိုက် အချင်းချင်း ညှိနှိုင်းနေကြစဉ် ဂျာအေးမှာ မျက်နှာဖုံးစွပ်ထားသော ဆရာကြီးဆိုသူ၏ လေသံကို စိတ်ထဲ ကြားဖူးသလို ဖြစ်နေ၏။ အသံနေ အသံထားကို တစ်နေရာရာတွင် ကြားဖူးသလို ရှိသည်မို့ ဆိတ်ကုလားကို လေသံတိုးတိုးနှင့် မေးလိုက်၏။

"ဟေ့ကောင် ဆိတ်ကုလား၊ ဒီအသံကြီးက ကြားဖူးသလိုပဲကွ"

"အင် နေဦးကွ၊ လေသံကတော့ ခပ်ပွပွပဲ"

"အေးကွာ၊ စဉ်းစားစမ်းကွာ"

ဂျာအေးနှင့် ဆိတ်ကုလားတို့နှစ်ဦး မျက်နှာဖုံးစွပ် ဆရာကြီး၏ လေသံကို အမှတ်ရနေသဖြင့် အဖန်တလဲလဲ စဉ်းစားလေရာ ဆိတ်ကုလားက ဦးဆုံး မှတ်မိသွား၏။

"ဟာ ဟုတ်ပြီကွ"

"ဘာတဲ့တုံး"

"ဟုတ်ပြီကွ"

"ဘယ်သူတုံးကွ"

"ဟေ့ကောင် ဂျာအေး၊ အဲ အဲဒီ လူကြီးဟာ မဟုတ်မှလွဲရော ဟိုဟိုလူကြီး"

"ဘယ်သူတုံးကွ"

"ဦးကြီးဖေမြစိန်"

"အင်း ဟုတ်သလိုလိုပဲ"

"သေချာပါတယ်ကွာ၊ ငါ ဒီအသံကို အသေချာ မှတ်မိပါတယ်ကွာ။ ဦးကြီးဖေမြစိန်ပါပဲ"

"ဟင် တော်တော် ကြောက်စရာကောင်းလှတဲ့ လူကြီးပါလား"

"ဟုတ်ပ့ါကွာ"

သူတို့နှစ်ဦး တီးတိုးပြောဆိုနေစဉ် မျက်နှာဖုံးစွပ်နှင့် လူကြီးက ဂျာအေးကို ကြည့်လိုက်၏။

"ဟေ့ကောင် ဂျာအေး၊ မင်း လက်ထဲကဟာကြီး ပေးစမ်း"

"ဘာလို့ ပေးရမှာတုန်းဗျ။ ဒါ ကျုပ်ပစ္စည်း၊ ကျုပ်ဘ၀၊ ကျုပ်ကမ္ဘာ ကျုပ်"

"ဟ တော်ပါတော့ကွာ၊ လေရှည်လိုက်တာ။ မင်းတို့ကို ပြန်ပေးဆွဲထားပြီဆိုတာကော သိရဲ့လား ဟဲဟဲ"

"သိသပေ့ါဗျာ၊ ပြန်ပေးဆွဲတာ ဘယ်သူဆိုတာကအစ သိနေပြီလေ။ ဟဲဟဲ ဟီးဟီး"

"အင် မင်းက ငါ့ကို သိလို့လားကွ"

"သိတာပေ့ါဗျာ၊ ခင်ဗျား ဘယ်လောက် ရုပ်ဖျက်ဖျက် အမြီးလုံအောင်မှ ဖုံးမထိုင်ဘဲဗျာ"

"ဘာကွ၊ မင့်း မင်း ငါ့ကို တိရစ္ဆာန်နဲ့ နှိုင်းရဲသလားကွ။ ဟေ့ကောင် ရွှေကို"

"ဗျာ ပညာပေးလိုက်စမ်းကွာ"

"ဟာ ဆရာကြီးကလည်း ဒီအညာသားတွေက ပညာတတ်မယ့်ပုံတွေဗျ"

"ဟေ ဘာပညာတုံး၊ ဘာပညာတတ်လို့လဲကွ"

"ဟာ တတ်ပ့ါ ဦးကြီးဖေမြစိန်ရ။ ကျုပ်တို့က အကြားအမြင်မှာ ခြားချင်သလောက်ခြား သိကိုသိနေပြီဗျ"

"ဗုဒ္ဓေါ မင်း . . . မင်း ငါမှန်း"

"အဲဒါ ပြောတာပေ့ါ။ ကျုပ်ကို လိမ်လို့ မရပါဘူး ဦးကြီးဖေမြစိန်ရာ။ ဟို ရွှဲရွှေ့ကျတော့ တကယ့် လူကြီးလူကောင်းပဲ။ ဟင်း ခုတော့လည်း ဦးကြီးက ဒုစရိုက်ဘုရင်ကြီးပါလားဗျ။ မျက်နှာဖုံးစွပ်ကို ချွတ်လိုက်စမ်း

ပါဗျ။ ဦးကြီးကိုယ် ဦးကြီး ရုပ်ရှင်ရိုက်နေတယ်များ အောက်မေ့နေသလား"

"ဟေ"

ဂျာအေး၏ စကားကြောင့် မျက်နှာဖုံးစွပ်ကြီး ဆွဲချွတ်လိုက်သော ဦးဖေမြစိန်မှာ မျက်လုံးဝင်းဝင်းတောက်နေ၏။ ကိုယ်တွေ ဆတ်ဆတ်တုန်နေ၏။ ဓားပြ မိုးကြီးမှာ ဦးဖေမြစိန်ကို ကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေ၏။

"ဟာ ခင် ခင်ဗျားဟာ ကျုပ် ကျုပ် ပြန်ပေးဆွဲခဲ့တဲ့ ဟို ကား ကား ပေါ်က လူကြီးပါလား"

"ဟုတ်ပ့ါ ဓားပြကြီးရေ့၊ အဲဒီတုန်းက ကျုပ်က ခင်ဗျားရဲ့ အကျဉ်းသား။ ခုတော့ ခင်ဗျားနဲ့ ကျုပ် ယာယီမိတ်ဆွေတွေ ဖွဲ့လိုက်ကြတာပေါ့ ကိုမိုးကြီးရယ်။ ဘယ့်နှယ်လဲ"

"အင်း ကောင်းတယ်၊ ခင်ဗျားကြီးက ဒီလောက် ဥပမိရုပ်ကောင်းတာ ဘယ်လိုဖြစ်ပြီး လူမိုက် ဖြစ်ချင်တာလဲဗျ၊ အံ့ပါဗျာ"

"ဩော် ကိုရင်ကလည်း လောကကြီးက ဆန်းကြယ်သားဗျ။ ဟော ခုဆို ခင်ဗျားနဲ့ကျုပ် ရေစက်ဆုံကြပြီ ဘယ်လိုလဲ လက်တွဲမှာလား"

"နေဦးဗျာ၊ ဟိုတစ်ကိုယ်တော်လူမိုက် ရွှေကိုက ခင်ဗျားရဲ့ ပီအေလား"

"ဟုတ်ပ့ါ၊ ဒီကောင်က ကျုပ်တပည့် သူ့ကို ကျုပ် ခိုင်းလာတာကြာပြီ။ ခုလည်း ဂျာအေးရဲ့ ဖာထဲမှာ ရွှေအိုးကြီး ရှိနေတယ်ဆိုတာ ခင်ဗျားရော၊ ကျုပ်ရော သိနေပြီ။ ကာလတန်ကြေး အနည်းလေး သိန်းငါးဆယ်၊ ခြောက်ဆယ်ပဲကွ။ အဲ့ ရှေးဟောင်းပစ္စည်းကြီးဆိုတော့ နှစ်ကြာမြင့်မှုပေါ် မူတည်ပြီး သိန်းတစ်ရာ အနည်းလေး ရနိုင်တယ်။ ကိုမိုးကြီးရ"

"အင် သိန်းတစ်ရာ"

"ဟုတ်ပ့ါ ပြောရရင် မုတ်ဆိတ်ပျားစွဲကိန်းပဲ ကိုယ့်လူရေ့။ ဒီအချိန်မှာ ငြိမ်းချမ်းရေး ယူလိုက်ရင် မောင်ရင်နဲ့ကိုယ် ဟပ်ဘိုင်ဟပ်ပေါ့။ ဘယ်လိုလဲ ဂျာအေး ပစ္စည်းကို တစ်ယောက်တစ်ဝက်ပေါ့"

"ဟ မလုပ်ကောင်းပါဘူး ဦးကြီးရာ"

"ဘာတုံးကွ ဂျာအေး"



"ဟို ခင်ဗျားတို့ ပြောပုံဆိုပုံက ကျုပ်ကို နှစ်ပိုင်းပိုင်းမှာပေါ့၊ မဟုတ်ဘူးလား"

"ဟ ဘာတွေတုံးကွ"

"သိဘူးလေ၊ ခေါင်းနဲ့ကိုယ် အိုးစားမကွဲပါရစေနဲ့ဗျာ။ ဦးကြီးတူမ ရွှဲကလေး မုဆိုးမဖြစ်"

"တိတ်စမ်း၊ ဒီစကား ထပ်မပြောလေနဲ့ ထပ်ပြောတာနဲ့ ကိုယ့်လူ လျှာအပြတ်ပဲကွ"

ဂျာအေး စကားကို ဦးဖေမြစိန်က ပြုံးပြုံးပြပြနှင့် အော်ဟစ်လိုက်၏။ မိုးကြီးမှာ ရွှဲဆိုသော နာမည်လေးကြောင့် ခေါင်းထောင်လာ၏။

"အင် ဟို ကျုပ် ပြန်ပေးဆွဲတုန်းက ပါလာတဲ့ ကောင်မလေး မဟုတ်လား ကိုဖေမြစိန်"

"ဟုတ်ပါ့ဗျာ၊ ပြီးတော့ ခုလို လူစုံတုန်း ကျုပ်ကြေညာပါရစေ"

"အင် ဘာတုံး၊ လေပုပ်ထုတ်ဆေးလား"

"ဟ ဟိတ်ကောင် မင်း ပါးစပ်ပိတ်စမ်း"

ဆိတ်ကုလားက ကြားမှဝင်၍ စိတ်ထဲထင်ရာ ပြောချလိုက်သဖြင့် ဦးဖေမြစိန် ဆွေ့ဆွေ့ခုန် ပေါက်ကွဲသွား၏။

"မှတ်ထားကွ၊ ငါ ကြေညာမယ့် သတင်းက ဟောဒီ ရွှေအိုးကြီး ခွဲယူပြီးရင် အဲဒီ ရွှဲဆိုတဲ့ ငါရဲ့ မယားပါတူမလေးနဲ့ နှစ်ကိုယ်တူတိုင်းပြည် ထူထောင်ပစ်လိုက်မှာကွ"

"ဗျာ"

"ဟာ ဘူးကျလိုက်တာ၊ ပုံစံက ခေါင်းမွေးပြောင်နေတဲ့ လင်းတကြီး ဖြစ်နေပြီ"

"ဘာကွ ဟေ့ကောင် ကြာရိုး၊ မင်းက ငါ့ကိုများ"

"ဩော် ခင်ဗျားပဲ စဉ်းစားကြည့်လေဗျာ။ ရွှဲဆိုတာ နုနုထွတ်ထွတ်လေးဗျ။ ခင်ဗျားက ဟို ခေါင်းပြောင်လင်းတ"

"တိတ်စမ်း၊ ဟာ ဒီကောင် သုံးကောင် တယ်အာသွက် လျှာသွက်နိုင်လှတယ်။ ဟေ့ကောင် ရွှေကို"

"ဟ ဆရာကြီးကလည်း အားအားရှိ ကျုပ်ပဲ တာဝန်ပေးနေတာပဲ။

ဆရာကြီးကိုယ်တိုင်လည်း ညှစ်အားလေးပေးဦးမှပေါ့"

"အင် ဘာညှစ်ရမှာလဲ"

"ဟို အဲ ကလေး"

"ဟာ ငါက ကိုယ်ဝန်သည်မှ မဟုတ်တာ၊ ဘာတွေတုံးကွ မှတ်ထား ဒီအချိန်မှာ ငါ့ရဲ့စကားဟာ တစ်သွေးတစ်သံ တစ်မိန့်ပဲဟေ့ နာခံစမ်း"

"အင် ဘယ်လိုဖြစ်သွားတာတုံး"

"ပြောတက်ဘူးလေ၊ ညှစ်အား မရှိတော့ တစ်လစ်ကြီးဖြစ်ပြီး ချောင်သွားတာ ဖြစ်ရမယ်"

"ဟာကွာ ကဲကဲ ဒီသုံးကောင်ကို အနောက်ဘက် အခန်းထဲ လှောင်ထားလိုက်စမ်း ရွှေကို၊ ငါ ကိုမိုးကြီးနဲ့ ကျေကျေလည်လည် ဆွေးနွေးရဦးမယ်"

"ဟုတ်တဲ့ ဆရာကြီး၊ ကဲ ဟေ့ကောင်တွေ ရှေ့ကသွားကြစမ်း"

"ဒုက္ခပါပဲ၊ သူတို့ကိုယ်သူတို့ ရုပ်ရှင်ရိုက်နေတယ်များ အောက်မေ့နေကြသလား မသိဘူး"

"တိတ်စမ်း၊ ကဲသွား"

ရွှေကိုက သေနတ်ကြီး တချိန်ချိန် လုပ်လာသဖြင့် ဂျာအေးတို့ လူစုအိမ်ကြီး၏ အနောက်ဘက် အခန်းထဲ ရောက်ရှိသွားခဲ့ကြလေ၏။ အခန်းအပြင်မှ သော့ခလောက်ကြီး နှစ်လုံး ခတ်ထားသဖြင့် ဂျာအေးတို့လူစု အခန်းထဲ ယောင်တီးယောင်တ ဖြစ်နေကြ၏။

ထိုအချိန်တွင် ဧည့်ခန်းထဲ ကျန်ရစ်ခဲ့သော မိုးကြီးတို့လူသိုက်နှင့် ဦးဖေမြစိန်တို့ လူသိုက်သည် ဂျာအေး၏ ရွှေအိုးကြီး ထည့်ထားသော ထန်းခေါက်ဖာကြီးကို ဖွင့်လိုက်ကြ၏။ အထဲတွင် နံငယ်ပိုင်းနှင့် ပတ်ထားသော အညိုအကြေး တက်နေသည့် မည်းညစ်ညစ် ရွှေအိုးကြီးကို ထုတ်လိုက်၏။ ရွှေအိုးကြီး အသွင်မှာ တွန့်လိမ်ပိန်ချိုင့်နေပြီး ဂျာအေး သံကြိမ်နှင့် တိုက်ထားသောနေရာသည် ဝင်းဝင်းလက်လက် ဖြစ်နေ၏။

ထိုနေရာကို ကြည့်ပြီး မိုးကြီးရော ဦးဖေမြစိန်ပါ တဟူးဟူး တဟီးဟီးနှင့် ဝမ်းမြောက်ဝမ်းသာဖြင့် ရယ်မောလိုက်ကြ၏။

"ဟူးဟူး ဟီးဟီး"

"ဟားဟား ဟီးဟီး"

"ဟူးဟူး ဟေးဟေး"

"အင် ဘယ်လိုဖြစ်လို့ ဒီလောက် ပြိုင်ရယ်နေကြတာတုံးဗျ။ ကေန္တ နှစ်ယောက်စလုံး သွားပေါက်ချင်ပြီထင်ပ့ါဗျာ"

"ဟော့ကောင် ချက်ကြီး ငါ့က မင်းဆရာကွ၊ မင်းပြောတာ ကြည့်ပြော၊ ငါ့အကြောင်း မင်းသိသားနဲ့"

"သိ သိပါတယ် ဆရာရယ်၊ ဆရာ"

"ငါ သတ်လာတာ များပြီနော် ဟင်းဟင်း"

"သိ သိပါတယ် ဆရာရယ်၊ ဆရာ သတ်လာတာ အကြိမ်နှစ်ရာ ရှိပါပြီ ဆရာရယ်"

"ဟာ ဒါတော့ မင်း သက်သက် ငါ့ကို ဖားတာပဲ။ ငါ သတ်ခဲ့တာ ခုမှ"

"နေပါဦး ဗိုမိုးကြီးရယ်၊ ခင်ဗျားက ဘာတွေ သတ်လာတာတုံး"

"ပုရွတ်ဆိတ်တွေလေ"

"ဟုတ်တယ်၊ ဟာ ဟော့ကောင် ချက်ကြီး မင်း မင်း ငါ့ကို စော်ကား တာလား"

"တော်ကြပါတော့ဗျာ"

ဦးဖေမြစိန်က မိုးကြီးတို့ ဆရာတပည့်နှစ်ဦးကို ကြားမှ ဝင်ဖျန်ဖြေ လိုက်ရ၏။ ထို့နောက် မည်းချိတ် တွန့်လိမ်နေသော ရွှေအိုးကြီးကို စားပွဲ ပေါ် တင်လိုက်ပြီး မျက်တောင်မခတ်တမ်း ထိုင်ကြည့်နေကြလေ၏။

"အချိန် ဘယ်လောက်ရှိမလဲ"

"အနည်းလေး ခြောက်ပိဿာလောက် ရှိမှာပဲ"

"အံ့ပ့ါဗျာ၊ ဒါဆို ကျုပ်တို့ အားလုံး ဒီပစ္စည်းကြီး ထုခွဲပြီးရင် သူဌေး ဖြစ်ပြီပေါ့"

"ဒါပေ့ါကွ"

"ဟီးဟီး ဟီးဟီး"

"ဟူးဟူး ခွိးခွိး အဟွတ် အဟွတ်"

"ဟပ်ချိုး"

"ဟဲ့ ဆားလ်"

"ဘာပြောတုံးကွ"

"ခုချိန်မှာ နှာချေတာတို့ ချောင်းဆိုးတာတို့ဟာ ဆားလ်ဆိုတဲ့ ရောဂါ အစလို့ ပြောနေကြတာဗျ။ ဒါကြောင့်"

"ဟာ နိမိတ်မရှိ နမာမရှိ ချက်ကြီးရာ"

မိုးကြီးမှာ ပြောင်တိပြောင်ချော် ပြောဆိုနေသော ချက်ကြီးကို မာန် လိုက်၏။ ဦးဖေမြစိန်မှာ ရွှေအိုးကြီးကို ကြည့်ရင်းကြည့်ရင်း ပီတိတွေ ဝေနေ၏။ ထိုမြင်ကွင်းကို ကြည့်ပြီး တစ်ကိုယ်တော်ရွှေကို စိတ်ရှုပ်လာ၏။

"ဆရာကြီး"

"ဘာတုံးကွ"

"ဘာဖြစ်လို့ ဒီလောက် သဲကြီးမဲကြီး ကြည့်နေရတာလည်း။ ရွှေအိုး ထဲက တစ်ခုခု ထွက်လာမယ်ထင်လို့လား"

"အင်း မင်းပြောတာ အဟုတ်ပဲကွ"

"ဗျာ ဟို ဘာတွေ့လို့လဲ"

"ဟင်းဟင်း ဟို ရွှဲ . . . ရွှဲ"

"ဟာ ဒုက္ခပါပဲ ဆရာကြီး"

"ဘာတုံးကွ၊ ဘာဖြစ်လို့ ဒီလောက် အော်ဟစ်နေရတာတုံး"

"ဟ ခုအချိန်မှာ ရွှဲတွေ သလဲတွေ လုပ်မနေစမ်းပါနဲ့ဗျာ။ အဲဒီ ကိစ္စဟာ အများကြီး ပြဿနာပေးလာနိုင်တယ်ဗျ"

"ဟေ့ကောင် ရွှေကို"

"ဘာတုံး ဆရာကြီး၊ ကျွန်တော် ပြောတာ မဟုတ်လို့လား"

"မှတ်ထားကွ၊ လောကမှာ ကြီးကြီးငယ်ငယ် တို့ယောက်ျားတွေ သဘောအကျဆုံးက ဘာလဲ သိလား"

"ယမကာလေ ဆရာကြီးရဲ့"

"ဟာ မဟုတ်တာကွာ၊ မှတ်ထားကွ ချစ်စရာကောင်းလှတဲ့ ကောင် မလေးတွေပေါ့ကွ"

"ဗျာ ဟာ ဒါ ဆရာကြီးက ဘူးကျတာပဲ"

"ဘာကွ မင်း မင်းကများ ငါ့ကို"

"ဆ ဆရာကြီး ကျုပ်မှာ သေနတ်ရှိတယ်နော်"

"ဘာ ဘာသေနတ်လဲ၊ အလကား ကလေးကစားစရာ သေနတ်ကြီးကိုများ"

"ဟင်"

ဦးဖေမြစိန် စကားကြောင့် မိုးကြီး ခေါင်းထောင်လာ၏။ တစ်ကိုယ်တော်ရွှေကိုမှာ သူ့လက်ထဲက သေနတ်အတုကိစ္စကို မိုးကြီး သိသွားသဖြင့် ရှက်ကိုးရှက်ကန်း ဖြစ်နေ၏။

"ဟီးဟီး ဟူးဟူး ဟားဟား"

"အင် ဘယ်လိုဖြစ်သွားတာတုံး ဆရာမိုးရဲ့၊ ဇေက္ခ အပမှီသွားတာများလား မသိဘူး"

"တိတ်စမ်းကွာ၊ ငါ ရယ်ချင်လို့ပါကွ။ ဟင်းဟင်း ရွှေကို့လက်ထဲက သေနတ်ကလည်း ကလေး ကစားစရာသေနတ်၊ ငါ့ဥစ္စာလည်း အဲဒီလိုပဲဆိုတော့ ရယ်စရာပေါ့ကွာ"

"ဗျာ ဒါ ဒါဆို ကျုပ်တို့ လုပ်တာ ဟိုသုံးကောင် ကြားရင် ပြဿနာပဲ"

"ဟ ချက်ကြီးက ပူစရာမရှိ ပူပါ့ကွာ။ မှတ်ထားကွ ဟန်ကောင်းရင် သံချောင်းတောင် သံပြား ဖြစ်နိုင်တယ်ကွ"

"အင် ဘယ်လိုပါလိမ့်"

ချက်ကြီးမှာ သူ့ဆရာမိုးကြီး၏ ပြောစကားကို နားမလည်နိုင်သဖြင့် မျက်တောင် ပုတ်ခတ်ပုတ်ခတ်နှင့် ဖြစ်နေပေ၏။ သူတို့လူစုမှာ ရွှေအိုးကြီး လက်ထဲရောက်နေပြီဖြစ်၍ ဝမ်းအသာကြီး သာနေကြ၏။

ထိုအချိန်တွင် အခန်းထဲ ပိတ်လှောင်ခံထားရသော ဂျာအေးတို့လူစုမှာ ငူငူကြီးထိုင်ရင်း စိတ်ပျက်လက်ပျက် ဖြစ်နေကြ၏။

"ဘယ်လိုလုပ်ကြမလဲ"

"ဟုတ်ပါ့ ကိုကြာရိုး"

"ဘာတုံးကွ ဆိတ်ကုလားရဲ့၊ ငါလည်း စဉ်းစားတုန်းပဲ။ တံခါးက အသေသော့ခတ်ထားတာကွ"

"ဒုက္ခပါပဲဗျာ"

"အဲဒါ မင်း အိုးကြီးကြောင့်ကွ"

"အင် ငါ့အိုးကြီးကြောင့်"

"ဟုတ်တယ်လေကွာ၊ အဲဒီ အိုးကြီးကို လောဘတက်ပြီး ဟိုလူစု လိုက်လာတာပေါ့ကွ"

"ဟုတ်တယ် ဟုတ်တယ်"

"ဒုက္ခပါပဲ၊ ငါလည်း ချမ်းသာချင်လို့ပေါ့ကွာ"

"အေး ခုတော့ မချမ်းသာတဲ့အပြင် တော်ကြာ အချုပ်ထဲရောက် လိုက်၊ တော်ကြာ ပြန်ပေးဆွဲခံလိုက်ရနဲ့ ဘဝကို ပြောင်းဆန်နေတာပဲ။ သွားပါပြီကွာ။ ငါတော့ ရွာမှ ပြန်ရောက်ပါဦးမလား မသိဘူး"

"ဟာ ဆိတ်ကုလားကလည်းကွာ၊ ယောကျ်ားပဲဟာ"

"ဘာဆိုင်လဲကွ။ ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် ခံစားချက်ရှိတဲ့ နှလုံးသားတွေချည်းပဲကွ။ ဒီတော့ ပူစရာရှိပူ ကြောက်စရာရှိကြောက်မှာပဲ"

"လုပ်လှချည်လား ဆိတ်ကုလားရာ၊ ဒီမှာ ဆိတ်ကုလား"

"ဘာလဲ ဂျာအေး"

"မင်းနှာခေါင်းပေါက် မင်းပြန်စမ်းကြည့်"

"အင် ဘာလုပ်မလို့တုံး"

"စမ်းကြည့်ပါကွာ"

ဂျာအေး အပြောကြောင့် ဆိတ်ကုလားသည် သူ့နှာခေါင်းပေါက်ကို အူကြောင်ကြောင်နှင့် စမ်းကြည့်ရင်း မေးလိုက်၏။

"ဘာဖြစ်သလဲကွ"

"အသက်ရှူနေတယ် မဟုတ်လား"

"အေးလေ၊ အဲဒါ ဘာဖြစ်သတုံး မင်းဥစ္စာ ပဟေဠိဆန်သကွာ။ ရှင်းရှင်းပြော"

"အေး အသက်ရှင်နေသ၍ ငါတို့ဟာ ချမ်းသာဖို့ အခြေနေတွေ ရှိနေတယ်"

"ဟာ တော်ပါတော့ကွာ၊ ဒီချမ်းသာမှုကို မလိုချင်ပေါင်။ ငါ ခု လောလောဆယ် ဒီက လွတ်ချင်တာပဲကွ"

"ဩော် အဲဒါ ပြောတာပေါ့ကွာ၊ ငါတို့ဟာ ယောကျ်ားတွေပဲ။ ပြီးတော့ ခုထိ အသက်ရှင်နေတုန်း။ ဒီတော့ ကြံကြတာပေါ့ကွ"

"ဘယ်လိုကြံမတုံး"
"ဟုတ်ပြီ၊ ငါ အကြံရပြီကွာ"
"ဟင် ဘာလဲ ကိုကြာရိုး"
"ဒီလိုကွ ဟိုမှာ ဘာလဲကြည့်စမ်း"
"မွေ့ရာလေ ဘာလုပ်ရမှာလဲ၊ အိပ်တော့မလို့လား"
"ဟာ တုံးပ့ါ ဆိတ်ကုလားရာ၊ ငါပဲ အကြံအစည်ပေါ်လာတယ်ကွ"
"ဘာများတုံး"
"ဒီလိုကွာ၊ အဲဒီ မွေ့ရာကြီး ကြမ်းပြင်ပေါ် ချ ပြီးတော့ မီးရှို့မယ်ကွာ"
"ဗျာ၊ ဘာ ဘာလုပ်မလို့တုံး တစ်ခန်းလုံး မီးတောက်ပြီး ကျွန်တော်တို့ပါ ကင်ပြီးသား လုပ်မလို့လားဗျ"
"ဟာ ဂျာအေးကလည်း ငါ ပြောတာ အဲဒီ မွေ့ရာကို မီးတိုက်မယ်ကွာ။ ပါးစပ်ကလည်း မီးမီးနဲ့ အော်မယ်ကွာ"
"အင် ဒါဆို မီးသတ်ကားတွေ ရောက်လာမှာပေ့ါ"
"ဟာကွာ ငါ ပြောတာ အဲဒီလို့လည်း အော်ရော၊ အပြင်ကလူတွေ တံခါးအတင်းဖွင့်မှာပဲ ဒီအချိန်မှာ ငါတို့ ရအောင်ထွက်မယ်ကွာ။ ဘယ်လိုသဘောရလဲ"
"ကြည့်လည်းလုပ်ပါဗျာ၊ ဒီကိစ္စက အခန့်မသင့်ရင် ကျုပ်တို့ သုံးယောက်စလုံး မီးဖုတ်ပြီးသား ဖြစ်သွားမှာနော်"
"ဟုတ်ပ့ါဗျာ၊ ခင်ဗျား ပြောပုံဆို ကျုပ်လည်း မီးဖုတ်ပြီးသား၊ နောက်ပြီး ရွှေအိုးလည်းဆုံး ရွှဲလည်းဆုံးနဲ့"
"ဟာ မင်းတို့တွေက ယောကျ်ား မဟုတ်တဲ့အတိုင်းပဲကွာ။ ငါပြောသလိုလုပ်ကွာ။ ဒီကိစ္စ ငါ ခေါင်းဆောင်မယ်"
"ဟ ဖြစ်ပ့ါမလားဗျ"
"ဘာလို့ မဖြစ်ရမှာလဲ ဖြစ်အောင်လုပ်ရမှာပေ့ါကွ။ ကဲ ပြောနေတာ ကြာတယ်ကွ မွေ့ရာကြီး မ,ရအောင်"
"အင် ဘုရား ဘုရား"
ဂျာအေးတို့ နှစ်ဦးမှာ ကြာရိုး၏ အကြံအစည်ကို မလုပ်ချင် လုပ်ချင်င့် ဝိုင်း၍ လုပ်ပေးလိုက်ကြ၏။ ကြာရိုးသည် မွေ့ရာကို ဖောက်ထုတ်

လိုက်ပြီး အသင့်ပါလာသော မီးခြစ်နှင့် မီးရှို့လိုက်၏။

မီးခိုးငွေ့ တလူလူနှင့် မီးတောက်ကလေး ရဲလာ၏။

"မှုတ်ကွာ၊ မှုတ်မှုတ်"

"ဖူး . . . ဖူး"

"အိး ဖူး"

ဂျာအေးနှင့် ဆိတ်ကုလားတို့နှစ်ဦး တငွေ့ငွေ့ လောင်ကျွမ်းနေသော ဝါဂွမ်းစများကို မီးတောက် ကြီးလာစေရန် လေးဖက်ထောက်ပြီး တဖူးဖူးနှင့် လေမှုတ်သွင်းနေကြ၏။ အချိန် အနည်းငယ် အကြာတွင် မီးတောက်ကြီးလာ၏။

"မီးစွဲပြီဟေ့"

"နောက်ဆုတ်ကွ"

"ဖူး . . . ဖူး"

"ရပြီကွာ"

"ဟာ မီးတောက်ကြီး"

"ဟုတ်ပြီ အော် အော်ပေတော့"

"မီးဗျို့၊ မီး . . . မီး ကယ်ကြပါဦး"

"လုပ်ကြပါဦးဗျို့"

"မီးဗျ မီး"

မီးတောက်ကြီးက တဟဲဟဲ တရှဲရှဲနှင့် မြည်ကြွေးလာ၏။ အရှိန် အဟုန် ပြင်းထန်လာသဖြင့် တစ်ခန်းလုံး ပူကျစ်လာ၏။ မီးရှိန်ကြောင့် တစ်ခန်းလုံး ရဲရဲနီလာ၏။ သုံးယောက်သား အော်ဟစ်နေကြ၏။ လည်ချောင်းကြီးတွေ ကွဲမတတ် အော်ဟစ်သော်လည်း အချည်းနှီးပင်။ ပိတ်ထားသော တံခါးကြီးက တုတ်တုတ်တောင် မလှုပ်။ ကြာရိုးမှာ သူ့အတတ်နှင့် သူစူးပြီဟု တွေးကာ ရင်တထိတ်ထိတ်နှင့် ဖြစ်နေ၏။

"ဟာ ကိုကြာရိုး ဘယ်လိုလုပ်မတုံး"

"အင် ငါ ငါလည်း မလုပ်တတ်"

"ဟာ ဒုက္ခပါပဲ"

"မီး မီးဗျို့"

"ကယ်ကြပါဦးဗျ"

"အောင်မလေး အမေရဲ့"

အော်သံဟစ်သံတွေက ပွက်လောညံနေပြီး မီးတောက်က ကြမ်းပြင်ပါ စွဲလာ၏။ မီးညွန့်ကြီးတွေကလည်း ဟုန်းဟုန်းထနေ၏။ အားလုံး တောင်ပြေးမြောက်ပြေးနှင့် အရူးမီးဝိုင်းသလို ဖြစ်နေကြ၏။ ထိုအချိန်တွင် ကြာရိုးသည် ဗီရိုကြီး နံဘေးရှိ တံခါးပိတ်ထားသော ပြတင်းပေါက်ကို တွေ့လိုက်ရ၏။ ထိုအခါ ပြတင်းပေါက်ဆီသို့ အပြေးအလွှား ရောက်ရှိလာကာ တံခါးကို ဆွဲဖွင့်လိုက်၏။

"ဝုန်း"

"ဟာ သေပါတော့ကွာ၊ ဟော့ကောင်တွေ ဒီက ထွက်လို့ရတယ်ကွ လာလာ"

"ဟာ"

ကြာရိုးမှာ စေ့ထားသော ပြတင်းပေါက်တံခါး စေ့ထားမှန်း မသိခဲ့။ ယခုတော့ သူတို့သုံးဦး ထွက်ပေါက်ရတုန်း သက်စွန့်ဆံဖျား ကြိုးစားခဲ့သည်မှာ အချည်းနှီးပင်။ စေ့ထားသော ပြတင်းပေါက်ကို စောစောကတည်းက မြင်ခဲ့လျှင် ယခုလို မီးရှို့စရာပင် မလိုပါချေ။ ယခုတော့ သောကစိတ်နှင့် ဘာမှမမြင်သော သူတို့အဖြစ်ကြောင့် အိမ်ကြီးတစ်ခုလုံး မီးစွဲလောင်လေတော့၏။

ထိုမီးအရှိန်ကြောင့် ဧည့်ခန်းတွင် ဝီစကီပုလင်းများနှင့် မူးရူးနေကြသော ဦးဖေမြစိန်တို့မှာလည်း ဝရုန်းသုန်းကား ဖြစ်ကုန်၏။ သေဘေးကြောင့် ရွှေအိုးကြီးပင် ယူငင်ဖို့ သတိမရ။

ထိုစဉ် ဂျာအေးတစ်ယောက် အိမ်ထဲ အပြေးဝင်ရောက်လာပြီး သူ့ထန်းခေါက်ဖာကြီးကို အရယူကာ မီးတွင်းမှလွတ်အောင် ပြန်ထွက်ခဲ့လေ၏။

အိမ်အပြင်ရောက်သည်နှင့် ဂျာအေးသည် ထန်းခေါက်ဖာကြီး ပိုက်ကာ ဆိတ်ကုလားတို့နှင့်အတူ ပြေးမိပြေးရာ ပြေးခဲ့လေကြတော့၏။

၉၉၉

## အခန်း (၁၀)

"ဦးဗေဒါ၊ ဗျို့ဦးဗေဒါ"

"အင် ဘယ်သူလဲကွ"

"အိပ်ပြီလားဗျ၊ တံခါး အမြန်ဖွင့်စမ်းပါ"

"ဂျာအေးတို့လား"

"ဟုတ်ပါ့"

"ဟ မင်း ဘယ်လျှောက်သွားနေကြသလဲကွ။ ငါဖြင့် စိတ်ပူလိုက်တာကွာ"

"ဩော် တံခါး အရင်ဖွင့်ပါဦးဗျာ"

ဂျာအေးတို့လူစု သူတို့ တည်းခိုရာ ဘုန်းတော်ကြီးကျောင်းသို့ ညဦးပိုင်း အချိန်အခါတွင် အမောတကောနှင့် ပြန်လည် ရောက်ရှိလာ၏။ သူတို့သုံးဦး ကျောင်းထဲ ဝင်လာသည်နှင့် ခွေးတွေက တစီစီ ဟောင်နေ၏။ ဆိတ်ကုလားမှာ ခွေးမြင်လျှင် ဝေးဝေးက ထွက်ပြေးသူ ဖြစ်ပေရာ ယခုလည်း ကိုကြာရိုးအနားတွင် ကုပ်ချောင်းချောင်းနှင့် ရပ်နေပေ၏။

ထိုအချိန်တွင် ဦးဗေဒါသည် အိပ်ချင်မူးတူးနှင့် တံခါးဖွင့်ပေးလာသဖြင့် အထဲသို့ ဝရုန်းသုန်းကားနှင့် ဝင်ခဲ့၏။ ဂျာအေးသည် သူ့ထန်းခေါက်ဖာကြီးကို ဦးဗေဒါ၏ ခုတင်အောက်ထဲ အတင်း ထိုးထည့်နေလေရာ ဦးဗေဒါ မျက်လုံးပြူးသွား၏။

"ဟ ငါ့ခုတင်အောက်ထဲ ဘာတွေ ထိုးထည့်နေတာလဲ ဂျာအေးရ"

"ဟို ဖာ ဖာကြီးပါ"

"အင် ဘယ်က ဖာကြီးလဲ ပြောစမ်း"

"ဩော် သူ့ပစ္စည်းပါ ဦးဗေဒါရယ်"

"ဟာ သူ့ပစ္စည်းဆို ငါ့ခုတင်အောက်ထဲ ဘာလို့ ထည့်ရသတုံးကွ။ မင်းဘာသာမင်း သိမ်းထားပေါ့ကွ"

"ဩော် ဟို အရေးကြီးလို့ပါ"

"အင် ကဲ ဆိုကြစမ်းပါဦး၊ ဘယ်အလေလိုက်နေကြတာတုံးကွ။ ငါ့မှာတော့ စိတ်ပူလိုက်ရတာကွာ။ ပြောကြစမ်း"

"ဟို ဟို ကိစ္စလေး တစ်ခုရှိ ရှိလို့ပါ"

"ဟာ ဒါဆိုလည်း ငါ့ ပြောသွားကြပေါ့ကွ၊ ဆရာတော်ကြီးက စိတ်ပူပြီး ငါ့ကို အတင်း ရှာခိုင်းနေတာကွ။ နောက်ဆို ပြောပျက်သွားကြကွာ။ ကဲ ညဥ့်လည်း နက်နေပြီ အိပ်ကျပေတော့"

"ဟုတ် ဟုတ်ကဲ့"

ဦးဗေဒါက ပြောပြောဆိုဆိုနှင့် သူ့အခန်းထဲ ဝင်သွားလေသည်။ ဂျာအေးတို့ လူစုမှာ ကြီးစွာသော စွန့်စားခန်းကို စွန့်စားခဲ့ကြသမို့ ရင်တဖိုဖိုနှင့် မအိပ်နိုင် ဖြစ်နေကြပေ၏။ ဂျာအေးမှာ ပြဿနာ မွှေလှသော ရွှေအိုးကြီးကိစ္စ ခေါင်းထဲရောက်နေပေ၏။ ထို့ပြင် သူ လုံးဝ မထင်ထားသော ဦးဖေမြစိန်လို ပုဂ္ဂိုလ်ကြီးကပင် လောဘဇောတိုက်ကာ ဒုက္ခပေးလာသည်မို့ ရွှေအိုးကြီးအတွက် ရင်အလေးကြီး လေးနေရပေ၏။

ထို့ကြောင့်လည်း အိပ်ပျော်စပြုနေသော ဆိတ်ကုလားကို ငယ်ထိပ်လှမ်းပုတ်ပြီး ပြောလိုက်ရ၏။

"ဟေ့ကောင် ဆိတ်ကုလား"

"ကြောက်ပါပြီဗျ"

"ဟေ့ကောင် ငါပါကွ"

"ဘာတုံးကွ၊ အိပ်ပျော်မယ့်ဆဲဆဲ"

"ဟို ရွှေ ရွှေအိုးကြီးကိစ္စလေကွာ"

"ဟာ လာပြန်ပြီ ဒီကိစ္စ ငါတော့ အဲ့ဒီကိစ္စကြီးကို ကြားတောင် မကြားချင်တော့ဘူးကွာ"

"ဟာ ဒီလိုတော့ မပြောစမ်းပါနဲ့ကွာ၊ ငါ ရောင်းလို့ရရင် မင်းကိုလည်း ပေးမှာပါကွာ"

"ဟာကွာ မင်းဥစ္စာ ပြဿနာတွေချည်းပဲကွ။ စုန်းတွေ၊ သရဲတွေ၊ ဥစ္စာစောင့်တွေရဲ့ ပစ္စည်းများလား မသိဘူး"

"မဟုတ်တာကွာ"

"ဟ ဟုတ်လို့ ခုလို အနှောင့်အယှက် ခံနေရတာပေါ့ကွာ။ ခုဆို ရွာက ထွက်လာတည်းက ဒုက္ခအမျိုးမျိုး ရောက်နေရတာ မင်းကိုယ်တွေ့ပဲကွ"

"ထားပါတော့ ဆိတ်ကုလားရာ၊ ခု ငါတို့ ဒီကိစ္စကို အပြတ် ဖြေရှင်းမှကွ"

"ဘယ်လို အပြတ်လဲ၊ သတင်းစာဝယ်တဲ့ ကုလားဆီ ရောင်းပစ်လိုက်ကွာ"

"ဟေး ဟာ မဟုတ်တာကွာ၊ ငါ ဒီလို လုပ်ချင်တယ်ကွာ"

"ဘယ်လိုလဲ သံကြွပ်ဆိုင် သွားရောင်းမလို့လား"

"ဟော့ကောင် ပေါက်တီးပေါက်ရှာတွေ မပြောစမ်းနဲ့ကွာ"

"ဒါဆို ဘယ်လိုလုပ်မတုံး"

"ငါ ဒီရွှေအိုးကြီးကို ပွဲစားတစ်ယောက်နဲ့ ညှိပြီး အမြန် ရောင်းပစ်လိုက်မယ်ကွာ။ ဘယ်လိုလဲကွ"

"ဘယ်မှာလဲ ပွဲစား၊ ဘယ်လို ဆက်သွယ်မှာလဲ"

"ဟို ဦးဗေဒါကို မေးကြည့်မယ်ကွာ၊ သူ့မှာ အဆက်အသွယ်ရှိရင် ပွဲစားခေါ်ပြီး ချက်ချင်း ရောင်းဖို့လုပ်မယ်ကွာ။ ဘယ်လိုလဲ အဲဒီ အစီအစဉ် မကောင်းဘူးလား"

"အေး ကောင်းတယ်၊ မြန်မြန်ရောင်းထွက်သွားမှ ဖြစ်မယ်။ မဟုတ်ရင် ပြဿနာပေါင်းစုံကြား ငါတို့ အားလုံး ရေတိမ်နစ်ကိန်းပဲ။ ဒါဆို မနက် မိုးလင်းတာနဲ့ ဦးဗေဒါကို မေးကြည့်ကွာ"

"အေး ကောင်းတယ်"

သူတို့နှစ်ဦး တိုးတိုးတိတ်တိတ် တိုင်ပင်ခဲ့ကြပြီး အိပ်ပျော်သွားခဲ့ကြ၏။ နောက်တစ်နေ့ မိုးလင်းသည်နှင့် ဆွမ်းခံလိုက်သွားရာမှ ပြန်လာသော

ဦးဗေဒါကို လက်တို့ခေါ်ကာ ကျောင်းအနောက်ဘက် မန်ကျည်းပင်ကြီး အောက်တွင် တွေ့ဆုံခဲ့ကြလေ၏။

“ဘာတုံးကွ မင်းဥစ္စာ လျှို့ဝှက်သည်းဖို ဝတ္ထုဖတ်နေရသလိုပဲ။ ပြော ပြောစမ်း ဂျာအေး”

“ဒီလိုဗျ ဟို ကျုပ် ကျုပ်ဆီမှာ အိုးကြီးတစ်လုံး ရှိတယ်ဗျ”

“အင် ဘာလုပ်ဖို့တုံး၊ အလှူလုပ်ဖို့လား”

“ဟာဗျာ အဲဒီ အိုးကြီးက တအား အဖိုးတန်တာဗျ”

“ဟင် ဒါဆို ဘုရင်တွေ ပွဲတော်တည်တဲ့အိုးလား၊ ဒါမှမဟုတ် အီး အီးပါတဲ့အိုး”

“ဟာဗျာ စကားအကောင်းပြောစမ်းဗျာ”

“ဟာ မင်း စကားကိုက ဝေ့လည်ကြောင်ပတ်နဲ့ ရှင်းရှင်းပြောစမ်း ကွာ”

“ဟုတ်သားပဲ ဂျာအေးရ ပွင့်ပွင့်လင်းလင်း ပြောမှပေါ့”

“ဒီလိုဗျ”

“လုပ်ပြန်ပြီ ဒီလိုကကို မတက်နိုင်ဘူး။ ကဲ ရှင်းရှင်းပြော မပြောရင် ငါ့မှာ လုပ်စရာတွေ ရှိသေးတယ်”

“နားထောင်ဗျာ၊ ကျုပ်ဆီမှာ ရွှေအိုးကြီး ရှိတယ်ဗျ”

“အင် ချောင်းဆိုးပျောက်ဆေးလား”

“ဟာဗျာ တကယ့် ရွှေအိုးကြီးဗျ၊ ကျုပ် ကိုင်းထဲ ချောင်းဆွဲရင်း တွေ့တာဗျ”

“ဟေ တကယ်လားကွ”

“တကယ်ပေါ့ဗျ၊ ခင်ဗျား ခုတင်အောက်က ဖာကြီးထဲမှာ ရှိ လေ”

“ဗုဒ္ဓေါ ဒါဆို”

“အဲဒါ ပြောတာဗျ၊ ရွှေချိန်က အနည်းလေး ခြောက်ပိဿာကျော် ရှိနိုင်မယ်ဗျ။ ဒါပေမယ့် အဲဒီ ပစ္စည်းတွေ့တဲ့ အချိန်ကစပြီး ကျုပ်လည်း ပြဿနာတွေ တအားကို ရင်ဆိုင်နေရတာဗျ”

“ဟင် ဒါ ဒါဆို ဥစ္စာစောင့်ပစ္စည်းများလား”

"မဟုတ်တာဗျာ၊ ဒီတော့ ကျုပ် အဲဒီပစ္စည်းကို အမြန်ဆုံး ရောင်းပစ်ချင်တယ်ဗျာ။ အဲဒါ ဦးဗေဒါမှာ ပွဲစားအသိတွေ ဘာတွေ မရှိဘူးလား"

"အင် ပွဲစား ဟုတ်လား"

"ဟုတ်ပါ့"

ဦးဗေဒါမှာ ဂျာအေး၏ စကားကြောင့် တအံ့တဩ ဖြစ်နေသလို ဟိုဟိုဒီဒီ စဉ်းစားနေ၏။ ဂျာအေးတို့ နှစ်ဦးမှာလည်း ဦးဗေဒါ၏ အဖြေကို စောင့်ဆိုင်းနေပေ၏။ ထိုအချိန်တွင် ဦးဗေဒါ၏ စကားသံ ပေါ်လာ၏။

"ဟုတ်ပြီကွာ ငါ့မှာ အူရှောင်ဆိုတဲ့ တရုတ်ပွဲစားတစ်ယောက် ရှိတယ်ကွ။ သူက ကျောင်းကို မကြာမကြာ လာတတ်တယ်ကွ။ ပြီးတော့ သူနေတာလည်း ငါ သိတယ်။ သူ့မှာ သူဌေး အဆက်အသွယ်တွေ အများကြီး။ မင်းပစ္စည်း ပြကြည့်ပေါ့"

"ဟာ ဟိုဟိုဒီဒီတော့ မပြချင်ဘူးဗျ။ ပြဿနာပေါင်းက သောင်းခြောက်ထောင်ဗျ။ တော်ကြာ ဘေးလူသိသွားပြီး အန္တရာယ်ပေးနေဦးမယ်"

"အင် ဒါဆို ငါ ခေါ်လာခဲ့ရမလား"

"ကောင်းတာပေါ့ဗျာ၊ ဒီမှာ တိုင်ပင်ကြတာပေါ့"

"အေး ဒါဆို မင်း ခုချက်ချင်း ရောင်းမှာလား"

"ရောင်းမယ်ဗျာ၊ ခင်ဗျား ဖြစ်နိုင်ရင် ခုချက်ချင်း သွားခေါ်ပေတော့"

"ကောင်းပြီလေ၊ ဒါဆို ငါ အဝတ်အစား လဲပြီးတာနဲ့ သွားမယ်။ ဟေ့ကောင် ဂျာအေး"

"ဗျာ"

"မင်းပြောပုံဆိုရင် မင်းဟာ ရက်ပိုင်းအတွင်း သူဌေးကြီး ဖြစ်တော့မှာပေါ့နော်။ အဲဒီ အခြေနေရောက်ရင် ငါ့ကိုတော့ မမေ့လေနဲ့ကွ"

"ဟာ မမေ့ပါဘူးဗျာ။ ခင်ဗျားတို့ ကျုပ်တို့ဟာ တစ်မြေတည်းသားတွေပဲဗျ။ ဒီတော့ ခင်ဗျား အကျိုးကိုလည်း ကြည့်ပါ့မယ်ဗျာ"

"ကောင်းပြီ၊ ဟဲဟဲ သူဌေးလောင်းလေး ကိုဂျာအေးရေ"

ဦးဗေဒါသည် ဂျာအေး၏ စကားကြောင့် ဝမ်းသာအားရဖြစ်ကာ အဝတ်အစားလဲပြီးသည်နှင့် ပွဲစားတန်းသို့ ထွက်သွားလေတော့၏။ ဂျာအေးနှင့် ဆိတ်ကုလားတို့မှာ ရွှေအိုးကြီး အရောင်းထွက်တော့မည်မို့

ဝမ်းအသာကြီး သာနေကြ၏။

"ဟီးဟီး ငါ သူဌေးဖြစ်တော့မှာကွ"

"ဟုတ်ပ့ါကွာ၊ ငါ့တော့ မမေ့နဲ့ကွာ"

"မေ့ပ့ါမလားကွာ၊ မင်းဟာ ငါနဲ့ နှစ်ကိုယ့်တစ်စိတ် သူငယ်ချင်းပဲ။ စိတ်ချ ငါ ချမ်းသာသလို မင်းလည်း ချမ်းသာရမှာပေ့ါကွာ"

"သာစုဗျာ သာစု"

ဆိတ်ကုလားမှာ ဂျာအေး၏ စကားကြောင့် ဝမ်းအသာကြီး သာနေပေ၏။ သို့နှင့် ညနေစောင်းလုလု အချိန်အခါတွင် ဦးဗေဒါတစ်ယောက် ပွဲစားအူရှောင်ကို ခေါ်ကာ ကျောင်းသို့ ရောက်ရှိလာခဲ့၏။ အူရှောင် အသွင်က ပုပျပ်ပျပ်၊ နှာခေါင်းတိုတို၊ မျက်ပေါက်ကျဉ်းကျဉ်းနှင့် အသားက လည်း ကျောက်သလင်းသားလို စွတ်စွတ်ဖြူနေ၏။ ဒီဂရီထူထူ မျက်မှန်ဝိုင်း ကြီး မချွတ်တမ်း ဝတ်ဆင်ထား၏။ ကိုယ်ပေါ်တွင် ပါတိတ်အင်္ကျီကို အပြင် ထုတ်ဝတ်ထား၏။ ဦးဗေဒါသည် အူရှောင်ကို ဂျာအေးတို့နှင့် မိတ် ဆက်ပေးလိုက်၏။

"ဟောဒါ အူရှောင်တဲ့ကွ၊ ပွဲစားပေ့ါကွာ လက်ကြီးတယ်"

"အင် ဘယ်လက်ကြီးတာလဲဗျ"

"ဟာ ငါပြောတာ အရောင်းအဝယ်မှာ သိန်းချီသန်းချီ လုပ်ငန်းမှ လုပ်တာလို့ ပြောတာကွ"

"ဩော် ဒီလိုကိုး၊ ဒါဆို ခင်ဗျားက ပွဲစားကြီးပေ့ါ ဟုတ်လား"

"ဝမှာ သူဌေးတွေ အများကြီး မွေးထားတယ်ကွ"

"ဟုတ်လား ဘာတွေ ကျွေးထားသလဲ"

"အင် နင် ဘာပြောသလဲ ကောင်လေး"

"ဟိုလေ သူဌေးတွေ မွေးတယ်ဆိုတော့ ဘာတွေကျွေးပြီး မွေးသလဲ လို့ မေးတာပါ။ ဟိုဗျာ ရွာမှာ ဝက်တွေ၊ ဘဲတွေ မွေးသလိုပေ့ါ။ မြက်တွေ ဘာတွေ ကျွေးရသလားလို့ပါ"

"အရော် နင် ဘာတွေပြောသလဲ ကောင်လေး၊ ဝပြောတာ သူဌေး တွေနဲ့ အဆက်အသွယ်ရှိတယ် ပြောတာကွ"

"ဩော် ဒီလိုကိုး"

"ကဲ ဘယ်မှာလဲ နင့်ရွှေ ဝကြည့်မယ်"

"ဟ ဖြစ်ပ့ါမလား"

"အင် ဘာဖြစ်သတုံး ကောင်လေး၊ ဝကြည့်မှ ဖြစ်မှာပေါ့"

"ကြည့်တာတော့ ကြည့်ပေ့ါဗျာ၊ အချိန်က ခြောက်ပိသာကျော်တယ်။ မြေကြီးထဲက တွေ့တာ အရောင်က အကြေးအညှော်တွေတက်နေတော့ ရုတ်တရက် ရွှေမှန်းသိဖို့ မလွယ်ဘူး။ ဒါပေမယ့် ရွှေမှ ရွှေအစစ် ရွှေအိုးကြီးနော် ထောင်ကဲ"

"ဒါဆို ဝကြည့်မယ်လေ"

"ခဏနေဦး"

ဂျာအေးသည် အခန်းထဲ ဝင်သွားကာ ဦးဗေဒါ ခုတင်အောက်မှ ထန်းခေါက်ဖာကြီးကို ဆွဲထုတ်လာ၏။ အူရှောင်သည် ဂျာအေးလက်ထဲမှ ထန်းခေါက်ဖာကြီးကို ကြည့်ကြီး မျက်လုံးမျက်ဆန်ပြူးနေ၏။

"အို ဘာကြီးတုံး"

"ဖာကြီးလေ၊ ပစ္စည်းက ဒီအထဲမှာရှိတယ်"

"ဩော်"

အူရှောင်မှာ အံ့ဩနေ၏။ ထိုစဉ် ဂျာအေးသည် ထန်းခေါက်ဖာကြီးကို ဖွင့်လိုက်၏။ ပုဆိုးပိုင်းနှင့် ပတ်ထားသည်ကို ဖြည်းဖြည်းချင်း ခွာပြီး သဲကြမ်းနှင့် ပွတ်ထားသည့် နေရာကို ဟပြလိုက်၏။ အူရှောင်သည် ပါဝါထူမျက်မှန်ကြီးနှင့် အတင်း ပြူးပြူးပြဲပြဲ ကြည့်လိုက်၏။

"အရော် ဝင်းနေပါလား"

"မြင်တဲ့အတိုင်းပဲလေ"

"အင်း အိုးပေါ်မှာ ကီနုတ်ပုံတွေ ပါတယ်နော်။ ရှေးဟောင်းလက်ရာ ရွှေထည်ဖြစ်ရမယ်"

"ဟုတ်ပ့ါ"

"ဒါဆို အီနည်းလေး သိန်းတစ်ရာတော့ ရမှာပဲ"

"ဟင် တကယ်လား ထောင်ကဲ ရောင်းပေးလေ၊ ကျုပ်တို့ ပွဲစားခ ပေးမယ်"

"ရောင်းပေးမှာပေ့ါ၊ ဝမှာ ကီလားသူဌေး မစ်စိတာအီစွတ် ရှိတယ်။

ရောင်းမယ်ဆိုရင် ဝဆပ်လိုက်မယ်နော်"

"ဆပ်ဗျာ မြန်မြန် အရောင်းထွက်ချင်တယ်"

"ကောင်းပြီ၊ ဒါဆို ဝမနက်ဖြန် အဖြေပေးမယ်"

ဂျာအေးမှာ သိန်းတစ်ရာ ထိုင်ငွေကြေးကြောင့် အကြီးအကျယ် အူမြူး နေ၏။ ဆိတ်ကုလားနှင့် ကြာရိုးတို့မှာလည်း ဂျာအေးနည်းတူ ဝမ်းမြောက် ဝမ်းသာ ဖြစ်နေကြ၏။ တရုတ်ပွဲစား အူရှောင်သည် ရွှေအိုးကြီးကို ကြည့် ပြီးသည်နှင့် ချက်ချင်း ပြန်ချသွား၏။

ဂျာအေးတို့လူသိုက်မှာ ပျော်လွန်းလှသဖြင့် ညဦးပိုင်းအရောက် ကျောင်းအနောက်ဘက် တန်းလျားထဲတွင် အရက်ဝိုင်းဖွဲ့နေကြ၏။ ဦးဗေဒါမှာလည်း ရွှေအိုးကြီးကိစ္စနှင့် ဝမ်းသာအားရ ဖြစ်နေ၏။

"ဝမ်းသာလိုက်တာ သူဌေးကလေး ဂျာအေးရယ်"

"ဟာဗျာ သူဌေး မဟုတ်သေးပါဘူးဗျ"

"ဟာကွာ ရက်ပိုင်းအတွင်း မင်းက သိန်းချီချမ်းသာတဲ့ သူဌေးဖြစ် တော့မှာလေ။ ဒီတော့ ကြိုပြီးခေါ်ထားတာပေါ့ကွ။ ဟဲဟဲ ဒါထက် နေပါဦး၊ မင်း သူဌေးကြီးဖြစ်ရင် ဘာလုပ်မလဲကွ အေ့"

"အင်း ကျုပ် သူဌေးကြီးဖြစ်ပြီ ဆိုတာနဲ့ ရွှဲကို တင်တောင်းမယ်ဗျာ"

"ဟာ ဂါဆို မပန်းညိုလေးကိုရော"

"အဲ သူလေးကိုလည်း ချန်မထားနိုင်ဘူးဗျ။ ဒီတော့ သူတို့ညီအစ်မ နှစ်ယောက်ကို တင်တောင်းမှာပေါ့ဗျ"

"ဟိုက် လောဘကြီးလှချည်လားကွ"

"ဟဲဟဲ ချစ်တာကိုးဗျ၊ အချစ်ဆိုတာ များများချစ်လေ ကောင်းလေပဲ ဗျ"

"အင် တစ်မျိုးကြီးပါလား၊ အချစ်ဆိုတာ တစ်ချစ်ပဲ မကောင်းဘူး လား ကိုယ့်လူရ"

"ဟာ ဦးဗေဒါကလည်းဗျ၊ အချစ်ဆိုတာ သုံးလေးငါးချစ် ချစ်လေ၊ အချစ်ရဲ့ အရသာ ချိုချဉ်ဖန်ခါးကို သိလေလေပဲဗျ။ အရသာစုံမှ စား ကောင်းတာပေါ့ဗျ။ မဟုတ်ဘူးလား ဆိတ်ကုလား"

"ဟေ"

ပြုံးကြောင်ကြောင် လုပ်နေသော ဆိတ်ကုလားမှာ ဂျာအေး၏ စကားကြောင့် အငိုက်မိသွား၏။ ဦးပေဒါမှာ ဂျာအေး၏ အချစ်ဒဿနကို ထူးထူးဆန်းဆန်း ဖြစ်နေ၏။ ကြာရိုးမှာလည်း မူးကမူးမို့ ဂျာအေးစကား ကို နားမလည်နိုင်။ ထို့ကြောင့်လည်း ဂျာအေးကို ကြာရိုးက မူးမူးနှင့်မေး လိုက်၏။

"ဟုတ်သေးဘူး ဂျာအေးရ၊ မင်း ပြောပုံဆိုရင် အေ့ အချစ်ဆိုတာ အိုကြာကွေးလိုလို၊ မုန့်ဖက်ထုပ်လိုပါလား။ ငါ ကြားဖူးတာတော့ အချစ် ဆိုတာ ရုပ်နာမ်မရှိတဲ့ အရသာလို့ ပြောကြတာပဲကွ အေ့"

"အင် ကိုကြာရိုးပြောမှ ရှုပ်ကုန်ပြီ ဂျာအေးရာ၊ မင်းဘာသာမင်း ချစ်ပါတော့ကွာ။ ငါတို့တော့ ဟောဒီ ယမကာလေးပဲ ချစ်တယ်ကွ"

"ချစ်နိုင်ပါတယ် ဆိတ်ကုလားရာ။ အချစ်ဆိုတာ ယောကျ်ား၊ မိန်းမ ယမကာ၊ ပလာတာ၊ ခွေး ကြောင် ဝက်"

"ဟာ ဘာတွေတုံး စုံနေပြီ"

"ဩော် ဘာမဆို ချစ်ပိုင်ခွင့်ရှိတယ် ပြောတာကွ။ အချစ်ဟာ မဟာ အနန္တ၊ အချစ်ဟာ မဟာစကြဝဠာ၊ အချစ်ဟာ အေ့"

"တော်ပါတော့ တော်ပါတော့ နားကြားပြင်းကတ်လှပါပြီ။ ဟိုရှေးအိုး ကြီးကနေ အချစ်ဆီ ဘယ်လိုဘယ်လို ရောက်သွားမှန်းတောင် မသိဘူး"

"အေး ဟုတ်သား"

ဂျာအေးမှာ ဆိတ်ကုလား စကားကြောင့် ပတ်တောပိတ်သွား၏။ ထို့နောက် သူတို့လူစု အမြည်းစုံလင်စွာနှင့် ဝိုင်းဖွဲ့နေပေရာ သူတို့ဝိုင်းထဲ တွင် ဦးပေဒါက အကဲဆုံး။ မူးလာသည်နှင့် ခြေချိုးလက်ချိုးလုပ်ကာ သီချင်းဟဲလေတော့၏။

*"မှိုင်းညို့ညို့ ဆိုင်းလို့ရယ် ဝေသီဖြေမဆည် . . . မောင်တော်ဘုရား မှာဖြင့် . . . မော်မကြွားနိုင်ပါဘူး . . . လွမ်းထုက မြင့်မိုရ်ချီ . . . ခင့်ကို ရည် လွမ်းပါလို့ တမ်းတကာ မျှော်ရပြီပေါ့ . . . ခင်ရေ၊ အိုးရဲ့ ခင်ကလေး ရဲ့ သည့်မောင်ရင် နှစ်ခြမ်း ပြန်းပြန်းကွဲလုချီပေါ့ . . .*

*အောင်မလေးဗျ"*

"ဟာ ဘာဖြစ်တာတုံး"

"ဟေ ဘယ်ကလေကဝ အော်ဟစ်နေတုံးကွ"

"ဟာ ဆရာတော်ကြီး လုပ်ပါဦး"

ဦးဗေဒါမှာ ဆရာတော်ကြီး၏ အသံကို ကြားလိုက်သည်နှင့် မူးတာတွေ ပြေကုန်၏။ ကြောက်လွန်းလှသဖြင့် ကွပ်ပျစ်အောက်သို့ လေးဖက်ထောက်ဝင်ကာ ပုန်းအောင်းနေ၏။

ထိုအချိန်တွင် ကျောင်းထိုင်ဆရာတော်ကြီးသည် ဂျာအေးတို့အနားသို့ ကြိမ်လုံးကိုင်ပြီး ရောက်လာ၏။

"ဘယ်သဘောက်မသား အော်သတုံး"

"ဘုရား"

"ပြောကြစမ်း အော်သံကတင် ခွေးဆွဲသလိုပဲ၊ ဘယ်သူ အော်သတုံး ပြောကြစမ်း"

"ဗျာ၊ ဟို ဘုရား . . . အဲ"

"ဘာတုံး၊ ဟိုဟိုနဲ့ ဘယ်တွေ လ ြညှိုးထိုးနေတာလဲ။ ဗေဒါ ဘယ်မှာလဲ၊ ဗေဒါ"

"ရှိ . . ရှိပါ့ဘုရား၊ ဟို အဲ အောက်မှာရှိ . . ရှိ"

"ဟင်"

ဆရာတော်ကြီးသည် ဂျာအေး အပြောကြောင့် ကွပ်ပျစ်အောက်ကို ငုံ့ကြည့်လိုက်ရာ လေးဖက်ကြီးထောက်၍ ကုန်းကုန်းကွကွကြီး လုပ်နေသော ဦးဗေဒါကို တွေ့သွား၏။

"ဟေ့ကောင် ဗေဒါ"

"ဘုရား . . . ဘုရား"

"ထွက်ခဲ့စမ်း၊ ဘာလုပ်နေတာတုံးကွ"

"ဟို၊ ပျောက် . . . ပျောက်"

"ဘာပျောက်လို့လဲ"

"တင်ပါ့"

"ဘာကွ၊ ထွက်ခဲ့စမ်း"

ဦးဗေဒါမှာ ကြောက်ကြောက်ရွံ့ရွံ့နှင့် ကုန်းကုန်းကွကွနှင့် ထွက်လာ၏။ အပြင်ရောက်သည်နှင့် ဆရာတော်သည် ဦးဗေဒါကို လက်ထဲက

ကြိမ်ကိုမ,ကာ တအားလွှဲ၍ ရိုက်လေတော့၏။

"ဖြန်း"

"အောင်မလေးဗျ"

"ဖြန်း. . ဖြန်း"

"သေပေတော့"

"ဖြန်း . . . ဖြန်း"

"ကြောက်ပါပြီ ဘုရား"

"ဘာကြောက်တာလဲ"

" ဖြန်း . . . ဖြန်း"

"အောင်မလေးဗျ"

ဦးဗေဒါတစ်ယောက် ဆရာတော်ဘုရား၏ ကြိမ်လုံးဒဏ်ကြောင့် ကျောင်းပေါ်သို့ ခွေးပြေးဝက်ပြေး တက်ပြေးသွားလေ၏။ ဂျာအေးတို့ လူစုမှာလည်း ဆရာတော်ဘုရား၏ ဒေါသ သူတို့ဆီ လှည့်လာမှာ စိုးသဖြင့် အလျှိုလျှို ထွက်ပြေးသွားကြလေတော့၏။

၀၀၀

## အခန်း (၁၁)

ပွဲစားအူရှောင်သည် အဖြူရောင်ဗင်ကားကြီးနှင့် ဂျာအေးတို့ဆီ ရောက်လာ၏။ အနောက်တိုင်း ဝတ်စုံအဖြူကို သပ်ရပ်စွာ ဝတ်ဆင်ထား သော အူရှောင်၏အသွင်က တကယ့် သူဌေးကြီးဂိုက်ဆိုက်အသွင်၊ မာဘို ရိုစီးကရက်ကို ပါးစောင်တွင် ခဲထား၏။

ကားတံခါးဖွင့်ပြီး ဆင်းလာရာ ဂျာအေးတို့လူသိုက်မှာ အူရှောင်၏ အသွင်ကို ကြည့်ပြီး တအံ့တဩ ဖြစ်နေကြ၏။ ဦးဗေဒါသည် အူရှောင်ကို ဝမ်းသာအားရနှင့် နှုတ်ဆက်လိုက်၏။

"ဘယ်လိုလဲ ကိုအူရှောင် တယ်ပြီး သားနားနေပါလားဗျ"

"ဝက ပွဲစားလေ၊ ဒီလို ဝတ်မှစားမှဗျ။ ဘယ်လိုလဲ ခန့်ရဲ့လား"

"ခန့်သမှ ကိုအူရှောင်ပုံက တရုတ်နတ်ကြီးနဲ့ ဆင်တင်တင်ဗျ"

"အရော် ဝကို အီးလောက် မနှိုင်းနဲ့လေ။ ပလိုလဲ ဟိုကီလေးတွေ ပြင်ပြီးဆင်ပြီးပြီလား"

"အားလုံး အသင့်ပဲ၊ ဂျာအေးရေ သွားစို့ဟေ့"

"နင် နင်တို့ အီဝတ်အီစား မလဲကြတော့ဘူးလား"

"ဘာဖြစ်လို့လဲဗျ"

"ဟာ နင်တို့ပုံက ဆီသည်မ လက်သုတ်ပီဝါနဲ့ တူသလိုပဲ"

"ဟိုဗျာ အညာသားပဲဟာ ကျုပ်တို့က ဟန်မလုပ်တတ်ဘူးဗျ"

"အီး ဒါဆိုလည်း တက်ပက်၊ ဟိုဖာကြီးကော ပါရဲ့လား"

"ပါပဲဗျာ ပေါ့ဒီမှာ"

"တက်တက်"

ပြောပြောဆိုဆိုနှင့် ဂျာအေးနှင့် ဆိတ်ကုလားတို့နှစ်ဦး ကားပေါ် တက်လိုက်၏။ ဦးဗေဒါနှင့် ကြာရိုးတို့မှာ ကားဘေးတွင် ကျန်ခဲ့၏။ ဆိတ်ကုလားသည် ကားပေါ်တက်သည်နှင့် အူရှောင်ထံမှ စီးကရက်တစ်လိပ် တောင်းသောက်လိုက်၏။

"ကိုအူရှောင် ကျုပ်ကို စီးကရက်တစ်လိပ်ပေးဗျာ"

"အောင်မယ် နီကြ အီဆေးလိပ်သောက်ဖူးလို့လား"

"ရပါကယ်ဗျာ၊ ပေးစမ်းပါ သောက်ကြည့်ချင်လွန်းလို့"

အူရှောင်လည်း ဆိတ်ကုလား ဇွတ်ပြောနေသဖြင့် စီးကရက်ထုတ်လိုက်ရ၏။ ဆိတ်ကုလားမှာ စီးကရက် မီးညှိပြီးသည်နှင့် မီးခိုး တထောင်းထောင်းထအောင် ဖွာရှိုက်လေတော့၏။

"အရော် နင် စီးကရက်သောက်တာ ခေါင်းတိုင်ကြီးလိုပဲ၊ အဟွတ်ဟွတ်"

"အပေါ်း ကောင်းသားဗျ"

"ဟော့ကောင် ဆိတ်ကုလား၊ မင်းကလည်း အလကားရ နင်းဖွာနေတာပဲ"

"ဟာ ဒါ အင်္ဂလိပ်ဆေးလိပ်ကွ၊ အရသာက ရှိပ။ ဘာဆေးလိပ်လဲဗျ"

"မာပိုလိုလေ"

"အင် ဘာလဲဗျ၊ မာပလိုဆိုတာ ဟို ကုလားနာမည်လား"

"အရော် ဝအီလောက် မသိဘူးလေ"

အူရှောင်တစ်ယောက် ဆိတ်ကုလား အမေးကို မဖြေနိုင်ဖြစ်နေ၏။ ထိုအချိန်တွင် သူတို့ စီးနင်းလိုက်ပါလာသော ဗင်ကားကြီးသည် မြို့ထဲဘက်သို့ ကွေ့ပတ်မောင်းနှင်လာခဲ့ပြီး ငါးထပ်တိုက် အဆောက်အအုံကြီးရှေ့ အရောက်တွင် ဝေါခနဲ ထိုးရပ်လိုက်၏။

ကားရပ်သည်နှင့် သူတို့လူစု ကားပေါ်မှ ဆင်းခဲ့ကြပြီး ငါးထပ်တိုက် အဆောက်အအုံ၏ အပေါ်ဆုံးထပ်သို့ တက်ခဲ့ကြလေ၏။

၀

အူရှောင်သည် ရှေ့ဆုံးမှ ဦးဆောင်ခဲ့ပြီး အခန်းတံခါးကို ဘဲလ်နှိပ်လိုက်၏။ ထိုအခါ အခန်းတံခါး ပွင့်လာပြီး ငယ်ထိပ်ကြီးပြောင်နေသော ကုလားကြီးတစ်ဦး ထွက်လာ၏။

"ဟာ မစ်စတာ အီစွတ်"

"ဩော် အူရှောင်ကိုး၊ ဧည့်သည်တွေလည်း ပါသလား"

"ပါလာတယ်လေ"

"ကဲ ဝင် ဝင်ကြ၊ ဟာ ဒီလူတွေက ဘယ်ကလဲ။ တစ်ကိုယ်လုံး ပေကျံနေတာပါလား။ ကေနွ့ အိမ်သာပြင်ဖို့ ခေါ်လာတာလား အူရှောင်"

"အရော်"

"အင် ဘယ်လိုပြောတာလဲ ကိုစီအွတ်"

"ဟ ငါ့နာမည် အီစွတ်၊ စီအွတ် မဟုတ်ဘူး။ မောင်မင်းတို့က ဘယ်သူတွေတုံး"

"ကျုပ်နာမည် ဂျာအေး၊ သူက ကျုပ်သူငယ်ချင်း ဆိတ်ကုလား။ နာမည်ရင်းက မောင်မင်္ဂလာ"

"အို ဘာတွေတုံး အူရှောင်"

"အရော် သူတို့က ငါပြောထားတဲ့ ရွှေအိုးကြီး ပိုင်ရှင်တွေ မစ်စတာ အီစွတ်ရဲ့"

"ဩော် အံ့ဩစရာပဲ၊ ထိုင် ထိုင်ကြ"

ဂျာအေးနှင့် ဆိတ်ကုလားသည် တစ်တောင်လောက် ထုရှိသော ဆိုဖာကြီးများပေါ်သို့ အိခနဲ ထိုင်ချလိုက်ရာ တစ်ကိုယ်လုံး မြုပ်ဝင်သွား၏။

"အောင်မလေးဗျ"

"ဟော့ ဘာဖြစ်သတုံး"

"ဟို အဲ . . . ခုံ"

"ဩော် ဖြည်းဖြည်းထိုင်မှပေါ့"

ကုလားသူဌေးကြီး အီစွတ်မှာ ဂျာအေးတို့ အသွင်သဏ္ဌာန်ကြည့်ပြီး ရှုံ့မဲ့နေကြ၏။ ပွဲစားအူရှောင်မှာလည်း ဂျာအေးတို့လုပ်ပုံကြည့်ပြီး ခေါင်းစားနေ၏။ ထိုစဉ် အီစွတ်က မှုန်ကုပ်ကုပ် ကြည့်ရင်း မေးလိုက်၏။

"ကဲ ဘယ်မှာလဲ မောင်မင်းတို့ ပစ္စည်း"

"ဒီမှာလေ"

"အိုး ဖာစုတ်ကြီး ကျွန်ုပ် ဘာလုပ်ရမတုံး၊ ဘယ်လိုလဲ အူရှောင် မောင်မင်း လူတွေဟာ မောင်မင်းလိုပဲ အူချောင်ချောင်တွေလား။ ရုတ်ရုတ် သဲသဲတော့ မလုပ်နဲ့နော်။ ကျွန်ုပ်က လူပျိုကြီးပေမယ့် ကရာတေးရော၊ ဂျူဒိုရော တတ်ထားတယ်"

"အင် ဘာတွေတုံး ကိုအူရှောင်"

"ဘာလဲဗျ"

"ဟို သူ တတ်တယ်ပြောတဲ့ ပညာက အောက်လမ်းတို့၊ စုန်းတစ္ဆေ ပညာတို့လား"

"ဟာ ဂျူဒို ကရာတေး ဆိုတာ ဒီလိုဒီလို လုပ်တဲ့ ပညာလေ"

အူရှောင်က လက်ဟန်ခြေဟန်နှင့် ဂျာအေး အမေးကို ဖြေလိုက်၏။ ဂျာအေးမှာ အူရှောင် လုပ်ပုံကိုကြည့်ပြီး ကိုယ်ထင်ရာ ကိုယ်ပြောချလိုက် ၏။

"ဩော် ထိုးတဲ့ ကြိတ်တဲ့ပညာကိုး၊ ဒါဆို မစ္စတာအီစွတ်က လက်ဝှေ့ သမားကြီးပေါ့"

"အိုး ဘယ်လို ပြောလိုက်တာလဲ ကောင်လေး၊ ကျွန်ုပ်ကို နောက် တာလား"

"ဟာ ရှုပ်ကုန်ပြီ၊ ဝရှင်းမယ် ဝရှင်းမယ်"

"ဘာတွေ ရှုပ်လို့ ဘာတွေ ရှင်းမှာလဲဗျ"

"တော်ပါတော့ ဝကြောရင် ရှုးလိမ့်မယ်၊ ကဲ ကိုဂျာအေး နင်တို့ ပစ္စည်း ကို ထုတ်ပြလိုက်လေ။ ပြီးရင် ဈေးကိစ္စ ပြောကြတာပေါ့"

"ဟို မစ္စတာအီစွတ်က ဒီလို ဒီလို လုပ်တတ်တယ်ဆိုတော့ ဖြစ် ဖြစ်ပါ့မလား"

"အင် ဘယ်လိုလဲ မောင်မင်း၊ မောင်မင်းက ကျုပ်ကို မယုံသလို ပါလား"

"ဟုတ်တယ်လေ၊ ခင်ဗျားက ဂိုက်စိုက်ကောင်းပေမယ့် လူလိမ်လူ ညာ ဖြစ်နေရင် ဘယ်လိုလုပ်မတုံးဗျ"

"အာရိုး"

"အရော်"

ဂျာအေး စကားကြောင့် အီစွတ်ရော၊ အူရှောင်ပါ ကိုယ့်နဖူးကိုယ် ရိုက်၍ အော်ဟစ်လိုက်ကြ၏။ ဆိတ်ကုလားကတော့ ဂျာအေး၏ စကားကို အထောက်ခံကြီး ထောက်ခံနေ၏။ ထိုအချိန် အူရှောင်က ကြားမှ ဝင်ဖျန် ဖြေလိုက်၏။

"ဘယ်လို ပြောလိုက်သလဲ ကိုဂျာအေးရယ်၊ ဒါ တဌေးကြီးဗျ။ ဝပြောတာ မကောင်းဘူး။ ချွန်နော် တောင်းပန်ပါတယ် တဌေးကြီး"

"အလား ကျွန်ုပ်ကို ယခုလို ပြောတာ မောင်မင်း တစ်ယောက်ပဲ ရှိတယ်။ ကဲ ဘယ်မှာလဲ ပစ္စည်း။ ကျုပ် ကြိုက်ရင် တစ်ခါတည်း ငွေချေ မယ်။ အဲ မောင်မင်းတို့ ပစ္စည်းက လိမ်တာညာတာ ဆိုရင်တော့ သက် ဆိုင်ရာကို ချက်ချင်း တိုင်မှာ"

"အရော် အီလောက်လည်း စိတ်မဆိုးပါနဲ့ တဌေးရယ်၊ ကဲ ဖွင့်ပြ လိုက် ကိုဂျာအေး"

"ကောင်းပြီလေ"

ပြောပြောဆိုဆိုနှင့် ထန်းပေါက်ဖာကြီးကို သူတို့ရှေ့ ကျောက်စားပွဲ ဖြူဖြူကြီးပေါ် ဗုန်းခနဲ မြည်အောင် ပစ်တင်လိုက်၏။ မြင်ကွင်းကို ကြည့် ရင်း မစ္စတာအီစွတ်မှာ ရှုံ့မဲ့ရှုံ့မဲ့ ဖြစ်နေ၏။

ထိုအချိန်တွင် ဂျာအေးသည် ဖာကြီးဖွင့်၍ အထဲမှ ပုဆိုးပိုင်းနှင့် ထုတ်ထားသော ရွှေအိုးကြီးကို ထုတ်လိုက်၏။ ပုဆိုးပိုင်းကလည်း ဆီချေး ဆော်နံ့ဟောင်းနေ၏။

"အို နံတယ်၊ နံတယ်"

"ဘယ်က ထဘီစုတ်ကြီးလဲ"

"ဟာ ဒါ ကျုပ်ရဲ့ ပုဆိုးစုတ်ဗျ"

"ရွံ့တယ်"

"ရွံ့ရင်လည်း နှာခေါင်းပိတ်ထား အထဲမှာ ခင်ဗျားကြီး သိပ်လိုချင် တဲ့ ရွှေအိုးကြီးရှိတယ်"

"အင်"

ဂျာအေးသည် ဆူပုတ်ပုတ် ပြောရင်း ပုဆိုးပိုင်းကို ဖြည်းဖြည်းချင်း ဖြေပြလိုက်၏။

"အို ဘာကြီးတုံး မည်းကြုတ်ကြုတ်နဲ့"

"ဒါ ရှေးဟောင်း ရွှေအိုးကြီးဗျ ကြေးတက်နေတာ။ ဒီမှာ ကြည့်စမ်း ဝင်းတောက်နေတာပဲ"

"အို ကျွန်ုပ်ကို ပြပါဦး"

"ဖြစ်ပါ့မလား"

"ပြလိုက်လေ ကိုဂျာအေး"

"ကဲ ဒါဆို ရော့ရော့"

အီစွတ်သည် ရွှေအိုးကြီးကို ယူကြည့်လိုက်၏။ သူ့အင်္ကျီ ဖားဖားကြီးထဲမှ မှန်ဘီလူးကြီးကို ထုတ်၍ ဝင်းလဲ့နေသော နေရာကို သုံးလေးခါ ကြည့်လိုက်၏။ ထို့နောက် သူ့အိတ်ထောင်ထဲမှ ဖောင်တိန်သဏ္ဌာန်ရှိသော အရာကို ဆွဲထုတ်လိုက်ပြီး ဝင်းလဲ့နေသော အပိုင်းကို ပွတ်တိုက်ကြည့်လိုက်၏။

"ဟ ဖြည်းဖြည်းလုပ်ပါဗျ၊ ရွှေတွေပွဲ့ပါကုန်မယ်"

"အင် အိုး"

"ဘာတွေ အော်နေတာတုံး"

"ရွှေသားစစ်စစ်ကို မမြင်ဘူးလို့ ဖြစ်မှာပေါ့"

ဆိတ်ကုလားနှင့် ဂျာအေးက သူတို့ ထင်ရာမြင်ရာ ပြောဆိုနေ၏။ မစ္စတာအီစွတ်သည် ကြေးညှော်တက်နေသော ရွှေအိုးကြီးကို လှည့်ပတ်ကြည့်ရင်း စားပွဲပေါ် တင်ထားလိုက်၏။ ထို့နောက် ဂျာအေးတို့နှစ်ဦးကို မျက်လုံးပြူးပြူးကြီးနှင့် ကြည့်လိုက်၏။ တရုတ်ပွဲစား အူရှောင်ကတော့ လုပ်ငန်း ဖြစ်တော့မည်မို့ ရွှင်ရွှင်ပျပျ ဖြစ်နေပေ၏။

ထိုအချိန်တွင် မစ္စတာအီစွတ်သည် ထိုင်ရာမှထ၍ သူ့အခန်းထဲ ဝင်သွား၏။

ဂျာအေးတို့လူစုမှာ အခြေနေကိုကြည့်ရင်း မကြာမီ ငွေပုံကြီး သူတို့ ရှေ့ ရောက်လာတော့မည်မို့ ဖော်မပြနိုင်လောက်အောင် ကြည်နူးနေကြ၏။ အူရှောင်ကလည်း သူတို့ကို ပြုံးစိစိနှင့် ကြည့်နေ၏။



ဆယ်မိနစ်ခန့် အကြာတွင် မစ္စတာအီစွတ် ပြန်ထွက်လာ၏။

"ဘယ်လိုလဲ တဒွေးမင်း၊ ချက်ချင်း ငွေချေမှာလား။ ဝလည်း ပွဲစားခ ပေးနော်"

"နေဦး အူရှောင်၊ ဈေးက ဘယ်လောက်လဲ"

"သိန်းတီရာလေ"

"အာပါးပါး"

"ဒါတောင် လျှော့ထားတာဗျ"

"အာယို မောင်မင်းတို့ဈေးက မြင့်လှချည်လား"

"ကြိုက်ရင်ယူ မကြိုက်ရင် မယူနဲ့ပေါ့။ နောက်တစ်ယောက် သွားရောင်းရင် သိန်းနှစ်ရာတောင် ရရင်ရမှာ"

"အာယို တော်ပါတော့"

"ကဲ ခင်ဗျား ကြိုက်ပြီဆိုရင် ငွေချေပေတော့။ ဘယ်မှာလဲ သိန်းတစ်ရာ အမြန်ပေး။ ကျုပ်တို့ အချိန် မရှိဘူးဗျ"

ဂျာအေးက လေသံ မာဆတ်ဆတ်နှင့် ပြောလိုက်၏။ ဆိတ်ကုလားကလည်း ခေါင်းတဆတ်ဆတ် ညိတ်ရင်း ထောက်ခံလိုက်၏။ အူရှောင်ကတော့ ပြုံးစိစိ လုပ်နေဆဲပင်။ ထိုစဉ် အီစွတ်လည်း သူ့အိတ်ထောင်ထဲမှ ပစ္စည်းတစ်ခုကို ဆွဲထုတ်လိုက်၏။

"ဟာ သေ သေနတ်ကြီး၊ ဘာ ဘာလုပ်တာတုံး"

"ဓားပြတိုက်ပြန်ပြီထင်တယ်"

"တီဒွေး၊ နင် နင် ဘာလုပ်တာလဲ ဝတော့ နားမလည်ချင်တော့ဘူး"

"တိတ်စမ်း၊ အားလုံး ငြိမ်ငြိမ်နေ"

"ဗျာ"

"ဘယ်လိုဖြစ်တာတုံး"

"တစ်ယောက်မှ နေရာက မရွေ့နဲ့နော်"

"အင်"

"ဟုတ်ပါပြီ၊ ဒီဓားပြက ပိုအဆင့်မြင့်ပုံပဲကွ"

ဆိတ်ကုလားက သူ ထင်ရာမြင်ရာ စွတ်ပြောလိုက်၏။ ဂျာအေးနှင့် အူရှောင်တို့မှာ မစ္စတာအီစွတ်၏ လက်ထဲမှ ပစ္စတိုသေနတ်ကြီးကို ကြည့်

ကာ ပါးစပ်အဟောင်းသား မျက်လုံးအပြူးသားနှင့် ဖြစ်နေ၏။

မစ္စတာအီစွတ်သည် သူတို့သုံးဦးစလုံးကို ပစ္စတိုကြီးနှင့် တကားကား ချိန်ရွယ်ထား၏။ သူတို့ အားလုံး ထိုင်နေရာမှ တုတ်တုတ် မလှုပ်ရဲကြ။ ဆယ်မိနစ်ခန့် အကြာတွင် အခန်းတံခါးဝမှ ယူနီဖောင်းဝတ်ထားသော ရဲသားသုံးဦး အလျှင်အမြန် ဝင်ရောက်လာလေ၏။

"ဟာ ဘာတွေတုံး"

"ပြောတတ်ဘူးလေ"

"တိတ်တိတ်နေစမ်း"

"အင်"

"ဗုဒ္ဓေါ ရဲ ရဲအုပ်ကြီးရယ်၊ ကျုပ်တို့ ဘာလုပ်လို့တုံးဗျာ"

"တိတ်စမ်းကွာ၊ ဟော့ အဲဒီ သုံးယောက်စလုံး လက်ထိတ်ခတ်လိုက်"

"အောင်မလေးဗျ"

"အရော်"

"ဗုဒ္ဓေမေ . . ."

ဂျာအေးတို့ သုံးယောက်စလုံး မျက်လုံးတွေ ကလယ်ကလယ်နှင့် ဖြစ်နေကြ၏။ ဘုမသိဘမသိ လက်ထိတ်ခတ်ခံလိုက်ရသဖြင့် အားလုံး သွေးပျက်နေကြ၏။ အဆိုးဆုံးက ဆိတ်ကုလား။ မျက်နှာကြီးက ရှုံ့တွနေ၏။

"ခံလိုက်ရပြန်ပြီဟေ့။ ဒီပြဿနာက ပြန်ပေးဆွဲရင်ဆွဲ၊ မဆွဲရင် အချုပ်ထဲရောက်နဲ့ သံသရာကို လည်နေတာပဲ။ ကယ်ကြပါဦး၊ ရှိရှိသမျှ ဘုရားတွေ ကယ်ပါ။ ဘုရားတပည့်တော်တို့ဟာ အညာသားလူရိုးလေး"

"တိတ်စမ်းကွာ၊ ကဲ မစ္စတာအီစွတ် သူတို့ သုံးယောက်စလုံးဟာ ခင်ဗျား ပြောတဲ့လူတွေနော်"

"ဟုတ်ပါတယ် ဆရာ၊ သူတို့သုံးယောက်စလုံး လူလိမ်တွေဗျ"

"ဗျာ၊ ဘာ ဘာဖြစ်လို့"

"ကဲ ခင်ဗျားတို့ အားလုံး လိမ်လည်မှုနဲ့ ဖမ်းလိုက်ပြီ၊ ပစ္စည်းသက်သေက ဒါလား"

"ဟုတ်ပါတယ် ဆရာ၊ အဲဒါ ရွှေအိုး မဟုတ်ပါဘူး။ ကြေး ကြေးအိုးကြီးပါ။ ဒါကို ကျွန်တော့်လာ လိမ်တာပါ"

"ဟာ၊ ဝ ဝမပါဘူးလေ"

"ပါတယ်၊ မင်းက လက်ထောက်ချတာ"

"ဝ ဝမသ၊ အို ဖိရား ဖိရား။ နင်တို့နဲ့ပေါင်းမှ ဝလည်း အဝီစိ ရာက်တော့မယ်"

"ကောင်းတာပေါ့ကွာ၊ အဝီစိကို ရောက်ဖူးတယ် ရှိတာပေါ့"

င် ဆိတ်ကုလား၊ ဘာတွေ အဲ ဟို ဒါ ဒါဆို ဒီရွှေအိုး

ား"

သော အသံ



ကာ ပါးစပ်အဟောင်းသား မျက်လုံးအပြူးသားနှင့် ဖြစ်နေ၏။

မစ္စတာအီစွတ်သည် သူတို့သုံးဦးစလုံးကို ပစ္စတိုကြီးနှင့် တကားကား ချိန်ရွယ်ထား၏။ သူတို့ အားလုံး ထိုင်နေ ၂၁မှ တုတ်တုတ် မလှုပ်ရဲ ဆယ်မိနစ်ခန့် အကြာတွင် အခန်းတံခါးဝမှ ယူနီဖောင်းဝတ် ရဲသားသုံးဦး အလျှင်အမြန် ဝင်ရောက်လာလေ

"ဟာ ဘာတွေတုံး"

"ပြေ

"ဟာ၊ ဝ ဝမပါဘူးလေ"

"ပါတယ်၊ မင်းက လက်ထောက်ချတာ"

"ဝ ဝမသ၊ အို ဖိရား ဖိရား။ နင်တို့နဲ့ပေါင်းမှ ဝလည်း အဝိစိ ရောက်တော့မယ်"

"ကောင်းတာပေါ့ကွာ၊ အဝိစိကို ရောက်ဖူးတယ် ရှိတာပေါ့"

"ဟိတ်ကောင် ဆိတ်ကုလား၊ ဘာတွေ အဲ ဟို ဒါ ဒါဆို ဒီရွှေအိုးကြီးဟာ ကြေး ကြေးကြီး ဟုတ်လား"

ဂျာအေးမှာ မစ္စတာအီစွတ် ပါးစပ်ဖျားမှ ကြေးအိုးကြီးဆိုသော အသံကြောင့် ရင်ကွဲပက်လက် ဖြစ်သွား၏။ မယုံနိုင် မကြည်နိုင်ဖြစ်ကာ ခေါင်း တခါခါ လည်တခါခါ လုပ်နေ၏။ သို့သော် သူတို့ ဘယ်လို ငြင်းငြင်း ဥပဒေအရ လိမ်လည်မှု ဖြစ်မြောက်နေပြီမို့ သူတို့သုံးဦးစလုံး ရဲအုပ်ကြီး နောက်သို့ လက်ထိတ်ကြီးတန်းလန်းနှင့် ပါသွားရှာလေတော့၏။ ထိုအထဲတွင် အဆစ်ပါသွားရှာသူမှာ တရုတ်ပွဲစား အူရှောင်ပင် ဖြစ်လေ၏။

လာတုန်းက ဟန်တစ်လုံး ပန်တစ်လုံး စတိုင်ကြီးလှသော်လည်း ယခုတော့ မျက်ရည်စ တဝေဝေ နှပ်တရွှဲရွှဲနှင့် ငိုကြီးချက်မ ဖြစ်နေလေ၏။ နောက်ဆုံး သူတို့သုံးဦးခမျာ သိန်းတစ်ရာ အရသာ မခံစားရတော့ဘဲ အချုပ်ထဲ ရှောခနဲ ဝင်သွားခဲ့ကြလေ၏။

အဆိုပါ သတင်းကို ဦးဆုံး ကြားလာသူမှာ ကြာရိုးပင် ဖြစ်လေ၏။ ကြာရိုးသည် ဦးဗေဒါကို မျက်နှာပျက်မျက်နှင့် ပြောပြခဲ့၏။ နောက်ဆုံး ဂျာအေးတို့ သတင်းက ဘုန်းဘုရားထံ ရောက်သွားလေရာ ရွာသို့ အကြောင်းကြားရန် ဦးဗေဒါ ချက်ချင်း ညွှန်ကြားလိုက်လေ၏။

ထိုအချိန်တွင် ဂျာအေး၏ ဖခင်ဖြစ်သူ ဦးကျောက်ဖားမှာ ရွှေအိုးကြီး ရောင်းပြီးလျှင် ဆိုသော အတွေးနှင့် စိတ်ကူးအယဉ်ကြီး ယဉ်နေပေရာ ဂျာအေး၏ သတင်းကြောင့် သည်းထိတ်ရင်ဖို ဖြစ်သွားလေ၏။

ဂျာအေးနှင့် ဆိတ်ကုလားတို့ ကြေးအိုးကို ရွှေအိုးကြီးအဖြစ် လိမ်ညာရောင်းချခဲ့၍ ဆိုင်ရာက ဖမ်းဆီးထားပြီဆိုသော သတင်းက တစ်ရွာလုံး အုတ်အော်သောင်းတင်း ဖြစ်ကုန်၏။ ဦးကျောက်ဖားမှာလည်း သားအတွက် မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ဘုရားကယ်ပါ တရားကယ်ပါ လုပ်နေ

ရှာ၏။

မြွန်းစားကြီး ကြားလိုက်ရသည့် သတင်းမို့ ဦးကျောက်ဖားခမျာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရှာ၏။ စရိတ်စက ကြီးလှသဖြင့် ချက်ချင်းကြီး ထလိုက်သွားဖို့ကလည်း မလွယ်။ ထို့ပြင် ကိုင်းလုပ်ငန်းကလည်း မပြီးမပြတ်သေးသည်မို့ ဦးနှောက်ခြောက်နေ၏။

သို့နှင့် ထိုသတင်းရောက်လာပြီး သုံးရက်ခန့် အကြာတွင် အိမ်ဝိုင်းထဲသို့ ဗေဒင်ဆြာကြီး ကိုဖျောက်ဆိပ်တစ်ယောက် ကုပ်ချောင်းကုပ်ချောင်းနှင့် ရောက်ရှိလာလေ၏။ ဦးကျောက်ဖားမှာ ဖျောက်ဆိပ်ကို မြင်သည်နှင့် မကျေမချမ်း ဖြစ်သွား၏။

"ဟေ့ကောင် ဖျောက်ဆိပ်၊ မင်း မင်း ဘာလာလုပ်တာလဲကွ"

"ဟို ဟိုဟာ၊ ဟိုဒင်း"

"ဘာတွေတုံးကွ၊ မင်းလုပ်လို့ ငါ့သားလေး အချုပ်ထဲ ရောက်နေပြီ လေကွာ။ မင်းပဲ ချမ်းသာတော့မယ်ဆို၊ ငါ့သားခမျာ ချမ်းသာချင်လွန်းလို့ ခုတော့ မင်းဟောတဲ့ ဗေဒင်က တလွဲပါလားကွ"

"ဟို ဦးလေးကျောက်ဖားရယ်"

"ဘာပြောမလို့တုံး၊ မှားပြီးတွက်မိလို့ ပြောဦးမှာလား။ မင်း မှားတာ ငါ့သား အကျိုးကိုနည်းရောကွ။ မင်း မြှောက်ပေးလို့ ခုလို ဖြစ်တာကွ"

ဦးကျောက်ဖားက အသံဝါဝါကြီးနှင့် တကြိမ်းတည်း ကြိမ်းနေသော်လည်း ဗေဒင်ဆြာဖျောက်ဆိပ်ခမျာ ကွပ်ပျစ်ပေါ် ကုပ်ချောင်းချောင်း ထိုင်နေရှာ၏။

ဦးကျောက်ဖား ပြောလို့ဆိုလို့ အားရသွားသောအခါ ဖျောက်ဆိပ်က ညောင်နာနာ အသံနှင့် လာရင်းကိစ္စကို ရှင်းပြလေတော့၏။

"ဟုတ်ပါတယ် ဦးလေးကျောက်ဖားရယ်၊ ဒီကိစ္စရဲ့ လက်သည် တရားခံဟာ ကျုပ်ပါ"

"မင်းက မြှောက်မြှောက်ပြီး ဟောတာကိုးကွ။ ငါ့သားကလည်း အရူး ဆိုတော့ ခက်ပ"

"ဟုတ်ပါဘူး ဦးလေးရာ၊ ဒီပြဿနာရဲ့ အစဟာ ကျုပ်မှ ကျုပ်ပါပဲ ဗျ"

"အင် ဘာဖြစ်လို့တုံး"

"ဒီ ဒီလိုပါဗျာ၊ ဟို ဦးလေးသားက ကျုပ်ဆီ လာလာပြီး ဘယ်တော့ ချမ်းသာမလဲ၊ ဘယ်တော့ ချမ်းသာမလဲဘဲ မေးနေတော့ ကျုပ် ခေါင်း ခြောက်လာတယ်လေ"

"အဲဒါ ဘာဖြစ်သတုံး"

"အဲဒါ ဟို ကြာတော့ ကိုယ့်အတတ်နဲ့ ကိုယ်စူးတဲ့ ကိစ္စကို ဘယ်လို ဖြေရှင်းရမှန်း မသိဘူး ဖြစ်ရမယ်။ ဒါနဲ့ ကျုပ်မိန်းမ အပုလေးနဲ့ တိုင်ပင် တော့ ဒီပြဿနာ ဖြေရှင်းသွားအောင် ဟို ကျုပ်အိမ်က ကျုပ်အသွားကြီး စိန်ရဲ့ ရှုံရှုံပေါက်တဲ့ ကြေးအိုးဟောင်းကြီးကို ထုန့်ကိပြီး ဂျာအေး ချောင်း ဆွဲတဲ့ ကိုင်းမြေထဲမှာ မြှုပ်ခဲ့မိတာပါဗျာ"

"ဗုဒ္ဓေါ"

ပြဿနာအရင်းခံကို ရှင်းရှင်းလင်းလင်း ကြားလိုက်ရသောအခါ လက်သည်တရားခံအစစ်သည် ဗေဒင်ဆြာကြီး ဖျောက်ဆိပ်မှန်း ဦး ကျောက်ဖား အံ့ဩစွာ သိရှိလိုက်ရသဖြင့် ဘုရားပင် တမိလေ၏။

"အလိုလေး လုပ်ရက်ပ့ါ ဖျောက်ဆိပ်ရယ်၊ ငါ့သား အရူးကို မင်းက မိုးမမြင်လေမမြင်ဖြစ်အောင် ကြေးအိုးကြီးနဲ့ ဒုက္ခပေးလိုက်တာပေါ့ ဟုတ်လား"

"ဟုတ် ဟုတ်ပါတယ် ဦးလေးရယ်၊ ဒီကိစ္စ ကျုပ် အများကြီး တောင်း ပန်ပါတယ်၊ ကျုပ်ကိုယ်တိုင် လိုက်ပြီး ဂျာအေးတို့လူစု လွတ်အောင် သက် သေလိုက်ပ့ါမယ်ဗျာ။ ဒီ ဒီတစ်ခါတော့ ခွင့်လွှတ်ပါနော်"

"အိမ်း ကောင်းကွာ အဖြစ်ကတော့ အပျက်အပျက်နဲ့ ငါ့သားခမျာ ရေမရှိတဲ့ ချောင်းမှာ ရေနစ်သလိုပါလား။ ကဲ ပြီးတာတွေလည်း ပြီးပါစေ တော့ မင်းကိုယ်တိုင် လိုက်ဖို့တော့ လိုတယ်ကွ"

"ဟုတ် ဟုတ်၊ လိုက်ပ့ါမယ်ဗျာ။ စရိတ်လည်း ကျုပ်ကျခံပ့ါမယ်"

နောက်ဆုံး ဦးကျောက်ဖားနှင့် ဖျောက်ဆိပ်တို့နှစ်ဦး စစ်ပြေငြိမ်း သွားကြပြီး ညတွင်းချင်းပင် ကြုံရာကားနှင့် ရန်ကုန်သို့ လိုက်လာခဲ့ကြ လေ၏။ ထိုအချိန်တွင် ဂျာအေးတို့လူစုမှာ အချုပ်ခန်းထဲ ကယ်သူ ကူသူ မဲ့စွာနှင့် အကြီးအကျယ် ဒုက္ခတွေ့နေလေတော့ရာ ဗေဒင်ဆြာကြီး ဖျောက် ဆိပ်၏ ပယောဂ အမှန်ကို သိလိုက်ရလျှင် ဂျာအေးတစ်ယောက် . . . ။

ပေါ်ဂျာခေ်